www.burmesesclassic.com

# ဗုဒ္ဓဘာသာ အနုပညာ နိဒါန်း

တိုက်စိုး

www.burmesesclassic.com

www.burmesesclassic.com

စာမူခွင့်ပြုချက်အမှတ် – ၃၃၉ / ၂၀၀၀ (၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၆၈၂ / ၂၀၀၁ (၁၁)

❒

**စီစဉ်သူ**
ကိုမြင့်ထွန်း

❒

**ပုံနှိပ်ခြင်း**
ဒုတိယအကြိမ် – (ဇန်နဝါရီလ၊ ၂၀၀၂)
အုပ်ရေ – (၁၀၀၀)

❒

မျက်နှာဖုံးပန်းချီ – သူရထက်
ကာလာခွဲ – *Alpha*
ကွန်ပျူတာစာစီ – ***Quality***
အတွင်းဖလင် – ***Quality***

❒

**ပုံနှိပ်သူ**
ဒေါ်စိန်စိန် (၀၅၄၀၄) ရောင်စဉ်အော့ဖ်ဆက်
အမှတ် (၁၆၃) ၄၈ လမ်း၊ ဗိုလ်တစ်ထောင်။

❒

**ထုတ်ဝေသူ**
ဦးသန်းဆွေ (၁၅၄၀၄)၊ စစ်သည်တော်စာပေ
၁၁၃၁ / က ဥယျာဉ်လမ်း၊ ၁၉ ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်း
ရန်ကုန်မြို့

❒

**တန်ဖိုး**
၅၀၀ ကျပ်

www.burmesesclassic.com

www.burmesesclassic.com

# မာတိကာ


* ဒုတိယအကြိမ်ထုတ်ဝေခြင်းအမှာစာ

* နိဒါန်း

* ဓာတ်ပုံများ

၁။ ဗုဒ္ဓဝင် ၁

၂။ ဗုဒ္ဓသာသနာအိန္ဒိယ ၂၉

၃။ ဗုဒ္ဓသာသနာမြောက်ပိုင်းဒေသများ ၅၄

၄။ ဗုဒ္ဓသာသနာတောင်ပိုင်းဒေသများ ၆၉

၅။ ဗုဒ္ဓသာသနာမြန်မာနိုင်ငံ ၇၈

၆။ စေတီပုထိုး ၉၃

၇။ ရုပ်ပွားဆင်းတု ၁၀၆

၈။ ဓာတ်ပုံမှတ်စု ၁၂၄

၉။ ဓာတ်ပုံပင်ရင်းဌာနနှင့်ပုဂ္ဂိုလ်များ ၁၃၅

* ကျမ်းကိုးစာရင်း


www.burmesesclassic.com

www.burmesesclassic.com

## ဒုတိယအကြိမ်ထုတ်ဝေခြင်းအမှာစာ

စေတီပုထိုးနှင့် ရုပ်ပွားဆင်းတုများ၊ သိရီဝဍ္ဎ၊ သောတ္တိက စသော ဘာသာရေး အထိမ်းအမှတ်များနှင့် စပ်လျဉ်း၍၊ ဤ**ဗုဒ္ဓဘာသာ အနုပညာနိဒါန်း** ကျမ်းငယ်ကို ၁၉၇၆ ခုနှစ်က ကျွန်တော် ထုတ်ဝေခဲ့သည်။ စာဖတ်သူများ အထောက်အကူဖြစ်စေရန်ဟု ဗုဒ္ဓဝင်နှင့် သာသနာပြန့်ပွားပုံ သမိုင်းကိုလည်း စာအုပ် အစအဦးတွင် ထည့်ခဲ့ပါသည်။

ယခုအခါ သာသနိကဝတ္ထုပစ္စည်းမျိုးစုံကို ရှေးဟောင်း သုတေသီများ၏လုံ့လကြောင့် တွေ့ရှိခဲ့သော်လည်း ထိုတွေ့ရှိချက်များကို ကျွန်တော်၏ကျမ်းငယ်တွင် ထပ်မံမဖြည့်တော့ပါ။ ကျွန်တော်၏ ကျမ်းငယ်သည် အခြေခံသဘောကိုသာ ပြထားသည်ဖြစ်ရာ၊ မူလ ဖော်ပြခဲ့သော အချက်အလက်များဖြင့် လုံလောက်ပြည့်စုံပြီးဖြစ်ပါသည်။ သို့ပါ၍ ခေတ်ကာလ အလျောက်ဝါကျအနေအထားနှင့် စကားအသုံး အနှုန်းအနည်းငယ် ပြင်ဆင်သည်မှတစ်ပါး၊ မူလစာကိုယ်အတိုင်း ပြန်လည် ထုတ်ဝေလိုက်ပါသည်။ ဒုတိယအကြိမ် စာအုပ်ထုတ်ဝေရာ၌ အကူ အညီပေးကြသော သူရဇော်၊ ဦးမြင့်ထွန်း *(Quality Publishing House)* ဦးအေးချို(မဟာဝိဇ္ဇာ) တို့ကို ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

တိုက်စိုး

www.burmesesclassic.com

www.burmesesclassic.com

# နိဒါန်း

ဤစာအုပ်ကို ဗုဒ္ဓဘာသာ အနုပညာအခြေခံအဖြစ် အများပြည်သူ ဖတ်ရှုကြရန် ရေးပါသည်။ ထိုထက် အသေးစိတ်သိလိုသူများမှာမူ၊ စာအုပ်နောက်ပိုင်းတွင် ဖော်ပြထားသော စာအုပ်များနှင့်၊ (စာကြည့်တိုက်များရှိ) အခြားသုတေသန စာအုပ်စာတမ်းများကို ဖတ်ရှုလေ့လာရန် လိုပါလိမ့်မည်။

ဤစာအုပ်တွင် ဗုဒ္ဓဝင်၊ ဗုဒ္ဓသာသနာ၊ စေတီပုထိုး၊ ရုပ်ပွားဆင်းတု ဟူ၍ ကဏ္ဍခွဲ၍ ရေးထားပါသည်။ ဗုဒ္ဓဝင်ကဏ္ဍကို တမင်ထည့်သွင်းဖော်ပြထားရခြင်းမှာ နောက်ပိုင်းကဏ္ဍများအတွက် အချို့အချက်အလက်များကို ကြိုတင်သိထားစေလို၍ ဖြစ်ပါသည်။

ဤစာအုပ်တွင် ဖော်ပြထားသော ပုဂ္ဂိုလ်အမည်များနှင့် ဒေသအမည်များအတွက် သီးသန့်အသံလှယ်စနစ်ကို အသုံးမပြုပါ။ခေါ်၍ ဆီလျော်သလိုသာ သုံးစွဲထားပါသည်။ ဒေသအမည်များနှင့် စပ်၍လည်း၊ ခေတ်အခေါ်အဝေါ်နှင့် ရှေးအခေါ်အဝေါ်များကို ရောနှောရေးထားပါသည်။ ဤအတွက် စာဖတ်သူများ၌ ရှုပ်ထွေးခက်ခဲနေပါက၊ စာရေးသူ၏ အပြစ်သာဖြစ်ကြောင်း ဝန်ခံပါသည်။ အချက်အလက်ဆိုင်ရာ ဓာတ်ပုံများကိုလည်း လိုသလောက်မထည့်သွင်းနိုင်သည်ကို ကြိုတင်တောင်းပန်ပါသည်။

ဤစာအုပ် ရေးသားရာတွင် ဆိုင်ရာကျမ်းစာအုပ်များကို ဖတ်ရှုကိုးကားရသည့်အတွက် ကျမ်းပြုဆရာ ဥာဏ်ကြီးရှင်များကို ရိုသေစွာ ဦးညွှတ်ပါသည်။

ဤစာအုပ်လာ ဓာတ်ပုံများနှင့်စပ်၍ အကူအညီ ပေးကြသော စစ်ကိုင်း ဝင်းမောင်နှင့် ခင်မောင်ဖြူ(ယဉ်ကျေးမှု) တို့ကိုလည်းကောင်း၊ စာမူကို လက်နှိပ်စက်ရိုက်ပေးသော မဝင်းမာကိုလည်းကောင်း၊ စာအုပ်ကို သေသေသပ်သပ် ပုံနှိပ်ဖြန့်ချီပေးကြသော သီဟရတနာပုံနှိပ်တိုက်နှင့် ချင်းတွင်းတို့ကိုလည်းကောင်း၊ စာရေးသူက လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါသည်။

www.burmesesclassic.com

www.burmesesclassic.com




www.burmesesclassic.com

www.burmesesclassic.com



(၁) အသောကမင်း၏ ခြင်္သေ့ရုပ်
ကျောက်တိုင်ထိပ်ဖူး ပေါင်းရုံ
ဘီစီ ၃ ရာစု အေဒီ ၁ ရာစု



(၂) ဆန်ချီစေတီ အမှတ် ၁
အရှေ့ဘက်တုရဏ်တိုင်



(၃) ဆန်ချီစေတီ အမှတ် ၁။

www.burmesesclassic.com

www.burmesesclassic.com



(၄) ဗုဒ္ဓ ဗောဓိပင်နှင့်ရွှေပလ္လင်ကို
ဘောင်တော်မူခန်း ဆန်ရုပ်ထုပါ



(၅) ကာလေလိုဏ်ဂူအတွင်း ဘုရားစေတီပြခန်း
ဘီစီ ၂ ရာစု

www.burmesesclassic.com

www.burmesesclassic.com



(၆) ဆုတံဆိပ်ကော်ရုပ်ပွား ပုဂံခေတ်
အေဒီ ၁၂ ရာစု



(၇) ရှေးဟောင်းရုပ်ကြွမှတ်စုနှင့်ကြွင်း
အလေဘွားတွင်သော အေဒီ ၁၂ ရာစု

www.burmesesclassic.com

www.burmesesclassic.com



(ဂ) ဓေဝဒိဥကျမှာလိပ်ခန်းကျောက်ပြား
အမရာဝတီ ခေတ် ၂ ရာစု



(၉) ရှုမဟောင်းဆေးရှာ ဒုက္ကရစရိယာ
ကျင့်ခန်း ဂန္ဓာရ ကျောက်ဆစ်ရုပ်
ခေတ် ၂-၄ ရာစု



(၁၀) ရှုမဟောင်းကြောသရေအသောကခန်း
ကာသလာဂွာအဖြိုးခ်ဒန်ရုပ်ကွန်
ခေတ် ၃ ရာစု

www.burmesesclassic.com

www.burmesesclassic.com



(၁၀) မတ်ရပ်ရုပ်ပွား မထုရာ
အေဒီ ၄ ရာစု



(၁၃) မတ်ရပ်ရုပ်ပွား ဗီဟာရနယ်
ဆူလတန်ဂန့်ဂျ အေဒီ ၆ ရာစု



(၁၂) ဗုဒ္ဓဂယာကြောင်ကြေးသာရာအနီး
[illegible] အေဒီ ၄ ရာစု

www.burmesesclassic.com

www.burmesesclassic.com



(၁၄) ဗောဓိသတ္တပဒုမပါဏိ၊ အဇန္တာဂူ၊ ခေတ် ၆-၇-ရာစု၊



(၁၅) ဗုဒ္ဓဘောဓိဝင်နှင့်
ရွှေပလ္လင်ကိုအောင်တော်မူခန်း၊
ဘင်္ဂလား၊ ခေတ် ၉-ရာစု၊



(၁၆) ဗုဒ္ဓဝင်ရုပ်ခန်း၊
ဘင်္ဂလား၊ ခေတ် ၁၀-ရာစု၊

www.burmesesclassic.com

www.burmesesclassic.com



(၁၇) ကြေးထုပုံ နာလန္ဒာ၊ အေဒီ ၉၊ ၁၀ ရာစု



(၁၈) ပရသုရာမေသွရ ဂူဘုရား ဘုဗနေရှာ အေဒီ ၈ ရာစု

www.burmesesclassic.com

www.burmesesclassic.com



(၁၉) အရပစန
နာလန္ဒာဟန်သော ခေတ် ၁၀ ရာစု



(၂၀) လောကနာထ ဗီဟာရဝေသ
ခေတ် ၁၂ ရာစု




(၂၁) ဗောဓိနတ်စေတီ
ကတ္တမန္ဒူမြို့ ဘီစီ ၃ ရာစု



(၂၂) ယက်ယုံပုံ ခေတ် ၁၈ ရာစု

www.burmesesclassic.com

www.burmesesclassic.com



(၂၈) ဘဝစကြာပုံ

www.burmesesclassic.com

www.burmesesclassic.com




(၂၅) ဘာမီယံနိုင်ငံတောင်ကန်းများ
သာသနာ့နိုင်ငံတော်



(၂၆) ဗုဒ္ဓရုပ်ပွားတော်
ခေတ် ၄-၅ ရာစု

www.burmesesclassic.com

www.burmesesclassic.com



(၂၅) ရွှေလောင်းလျှာ တောထွက်ခန်း
ရေးဆွဲထားသော
ခေတ် ၁၀ ရာစု



(၂၆) ဂူတောတောင်များမှ မြင်ကွင်းခန်း
လျှံကိုင်ရေးဆွဲသည်။
ခေတ် ၁၁၄၀-၁၂၀၀



(၂၇) လိုဏ်ဂူကျောက်ရုပ်များ တရုတ် ပုန်ကန်သောသ ခေတ် ၅ ရာစု

www.burmesesclassic.com

www.burmesesclassic.com



(၂၉) ဟော်ယူရှိဘုရား ဂျပန်နိုင်ငံ နာရာ ခေတ် ၇ ရာစု



(၃၀) ဆင်းတုကြီး ဂျပန်နိုင်ငံ ကာမာကူရာ ခေတ် ၁၂၃၃

www.burmesesclassic.com

www.burmesesclassic.com



(၃၀) ထူပါရုံ စေတီ၊ သီဟိုဠ်နိုင်ငံ အနုရာဓပူရမြို့တော်၊ ဘီစီ ၄၄



(၃၂) ဗုဒ္ဓဆင်းတုတော် အနုရာဓပူရတော် အေဒီ ၃ ရာစု

www.burmesesclassic.com


www.burmesesclassic.com



(၃၃) ဂူပရိနိဗ္ဗာန်စံဝန်း သီဟိုဠ်နိုင်ငံ ပေါဠုဏာရုဝဒေသ အေဒီ ၁၂ ရာစု



(၃၄) မတ်ရပ်ရုပ်ပွား
မွန်ဒွာရဝတီလက်ရာ
အေဒီ ၇ ရာစု



(၃၅) ပရပထုံစေတီ
ထိုင်းနိုင်ငံ

www.burmesesclassic.com

www.burmesesclassic.com



(၃၆) ဗုဒ္ဓရုပ်ပွားထိုင်းနိုင်ငံ၊
သုခေါဒယခေတ် အေဒီ ၁၄ ရာစု



(၃၇) နဂါးမိုးဘုရား၊
ပုဂ္ဂလိကပိုင် ကမ္ဘောဇနိုင်ငံ၊



(၃၈) ဗေယွန်ဘုရား ရုပ်တုများ ကမ္ဘောဇနိုင်ငံ အင်ကောသုံ အေဒီ ၁၃ ရာစု

www.burmesesclassic.com

www.burmesesclassic.com



(၃၉) ဘောရောဗုဒေါစေတီ၊ ဂျာဗါကျွန်း၊ အေဒီ ၈ ရာစု



(၄၀) ဘောရောဗုဒေါစေတီ

www.burmesesclassic.com

www.burmesesclassic.com



(၄၁) ဆန္နအမတ်ကို ဗုဒ္ဓလောင်းလျာပြန်လွှတ်ခန်း။
ဗောရောဗုဒိုစေတီရုပ်ကြွ၊ အေဒီ ၈ ရာစု။



(၄၂) ဗုဒ္ဓလောင်းလျာကို သုဇာတာ ယနာနို့ဆွမ်းကပ်လှူခန်း။
ဗောရောဗုဒိုစေတီရုပ်ကြွ၊ အေဒီ ၈ ရာစု။

www.burmesesclassic.com

www.burmesesclassic.com



(၄၄) ပညာပါရမိတာနတ်ဘုရား ကျောက်ကြွရုပ်
သင်္ကာသော်ဂိုဘုရားမှတွေ့ရှိ အေဒီ ၁၃၀၀ ခန့်



(၄၅) ရွှေစေတီ ပန္နက်ကြေးစင်
ပြည်-ပျူခေတ် အေဒီ ၅ ရာစု



(၄၆) အဝလောကိတေသွရ
ပြည်-ပျူခေတ်
အေဒီ ၈ ရာစု

www.burmesesclassic.com

www.burmesesclassic.com



(၃၆) စေတီရှုသမုဒ္ဒရာ ကိုက်ထိန်းကျောက်ပြား ပြည်-မှော်ဇာ ခေတ် ၅ ရာစု



(၃၇) ဘောဘောကြီးစေတီ ပြည်-မှော်ဇာ ခေတ် ၆-၇ ရာစု

www.burmesesclassic.com

www.burmesesclassic.com



(၄၈) ဘောဘောကြီးစေတီ ပြည်-သရေခေတ္တရာ ခေတ် ၆-၇ ရာစု




(၄၉) ပဒ္မပါဏိ
သထုံ ခေတ် ၇ ရာစု



(၅၀) အမိတာယုဗုဒ္ဓ ရုပ်ပွားဆင်းတုတော်
ခေတ် ၈-၁၀ ရာစု

www.burmesesclassic.com

www.burmesesclassic.com



(၅၁) ရွှေတိဂုံစေတီ

www.burmesesclassic.com

www.burmesesclassic.com



(၅၂) ရွှေစည်းခုံစေတီ ညောင်ဦး ခေတ် ၁၁-၁၂ ရာစု



(၅၃) စပဒစေတီ ညောင်ဦး ခေတ် ၁၂ ရာစု

www.burmesesclassic.com

www.burmesesclassic.com



(၅၄) အာနန္ဒာဂူဘုရား ပုဂံ ခေတ် ၁၁ ရာစု



(၅၅) အာနန္ဒာဘုရားအချွန် (မြင်ကွင်းဘုရား ပန်းချီရှင်းလင်းပြသည်)

www.burmesesclassic.com

www.burmesesclassic.com



(၅၈) [illegible]

www.burmesesclassic.com

www.burmesesclassic.com



(၅၇) လောကနာထ
အုတ်ခွက်၊ ရေချကြီး



(၅၈) ပေါ်ရစ်ရှစ်ပွား ပုံ
အေဒီ ၁၂ ရာစု



(၅၉) ကြေးဆင်းတု ပုံ
အေဒီ ၁၁ ရာစု

www.burmesesclassic.com

www.burmesesclassic.com



၀) ကုလကျောင်းကြီးဘုရား
ပုဂံမြို့ဟောင်း အေဒီ ၁၁၁၃။



(၆၁) ကျောက်ပြတင်း



(၆၂) အင်္ဂတေပန်းများ

www.burmesesclassic.com

www.burmesesclassic.com



(၆၃) ဗုဒ္ဓဝင် ရုပ်ကြွ၊ အနန္တပညာဘုရား၊ မြောက်ဦး၊ အေဒီ ၁၁ ရာစု

www.burmesesclassic.com

www.burmesesclassic.com



(၆၄) ကြေးကြာဖူး ညောင်ဦး



(၆၅) သုဝဏ္ဏသျှံဇာတ်ရုပ်ကြွ သိရိပစ္စယာ ခေတ် ၁၁ ရာစု


www.burmesesclassic.com

www.burmesesclassic.com



(၆ခ) ဓမ္မရံကြီးဘုရားကျောင်း ပုံ၊ ခေတ် ၁၂ ရာစု

(၆ဂ) ဓမ္မရံကြီးဘုရားကျောင်း မြေပုံ



www.burmesesclassic.com

www.burmesesclassic.com

# ဗုဒ္ဓဝင်

လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော် (ဘီစီ ၆၀၀ရာစု)က အိန္ဒိယ မဇ္ဈိမဒေသ၌၊ ဝိသေသထူးသော ပုဂ္ဂိုလ်တစ်ပါး ပေါ်ထွန်းခဲ့လေသည်။ ထိုပုဂ္ဂိုလ်သည်၊ နောင်အခါ အပြည်ပြည်အရပ်ရပ်၌ ဂေါတမ ဗုဒ္ဓ ဟူ၍ ကျော်စောလေသည်။ ဂေါတမဟူသော ပုဒ်သည် မိဘမျိုးရိုးနှင့် ဆိုင်၏။ ဗုဒ္ဓဟူသော ပုဒ်သည် နိုးကြားသူ၊ အလင်းမြင်သူဟူ၍ အဓိပ္ပါယ်ရ၏။ ဂေါတမဗုဒ္ဓ အလင်းမြင်သည့်အမှုမှာလည်း အခြားမဟုတ်။ သတ္တဝါတို့ အဖို့ ဒုက္ခဆင်းရဲမှ လွတ်မြောက်ကြောင်း တရားအမှန်ကို သိမြင်ခြင်းပင်ဖြစ်သည်။ သိမြင်သည့်အတိုင်း ၃၅ နှစ်အရွယ်မှ သက်တော် ၈၀ အထိ၊ သတ္တဝါ အပေါင်းကို မေတ္တာကရုဏာဖြင့် ညွှန်ပြလမ်းပြခဲ့လေသည်။

အမှန်ဆိုလျှင် ထိုခေတ်အခါ၌ ချမ်းသာသုခဖြစ်ကြောင်းတရား၊ သဘာဝတရား၊ အမှန်တရားကို ရှာကြံနေသူအများ ရှိလေသည်။ ထိုတရားကို ကိုယ့်အမြင် ကိုယ့်လမ်းစဉ်ဖြင့် လိုက်နာကျင့်သုံးနေသူ (ဗြာဟ္မဏပုဏ္ဏားနှင့် သမဏ တောနေရဟန်း) အများလည်း ရှိလေသည်။

ထိုသူများအနက် အချို့က ကြံဆကြ ဟောပြောကြသည်မှာ ဤသို့ဖြစ်လေသည်။ လောကတွင် ဗြာဟ္မန်၊ ဝါ၊ ပရမတ္တမဟူသော မူလပင်မဓာတ်သည် နိစ္စရူဝရှိ၏။ ထိုဗြာဟ္မန်တွင် ပုဂ္ဂလလက္ခဏာမရှိ၊ ပြုပြင်စီရင်မှုကင်း၏။ သို့ရာတွင် ထိုဗြာဟ္မန်သည် တစ်လောကလုံးကို ပျံ့နှံ့လေသည်ဖြစ်သည်။ သက်ရှိ သတ္တဝါတို့၏ (အတ္တ) အသက်ဝိဉာဏ်သည်လည်း ထိုဗြာဟ္မန်နှင့် ဆက်စပ်လျက်ရှိပေ၏။တစ်နည်းဆိုရသော် သတ္တဝါတို့၏ (အတ္တ) အသက်ဝိဉာဏ်သည် ဗြာဟ္မန်၏အရောင်ဟပ်မှု မည်ပေသည်။ ထို့ကြောင့် ဗြာဟ္မန်သာလျှင် နိစ္စအမြဲရှိ၍၊ သတ္တဝါတို့မှာ အနိစ္စ ဖြစ်လေ



www.burmesesclassic.com

www.burmesesclassic.com



သည်။ အနိစ္စ ဖြစ်၍ သတ္တဝါတို့ ကွယ်လွန်သည့်အခါ အသက် ဝိဉာဏ် သည် (ကိုယ်ကောင်ကိုခွာ)တစ်ဘဝမှ တစ်ဘဝသို့ ကူးပြောင်းကာ ကူးပြောင်းကာဖြင့် သံသရာထဲတွင် တဝဲလည်လည် ရှိရလေသည်။ ဒုက္ခမစဲ ရှိရလေသည်။ ထို သံသရာဒုက္ခမှ လွတ်မြောက်ရလေအောင် ဘဝအဆက်ဆက် ပဋိသန္ဓေ နေရခြင်းမှ ကင်းပြတ်ရလေအောင် ဗြာဟ္မန်နှင့် ပြန်လည်ပေါင်းစည်းမိရန် လိုလေသည်။ ပြန်လည်ပေါင်းစည်းရန်အတွက် ကျင့်စဉ်လည်း ရှိလေသည်။ ဤသည် အချို့ပုဂ္ဂိုလ်တို့၏ ကြံဆမှု ဟောပြောမှု ဖြစ်လေတော့သည်။

ဗြာဟ္မန်နှင့် ပူးပေါင်းရန် ကျင့်စဉ်နှင့်စပ်၍ကား ဝိဝါဒနှစ်မျိုးရှိလေသည်။ တစ်မျိုးမှာ (အထက် တန်ခိုးရှင်တို့ကို) ယဇ်ပူဇော်၍ ဆုတောင်း ပတ္ထနာ ပြုရမည်ဆိုကာ ဤအတိုင်း ယဇ်ပူဇော်ကျင့်ကြံသူများ ဖြစ်လေသည်။ နောက်တစ်မျိုးမှာမူ ဗြာဟ္မန်နှင့် ပူးပေါင်းရေးအတွက် သီလဆောက်တည်၊ ကမ္မဋ္ဌာန်း ဘာဝနာကျင့်ကြံရမည်ဆိုကာ ဤအတိုင်း တရားကျင့်သူများ ဖြစ်လေသည်။

ကျန်အယူအဆ ကျန်ကျင့်ဝတ်များကို ဖော်ပြရဦးမည်ဆိုသော်၊

လူတို့ကို အကျိုးဖြစ်စေသည်လည်းရှိ၍၊ အကျိုးပျက်စေသည်လည်း ဖြစ်သော*မီး၊ လေ၊ ရေ၊ မြေ၊ ကောင်းကင်*စသည်တို့သည် ဓာတ်သဘာဝ သက်သက်မဟုတ်။ယင်းတို့သည် နတ်ဒေဝါများ၊ တန်ခိုးရှင်များ ဖြစ်လေသည်ဟု ပုဂ္ဂလဝိသေသ သွင်းပြီးလျှင်၊ တိရစ္ဆာန်သတ္တဝါကို သတ်ဖြတ်ယဇ်ပူဇော်ကာ၊ ဘေးအန္တရာယ်ကင်းရှင်းအောင် ကြံသူများက ကြံကြသည်။ တစ်ဖန် ဂင်္ဂါမြစ်ထဲဆင်း၍ မိမိကိုယ်ကို ဆေးကြောရလျှင်၊ မိမိ၏ အပြစ် (အကုသိုလ်)များ လျှော့ကျ သန့်စင်လိမ့်မည်ဟု ယုံကြည်သူများက ယုံကြည်ကြသည်။

တဖန်၊ ရှေးက ဝေဒကျမ်းများနှင့် ဗြာဟ္မဏကျမ်းများလာ မန္တန်ရွတ်ဆို သရဇ္ဈာယ်ခြင်းသည် ကောင်းရာဘုံဘဝသို့ ဆိုက်ရောက်သော လမ်း ဖြစ်သည်ဟု ကျမ်းဂန်အားကိုးသူများက အားကိုးကြသည်။

တစ်ဖန် အဝတ်အချည်းစည်းဖြင့်၊ ဆောင်းတွင်ရေချိုး၍၊နွေတွင် မီးလှုံ၍ ဆူးပေါ်အိပ်စက်၍၊ ပြင်းထန်သော အကျင့် ကျင့်ကာ၊ ကိလေသာ ကာမဂုဏ် (အညစ်အကြေး) ကုန်ခန်းအောင် ကြိုးစားနေသူများက ကြိုးစားကြသည်။



www.burmesesclassic.com

www.burmesesclassic.com



တစ်ဖန်၊ ကုသိုလ်အကျိုးလည်း မရှိ၊ အကုသိုလ်အကျိုးလည်း မရှိ ဟူ၍ နတ္ထိကဝါဒကို အချို့က ဆုပ်ကိုင်ထားကြလေသည်။

တစ်ဖန် ငါတို့ဗြာဟ္မဏ ပုဏ္ဏားမျိုးသာလျှင် ဗြာဟ္မန်နှင့် အနီးစပ်ဆုံး မျိုးနွယ် ဖြစ်ကြသည်။ ငါတို့ မျိုးနွယ်ကသာလျှင် သတ္တဝါတို့ဝိညာဏ်ကို ဗြာဟ္မန်နှင့် ပူးပေါင်းမိအောင် စနစ်တကျ ပူဇော်ပွဲများ ပြုနိုင်စွမ်းရှိသည်။ ကျန်မင်းစိုးနှင့် ကုန်သည် လယ်လုပ်များမှာမူ ငါတို့ကို အလုပ်အကျွေးပြုရန် မွေးလာသူများ ဖြစ်ကြသည်ဟု အမျိုးဇာတ်နှင့် ချီ၍ ပြောကြသော လူတန်းစားလည်း ရှိလေသည်။

ယင်းသို့ ဝါဒအလီလီ၊ ကျင့်စဉ် အမျိုးမျိုးရှိနေကြရာ၊ ဂေါတမဗုဒ္ဓသည် လူ၊ နတ်၊ သတ္တဝါတို့ကို ဒုက္ခဆင်းရဲမှ လွတ်မြောက်၍၊ ချမ်းသာသုခရကြောင်း၊ နိဗ္ဗာန်မျက်မှောက်ပြုရာ ပြုကြောင်းသဘောနှင့် လမ်းစဉ်ကို ပြခဲ့သူဖြစ်ပေသည်။ ဤတွင် ချမ်းသာသုခ ရကြောင်းနှင့်စပ်၍ နှစ်မျိုးနှစ်စား ရှိလေသည်။ ဗုဒ္ဓ၏လမ်းစဉ်တွင် အိမ်ထောင်ရှင် (လူဝတ်ကြောင်) အဖြစ်ဖြင့်၊ ပစ္စုပ္ပန် တမလွန် (လောကီ) ချမ်းသာသုခရကြောင်းလည်းပါ၏။ လူဝတ်ကြောင် အဖြစ်ဖြင့်လည်းကောင်း၊ ရဟန်းဝတ် ဖြင့်လည်းကောင်း (လွတ်ကျွတ်သော)နိဗ္ဗာန်ချမ်းသာ ရကြောင်းလည်း ပါလေသည်။

လူ (ချမ်းသာ) နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ ရရေးအတွက် ဗုဒ္ဓသည် ပုဂ္ဂိုလ်အသီးသီး၏ ဉာဏ်အနုအရင့်ကို ကြည့်၍၊ ကာလဒေသကို လိုက်၍ ဟောတတ်လေသည်။ တမင်သက်သက်လျှို့ဝှက်ထားခြင်း၊ ချန်လုပ်ထားခြင်း အလေ့ဟူ၍ မရှိ။ သိသင့် သိအပ်သမျှကို အလျဉ်းသင့်သလိုဟောပြောညွှန်ပြလေသည်သာဖြစ်သည်။ တစ်ဖန်ဟောသမျှ ညွှန်ပြသမျှနှင့်စပ်၍၊ ဗုဒ္ဓသည် အဝေဖန်ခံခဲ့ရလေသည်။ အဝေဖန် ခံနိုင်လေသည်။ ဝေဖန်မှုအတွက် တပည့်သာဝကများအား ဗုဒ္ဓမိန့်မြွက်ခဲ့ပုံကို ကြည့်ပါလေ။

*ရဟန်းတို့။ သူတစ်ပါးတို့သည် ငါ၏အပြစ်ကို ဖြစ်စေ၊ တရား၏အပြစ်ကိုဖြစ်စေ၊ သံဃာ၏ အပြစ်ကို ဖြစ်စေ ပြောကြလျှင် ထို(ပြောကြရာ)၌ သင်တို့သည် ရန်ငြိုးထားခြင်း၊ နှလုံးမသာခြင်း၊ စိတ်မကျေချမ်းခြင်း မဖြစ်စေသင့်။ သင်တို့သည် အမျက်ထွက်ကြလျှင်၊ နှလုံးမသာကြလျှင် သင်တို့အား သာလျှင် အန္တရာယ်ဖြစ်ရာ၏။ သင်တို့သည် အမျက်ထွက်ကြလျှင် နှလုံးမသာကြလျှင် သူတစ်ပါးတို့၏*



www.burmesesclassic.com

www.burmesesclassic.com



*စကားကောင်း စကားဆိုးကို သိနိုင်ကြပါမည်လော။*

*ရဟန်းတို့။ သူတစ်ပါးတို့သည် ငါ၏အပြစ်ကို ဖြစ်စေ၊ တရား၏ အပြစ်ကို ဖြစ်စေ၊ သံဃာ၏ အပြစ်ကို ဖြစ်စေ ပြောကြလျှင်၊ ထို (ပြောကြရာ)၌ သင်တို့သည် နှစ်သက်ခြင်း၊ ဝမ်းသာခြင်း၊ စိတ်တက်ကြွခြင်း မဖြစ်စေသင့်။ သင်တို့သည် နှစ်သက်ကြလျှင် ဝမ်းသာကြလျှင် စိတ်တက်ကြွကြလျှင် သင်တို့အားသာလျှင် အန္တရာယ်ဖြစ်ရာ၏ ။*

*ရဟန်းတို့။ သူတစ်ပါးတို့သည်၊ ငါ၏ဂုဏ်ကို ဖြစ်စေ၊ တရား၏ ဂုဏ်ကိုဖြစ်စေ၊ သံဃာ၏ ဂုဏ်ကို ဖြစ်စေ ပြောကြရာ၌၊ ဤစကားသည် ဤအကြောင်းကြောင့်လည်း ဟုတ်ပေ၏။ ဤအကြောင်းကြောင့်လည်း မှန်ပေ၏။ စင်စစ်အားဖြင့် ဤဂုဏ်သည် ငါတို့၌ ထင်ရှားရှိပေ၏ဟု ဟုတ်မှန်သည်ကို ဟုတ်မှန်သည့်အတိုင်း သင်တို့ ဝန်ခံရမည်။*

ဤသို့ဖြင့် အဝေဖန်ခံရဲ အဝေဖန်ခံနိုင်သော တရား၊ စစ်မှန်သော လမ်းစဉ်ကို ဟောပြော ညွှန်ပြနိုင်ရန်အတွက် ဂေါတမဗုဒ္ဓသည် ဘဝစဉ်ဆက် ပါရမီဖြည့်ခဲ့ရသည်ဟူ၍ ဆိုကြလေသည်။ ပုံသက်သေများကိုလည်း ထောက်ပြကြလေသည်။

ပြပုံမှာ ဒီပင်္ကရာ (ဗုဒ္ဓ) ဘုရားရှင် လက်ထက်အခါက ဂေါတမဗုဒ္ဓလောင်းလျာသည်၊ သုမေဓာအမည်ဖြင့် တရားအားထုတ်နေသော ရသေ့ဖြစ်ပေ၏။ ရသေ့ဘဝတွင် ရသေ့လုံ့လဖြင့် တရားအားထုတ်ပါက ကိလေသာ (အညစ်အကြေး) ကင်းစင်ကာ အကျွတ်တရားရနိုင်စရာရှိ၏။ သို့ရာတွင် ဒီပင်္ကရာဘုရားနှင့် ကြုံတွေ့ရသောအခါ ဤသို့အကြံပေါ်ခဲ့လေသည်။ မိမိတစ်ဦးတည်း သံသရာရေအယဉ်ကို ဖြတ်ကျော်ကူးမြောက်၍ နိဗ္ဗာန်တစ်ဘက်ကမ်းသို့ ရောက်ရုံနှင့် အဘယ်မှာ အကျိုးရှိပါမည်နည်း။ မိမိသည် (သဗ္ဗညုတဉာဏ်အလင်းရသော၊ သမ္မာသမ္ဗောဓိဉာဏ်ဆိုက်သော) ဗုဒ္ဓအဖြစ် ရောက်အောင်ကြိုးပမ်း၍ သတ္တဝါအပေါင်းကို ကယ်တင်အံ့။

ဤအကြံပေါ်သည်နှင့် တစ်ချိန်တည်းမှာပင် အနားရှိနေသော သုမိတ္တာအမည်ရှိ မိန်းကလေးကလည်း လက်တွင်ကိုင်ထားသော ကြာပန်း ၈ ခိုင်မှ ၅ ခိုင်ကို သုမေဓာအား မျှလေသည်။ သုမေဓာသည် သုမိတ္တာပေးသော ကြာပန်းကို ကိုင်၍ ဗုဒ္ဓဘုရားအဖြစ်ကို ဆုတောင်းမိဋ္ဌာန်ခဲ့လေသည်။



www.burmesesclassic.com

www.burmesesclassic.com



သုမိတ္တာကလည်း သုမေဓာနှင့် ဘဝဆက်တိုင်း ပါရမီဖြည့်ခွင့်ရရန် ဆုတောင်းမိဌာန် ပြုပြန်လေသည်။

အဓိဋ္ဌာန်ပြုခဲ့သည့်အတိုင်း သုမေဓာသည် တောနေ ရသေ့ဘဝမှ လူ့ဘဝ၊ တိရစ္ဆာန်ဘဝ စသည်ဖြင့် အမျိုးမျိုး ကျင်လည်ကာ(ဗောဓိသတ္တ ဗုဒ္ဓလောင်းလျာအဖြစ်) ပါရမီဖြည့်ခဲ့ရလေသည်။ သာကေအချို့ကို ဖော်ပြရသော်၊ သိဝိမင်းဖြစ်စဉ်က သူကန်းအား မိမိ၏ မျက်စိနှစ်ဖက်ကို လှူခဲ့ဖူးလေသည်။ မျောက်မင်းဖြစ်စဉ်က လူပိုင်းခံရ၍ မြစ်ကမ်းနားရှိ သရက်ပင်ပေါ်မှ မဆင်းနိုင်သော မျောက်အပေါင်းကို ဘေးကင်းရာတစ်ဖက်ကမ်းသို့ ရောက်အောင် အသက်သေခံကာ ကယ်ခဲ့ဖူးလေသည်။ လှည်းကုန်သည်ခေါင်းဆောင်ဖြစ်စဉ်က၊ သဲကန္တာရထဲတွင် ရေငတ်၍ အားလျော့နေကြသောလှည်းသားများကို နှိုးဆော်ခေါင်းဆောင်ကာ ရေရအောင် ရှာဖွေပေးခဲ့ဖူးလေသည်။ သုဝဏ္ဏသျှံ လုလင်ဖြစ်စဉ်က၊ မျက်မမြင် မိဘနှစ်ပါးကို သဒ္ဓါကြည်ဖြူစွာ လုပ်ကျွေးခဲ့ဖူးလေသည်။ ဝေဿန္တရာမင်းဖြစ်စဉ်က အလှူကြီးပေးခဲ့သည့်အပြင်၊ ချစ်လှစွာသော သားမယားကို ပုဏ္ဏားလက်သို့ စွန့်ခဲ့ဖူးလေသည်။ ဤနည်းနှင်နှင်(ဂေါတမ) ဗုဒ္ဓလောင်းလျာသည် ကိုယ်ကျိုးစွန့်၊ အများကျိုးဆောင်ကာ ဘဝအဆက်ဆက် ပါရမီဖြည့်ခဲ့လေသည်။ နောက်ဆုံးဘဝတွင်ကား (သက္ကတိုင်းနိုင်ငံ) ကပိလဝတ်နေပြည်တော်နှင့် (ကောလိယတိုင်းနိုင်ငံ) ဒေဝဒဟနေပြည်တော်အကြားရှိ လုမ္ဗိနီအင်းကြင်းဥယျာဉ်၌ လူမင်းသားအဖြစ် ဖွားမြင်ခဲ့လေသည်။ မယ်တော်၏ ညာဘက်ခါးမှ သန့်စင်ဖွားမြင်၍၊ မြေပြင်တွင် ခြေလှမ်း လှမ်းသည့်အခါ ခြေဖဝါးအောက်မှ ကြာပေါက်လာရသည်ဟူ၍လည်း အံ့ဖွယ်သရဲ (အချို့) စာဖွဲ့ခဲ့ကြလေသည်။**(ပုံ ၅၆)**

✳ ✳ ✳

ဤတွင် ကပိလဝတ်တည်ရာ သက္က (တိုင်း) နိုင်ငံအနေအထားနှင့်စပ်၍ အနည်းငယ် ဆိုရလိမ့်ဦးမည်။ သက္ကတိုင်းသည် ဟိမဝန္တာတောင်ခြေ (အလယ်ပိုင်း)၌ တည်ရှိလေသည်။ ဟိမဝန္တာတောင်ခြေရှိ မလ္လ၊ ကောလိယ၊ ဝဇ္ဇီ စသော အခြား (တိုင်း) နိုင်ငံများနည်းတူ၊ ဂဏ နိုင်ငံတစ်ခုလည်း ဖြစ်ပေသည်။ ဆိုလိုသည်မှာ ထိုနိုင်ငံငယ်များ၌ စစ်ရေးလိမ္မာသော နိုင်ငံလုံခြုံရေး တာဝန်ယူသော ခတ္တိယမင်းမျိုး၊ ဝေဒကျမ်းဂန်ဆရာများဖြစ်သော၊ ပူဇော်ပွဲအခမ်းအနား ကျွမ်းကျင်သော ဗြာဟ္မဏပုဏ္ဏားမျိုး၊ စီးပွား



www.burmesesclassic.com

www.burmesesclassic.com



ရှာ ကုန်သွယ်သော ဝေသျမျိုး၊ လက်မှုလုပ်ငန်း၊ လယ်လုပ်ငန်းလုပ်သော သုဒ္ဒမျိုးဟူ၍ မျိုးဇာတ်အလိုက် လူအများနေထိုင်ကြသည်။ ထိုအခါ နိုင်ငံကို စိုးမိုးအုပ်ချုပ်ရေးအတွက် ခတ္တိယမျိုးထဲမှ အစည်းအဝေးပြုလုပ်၍၊ အကြီးအမှူးရာဇာအဖြစ် အလှည့်ကျရွေးကောက် တင်မြှောက်ရလေသည်။ ထို့ကြောင့် ထိုဂဏနိုင်ငံများသည် ဂင်္ဂါမြစ်ဝှမ်းတစ်လျှောက်ရှိ မာဂဓ၊ ကောသလ စသည့်အသက်ဦးဆံပိုင် (မိစဉ်ဘလိုက်) ဘုရင်လုပ်အုပ်ချုပ်သော တိုင်းနိုင်ငံကြီးများနှင့် အုပ်ချုပ်ရေးစံနစ်တွင် ကွာလေသည်။

(ဂေါတမ) ဗုဒ္ဓလောင်းလျာ၏ ဖခမည်းသည် ကပိလဝတ်နေပြည်တော်၌ အရွေးကောက်ခံ၊ အကြီးအကဲ ဖြစ်လေသည်။ သုဒ္ဓေါဓနရာဇာဟူ၍ အမည်ရှိလေသည်။ မယ်တော်မှာမူ ကောလိယနိုင်ငံမှ မာယာဒေဝီဖြစ်လေသည်။ မာယာဒေဝီမှာလည်း သားဖွားမြင်ပြီးသည်နောက် ၇ ရက်အကြာတွင် လွန်ခဲ့လေသည်။ မယ်တော်မာယာ နေရာကို မိထွေးတော်ဂေါတမီက ယူ၍၊ ဗုဒ္ဓလောင်းလျာကို ကြည့်ရှုမွေးမြူရလေသည်။ ဤတွင်မွေးဖွားစဉ်က ဗုဒ္ဓလောင်းလျာ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းတွင် ယောကျ်ားမြတ် (မဟာပုရိသ) လက္ခဏာများ ပါလာသည်ဟူ၍၊ (စကြဝဠာ တစ်ခုလုံးကို စိုးမိုးရသော) စကြဝတေးမင်းသော်လည်းကောင်း၊ ဗုဒ္ဓဘုရားသော်လည်းကောင်း နောင်အခါ ဖြစ်လိမ့်မည်ဟု ဗြာဟ္မဏပုဏ္ဏားအများစုက နိမိတ်ဖတ်ခဲ့လေသည်ဖြစ်ရာ၊ ဗုဒ္ဓလောင်းလျာသည် ဂရုတစိုက် ထိန်းကျောင်းပြုစု ခံခဲ့ရလေသည်။

အမည်မှာလည်း အလိုသိဒ္ဓိ ပြီးစီးသည့် သဘောဖြင့်၊ သိဒ္ဓတ္ထဟူ၍ တွင်ခဲ့လေသည်။ ဗုဒ္ဓလောင်းလျာသည် စည်းစိမ်အခြံအရံ ပြည့်စုံစွာဖြင့် ကြီးပြင်းလာခဲ့လေသည်။ အရွယ်ရောက်ချိန်၌ကား၊ ကောလိယနိုင်ငံမှ ယသောဓရာမင်းသမီးနှင့် ထိမ်းမြားခဲ့၍ နောင်အခါ ရာဟုလာအမည်ရှိ သားယောကျ်ားတစ်ဦး ထွန်းကားခဲ့သည်။

သို့ရာတွင် ဗုဒ္ဓလောင်းလျာသည် အိမ်ထောင်ရှင်အဖြစ် ကြာရှည်စွာမနေနိုင်ခဲ့။ အိုခြင်း၊ နာခြင်း၊ သေခြင်းဟူသော မနှစ်မြို့ဖွယ်ရာများကို မိမိရှေ့တွင် မြင်နေရသည်။ ဖန်ရည်စွန်းသော သင်္ကန်းဝတ်ရဟန်းတွင် တည်ငြိမ်သောအမူအရာကို ကြုံတွေ့ရပြန်သည်။ ထိုနိမိတ်များကို အကြောင်းပြု၍ ရဟန်းပြုလိုစိတ် ဝင်လာလေသည်။ ထို့ပြင် နိဗ္ဗာန် ချမ်းသာကို ရယူလိုသော နဂိုစိတ်ဓာတ် အခံကလည်း ရှိနေသည်။



www.burmesesclassic.com

www.burmesesclassic.com



ထိုစိတ်များသည် ယခု အသက် ၂၉ နှစ်အရွယ်တွင် ပို၍ ဖိစီးလာတော့သည်။ ညတစ်ညတွင်မူ မိဘနှင့်သားမယားကို အသိမပေးဘဲ အဖော်တစ်ယောက်၊ မြင်းတစ်စီးဖြင့် အနော်မာမြစ်ဘက်သို့ ထွက်ခွာခဲ့လေသည်။ **(ပုံ ၂၆)**

မြစ်တစ်ဘက်ကမ်း အရောက်တွင် မင်းသားအဆောင်အယောင်များကိုချွတ်၊ ဆံကိုဖြတ်၊ ရဟန်းအဝတ်ကို ဆင်၏။ အဖော်ပါလာသူ ဆန္နအမတ်နှင့် ကဏ္ဍကမြင်းတို့ကိုလည်း ကပိလဝတ်သို့ ပြန်လွှတ်၏။ ထိုသူတို့မှာ မင်းသားစကားကို မပယ်နိုင်။ ကပိလဝတ်သို့ ဝမ်းနည်းပန်းနည်း ပြန်ကြရလေသည်။**(ပုံ ၄၁)**

ဗုဒ္ဓလောင်းလျာသည် ၆ နှစ်တိုင်တိုင် တရားရှာလေသည်။ တရားရှာသည့်အမှုတွင် အာဠာရ ရသေ့နှင့် ဥဒက ရသေ့တို့ထံတွင် နည်းခံသည့်အခါလည်း ရှိပေ၏။ သို့ရာတွင် ဗုဒ္ဓလောင်းလျာမှာ တရားထူးမရ။ စျာန်သမာပတ် အကျိုးသာ ထင်လေသည်။ ထိုအခါ ဥရုဝေလတောတွင်းသို့ဝင်၍ ဒုက္ကရစရိယာ ကျင့်လေသည်။**(ပုံ ၉)**

ကျင့်ပုံမှာ ရေးကကဲ့သို့ အနီးအနားရွာ၌ ဆွမ်းမခံတော့ဘဲ သစ်ပင်မှ အလိုအလျောက် ကြွေကျသော သစ်သီးကိုသာ မှီဝဲလေသည်။ တစ်ဖန် တစ်လက်ခုပ်မျှသော ပဲရည်နှင့် ဆီးသီးရည်သာ ဘုဉ်းပေးပြန်လေသည်။ ဗုဒ္ဓလောင်းလျာ၏ ဝင်းဝါသော ကိုယ်သည်လည်း မဲညိုလာ၏။ အသွေးအသားလည်းခန်းခြောက်ကာ အရိုးနှင့်အရေသာ ကျန်လေတော့၏။ တရားထူးကား မရ။ ထိုအခါ ဗုဒ္ဓလောင်းလျာသည် ထိုအကျင့်ကိုစွန့်ကာ၊ တောအနီးရှိ သေနာနီရွာကြီးတွင် ဆွမ်းပြန်၍ခံလေသည်။ တစ်နေ့နံနက်တွင်ကား ဗုဒ္ဓလောင်းလျာသည် သေနာနီရွာကြီး အနီးရှိ ညောင်ပင်ကြီးအောက်၌ သီတင်းသုံးနေပါလေ၏။ ကြုံကြိုက်လာသည်မှာ ထိုရွာမှ သူကြွယ်သမီးဖြစ်သူ သုဇာတာသည် အပျိုဘဝက ထိုညောင်ပင်သို့လာ၍ အမျိုးတူယောက်ျားနှင့် ပေါင်းဖော်ကာ သားယောက်ျား ဖွားလိုကြောင်း ဆုတောင်းခဲ့ဖူးလေသည်။ ဆုတောင်းပြည့်သဖြင့် ညောင်ပင်စောင့်နတ်ကို ပူဇော်မည်ဟု ထိုမနက်တွင် ဃနာနို့ထမင်းယူလာလေသည်။ သုဇာတာသည် ဗုဒ္ဓလောင်းလျာကို ညောင်ပင်စောင့်နတ် အမှတ်ဖြင့် ဆွမ်းကပ်ခဲ့လေသည်။**(ပုံ ၄၂)**

သုဇာတာ ဆွမ်းကပ်သည်မှာ အလွန်အခန့်သင့်ပေသည်။ နေရာကလည်း အလွန်သာယာလှတော့သည်။ ဆွမ်းကပ်ရာ ညောင်ပင်အနီးတွင်



www.burmesesclassic.com

www.burmesesclassic.com



နေရဥ္စရာမြစ်ရှိလေသည်။ မြစ်ကမ်းသဲသောင်ပြင်သည် ဖြူဖွေးနေ၏။ မနီးမဝေးရှိ အင်ကြင်းဥယျာဉ်ကလည်း စိမ်းစိမ်းစိုစို ရှိပေသည်။

ဗုဒ္ဓလောင်းလျာသည် မြစ်ထဲတွင် ရေသန့်စင်လေသည်။ သုဇာတာ ကပ်သော ဆွမ်းကိုလည်း ဘုဉ်းပေးလေသည်။ ဘုဉ်းပေးပြီးလျှင် အင်ကြင်းဥယျာဉ်သို့ ကြွကာ၊ ဥယျာဉ်ထဲတွင် တစ်နေ့လုံးနားနေ သီတင်းသုံးလေသည်။ ထွက်သက် ဝင်သက် ကမ္မဋ္ဌာန်းကို စီးဖြန်းလေသည်။ နေကျလေသော်၊ ဗုဒ္ဓလောင်းလျာသည် မြစ်အနီးရှိ ညောင်ပင် (ဗောဓိပင်) ရှိရာသို့ကြွ၏။ လမ်းခရီးတွင် မြက်ထမ်းသမားက လှူလိုက်သော မြက်ရှစ်ဆုပ်ကိုဖြန့်ကျဲလေသောအခါ ရတနာမျိုးစုံဖြင့်အတိပြီးသော ၁၄ တောင် ပမာဏရှိ အပရာဇိတ ပလ္လင် ပေါ်ပေါက်၍ ထိုပလ္လင်တော်ထက်၌ ထက်ဝယ် ဖွဲ့ခွေထိုင်လေသည်။ ထို့နောက် . . .

*စင်စစ် ငါ၏ကိုယ်၌ အရေအကြောအရိုးတို့သည် ကြွင်းစေ၊ အသားအသွေးတို့သည် အကြွင်းမဲ့ခန်းခြောက်စေ၊ ငါသည် ဘုရားအဖြစ်သို့ မရောက်ဘဲ ဤထက်ဝယ်ဖွဲ့ခွေခြင်းကို မဖျက် . . .*

ဟူ၍ အဓိဋ္ဌာန်ပြုလေသည်။ တရားကား နက်ရှိုင်းစွ၊ ဗုဒ္ဓလောင်းလျာအဖို့ အခက်အခဲ အနှောင့်အယှက်လည်း များစွ။ ဤတွင် မာရ်နတ်စစ်သည်တို့သည် လေပွေထစေ၍ လည်းကောင်း၊ ကျောက်ခဲပြာပုံ မိုးရွာစေ၍လည်းကောင်း၊ အမိုက်တိုက် ပြုစေ၍လည်းကောင်း၊ ဗုဒ္ဓလောင်းလျာကို ထိုင်ရာပလ္လင်မှ ဖယ်ရှားပစ်ရန် အားထုတ်တိုက်ခိုက်ကြသည်ဟု စာများ၌ ရေးကြလေသည်။ မာရ်နတ်စစ်သည်တို့ တိုက်ခိုက်ပုံကိုလည်း တခမ်းတနားဖွဲ့ခဲ့ကြလေသည်။

သို့ရာတွင် ဗုဒ္ဓလောင်းလျာသည် (ဗုဒ္ဓ) ဘုရားအဖြစ် ရောက်ချိန်တိုင်လေပြီ။ ဗုဒ္ဓလောင်းလျာသည် ဘဝစဉ်ဆက် ပါရမီဖြည့်လာသူ ဖြစ်ပေသည်။ အရင့်အရင် ဘဝများကို ထားဦး၊ နောက်ဆုံးဝေဿန္တရာမင်းကြီးဘဝ၌ပင် အလှူကြီးပေးခဲ့သည်ကို မဟာပထဝီမြေကြီး အသိ မဟုတ်ပေလော။

မာရ်နတ်၏ အနှောင့်အယှက်သည်လည်း အနားမသီနိုင်။ နေမဝင်မီပင် ဗုဒ္ဓလောင်းလျာသည် မာရ်စစ်ကို အောင်ခဲ့လေသည်။ အဝိဇ္ဇာ (မသိမှု)၊ တဏှာ (တောင့်တမှု)ကို အကြောင်းပြု၍ ဘဝစဉ်ဆက် (ပဋိစ္စသမုပ္ပါဒ်) ဖြစ်ရသည်ကို သိမြင်ခဲ့လေသည်။ နေအရဏ်တက်ချိန်အခါ



www.burmesesclassic.com

www.burmesesclassic.com



သော်၊ အလုံးစုံသောတရားတို့ကို သိခြင်းဟူသော သဗ္ဗညုတဉာဏ်ကိုရ၍ (သမ္မာ သမ္ဗောဓိဉာဏ်ဆိုက်၍) ဘုရားအဖြစ်သို့ ရောက်လေသည်။

✳ ✳ ✳

*အဖန်ဖန် ပဋိသန္ဓေနေရခြင်းသည် ဆင်းရဲလှစွာသောကြောင့်၊ ခန္ဓာ အိမ်ကို ဆောက်လုပ်တတ်သူ (တဏှာလက်သမား) ကိုရှာသော ငါ သည် (ထိုတဏှာလက်သမားကို မြင်နိုင်သောဉာဏ်) မရသေးသဖြင့် ဘဝများစွာ သံသရာပတ်လုံး ကျင်လည်ခဲ့ရလေပြီ။*

*ခန္ဓာအိမ်ကို ဆောက်လုပ်တတ်သော ဟယ် . . . တဏှာလက် သမား။ ငါသည် သင့်ကို(ပညာမျက်စိ) ယခု မြင်အပ်ပြီ။ ခန္ဓာအိမ် ကို နောင်တစ်ဖန် ဆောက်လုပ်ရတော့မည် မဟုတ်။ သင်၏ ကိလေ သာတည်းဟူသော အခြင်ရနယ်အားလုံးတို့ကို (ငါ) ချိုးဖျက်အပ်ပြီ။ အဝိဇ္ဇာတည်းဟူသော အိမ်၏အထွတ်ကို ဖျက်စီးအပ်ပြီ။ (ငါ၏) စိတ်သည် ပြုပြင်ခြင်းကင်းရာ နိဗ္ဗာန်သို့ ရောက်ပြီ။ တဏှာကုန်ရာ ကုန်ကြောင်းဖြစ်သော အရဟတ္တဖိုလ်ကို ရပြီ။*

ဤသည် ဘုရားအဖြစ်သို့ရောက်သည်နှင့် တပြိုင်နက် ဂေါတမ ဗုဒ္ဓကျူးရင့်သောဂါထာပေတည်း။ သဗ္ဗညုတဉာဏ်ရ၍ ဘုရားဖြစ်သော နေ့သည်လည်း မဟာသက္ကရာဇ် ၁၀၃ ခု ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့အ ကုန် နေအရုဏ်တက်ချိန်ဟူ၍ အမှတ်အသားထားကြသည်။ ဗုဒ္ဓသည် ဘုရားဖြစ်ပြီးသည့်နောက် ထိုနေရာတစ်ဝိုက်၌ပင် ၄၉ ရက်ကြာ ချမ်းသာ စွာ သီတင်းသုံးလေသည်။ ထို ၄၉ ရက်အတွင်း မိုးသည်းထန်စွာ ရွာလေ သောကြောင့် (အနီးရှိ)မုစ္စလိန္ဒာအိုင်နေ နဂါးမင်းက ဗုဒ္ဓကိုပါးပြင်းဖြင့်မိုး၍ အကာအကွယ်ပေးခဲ့သည် ဟူ၍လည်းဆိုကြလေသည်။**(ပုံ ၃၈)**

ထိုပြင် တပုဿနှင့် ဘလ္လိက အမည်ရှိ ကုန်သည်နှစ်ဦးရောက် လာ၍ ဗုဒ္ဓကိုရှေးဦးစွာ ပူဇော်ခဲ့သည်ဟူ၍လည်း ဆိုကြလေသည်။

ထို ၄၉ ရက်အတွင်း ဂေါတမဗုဒ္ဓသည် မိမိသိမြင်သောတရားဖြင့် သာ တစ်ပါးတည်းစံနေခဲ့သည်။ မိမိသိမြင်သော တရားသည်လည်း နက် နဲလှလေသောကြောင့် သတ္တဝါတို့အဖို့ နားလည်ရန်မလွယ်။ မလွယ်၍ ဗုဒ္ဓသည် လစ်လျူရှုလိုက်ပါကလည်း သတ္တဝါတို့မှာ သံသရာမှ လွတ် မြောက်ကြတော့မည် မဟုတ်။ ထိုသတ္တဝါတွေအထဲတွင် ကိလေသာမြူမှုန် နည်းပါးသူများ ရှိတန်သရွေ့ရှိကောင်း၏။ ထိုသူတို့အား မိမိ၏တရားကို



www.burmesesclassic.com

www.burmesesclassic.com



ကြားနာစေအံ့။ ဗုဒ္ဓသည် မဟာကရုဏာဖြင့် သတ္တဝါတို့အား လမ်းပြရန် အကြံပြုပါလေသည်။ ထိုနောက် ဗုဒ္ဓသည် ထိုနေရာ(ဗုဒ္ဓဂယာ) မှခွာခဲ့ပြီးလျှင် အရပ်ရပ်အနယ်နယ်ကြွကာ တရားဒေသနာပြခဲ့လေသည်။ တရားဒေသနာ ပြခဲ့သည့် ကာလတာသည်လည်း (ကိုယ်ခန္ဓာချုပ်ငြိမ်း၍)ပရိနိဗ္ဗာန်စံသည်အထိ ၄၅ နှစ်တိုင်တိုင် ဖြစ်တော့သည်။

ဤတွင် ရှေးဦးပထမ တရားဒေသနာပြခဲ့သည့် နေရာမှာမူ ကာသိတိုင်း ဗာရာဏသီ (မင်းနေပြည်) အနီးရှိ မိဂဒါဝုန်တော ဖြစ်လေသည်။ ထိုတောသည် သားသမင်တို့ကို ဘေးမဲ့ပေးရာဖြစ်၍ ထိုအမည်တွင်နေပေသည်။ တစ်ဖန် ရဟန်းတို့အဖို့လည်း တရားရှာ၊ တရားကျင့်ရန် ကောင်းသည်ဖြစ်ရာ ထိုတောအတွင်း၌ အသျှင်ကောဏ္ဍည၊ အသျှင်အဿဇိ စသော ပဥ္စဝဂ္ဂီငါးဦးသည် တရားကျင့်လျက်ရှိသည်။ အမှန်မှာ ထိုရဟန်းငါးဦးသည် ဂေါတမဗုဒ္ဓ(လောင်းလျာ) တရားကျင့်စအခါက ရေပူရေချမ်းကမ်းခဲ့သူများ ဖြစ်ကြလေသည်။ သို့ရာတွင် ဗုဒ္ဓ(လောင်းလျာ)သည် ဒုက္ကရစရိယာ အကျင့်စွန့်၍ ဆွမ်းပြန်စားသည်တွင် အကျင့်ပျက်သည်ဟု ပဥ္စဝဂ္ဂီငါးဦးက ထင်ခဲ့ကြသည်။ ပဥ္စဝဂ္ဂီတို့က အကျင့်ပြင်းထန်သူကိုသာ အထင်ကြီးတတ်ကြသည် မဟုတ်ပေလော။ ထို့ကြောင့် ဗုဒ္ဓ(လောင်းလျာ) ကိုစွန့်ခွာ၍ ဤမိဂဒါဝုန်တောတွင်းသို့ ရောက်နေကြခြင်း ဖြစ်သည်။

ဂေါတမဗုဒ္ဓသည် ပဥ္စဝဂ္ဂီငါးဦးအား ကာမဂုဏ်စည်းစိမ် ခံစားမှုသည် ရဟန်းအကျင့်မဟုတ်။ခန္ဓာကိုယ်အပင်ပန်းခံ၍ ကျင့်သောအကျင့်သည်လည်း (နိဗ္ဗာန်ချမ်းသာရကြောင်း မဟုတ်၍) ရဟန်းအကျင့်မဟုတ်၊ ရဟန်းတို့ သိမြင်ရ ကျင့်ကြံရမည်မှာ ဤသို့ဖြစ်သည်ဟူ၍ ဓမ္မစကြာတရားကို စဟောလေသည်။**(ပုံ ၁၂)**

ထိုတရား၏ သဘောအချုပ်မှာကား လောကသည် ဒုက္ခဆင်းရဲဖြင့် ပြည့်နေ၏။ ပြည့်နေရခြင်းမှာ မွတ်သိပ်သော တဏှာကြောင့် ဖြစ်လေသည်။ ထိုတဏှာကို ပယ်သတ်နိုင်မှ ဒုက္ခဆင်းရဲ ချုပ်ငြိမ်းမည်ဖြစ်သည်။ ဝါ နိဗ္ဗာန်ဆိုက်မည်ဖြစ်သည်။ နိဗ္ဗာန်သို့သွားရန် လမ်းစဉ်လည်းရှိ၏။ ထိုလမ်းစဉ်ကို လျှောက်သူသည် အမှန်တရားကို သိမြင်ထားဖို့လိုလေသည်။ သိမြင်သည်ဆိုသည်နှင့် တစ်ပြိုင်နက် တစ်ပါးသူ ပျက်စီးရာပျက်စီးကြောင်းကြံစည်ခြင်းကင်းရပေသည်။ နှုတ်အားဖြင့် မုသားစကား၊ ကုန်းစကား၊ ကြမ်းကြမ်း ကြုတ်ကြုတ်စကား၊ အသိမ်အဖျင်းစကား တို့မှအပ



www.burmesesclassic.com

www.burmesesclassic.com



ဖြစ်ရလေသည်။ တစ်ဖန် ကာယကံအားဖြင့်လည်း သတ်ခြင်း၊ ခိုးခြင်း၊ ကာမဂုဏ်အရာတွင် မှားယွင်းခြင်းမျိုး၊ လူ လက်နက် သေရည်ဟူ၍ ကုန်ကူးခြင်းမျိုးမရှိစေရ။ ထို့ပြင် မကောင်းမှု အကုသိုလ် မလုပ်မိရုံမျှမက ကောင်းမှုကုသိုလ်များများ လုပ်မိအောင် ကြိုးစားရမည်ဖြစ်လေသည်။ နောက်ဆုံးကား ကြံသမျှ လုပ်သမျှကို သတိဖြင့် စောင့်ကြည့်ရမည်။ စိတ်အာရုံပျံ့လွင့်ခြင်းမရှိ။ စိတ်ဓာတ်တည်ငြိမ်ရလေသည်။ ဤတရားသည်၊

- ဆင်းရဲဒုက္ခဖြစ်ခြင်းဟူသော အမှန်သစ္စာ၊
- ဆင်းရဲဒုက္ခဖြစ်ကြောင်း တဏှာဟူသော အမှန်သစ္စာ၊
- ဆင်းရဲဒုက္ခ ချုပ်ငြိမ်းရာ နိဗ္ဗာန်ဟူသော အမှန်သစ္စာ၊
- ဆင်းရဲဒုက္ခ ချုပ်ငြိမ်းရာ နိဗ္ဗာန်ရောက်ကြောင်း (မဂ္ဂင်ရှစ်ပါး) လမ်းဟူသော အမှန်သစ္စာ

လေးချက်ကို ဟောလေသောကြောင့် သစ္စာလေးပါးတရားဟု အမည်တွင်လေသည်။ ထို့ပြင် ပဥ္စဝဂ္ဂီ ငါးဦးကိုဟောရာမှ အရပ်ရပ်သို့ ပျံ့နှံ့လာခဲ့သောကြောင့် ဓမ္မစကြာတရား ဟူ၍လည်း အမည်တွင်လေသည်။

ဂေါတမဗုဒ္ဓသည် ဓမ္မစကြာတရား ဟောပြီး၍ ငါးရက်အကြာတွင် ပဥ္စဝဂ္ဂီ တို့ကို တရားထပ်မံဟောပြန်သည်။ ထိုတရားမှာလည်း အခြားမဟုတ်။လူတို့၏ခန္ဓာကိုယ်ရူပ(ရုပ်) ခန္ဓာတစ်ခုနှင့် ဝေဒနာ(ခံစားမှု)၊ သင်္ခါရ (ပြုပြင်စီရင်မှု) သညာ(မှတ်မှု)၊ ဝိညာဏ(သိမှု)ဟူသော နာမ်ခန္ဓာ ၄ ခုဖြင့် ဖွဲ့စည်းထားလေသည် ဖြစ်သည်။

ရုပ်၊ ဝေဒနာ၊ သင်္ခါရ၊ သညာ၊ ဝိညာဏ အသီးသီးတွင်လည်း အတ္တ (တည်မြဲသောသဘော)မရှိ။ အားလုံးသည် အနတ္တချည်းသာဟူ၍ ဖြစ်လေသည်။ ထိုတရားအဆုံးတွင် ပဥ္စဝဂ္ဂီ ရဟန်းငါးဦးသည် ကိလေသာကုန်ခန်း၍ (အရဟတ္တမဂ်ဉာဏ်နှင့် ယှဉ်ပြီးလျှင်) ရဟန္တာအဖြစ်သို့ ရောက်ကြလေသည်။

ဂေါတမဗုဒ္ဓသည် မိဂဒါဝုန်တော၌ပင် (၃ လနေ၍) ဝါကပ်လေသည်။ ထိုအချိန်အခါတွင် ဗုဒ္ဓနှင့်အတူ ရဟန်းဦးရေ ၆၀ ခန့်ရှိနေလေပြီ။ ဝါလသီတင်းကျွတ်သည့်အခါ ထိုရဟန်းများကို အရပ်ရပ်သို့ တရားဒေသနာဆောင်စေရန် ဗုဒ္ဓသည် ကြံရွယ်လေသည်။ တရားဒေသနာဆောင်ရန် ဖြန့်ရန် အရပ်ဒေသကား များလှပေသည်။ ထို့ကြောင့် မိုးအကုန်တွင် ဗုဒ္ဓသည် သာဝကရဟန်းများကိုခေါ်၍ . . .



www.burmesesclassic.com

www.burmesesclassic.com



*ရဟန်းတို့၊ လူအများ၏အကျိုးစီးပွားအတွက်၊ လူအများ၏ချမ်းသာမှုအတွက် လောကအား ကြင်နာထောက်ထားရန်အတွက်၊ နတ်လူတို့၏အကျိုးစီးပွားချမ်းသာအတွက် လှည့်လည်သွားလာကြကုန်။ နှစ်ယောက်တွဲ၍ မသွားကြကုန်လင့် . . .*

ဟူ၍မှာလေသည်။

ဂေါတမဗုဒ္ဓ ကိုယ်တိုင်သည်လည်း ဥရုဝေလအရပ်ရှိ ကဿပရသေ့ ညီနောင်သုံးဦးကို တရားပြခဲ့ပေ၏။ ထိုသူများကား မီး(နတ်) ကို ကိုးကွယ်နေကြသူများပေတည်း။ ယခုမူ ဗုဒ္ဓ၏တရားကို နာကြရ၍ ဗုဒ္ဓ၏ သာဝကဖြစ်လာကြပေသည်။ ထိုနောက် ဗုဒ္ဓသည်(မဂဓတိုင်း)ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းက ပင့်ဖိတ်ခဲ့ဖူးသည့်အတိုင်း ရဟန်းသာဝကများနှင့် အတူ ရာဇဂြိုဟ်ပြည်သို့ ကြွခဲ့ပြန်လေသည်။ ဗိမ္ဗိသာရမင်းလည်း ဗုဒ္ဓ၏ ဥပသကာအဖြစ်ခံယူကာ ဝေဠုဝန်(ဝါးတော)ကျောင်းကို လှူခဲ့လေသည်။

ရာဇဂြိုဟ်၌ ဂေါတမဗုဒ္ဓ သီတင်းသုံးနေသည့်အတွင်း စိတ်ဝင်စားဖွယ်ရာ အဖြစ်တစ်ခုရှိလေသည်။ ထိုတစ်ခုမှာ ဥပတိဿနှင့် ကောလိတ အမည်ရှိသော မိတ်ဆွေနှစ်ဦးသည် ဗုဒ္ဓထံတွင်ရဟန်းပြုလာကြခြင်းပင် ဖြစ်လေသည်။ ထိုပုဂ္ဂိုလ်များသည် နောင်အခါတွင် အရဟတ္တမဂ်ဆိုက်၍ ဗုဒ္ဓ၏လက်ယာရံ သာဝကနှင့် လက်ဝဲရံသာဝကများဖြစ်လာကြသည်။ ဗုဒ္ဓထံမှောက်သို့ ထိုသူများရောက်လာပုံမှာမူ ဤသို့ဖြစ်လေသည်။ ထိုသူနှစ်ဦးသည် မူလက သိဉ္စည်းဆရာထံတွင် ရဟန်းပြုခဲ့သူများဖြစ်ကြသည်။ သို့သော်လည်း သိဉ္စည်းဆရာ၏ တရားကိုသူတို့ အားမရ။ မကျေနပ်။ တရားမှန်ကို စောင့်မျှော်နေခဲ့ကြသည်။ ထိုကာလအတွင်းတစ်နေ့ နံနက်အချိန်အခါ၌ ရှင်အဿဇိသည် ရာဇဂြိုလ်ပြည်တွင်းသို့ ဆွမ်းခံဝင်ပေ၏။ ဥပတိဿသည်လည်း ရှင်အဿဇိ၏ကြည်ညိုဖွယ်ရာ အမူအရာကို မြင်မိလေသည်။ မြင်မိ၍ စုံစမ်းလေသည်။ ထိုအခါ ရှင်အဿဇိသည် ဗုဒ္ဓ၏ သာဝကဖြစ်ကြောင်း အဖြေပေးကာ ဗုဒ္ဓ၏တရားကိုလည်း တိုတိုရှင်းရှင်း ဟောပြလေသည်။ ထိုတရားကား အခြားမဟုတ်။

***ယေဓမ္မာဟေတုပ္ပဘဝါ***
***တေသံ ဟေတုံ တထာဂတောအာဟ။***
***တေသဉ္စ ယောနိရောဓော***
***ဧဝံဝါဒီ မဟာသမဏော***



www.burmesesclassic.com

www.burmesesclassic.com



*(အကြောင်တရားတို့သည် အကြောင်းလျှင် အမွန်ရှိကုန်၏။ ထိုတရားတို့၏ အကြောင်းကိုလည်း မြတ်စွာဘုရားသည် ဟောတော်မူ၏။ ထိုအကြောင်တရားတို့၏ ချုပ်ခြင်းသည် ရှိ၏။ ထိုချုပ်ခြင်းကိုလည်း မြတ်သော ရဟန်းကြီးသည် ဤသို့အယူရှိ၏။)*

ဟူသော သစ္စာလေးပါးတရားပေတည်း။ ဥပတိဿလည်း ရင့်ကျက်သောဉာဏ်ရှိပြီးဖြစ်၍ ရုတ်ချည်းပင် အကျွတ်တရားရလေသည်။ သို့ရာတွင် ဤအတိုင်းမနေ။ မိတ်ဆွေဖြစ်သူ ကောလိတအား မိမိနာခဲ့ရသော တရားကို ဝေငှလေသည်။ကောလိတသည်လည်း အကျွတ်တရားရပြန်သည်။ မကြာမီ ထိုသူနှစ်ဦးသည် ဗုဒ္ဓထံမှောက်သို့ ရောက်ခဲ့၍ ဥပတိဿက ရှင်သာရိပုတ္တရာဘွဲ့ဖြင့် ကောလိတက ရှင်မောဂ္ဂလာန်ဘွဲ့ဖြင့် သာဝက အဖြစ် ရောက်ခဲ့ကြလေသည်။

ဘုရားအဖြစ်သို့ ဂေါတမဗုဒ္ဓ ရောက်ခဲ့သည်မှာ ၈ လခန့်ရှိလေပြီ။ ကပိလဝတ်မှ ခွာခဲ့သည်မှာလည်း ၆ နှစ်ရှိခဲ့ပြီ။ ဗုဒ္ဓ၏ဖခမည်း သုဒ္ဓေါဒနရာဇာကလည်း သားဘုရားကို ဖူးလိုလှ၍ အခါခါပင် လူလွှတ်၍ ပင့်နေခဲ့သည်။ အခါကား သင့်ပေစွ။

တပေါင်းလရာသီ အလွန်သာယာသည့်အခါ ဖြစ်လေသည်။ သို့ဖြစ်၍ ရာဇဂြိုလ်မှ သံဃာအပေါင်း ခြံရံလျက် ဗုဒ္ဓသည် ကပိလဝတ်သို့ ခရီးလှည့်ခဲ့ရာ သုဒ္ဓေါဒနရာဇာနှင့် ဆွေမျိုးအများကို ပြန်လည်တွေ့ဆုံပြန်တော့သည်။ နောက်တစ်နေ့နံနက်တွင်လည်း နန်းတော်သို့ ဆွမ်းစားကြွလေသည်။

ထိုအခါ ဖခမည်းဖြစ်သူ သုဒ္ဓေါဒနရာဇာက ဗုဒ္ဓကို ဆီးကြိုဝတ်ပြုပါသော်လည်း ယသောဓရာက ဆီးမကြို။ ယသောဓရာကို ဆွေမျိုးနှင့်အထိန်းအယများက ဝိုင်းဝန်းလျှောက်တင်ကြပါ၏။

ယသောဓရာက မိမိ၏ ကျေးဇူးကို အသိအမှတ်ပြုပါလျှင် မိမိထံသို့ ဗုဒ္ဓကြွပါလိမ့်မည်။ ထိုအခါမှ ရှိခိုးတော့မည် ဟူ၍သာ ပြန်ဖြေခဲ့လေသည်။ ဤသည် သုမိတ္တာဘဝမှစ၍ ဗုဒ္ဓလောင်းလျာနှင့်အတူ မိမိ ပါရမီဖြည့်ခဲ့သည်ကို သတိရစေချင်သော သဘောပင်။

ဂေါတမဗုဒ္ဓသည် ယသောဓရာ၏ သဘောကို သိမြင်လေသည်။ ယသောဓရာကို စိတ်မပင်ပန်းစေချင်။ ထိုအခါ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန် ၂ ပါးခြံရံစေပြီးလျှင် . . .



www.burmesesclassic.com

www.burmesesclassic.com



*ယသောဓရာမင်းသမီးကို အလိုရှိတိုင်း ရှိခိုးစေ၊ တစ်ခွန်းသော စကားကိုမျှ မဆိုလင့်။*

ဟုမိန့်မြွက်၍ ယသောဓရာ၏ အဆောင်သို့ ကြွလေသည်။ ယသောဓရာသည်လည်း ဗုဒ္ဓကို အဆောင်ဝတွင်မြင်သည်နှင့် တစ်ပြိုင်နက် သလွန်မှရုတ်ချည်းထ၍ ဗုဒ္ဓရှေ့တွင် ပုဆစ်တုပ်လေသည်။ ထို့ပြင် ဗုဒ္ဓ၏ ခြေမျက်စိကို လက်ဖြင့်ကိုင်၍ ခြေဖမိုးကို ဦးခေါင်းဖြင့်ပွတ်၍ အထပ်ထပ်ရှိခိုးလေသည်။

ကြည်မောစရာ ရှုခင်းပါပေ။ ထိုရှုခင်းကို ဖြည့်စွက်လိုက်သည်မှာ ကားသုဒ္ဓေါဒနရာဇာ၏ လျှောက်ထားချက်နှင့် ဗုဒ္ဓ၏စကားဖြစ်လေသည်။

> သုဒ္ဓေါဒနရာဇာက လျှောက်ထားသည်မှာ . . .
>
> *အရှင်ဘုရား၊ အရှင်ဘုရားတို့သည် ဖန်ရည်စွန်းသော သင်္ကန်းကို ဝတ်တော်မူပြီဟု ကြားသည့်နေ့မှစ၍ အကျွန်ုပ်၏သမီး ယသောဓရာသည် ဖန်ရည်စွန်းသော သင်္ကန်းအဝတ်ကိုသာ ဝတ်ပေသည်။*
>
> *အရှင်ဘုရားတို့သည် တစ်ထပ်သာစားသည်ဟု ကြားသည့်နေ့မှစ၍ အကျွန်ုပ်သမီးလည်း တစ်ထပ်သာ စားလေသည်။*
>
> *အရှင်ဘုရားတို့သည် မြတ်သော အခင်းနေရာကို ပယ်တော်မူသည်ဟု ကြားသည့်နေ့မှစ၍ နိမ့်သော ညောင်စောင်းငယ်၌သာ အိပ်ပေသည်။*
>
> *အရှင်ဘုရားတို့သည် ပန်းနံ့သာတို့၌ တပ်မက်ခြင်းမရှိဟု ကြားသည့်နေ့မှစ၍ ပန်းနံ့သာတို့၌ တပ်မက်မောခြင်းကင်းပေသည်။ မိမိဆွေမျိုးတို့သည် စောင်မလုပ်ကျွေး မွေးမြူအံ့ဟု သတင်းစကား ကြားလာသော်လည်း တစ်ယောက်ကိုမျှ ပြန်၍ မကြည့်ပေ။ ဤသို့ အကျွန်ုပ်သမီးသည် စောင့်စည်း ထိန်းသိမ်းလေသည်။*

ဟူ၍ဖြစ်လေသည်။ ဗုဒ္ဓကလည်း ယသောဓရာ မင်းသမီးသည် ယခုဘဝမှသာလျှင် အကြင်လင်သားအပေါ် စောင့်စည်းမေတ္တာထားသည် မဟုတ်။ ရှေး စန္ဒကိန္နရီဖြစ်ခဲ့စဉ်က၊ လင်ယောကျ်ားဖြစ်သော(ဗုဒ္ဓလောင်းလျာ) စန္ဒကိန္နရာသည် ဗြဟ္မဒတ်မင်း၏ မြားဒဏ်ကို ခံခဲ့ရ၍၊ စန္ဒကိန္နရီမှာလည်း ဗြဟ္မဒတ်မင်း၏ အဓမ္မချစ်ရေးဆိုခြင်းကို ခံခဲ့ရသည်။ ထိုအခါ၌



www.burmesesclassic.com

www.burmesesclassic.com



စန္ဒကိန္နရီက ဖြဟ္မဒတ်ကို တွန်းလှန်၊ နတ်ဒေဝါများကိုလည်း တိုင်တည်ကာ သစ္စာစောင့်ထိန်းခဲ့ကြောင်းဖြင့် ပြန်ဆိုခဲ့လေသည်။

ကပိလဝတ်သို့ ဂေါတမဗုဒ္ဓပြန်ရောက်သည်ကို အကြောင်းပြု၍၊ သုဒ္ဓေါဒနရာဇာအမှူးရှိသောမင်းဆွေမျိုးရိုးတတွေလည်းတစတစအကျွတ်တရားရကြသည်။ အချို့မှာ ကပိလဝတ်၌ပင် တရားရကြသည်။ အချို့မှာမူ ရာဇဂြိုဟ်သို့ ဗုဒ္ဓအပြန်၊ ခရီးအကြား၌ နားနေစဉ် လိုက်လာဖူးမြော်၍၊ တရား ရကြလေသည်။ ထိုပုဂ္ဂိုလ်အသီးသီးတွင် (ညီတော်) ရှင်အာနန္ဒာ၊ (ညီတော်ယောက်ဖတော်) ရှင်ဒေဝဒတ်၊ ရှင်အနုရုဒ္ဓါ စသူများပါလေသည်။ ထိုပုဂ္ဂိုလ်များမှာ အရွယ်ရောက်ပြီးဖြစ်၍ ရဟန်းဖြစ်ကြလေသည်။ ထိုအထဲမှ သားဖြစ်သူ ရာဟုလာမူ ငယ်သေးသဖြင့် ရှင်သာမဏေသာဖြစ်ခဲ့လေသည်။ တစ်ဖန်ဗုဒ္ဓ၏ သံဃာ့ဘောင်သို့ ဝင်လာသူများမှာ မင်းမျိုးမင်းဆွေများသာ မဟုတ်သေး။ ဥပါလိကဲ့သို့ ဆတ္တာသည်လည်း ပါခဲ့လေသည်။ ဤသည် သဘာဝကျ၏။ ဗုဒ္ဓ၏ သံဃာ့အဖွဲ့အစည်းတွင် အမျိုးဇာတ် ခွဲခြားမှုအဘယ်မှာ ရှိနိုင်ပါမည်နည်း။ ဗုဒ္ဓ၏တရားကို ကျင့်သုံးလို၍၊ ကိုယ်လက်အင်္ဂါစုံသူ မှန်သမျှ၊ ဗုဒ္ဓ၏တရားကို ကျင့်သုံးလို၍ အနှောင်အဖွဲ့မရှိသူ မှန်သမျှသည် သံဃာ့ဘောင်သို့ ဝင်နိုင်လေသည်သာဖြစ်သည်။ သံဃာ့ဘောင်သို့ အမျိုးသမီးများ ဝင်လာခဲ့ချိန်မှာမူ၊ ဒုတိယတစ်ဆင့်တွင် ဖြစ်လေသည်။ ဒုတိယတစ်ဆင့်ဟု ဆိုရသည်မှာ အခြားကြောင့်မဟုတ်။ ဂေါတမဗုဒ္ဓသည် ဒုတိယအကြိမ် ကပိလဝတ်မင်းနေပြည်သို့ ပြန်လည်ရောက်ရှိပြီးမှ ခွင့်ပြုသောကြောင့်ဖြစ်လေသည်။ ထိုအချိန်ကား ဗုဒ္ဓဘုရားဖြစ်၍၅ ဝါအရတွင် ဖြစ်သည်။ ဗုဒ္ဓသည် သုဒ္ဓေါဒနရာဇာ ကွယ်လွန်သည်ကို ကပိလဝတ်သို့ ကြွလာ၍ ကိုယ်တိုင်သင်္ဂြိုဟ်ခဲ့လေသည်။ ထို့နောက် (ဝဇ္ဇီတိုင်းနိုင်ငံ၊ ဝေသာလီ မင်းနေပြည်သို့အပြန်တွင်)မိထွေးတော်ဂေါတမီအမှူးပြုသောအမျိုးသမီးများက ဘိက္ခုနီပြုခွင့်တောင်း၍ ခွင့်ပြုခဲ့လေသည်။ ယောကျ်ားများနည်းတူ၊ မိန်းမများ ရဟန်းပြုနိုင်သောအခွင့်အရေးသည် ဤအခါမှပင် စခဲ့ပေတော့သည်။

စပ်မိ၍ ဆိုရလျှင်၊ ကပိလဝတ် မင်းနေပြည်သို့ ဂေါတမဗုဒ္ဓပြန်သည့်အချိန်နှင့် မရှေးမနှောင်းတွင်၊ မင်းစိုးရာဇာတွေ အချင်းချင်း၊ လယ်သမား အချင်းချင်း ဖြစ်နေသော ပဋိပက္ခကိုလည်း(ဗုဒ္ဓသည်)ဖြေရှင်းပေးခဲ့လေသည်။



www.burmesesclassic.com

www.burmesesclassic.com



ဖြစ်ပုံမှာ သက္ကနိုင်ငံနှင့် ကောလိယနိုင်ငံအကြားတွင် ရောဟိဏီမြစ်သည်ရှိ၏။ ထိုမြစ်ရေကို ၂ နိုင်ငံရှိ လယ်ယာများတွင် သုံးစွဲရိုးရှိလေသည်။ ပဋ္ဌမပက္ခဖြစ်သော နှစ်တွင်မူ၊ ထိုမြစ်ရေသည် ၂ နိုင်ငံရှိ လယ်ယာများအတွက် မလုံမလောက် ဖြစ်လေသည်။ ထိုအခါ နှစ်ဖက်(မင်းစိုးရာဇာများ၏ လက်အောက်ခံ) လယ်သမားများသည် သူ့ဘက်အရင်သုံးမည်၊ ငါ့ဘက်အရင်သုံးမည် စသည်ဖြင့် အငြင်းပွားကြလေသည်။ အငြင်းပွားမှုသည် ပြေလည်သွားခြင်း မရှိ။ တစတစကြီးထွားလာပြီးလျှင်၊ နှစ်ဖက်သော အုပ်ချုပ်သူ မင်းစိုးရာဇာများဆီအထိ တက်လာခဲ့လေသည်။ နှစ်ဖက်စစ်ထိုးကြမည့် နိမိတ်တွေပေါ်လာတော့သည်။ သက္ကနှင့် ကောလိယ ၂ ဘက်နိုင်ငံရှိ စစ်ထိုးကြမည့် သူများသည်လည်း အပေါ်ပိုင်းတွင် ခတ္တိယမင်းမျိုးတွေ၊ ဆွေမျိုးတွေသာဖြစ်ကြသည်။ အောက်ပိုင်းတွင် လယ်သမားအချင်းချင်းဖြစ်ကြသည်။

ထိုစဉ် ဗုဒ္ဓသည် မြစ်ကမ်းဘေးသို့ကြွလာ၍၊ စစ်ထိုးကြမည့် အကြောင်းရင်းကို မေးမြန်းလေသည်။ အကြောင်းရင်းကို အထက်ပိုင်းက သေသေချာချာ မသိ။ ထိုတစ်ဆင့် အပိုင်းကို မေးမြန်းပြန်သည်။ မသိ၊ မသိ၍ တစ်ဆင့်စီ အောက်သို့ မေးမြန်းလေတော့မှ ရေကိစ္စကြောင့်ဟူ၍ သိရလေသည်။ ဤအတိုင်းဆိုသော် ရေ၏တန်ဖိုးအဘယ်မျှ ရှိပါသနည်း။ လူ(မင်း)တို့၏ အသက်တန်ဖိုးကား အဘယ်မျှ ရှိပါသနည်း။ ဗုဒ္ဓသည် ပုစ္ဆာထုတ်လေသည်။ မဆိုစလောက် အရေးအတွက်မျှဖြင့် လူ့အသက် အဆုံးရှုံးခံရ၍ မလျော်သည်ကို ၂ ဘက်စလုံး သဘောပေါက်ကြလေသည်။ ပဋ္ဌမပက္ခလည်း ပြေလည်သွားတော့သည်။

သတ္တဝါတို့အပေါ် ထားရှိသော ဗုဒ္ဓ၏မဟာကရုဏာတော်ကား ကြီးပါပေသည်။ ဗုဒ္ဓသည် နံနက်အရုဏ်တက်ချိန်၌စောစောထ၍၊ ကျွတ်ထိုက်သူများကို ဉာဏ်တော်ဖြန့်၍ ကြည့်တတ်၏။ မိုးသောက်သည့်အခါ တစ်ပါးတည်းသော် လည်းကောင်း၊ ရဟန်းအပေါင်းခြံရံ၍ သော်လည်းကောင်း ရပ်ရွာသို့ ဆွမ်းခံဝင်လေသည်။ သို့ဆွမ်းခံဝင်ရင်း၊ ကြုံကြိုက်သလို ဆွမ်းဒကာ ဒါယိကာမတို့ကို တရားဟောတတ်လေသည်။ ကျောင်းပြန်၍ ဆွမ်းဘုဉ်းပေးပြီးသည့်နောက်ကား ရဟန်းများကို ကမ္မဋ္ဌာန်းပေးတတ်၊ တရားဟောတတ်လေသည်။ ပြီးလျှင် ခေတ္တကျိန်းစက်ပါ၏။ နေလွဲအချိန်၌သော် ကျောင်းသို့လာကြသော ပရိသတ်ကို တရားဟောပြန်၏။



www.burmesesclassic.com

www.burmesesclassic.com



ထိုသူများ ပြန်သွားသည့်အခါ၊ ရေသုံးသပ်တော်မူ၍၊ ခဏမျှ တစ်ပါးတည်း နေသည်။ နေဝင်ချိန်တွင် ရဟန်းများ ရောက်လာပြန်၍ ဗုဒ္ဓသည် အချို့ကို ကမ္မဋ္ဌာန်းပေး၊ အချို့ကို တရားဟောရပြန်သည်။ ည ၁၀ နာရီကျော် လူခြေ တိတ်ချိန်ကား၊ နတ်ဒေဝါများအဖို့ဖြစ်ပေ၏။

ထိုသူများကား ဗုဒ္ဓကို ပြဿနာ အရပ်ရပ် မေးလျှောက်တတ်လေသည်။ ပြဿနာ ဖြေပြီးသည့်အခါ၊ နာရီပြန် ၂ ချက်ခန့် ရှိလေပြီ။ ထိုအခါ မိုးသောက်ယံကို ၃ ပိုင်းခွဲ၍၊ ***ပထမမိုးသောက်ယံတွင် ဗုဒ္ဓသည် အညောင်းဆန့် လမ်းလျှောက်လေသည်။ ဒုတိယမိုးသောက်ယံတွင် ကျိန်းစက်လေသည်။ တတိယမိုးသောက်ယံတွင် ကျွတ်ထိုက်သော သတ္တဝါများကို ဉာဏ်မျက်စိဖြင့် ကြည့်ရှုရှာဖွေသည်။***

ဤသို့လျှင် ဗုဒ္ဓသည် တစ်နေ့တစ်နေ့လျှင် ကျိန်းစက်နားနေချိန် အနည်းငယ်မှ အပ၊ သတ္တဝါတို့ကို တရားဟော၊ ကမ္မဋ္ဌာန်းပေးနှင့်သာ ရှိလေတော့သည်။ ထိုအခါ၌လည်း ထိုသူတို့ နားလည်လွယ်ရအောင်၊ ဗြဟ္မဏ ပုဏ္ဏားသုံး၊ မင်းစိုးရာဇာသုံး၊ သက္ကတဘာသာဖြင့် မပြော။ သက္ကတမှ ဆင်းသက်၍ အရပ်သုံးဖြစ်သော(ပါကတ ဘာသာကွဲ) မဂဓ ဘာသာဖြင့်သာ ပြောလေသည်။ ရဟန်းများကိုလည်း ကိုယ့်ဘာသာစကားဖြင့်သာ တရားပြန်ဟောရန် မှာလေသည်။

ရံဖန်ရံခါ ဆိုင်ရာ ပုဂ္ဂိုလ်၏ စကားကျ၊ စကားသွားကို လိုက်၍ ပြောတတ်လေသည်။ ဤအတွက် ကသိဘာရဒွါဇမည်သော ပုဏ္ဏားနှင့် ဟောပြောပုံကို ကြည့်လေ။ တစ်နေ့နံနက်တွင် ဂေါတမဗုဒ္ဓသည် လယ်သမား ကသိဘာရဒွါဇ ပုဏ္ဏားထံ ဆွမ်းရပ်လေသည်။ ထိုအချိန်၌ နွားတို့မှာ ထွန်တုံးထမ်းပိုးတပ်လျက် ရှိနေပြီ။ ကသိဘာရဒွါဇသည် ဗုဒ္ဓကို အလုပ်မလုပ်သူဟူ၍ ထင်ဟန်ရှိလေသည်။ ထို့ကြောင့် မိမိကဲ့သို့ ထွန်ယက်စိုက်ပျိုးစားသောက်ရန်ပြောလေသည်။ ထိုစကားကို ဗုဒ္ဓက မိမိလည်း ထွန်ယက်စိုက်ပျိုး စားသောက်ကြောင်းဖြင့် ပြန်ဖြေလေသည်။ ကသိဘာရဒွါဇက ဘဝင်မကျ။ ဘဝင်မကျ၍ . . .

*သင်သည် လယ်ထွန်ယောကျ်ား(လယ်သမား) ဟူ၍ ဝန်ခံဘိ၏။ သင်၏ လယ်ထွန်မှုကို ငါတို့မမြင်ရ။ သင်၏ လယ်ထွန်မှုကို ငါတို့ သိနိုင်လောက်သော နည်းဖြင့် သင်ဖြေဆိုပါလေ။*

ဟု ထပ်မေးလေသည်။



www.burmesesclassic.com

www.burmesesclassic.com



ထိုအမေးကို ဗုဒ္ဓပြန်၍ ဖြေဆိုသည်မှာကား အောက်ပါအတိုင်းပင်။ *ငါ၏ သဒ္ဓါတရားသည် မျိုးစေ့မည်၏။ ငါ၏ ဣန္ဒြေကို စောင့်စည်းမှုသည် မိုးရွာခြင်း မည်၏။ ငါ၏ပညာသည် ထမ်းပိုးနှင့် ထွန်တုံး မည်၏။ ငါ၏ (မကောင်းမှုမှ) ရှက်ကြောင့်မှုသည် ထွန်တံမည်၏။ (ငါ၏)စိတ်သည် ကြိုးလွန်မည်၏။ ငါ၏ 'အောက်မေ့မှု' သတိသည် ထွန်သွားနှင့် နှင်တံမည်၏။ သင်သည် လယ်ကိုစောင့်ရှောက်သကဲ့သို့ ငါသည်လည်း ကိုယ်ကိုစောင့်ရှောက်၏။ နှုတ်ကို စောင့်ရှောက်၏။ အာဟာရ၌ အသက်မွေးမှု စင်ကြယ်စေရန် စောင့်ရှောက်၏။ ဝမ်း၌အတိုင်းအရှည်ကိုသိရန် စောင့်ရှောက်၏။ မှန်သောစကားဖြင့် (ချွတ်ယွင်းသော စကားတို့ဟူသော ပေါင်းမြက်ကို) ဖြတ်တောက် နုတ်ပယ်၏။ နိဗ္ဗာန်၌ မွေ့လျော်မှုဟူသော ငါ၏ အရဟတ္တဖိုလ်သည် ပြုလုပ်ဖွယ် အားလုံးမှ လွတ်မြောက်တော့၏။ ငါ၏ ဝီရိယသည် ဝန်ကိုဆောင်သော နွားမည်၏။ အကြင်နိဗ္ဗာန်သို့ ရောက်သည်ရှိသော် မစိုးရိမ်ရ။ ထိုနိဗ္ဗာန်သို့ ရှေးရှုဆောင်လျက် မဆုတ်မနစ် သွား၏။*

*(ပုဏ္ဏား) ဤသို့သော အခြင်းအရာအားဖြင့် ဤလယ်ထွန်ခြင်းကို (ငါသည်) ထွန်အပ်ပြီ။ (ငါ၏) ထိုလယ်ထွန်ခြင်းသည် နိဗ္ဗာန်ဟူသော အသီးအနှံရှိ၏။ ထိုလယ်ထွန်ခြင်းကို ထွန်ပြီးသောကြောင့် ဆင်းရဲအားလုံးမှ လွတ်၏။*

ရံဖန်ရံခါ တရားဟောရုံသာမက အခါအခွင့်ကို လိုက်၍ တန်ခိုးအာနုဘော်ပင် ပြတန်ပြရပေသေးသည်။ ထို့အတူ အများသဘော ပေါက်အောင် ကိုယ်တော်တိုင် မျက်မြင်နမူနာ ပြရသည့်အခါလည်းရှိလေသည်။

သာဓကေ ဆောင်ရမည်ဆိုသော် (ကောသလတိုင်း) သာဝတ္ထိပြည်၊ သရက်ဖြူပင်ရင်းတွင် ဗုဒ္ဓသည်၊ အယူမှားသူ တိတ္ထိတို့နှင့် ယှဉ်ပြိုင်၍ တန်ခိုးပြာဋိဟာ ပြခဲ့ရလေသည်။ ထိုကာလသည် ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်၍ ၆ နှစ်အကြာ ကာလပေတည်း။ ဖြစ်ပုံမှာ မိမိတို့သာ ဘုရားအစစ်ဖြစ်လေဟန်၊ မိမိတို့သာ တန်ခိုးအာနုဘော်ရှိလေဟန်၊ ဂေါတမဗုဒ္ဓမှာ ဘုရားမဟုတ်လေဟန်ဖြင့် တိတ္ထိတို့သည် လူသူထဲတွင် ဝါဒဖြန့်လျက်ရှိကြသည်။ သို့ဖြစ်၍ လူသူအများ သက်ကင်းရလေအောင် ကိုယ်အထက်အောက်၌ မီးအလျှံဖြစ်စေ၍ လည်းကောင်း၊ ရေအလျဉ်ဖြစ်စေ၍လည်း



www.burmesesclassic.com

www.burmesesclassic.com



ကောင်း၊ ယမိုက်ပြာဋိဟာ ပြခဲ့လေသည်။ ထိုနောက် မယ်တော်မိနတ်သား ရှိရာ တာဝတိံသာနတ်ပြည်တွင် ဝါကပ်၍၊ သီတင်းကျွတ်သော် လူ့ပြည် သင်္ကာသနဂိုရ်ပြည်သို့ ဆင်းလေသည်ဟု စာများတွင် ပါလေသည်။

ကိုယ်တိုင် မျက်မြင်နမူနာပြခဲ့ပုံကို ဆိုရဦးမည်။ နေရာကား သာ ဝတ္ထိပြည်ပင် ဖြစ်ပေ၏။ ဂေါတမဗုဒ္ဓသည် ကျောင်းတဝိုက် လှည့်လည် ကြည့်ရှုရင်း၊ တိဿမထေရ်၏ အဖြစ်ကို မြင်ရလေသည်။ ထိုမထေရ်၏ ကိုယ်တွင် အိုင်းအမာတို့ ပေါက်ခဲ့လေသည်။ ထိုအိုင်းအမာတို့သည်လည်း ကြီးထွားလာပြီးလျှင်တစ်ကိုယ်လုံးတွင် အပေါက်အပေါက် ဖြစ်ကုန်သည်။ ဝတ်ရုံသုံးဆောင်သော အဝတ်သင်္ကန်းတို့သည်လည်း ပြည်သွေးတို့ဖြင့် အလိမ်းလိမ်း အကျံကျံရှိခဲ့၍ ရွံစရာအတိဖြစ်လေသည်။ တပည့်သားတို့ မှာ ကြည့်ရှုသုတ်သင်ခြင်းငှာ မတတ်နိုင်တော့။ တိဿမထေရ်သည် တစ် ကိုယ်တည်း ညောင်စောင်း၌ လဲလျောင်းနေရ၏။ ထိုအဖြစ်ကို မြင်တွေ့ ရသော ဗုဒ္ဓသည် ကိုယ်တော်တိုင် ရေနွေးတည်လေသည်။ ထိုအခါမှ ရဟန်းတို့လည်း မနေနိုင်တော့ဘဲ၊ တိဿမထေရ်ကို ဗုဒ္ဓနှင့်အတူပွေ့ချီကြ လေသည်။ ဗုဒ္ဓသည် တိဿမထေရ်ကို ရေနွေးချိုးပေးလေသည်။ ထို့နောက် တိဿမထေရ်၏ အဝတ်တွေကိုလည်း လျှော်စေ၊ လှန်းစေ၊ ခြောက်သွေ့စေ လေသည်။ တိဿမထေရ် ညောင်စောင်းပေါ်တွင် ပြန်လည်၍ လဲလျောင်း ပြီးသည့်အခါသော်ကား၊ (ဗုဒ္ဓသည်) တရားဟောလေသည်။ တရား၏ အဆုံးတွင် တိဿမထေရ်သည် ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်စံယူလေသည်။

ဤသို့လျှင် ဗုဒ္ဓသည် သတ္တဝါအပေါင်းတို့ကို တရားလည်းဟော ၏။ ကိုယ်တိုင်လည်း နမူနာပြလေသည်။ တရားမှာမူ လောက၏မမြဲခြင်း သဘောကို သိမြင်၍၊ ငါသူခွဲခြားသော အတ္တစွဲပျောက်၍၊ နိဗ္ဗာန်ချမ်းသာ ရစေရန် ရည်ရွယ်သည်လည်း ရှိ၏။ ပစ္စုပ္ပန် တမလွန်လောကီ ချမ်းသာရ ရန်လည်း ပါလေသည်။

အထူးသဖြင့်ကား သံဃအဖွဲ့ကို မဂ်ဖိုလ်နိဗ္ဗာန်အတွက် ရည်စူးဖွဲ့ စည်းထားခြင်းဖြစ်လေသည်။ ထိုကြောင့် ရဟန်းသံဃာသည် ရိုးရိုးလူဝတ် ကြောင်ထက် အကျင့်သိက္ခာ စောင့်ထိန်းရသည်မှာ များပြား၏။ ရဟန်း ဘောင်းဆိုသည် သာမဏေဘဝကို ကျော်လွန်၍၊ အသက်၂၀ စဉ်းစားချိန်ဆ နိုင်သော အရွယ်ရောက်မှ ဝင်နိုင်လေသည်။ မေထုန်မပြုရ။ သူတစ်ပါး မပေးသောပစ္စည်းကို မယူရ။ လူသတ္တဝါအသက်ကို တမင်တကာမသတ်ရ။



www.burmesesclassic.com

www.burmesesclassic.com



ဈာန်မဂ်ဖိုလ်ရလေယောင် မဆောင်ရ။ ဤကံကြီး ၄ ပါးတွင် တစ်ပါးပါးကို ကျူးလွန်မိသည်နှင့် တစ်ပြိုင်နက် ရဟန်းအဖြစ်မှ လျောကျလေတော့သည်။

တစ်ဖန် ရဟန်းဆိုသည် တဏှာလောဘ ကင်းရမည်ဖြစ်ရာ၊ တိစီဝရိတ်သင်္ကန်း ၃ ထည်၊ သပိတ်၊ သင်ခုန်းဓား၊ ခါးပန်းကြိုး၊ အပ်၊ ရေစစ် ဟူသော ပစ္စည်း ၈ မျိုးသာ ပုဂ္ဂလိကသုံးနိုင်လေသည်။ သင်္ကန်းတွင်လည်း (စွန့်ပစ်ထားသော) ပံ့သကူသင်္ကန်း ဝတ်ရုံစေရန် ဗုဒ္ဓကလိုလား၏။ သို့သော်လည်း လှူသူရှိက ပိုးသင်္ကန်း၊ သက္ကလပ်သင်္ကန်းစသည်ကို ဝတ်ရုံခွင့် ပြုပါလေသည်။ ဆွမ်းခံ၍ စားစေရန် ဗုဒ္ဓကတိုက်တွန်း၏။ သို့သော်လည်း ပင့်ဖိတ်သောဆွမ်း၊ စာရေးတံမဲချ၍လှူသောဆွမ်းတို့ကို ဘုဉ်းပေးခွင့်ပြုပါ လေသည်။ တောတောင် သစ်ပင်ရင်း၌ နေစေရန်လည်းကောင်း၊ နွားကျင်ငယ်ရေကို ဆေးအဖြစ် မှီဝဲစေရန် လည်းကောင်း ဗုဒ္ဓကပြဋ္ဌာန်း၏။ သို့သော်လည်း(လှူသော) ကျောင်းဝိဟာရ၊ ဂူလိုဏ်၊ ပြာသာဒ်တို့ကို သုံးခွင့်ပြုပါ လေသည်။ ထို့အတူ ဆီဦး၊ ထောပတ်၊ တင်လဲတို့ကိုလည်း ဆေး အဖြစ်မှီဝဲ ခွင့်ပြုပါလေသည်။ ရွှေငွေတို့နှင့် စပ်၍မူ ခြွင်းချက်ဟူ၍မပေး၊ မကိုင်ရန် မသုံးရန် တားမြစ်လေသည်။

မှန်မှန်ဆောင်ရွက်ရသည်မှာ ဥပုသ်ပြုခြင်း၊ ဝါကပ်ရခြင်း၊ ပဝါရဏာပြုရခြင်း စသော သံဃကံဖြစ်လေသည်။ တစ်လလျှင် နှစ်ကြိမ်ကျ အာဝါသ တစ်ခုတည်းနေ ရဟန်းစုံစုံညီညီ တက်ရောက်၍၊ သိက္ခာပုဒ်များကို ကြားနာအကျင့်ဖြူစင်စေခြင်းသည် ဥပုသ်ပြုခြင်း ဖြစ်လေသည်။ မိုး ၃ လအတွင်း ခရီးမသွားဘဲ ကျောင်းရိပ်ခို၍ ပရိယတ်၊ ပဋိပတ်အားထုတ်မှုသည် ဝါကပ်ခြင်း ဖြစ်လေသည်။ သီတင်းဝါလကျွတ်သည့်အခါ ရဟန်းသံဃာအချင်းချင်း အပြစ်ရှိက ပြောကြားရန်၊ ဆုံးမရန် ဖိတ်ကြား၍ အပြစ်ရှိက စစ်မေးဝန်ခံခြင်းသည် ပဝါရဏာ ပြုခြင်းဖြစ်လေသည်။

အထူးသိမှတ်စရာတစ်ခု ရှိလေသည်။ ဝိနည်းသိက္ခာနှင့် စပ်၍သော်လည်းကောင်း၊ တရားတော်နှင့် စပ်၍သော်လည်းကောင်း၊ ဝိဝါဒရှိလာပါက၊ (သဘောရိုးနှင့်) ဝိဝါဒရှိလာသူ ရဟန်းကို သံဃာအဖွဲ့မှ တစ်ဖက်သတ် ပယ်ထုတ်ခြင်း မပြုလေ။ သံဃာများရှေ့ ညှိနှိုင်းဆုံးဖြတ်၍ ပြေစေရလေသည်။ ဤသည် သဘာဝကျ၏။ သံဃာအဖွဲ့အစည်းတွင် ဝါစဉ်အလိုက် သံဃာအချင်းချင်း ရိုသေလေးစားမှုရှိပါ၏။ သို့ရာတွင် တစ်ဦးတည်းပိုင် အာဏာသုံးစွဲရိုး မရှိရလေ။ တစ်ဘက်သတ်ချုပ်ချယ်မှု မရှိရ



www.burmesesclassic.com

www.burmesesclassic.com



လေ။ ထိုကဲ့သို့ မရှိမှလည်း ရဟန်းသည် ကိုယ်ပိုင်အားထုတ်မှု၊ ကိုယ်ပိုင်အမြင်ဖြင့် တစ်မဂ်တစ်ဖိုလ်သို့ တက်ရောက်နိုင်မည် ဖြစ်လေသည်။

ဂေါတမဗုဒ္ဓသည် (သမာဓိနှင့် ပညာဝိပဿနာ၏ အထောက်အပံ့အဖြစ်) ထိုသိက္ခာပုဒ်များကို ရဟန်းများကို လိုက်နာစေရန် ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်လေသည်။ လူအများအတွက်ကောဟူ၍ မေးစရာရှိပါ၏။ ဗုဒ္ဓသည် လူ့ဘောင်၊ လူ့လောကကိုလည်း လျစ်လျူမရှုခဲ့ပါလေ။ ဗုဒ္ဓသည် ရဟန်းအတွက်သာ ကျင့်ဝတ်သိက္ခာချထားခဲ့သည်မဟုတ်။ တိုင်းပြည်နိုင်ငံသာယာရေးကိုလည်း အာရုံထားလေသည်။ (ဝဇ္ဇီတိုင်းမှာကဲ့သို့) အုပ်ချုပ်သူများ အညီအညွတ်၊ အမြဲတစေ တိုင်ပင်စည်းဝေး ဆုံးဖြတ်ကြစေရန် လိုလားတော်မူလေသည်။

အုပ်ချုပ်သူအစိုးရက တောင်သူလယ်သမားတို့အား မျိုးနှင့်ရိက္ခာထောက်ပံ့ခြင်း၊ ကုန်သွယ်သူတို့အား အရင်းအနှီးထောက်ပံ့ခြင်း၊ မင်းမှုထမ်းတို့အား လခလုံလုံလောက်လောက် ပေးခြင်းသည် ပြည်သူပြည်သားတွေ ရွှင်လန်းဝမ်းမြောက်ကြ၍ ရင်ခွင်၌ ကလေးတို့အား ကခုန်စေပြီးလျှင် အိမ်တံခါးကိုမျှ မပိတ်ကြတော့ဘဲ နေထိုင်နိုင်သော နည်းလမ်းဖြစ်ကြောင်း ထောက်ပြတတ်လေသည်။

ဗုဒ္ဓသည် နိုင်ငံအုပ်ချုပ်ရေးမှ တစ်ဖန်၊ အိမ်သားစု အချင်းချင်းဆက်ဆံရေး၊ အလုပ်ရှင်နှင့် အလုပ်သမားဆက်ဆံရေးကိုလည်း ပြေပြစ်ဖို့ ရှေ့ရှုလေသည်။ ထို့ကြောင့် မိဘသည် သားသမီးများကို ပညာသင်ပေး၊ အိမ်ထောင်ချပေးရသည့်နည်းတူ၊ သားသမီးကလည်း အိုကြီးအိုမမိဘကို ကျွေးမွေးပြုစုရန် တာဝန်ရှိလေသည်။ အိမ်သူမယားသည် လင်ယောကျ်ားကို ရိုသေကျိုးနွံ၍ အိမ်ထောင်ထိန်းသိမ်းရသည့်နည်းတူ၊ လင်ယောကျ်ားကလည်း အိမ်သူမယားကို တန်းတူညီမျှထား၍ ပေါင်းသင်းရန် တာဝန်ရှိလေသည်။

ဤနေရာတွင် ဂေါတမဗုဒ္ဓက (ကောသလတိုင်း) သာဝတ္ထိပြည့်ရှင် ပသေနဒီကောသလမင်းကြီးအား ပြောပြပုံကို ကိုးကားရဦးမည်။ ထိုခေတ်အခါ၌ မိန်းမတို့၏ အဆင့်အတန်း၊ အခွင့်အရေးသည် ယောကျ်ားတို့နှင့် စာသော် နိမ့်ကျကျဉ်းမြောင်းလေသည်။ ကောသလမင်း ကိုယ်တိုင်က မိဖုရားမလ္လိကာတွင် သမီးမွေးဖွားသည်ဟု ကြား၍ နှလုံးမသာ ဖြစ်ခဲ့ပေသည်။ ထိုအခါ ဗုဒ္ဓက . . .



www.burmesesclassic.com

www.burmesesclassic.com



*လူတို့ကို အစိုးရသော မင်း၊ (သမီးတော်ကို) ကျွေးမွေးသုတ်သင်လော့။ ပညာရှိသော၊ အကျင့်သိက္ခာရှိသော၊ ယောက္ခမကို နတ်ကဲ့သို့ ရှိသေသော၊ လင်ကိုလုပ်ကျွေးသော၊ အချို့သော မိန်းမသည်လည်း မြတ်၏။*

ဟူ၍ ဆုံးမခဲ့ရလေသည်။

ပြန်ဆက်ပါဦးအံ့။ အလုပ်သမားနှင့် အလုပ်ရှင် ဆက်ဆံရေးတွင် တစ်ဦးနှင့်တစ်ဦး လေးစားမှုကို ဗုဒ္ဓအခြေခံ ထားပုံကို တွေ့ရပေလိမ့်ဦးမည်။ အလုပ်သမားသည် အလုပ်ကို ကျေပွန်အောင် ထမ်းဆောင်ရသည့်နည်းတူ အလုပ်ရှင်ကလည်း အလုပ်သမားနှင့် လျော်ရာကိုသာ လုပ်စေရန်၊ ထိုက်ထိုက်တန်တန် ကျွေးမွေးရန်၊ ဖျားနာက ဆေးဝါးကုသရန် လမ်းညွှန်ထားလေသည်။

တစ်ဖန်၊ တစ်ဦးချင်းကျင့်ဝတ်ကို ဆိုရပြန်သော်၊ လူဝတ်ကြောင် ရိုးရိုးအဖို့ သူ့အသက် မသတ်ရ။ သူမပေးသော ပစ္စည်းကို မယူရ။ ကာမဂုဏ်အရာ၌ မှားယွင်းမှုမရှိရ။ မုသားမပြောရ။ သေရည်သေရက်ကို မသောက်ရဟူသော ကျင့်ဝတ်ရှိလေသည်။ ထိုမှတစ်ဆင့် တက်ပြန်မည်ဆိုလျှင်ကား အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားကို သိမြင်၍ မဂ်ဖိုလ် နိဗ္ဗာန်ဆိုက်အောင် ကြိုးပမ်းနိုင်လေသည်။

ဤသို့ လောကအကျိုး၊ ရဟန်းရှင်လူအကျိုးကို ဂေါတမဗုဒ္ဓဆောင်ရွက်ဟောပြောခဲ့သည်မှာ ၃၅ နှစ်အရွယ်မှ သက်တော် ၈၀ အထိ ဖြစ်လေသည်။ ဗုဒ္ဓသည် မိုးလအကုန် ဝါလသီတင်းကျွတ်သည့်အခါ အရပ်ရပ် ခရီးလှည့်လည်၍ ဟောပြောတတ်လေသည်။ ဝါတွင်း၌ကား ရာဇဂြိုလ်ပြည်ရှိ ဗိမ္ဗိသာရမင်းကြီးလှူသော ဝေဠုဝန်ကျောင်း၊ သာဝတ္ထိပြည်ရှိ အနာထပိဏ်သေဌေးလှူသော ဇေတဝန်ကျောင်းနှင့် ဝိသာခါ သေဌေးကတော် လှူသော ပုဗ္ဗာရုံကျောင်း၊ ကပိလဝတ်ပြည်ရှိ မင်းမျိုးတွေ လှူသော နိကြောဓာရုံကျောင်း၊ ကောသမ္ဗီပြည်ရှိ ဃောသိတ သေဌေး လှူသော ဃောသိတာရုံကျောင်း စသော ကျောင်းဝိဟာရအများတွင် သီတင်းသုံး တရားဟောတတ်လေသည်။

ရံဖန်ရံခါလည်း မင်းနေပြည်ရှိ ကျောင်းသင်္ကန်းတို့မှ ခွာ၍ ပါလိလေယျတောကဲ့သို့နေရာမျိုးတွင် ဝါကပ်တတ်လေသည်။ ထိုနေရာမျိုးတွင် ဝါကပ်၊ သီတင်းသုံးခြင်းမှာ အကြောင်းရှိ၍ ဖြစ်လေသည်။ ထိုအကြောင်း



www.burmesesclassic.com

www.burmesesclassic.com



သည် ရဟန်းတို့ကို သတိတရားရစေချင်၍လည်းကောင်း၊ ငြိမ်းချမ်းစွာ နေလို၍လည်းကောင်း ဖြစ်လေသည်။ ကောသမ္ဗီပြည် ဃောသိတာရုံ ကျောင်းနေရဟန်းများသည် ဝိနည်းသိက္ခာပုဒ်နှင့်စပ်၍ ငြင်းခုန်မစဲရှိနေလေ သည်။ ဗုဒ္ဓသည် တရားပြ၏။ ငြိမ်းချမ်းရေးပုံပြင် သာဓကဆောင်၏။ ရဟန်းများက နားမထောင်။ ထိုအခါ ရဟန်းများ ကိုယ့်ဘာသာကိုယ် သဘောပေါက်အောင်၊ ကျောင်းမှ ခေတ္တခွာကာ၊ ထိုတောသို့ ဝါဆိုခဲ့ခြင်းဖြစ် ပေသည်။

ဝါဆိုသီတင်းသုံးနေစဉ်အတွင်း၊ ဆင်အုပ်စုမှ ခေတ္တခွာ၍ တစ် ကိုယ်တည်း အေးအေးချမ်းချမ်း နေခဲ့သော ဆင်တစ်ကောင်က ဝတ်ကြီး ဝတ်ငယ်ပြုစုသည်ဟူ၍လည်းကောင်း၊ ကြည်ညိုသဒ္ဓါစိတ်ရှိသော မျောက် ငယ်တစ်ကောင်ကလည်း ပျားအုံကို ဆက်ကပ်သည်ဟူ၍လည်းကောင်း စာများတွင် ပါလေသည်။

✽ ✽ ✽

ယခုအခါကား ဂေါတမဗုဒ္ဓသည် သက်တော် ၈၀ နားကပ်နေ လေပြီ။ ရဟန်းသာဝကများ၊ ဥပသကာ၊ ဥပါသိကာများလည်း တိုးပွား လာခဲ့ပြီ။ သာသနာလည်း ပျံ့နှံ့လာခဲ့ပြီ။ ဤတွင် သာသနာကို အနှောင့် အယှက်ပေးခဲ့သော ရှင်ဒေဝဒတ်အကြောင်းကို အနည်းငယ်ပြောပြရန် လိုပေ သေးသည်။ ရှင်ဒေဝဒတ်သည် ဈာန်အဘိညာဉ်တန်ခိုးရှိခဲ့၍၊ ဗိမ္ဗိသာရ မင်း၏သားဖြစ်သူ အဇာတသတ်မင်းသားအပေါ်တွင် ဩဇာညောင်းလေ သည်။ မိမိ၏အစွမ်း၊ မိမိ၏ဂုဏ်ကျက်သရေကိုလည်း အထင်ကြီးစေလေ သည်။ ထို့ကြောင့် ရှင်ဒေဝဒတ်သည် ဗုဒ္ဓအနီးသို့ ချဉ်းကပ်၍ ဗုဒ္ဓသည် အသက်ကြီးပါပြီ။ သံဃာများကို မိမိထံ လွှဲပြောင်းပေးပါ။ မိမိသံဃာဝန် ထမ်းဆောင်လိုပါသည်ဟု လျှောက်လေသည်။ ရှင်ဒေဝဒတ်၏ လျှောက် ထားချက်ကား ဗုဒ္ဓအဖို့ လက်ခံရန် မဖြစ်နိုင်။ ရှင်ဒေဝဒတ်သည် လောဘ မာနဖိစီးသူဖြစ်သည်။ ထို့ပြင်သံဃာတို့မှာ ဗုဒ္ဓကို အကြောင်းပြု၍ သာသနာ့ ဘောင်တွင် နေခဲ့ကြသည် မဟုတ်ပေလော။ ဗုဒ္ဓသည် အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့ကိုပင် သံဃဝန်မပေးခဲ့။

ရှင်ဒေဝဒတ်သည် ဗုဒ္ဓ၏ငြင်းဆိုမှုကြောင့် ရန်ငြိုးဖွဲ့ခဲ့လေသည်။ ထို့နောက် အဇာတသတ်မင်းသားကို သွေးဆောင်၍ ဖခမည်းဗိမ္ဗိသာရမင်း ကို သတ်စေလေသည်။ မင်းအဖြစ်လည်း ယူစေလေသည်။ တစ်ဖန် အဇာတ



www.burmesesclassic.com

www.burmesesclassic.com



သတ်မင်း၏ ဆင်ဖြစ်သော နာဠာဂီရိဆင်ကို အရက်တိုက်၍ ဗုဒ္ဓဆွမ်းခံ အလာတွင် သတ်စေအောင် ကြိုးပမ်းခဲ့လေသည်။ ဆင်ကား ဗုဒ္ဓ၏ မေတ္တာ အဟုန်ကြောင့် မသတ်ခဲ့။ ဗုဒ္ဓ၏အဆုံးအမကိုသာ နာယူခဲ့လေသည်။ နောက်ဆုံး၌ကား (ရှင်ဒေဝဒတ်က) ရဟန်းများ အသက်ထက်ဆုံး ပံ့သကူ သင်္ကန်းဝတ်ရန်၊ အသက်ထက်ဆုံး ဆွမ်းခံစားစေရန်၊ အသက်ထက်ဆုံး သစ်ပင်ရင်း၌သာ သီတင်းသုံးစေရန်စသည်ဖြင့် ပညတ်ဖို့၊ ထိုပညတ်ကို မလိုက်နာက အပြစ်အာပတ်သင့်စေဖို့ လျှောက်လေသည်။

ဗုဒ္ဓက လက်မခံ၊ ရှင်ဒေဝဒတ်သည် သင်းခွဲ၊ ဂိုဏ်းခွဲလေတော့ သည်။ ထို အကုသိုလ်ကြောင့်ပင် ရှင်ဒေဝဒတ်သည် မြေမျိုခံရသည်ဟု စာဆိုရှိလေသည်။ အဇာတသတ်မင်းလည်း ပြစ်မှုကို သိနားလည်လာကာ နောင်တရခဲ့လေသည်။

ရှင်ဒေဝဒတ်က မည်သို့ပင် သင်းခွဲ၊ ဂိုဏ်းခွဲစေကာမူ၊ သာသနာ ကား တည်တံ့လျက်ရှိပြီ။ ၄၅ နှစ်တိုင်တိုင် ဗုဒ္ဓကြိုးပမ်းခဲ့သည့်အတိုင်း အရပ်ရပ်တွင် ထွန်းပြောင်နေခဲ့ပြီ။ ဗုဒ္ဓပရိနိဗ္ဗာန်စံရမည့်အချိန်လည်း နီး ကပ် လာလေပြီ။ ဂေါတမဗုဒ္ဓသည် ရာဇဂြိုလ်မှ (ရှင်အာနန္ဒာအပါအဝင်) ရဟန်းပေါင်း ခြံရံ၍ (ဝဇ္ဇီတိုင်း) ဝေသာလီသို့ ကြွလေသည်။ ဝေသာလီ အနီးရှိ၊ အမ္ဗပါလီပြည့်တန်ဆာမ၏ သရက်ဥယျာဉ်၌ နားနေရင်း၊ အမ္ဗပါ လီကပ်သော ဆွမ်းကို ဘုဉ်းပေးလေသည်။ ထိုနောက် အနီးအနားမှ ဝေဠုဝရွာတွင် ဝါကပ်လေသည်။ ဝါလအတွင်း ဗုဒ္ဓသည် ပြင်းစွာ မမာ မကျန်း ဖြစ်လေသည်။ သို့ရာတွင် ဘာဝနာအကျိုးဖြင့် ရောဂါဝေဒနာမှ ထမြောက်နိုင်ခဲ့လေသည်။ အရှင်အာနန္ဒာလည်း . . .

*မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာ (မှာကြားချက်) ကို မြွက်ကြားတော် မမူသေးသမျှ ကာလပတ်လုံး မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံဝင်တော်မူလိမ့်မည် မဟုတ်ဟု (အောက်မေ့နေသောကြောင့်သာ) အကျွန်ုပ်အား အနည်းငယ်သက် သာခွင့်ရရှိပါတော့သည်။*

ဟုလျှောက်ပေ၏။ ထိုအခါ ဗုဒ္ဓက . . .

*အာနန္ဒာ၊ ရဟန်းသံဃာသည် ငါ့ထံမှ အဘယ်အရာကို မျှော်လင့်နေ သေးသနည်း၊ အာနန္ဒာ ငါသည် အတွင်းအပြင်မထားဘဲ တရားကို ဟောခဲ့ပြီ။*



www.burmesesclassic.com

www.burmesesclassic.com



*အာနန္ဒာ၊ မြတ်စွာဘုရားတို့မည်သည်မှာ တရားတို့ (အရာ)၌ ဆရာ့လက်ဆုပ်ပြုထားသော လျှို့ဝှက်ချက် မရှိချေ။*
*အာနန္ဒာ၊ ရဟန်းသံဃာကို ငါသာလျှင် သိမ်းယူထားအံ့ဟူ၍လည်းကောင်း၊ ရဟန်းသံဃာသည် ငါ့ကိုသာလျှင် အားကိုးခြင်းရှိနေစေဟူ၍လည်းကောင်း၊ အကြင်သူအား ဤသို့လိုလားခြင်း ရှိရာ၏။ ထိုသူသည်သာလျှင် ရဟန်း သံဃာနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာ (မှာထားချက်) ကိုမြွက်ဆိုရာ၏။*
*အာနန္ဒာ၊ မြတ်စွာဘုရားမှာမူကား ရဟန်းသံဃာကို ငါသာလျှင် သိမ်းယူထားအံ့၍ လည်းကောင်း၊ ရဟန်းသံဃာသည် ငါ့ကိုသာ အားကိုးခြင်းရှိနေစေဟူ၍ လည်းကောင်း၊ ဤသို့သော လိုလားခြင်းသည် မရှိချေ။*
*အာနန္ဒာ၊ ထိုသို့လိုလားခြင်း မရှိသော မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့် စပ်လျဉ်း၍ တစ်စုံတရာ (မှာထားချက်) ကိုအဘယ်မှာ မြွက်ကြားတော့အံ့နည်း။*
*အာနန္ဒာ၊ ယခုအခါ ငါသည် အိုမင်းကြီးရင့်လှပါပြီ။ အရွယ်လွန်နေပါပြီ။ အဆုံးပိုင်းသို့ ရောက်နေပါပြီ။ ငါ့အသက် ရှစ်ဆယ်ရှိနေပါပြီ။*
*အာနန္ဒာ၊ ထို့ကြောင့် (သင်တို့သည်) မိမိကိုယ်ကိုသာ မှီခိုရာပြု၍ မိမိမှ တစ်ပါး ကိုးကွယ်ရာ မရှိဘဲ၊ မိမိသာလျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍ နေကုန်လော့။ တရားကိုသာ မှီခိုရာပြု၍ တရားမှတစ်ပါး ကိုးကွယ်ရာ မရှိဘဲ တရားသာလျှင် ကိုးကွယ်ရာ ရှိသည်ဖြစ်၍ နေကုန်လော့။*
*အာနန္ဒာ၊ အကြင်ရဟန်းတို့သည် ယခုအခါ၌ ဖြစ်စေ၊ ငါ (ဘုရား) ကွယ်လွန်သော အခါ၌ဖြစ်စေ၊ မိမိကိုယ်ကိုသာ မှီခိုရာပြု၍ မိမိမှ တစ်ပါး ကိုးကွယ်ရာမရှိဘဲ မိမိသာလျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍ တရားကိုသာ မှီခိုရာပြု၍ တရားမှတစ်ပါး ကိုးကွယ်ရာ မရှိဘဲ တရားကိုသာလျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍ နေကုန်လတ္တံ့၊ အလုံးစုံသော ထိုရဟန်းတို့သည် အကျင့်သိက္ခာကို လိုလားသော ရဟန်းဟူသမျှတို့တွင် အမြတ်ဆုံးအဖြစ်သို့ ရောက်ကုန်လတ္တံ့။*

ဟူ၍ ပြန်ဖြေလေသည်။

ဂေါတမဗုဒ္ဓသည် ဝေသာလီပြည်တွင်းသို့ နောက်ဆုံးအကြိမ်ဆွမ်း



www.burmesesclassic.com

www.burmesesclassic.com



ခံဝင်လေသည်။ ဝေသာလီကား အလွန်သာယာ၍ အလွန်ပျော်မွေ့ဖွယ် ကောင်းလေစွ။ ဗုဒ္ဓသည် ဝေသာလီအခြင်းအရာကို ဥဒါန်းကျူးလေသည်။ စာဆိုအရ "ဆင်ပြောင်ကြီးကဲ့သို့ ကိုယ်ပါလှည့်လျက် ကြည့်ရှုတော်မူ"ပြီး လျှင်၊ ရဟန်းတို့နှင့်အတူ ဂင်္ဂါမြစ်ကို ဖြတ်၍ မလ္လမင်းတို့ပိုင်သော ပါဝါ ပြည်ဘက်သို့ ကြွလေသည်။ ထိုပါဝါပြည်အဝင်တွင် ပန်းထိမ်သည်သား စုန္ဒ၏ သရက်ဥယျာဉ်သည် ရှိ၏။ ထိုဥယျာဉ်တွင်း၌ ဗုဒ္ဓသည် နားလေ သည်။ ထို့နောက် စုန္ဒဆက်ကပ်သော ဝက်သား (သူကရမဒ္ဒဝ) ဆွမ်းကို ဘုဉ်းပေးလေသည်။ ဆွမ်းဘုဉ်းပေးပြီးသည်နောက်၊ အစာမကျေဖြစ်လေ သည်။ ဝမ်းသွေးသွန်လေသည်။ ထိုအခါ ဗုဒ္ဓသည် သတိဖြင့်သည်းခံလေ သည်။

ဗုဒ္ဓသည် ခရီးဆက်ပြန်ပါ၏။ မလ္လမင်းတို့ပိုင် ကုသိနာရုံပြည် သို့ ကြွလေသည်။ သို့သော်လည်း ရောဂါကြောင့် ပင်ပင်ပန်းပန်း ရှိရချေ သည်။ မကြာခဏ နားနေလဲလျောင်းရပေသည်။ ထိုအထဲမှ ဆွမ်း ကြောင့် စုန္ဒကို အများအပြစ်တင်ကြမည်ကို လည်းကောင်း၊ စုန္ဒ စိတ် မကောင်းဖြစ်မည်ကိုလည်းကောင်း ဗုဒ္ဓတွေးမိလေသည်။ ဗုဒ္ဓဘုရားအဖြစ် မရောက်မီ သုဇာတာကပ်သော ဃနာနို့ဆွမ်းနှင့်၊ ဗုဒ္ဓမရိနိဗ္ဗာန်မစံမီ စုန္ဒ ကပ်သော ဝက်သားဆွမ်း ၂ ခုသည် အခြားဆွမ်းတို့ထက် အကျိုးအာနိသင် ကြီးမားကြောင်ကို ပြန်ပြောရန် ရှင်အာနန္ဒာအားမှာလေသည်။ ပြန်ပြောရန် အမှာစကားအပြည့်အစုံကား အောက်ပါအတိုင်းပင်။

*ဒါယကာစုန္ဒ၊ သင်၏ဆွမ်းကို နောက်ဆုံး ဘုဉ်းပေးတော်မူ၍ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူ၏။ ထို့ကြောင့် သင့်အားကောင်း ပါပေစွ။ အရတော်ပါပေစွ။*

*ဒါယကာစုန္ဒ၊ မြတ်စွာဘုရား၏ မျက်မှောက်တော်မှ ဤစကားကို ကြားနာလိုက်ရ၏။ ခံယူလိုက်ရ၏။ အခြားဆွမ်းတို့ထက် အကျိုး အာနိသင်ကြီးမားကုန်သော အချင်းချင်းတူမျှ၍ အကျိုးဝိပါက် တူမျှ ကုန်သော ဤဆွမ်းနှစ်မျိုးတို့သည် တည်ရှိကုန်၏။*

*အဘယ်နှစ်မျိုးတို့နည်းဟူမူ . . .*

*အကြင်ဆွမ်းကို ဘုဉ်းပေးတော်မူ၍ မြတ်စွာဘုရားသည် အမြတ်ဆုံး ဖြစ်သော သမ္မာသမ္ဗောဓိဉာဏ်ကို ရတော်မူ၏။ (ဤဆွမ်းလည်း တစ်မျိုး)*



www.burmesesclassic.com

www.burmesesclassic.com



အကြောင်ဆွမ်းကို ဘုဉ်းပေးတော်မူ၍ မြတ်စွာဘုရားသည် ခန္ဓာကြွင်း မရှိသော ငြိမ်းခြင်းသဘော 'အနုပါဒိသေသနိဗ္ဗာနဓာတ်'ဖြင့် ပရိ နိဗ္ဗာန် စံဝင်တော်မူ၏။ (ဤဆွမ်းလည်း တစ်မျိုး)

အခြားဆွမ်းတို့ထက် အကျိုးအာနိသင် ကြီးမားကုန်သော အချင်း ချင်းတူမျှ၍ အကျိုးဝိပါက်တူမျှကုန်သော ဆွမ်းနှစ်မျိုးတို့ဟူသည် ဤသည်တို့ ပင်တည်း။

ထို့နောက်မူကား၊ ဗုဒ္ဓနှင့် သံဃာတို့သည်၊ ဟိရညဝတီမြစ်ကို ဖြတ်ကျော်ကာ၊ မလ္လမင်းတို့၏ ကုသိနာရုံပြည်သို့ ချဉ်းကပ်လာခဲ့လေ သည်။ ကုသိနာရုံအကွေ့တွင် အင်ကြင်းတောအုပ်ရှိ၏။ ထိုတောအတွင်း အင်ကြင်ပင် အစုံကြား၌ ညောင်စောင်းခင်းရန် ဗုဒ္ဓက ဆိုလေသည်။ ညောင်စောင်းခင်းပြီးနောက် မြောင်အရပ်သို့ ဦးခေါင်းပြုကာ လက်ယာ ဘက်သို့ ကိုယ်စောင်းကာ ဗုဒ္ဓသည် လဲလျောင်းလေသည်။ အင်ကြင်း ပန်းတို့လည်း ဗုဒ္ဓကို ပူဇော်သည့်အလား ကိုယ်ပေါ်သို့ မပြတ်မစဲ ကြဲဖြန့် လေကုန်၏။ နတ်ဒေဝါတို့သည်လည်းကောင်း၊ မလ္လမင်းတို့သည် လည်း ကောင်း လာရောက်ပူဇော်ကြလေကုန်၏။

ဗုဒ္ဓသည် သတိရှိစွာဖြင့် ရှင်အာနန္ဒာကို ခေါ်၍ . . .

ဖွားတော်မူရာ လုမ္ဗိနီဌာန၊

ဘုရားဖြစ်ရာ မဟာဗောဓိပင် (ဗုဒ္ဓဂယာ) ဌာန၊

ဓမ္မစကြာတရားဟောရာ မိဂဒါဝုန်ဌာန၊

ပရိနိဗ္ဗာန်ပြုစံယူမည့် ကုသိနာရုံဌာန၊

ဟူသော ၄ ဌာနသည်၊ ဘုရားပရိနိဗ္ဗာန်ပြုပြီးသည့်နောက် ရှင် လူအပေါင်း ဖူးမြော်သံဝေဂ ယူနိုင်သော ဌာနများဖြစ်ကြောင်း ညွှန်ပြလေ သည်။

တစ်ဖန်၊ စကြဝတေးမင်းအလောင်းကို သင်္ဂြိုဟ်၍ စေတီတည် သည့်နည်းတူ ဘုရားရှင်အလောင်းကိုလည်း စီမံရန်မှာလေသည်။

တစ်ဖန်၊ ကုသိနာရုံပြည်သို့ ခေတ္တရောက်နေသော အမှန်တရား ရှာဖွေနေသူ သုဘဒ္ဒ်အမည်ရှိ (ရဟန်း) တက္ကဒွန်းကို ရှေ့သို့ ဝင်ခွင့်ပြုစေ ကာ၊ တရားဟော ရဟန်းခံပေးလေသည်။ အဆုံးတွင် . . .

ရဟန်းတို့၊ သင်္ခါရတရားတို့သည် ပျက်ခြင်းသဘော ရှိကုန်၏။

သင်တို့သည် မမေ့မလျော့သဖြင့်၊ ပြည့်စုံစေကုန်လော့။



www.burmesesclassic.com

www.burmeseclassic.com



ဟုမိန့်ကြား၍ ပရိနိဗ္ဗာန်ပြုလေသည်။ (ပုံ ၃၃) ပရိနိဗ္ဗာန်ပြုချိန် ကာလသည်လည်း သက္ကရာဇ် ၁၄၈ ခု၊ ကဆုန်လပြည့် အင်္ဂါနေ့အရုဏ် တက်ချိန်ဟူ၍ အမှတ်အသား ပြုကြလေသည်။

ဂေါတမဗုဒ္ဓ ပရိနိဗ္ဗာန်ပြုသည်နှင့် တစ်ပြိုင်နက် မင်းနှင့်ပြည်သူ တို့သည် ဗုဒ္ဓရုပ်ကလာပ်ကို ခမ်းနားကြီးကျယ်စွာ ဖုတ်ကြည်းသင်္ဂြိုဟ်ရန် စီစဉ်ကြပေ၏။ ရှေးဦးစွာ မလ္လမင်းရစ်ဦးက ပခုံးဖြင့် ရုပ်ကလာပ်ကို ထမ်း၍ မကုဋဗန္ဓန အမည်ရှိအရပ်တွင် ထားလေသည်။ ထိုအရပ်တွင် မီးသင်္ဂြိုဟ်ရန် စန္ဒကူးထင်းပုံပြင်ထားလေသည်။ သို့ရာတွင် ချက်ချင်း မီးမသင်္ဂြိုဟ်နိုင် သေးဘဲ၊(ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့ ပရိနိဗ္ဗာန် ပြုပြီးဖြစ်၍) ဗုဒ္ဓ၏တတိယသာဝကဖြစ်သော ရှင်မဟာကဿပသည်လည်း ပါဝါပြည် ၌ ရှိနေ၏။ ရှင်မဟာကဿပ ရောက်ရှိလာသည့်အခါတိုင်မှ ဗုဒ္ဓ၏ ရုပ် ကလာပ်ကို သင်္ဂြိုဟ်ခြင်းအမှု ပြီးစီးခဲ့လေသည်။

မလ္လမင်းတို့လည်း ကြွင်းကျန်သော ဓာတ်တော်တို့ကို ခမ်းနား ကြီးကျယ်စွာ မြို့တွင်းလှည့်လည်ပြီးလျှင် ပူဇော်ပွဲ ကျင်းပလေသည်။ ပူ ဇော်ပွဲကျင်းပ၍ အပြီး၊ ထိုဓာတ်တော်တို့ကို စေတီတည်ထား ကိုးကွယ်ကြ ရန်ဟု မိမိတို့အပါအဝင် ရာဇဂြိုဟ်၊ ဝေသာလီ၊ ကောလိယစသော မင်းရစ် ဦးသည် ရှစ်စိတ်ခွဲ၍ ဝေငှသိမ်းဆည်းခဲ့ကြလေသည်။

။

www.burmesesclassic.com

# ဗုဒ္ဓသာသနာ (အိန္ဒိယ)

ဂေါတမဗုဒ္ဓ (ပရိနိဗ္ဗာန်စံ) လွန်ပြီးခါစကာလတွင်၊ သာသနာသည် မဇ္ဈိမဒေသတစ်ဝိုက်သာ ထွန်းကားခဲ့လေသည်။ ဆိုလိုသည်မှာ သာသနာထွန်းကားရာသည် ဂင်္ဂါမြစ်ဝှမ်းနှင့် ယမုနာမြစ်ဝှမ်းတစ်လျှောက်ဖြစ်၍ အချက်အချာဒေသသည် မဂဓတိုင်း၊ ရာဇဂြိုဟ်မင်းနေပြည်ဖြစ်လေသည်။

ရဟန်း သံဃာတို့သည်လည်း ခရီးလှည့်လည် ဆွမ်းခံစားသောက်၍၊ (ကျောင်းသင်္ခမ်းကြီးကြီးကျယ်ကျယ် မရှိဘဲ) သစ်တစ်ပင်အောက်၌ သော်လည်းကောင်း၊ ကျောက်ဂူဥမင်တွင်သော်လည်းကောင်း သီတင်းသုံးတတ်ကြသည်။ ထိုပုဂ္ဂိုလ်များအဖို့ ကိုယ်ပိုင်ပစ္စည်းဟူ၍ (တိစီဝရိတ်) သင်္ကန်းသုံးထည်ကဲ့သို့ ပရိက္ခရာရှစ်ပါးအပြင် အခြားဘာမျှမရှိ။ ဆေးဝါးအဖြစ် နွားကျင်ငယ်ကို မှီဝဲ၍ ဝိနည်းသိက္ခာကို စောင့်ထိန်းကြလေသည်။

ဤတွင် ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်မင်းလက်ထက်၌ပင် သင်္ဂါယနာတင်ရန် အကြောင်းဖြစ်လာခဲ့လေသည်။ သင်္ဂါယနာတင်ဆိုသည်မှာလည်း အခြားမဟုတ်။ ဗုဒ္ဓဘုရားဟောတရား (ပိဋကတ်)ကို မှန်ကန်သန့်စင်ရအောင် သံဃာအများစုဝေး စစ်ဆေးအတည်ပြုကာ ရွတ်ဆိုကြသည့်အမှုဖြစ်လေသည်။ ဖြစ်ပုံမှာ ဗုဒ္ဓလွန်ပြီး၍ အလောင်း လောလောလတ်လတ် ရှိနေစဉ် အချို့သော ရဟန်းတို့သည် ငိုကြွေးမိကြသည်။ ထိုအခါ သုဘဒ္ဒ မည်သော ရဟန်းက . . .



www.burmesesclassic.com

www.burmesesclassic.com



*ငါရှင်တို့ မငိုကြနှင့်၊ ရှင်ဂေါတမ ရှိလျှင် မည်သည်ကို ကျင့်ရမည်။ မည်သည်ကို မကျင့်ရ စသည်ဖြင့် ပညတ်နှိပ်ကွပ်လေသည်။ အနေအစား အလွန်ကျပ်တည်း ကျဉ်းမြောင်း၏။ ယခု ရှင်တော်ဂေါတမ မရှိပြီ။ ငါတို့ ကျင့်ချင်တိုင်း ကျင့်ကြရတော့မည်။*

စသည်ဖြင့် ပြောဆိုလေသည်။ သုဘဒ္ဒရဟန်း၏ စကားကို ရဟန်းတော်ကြီး ရှင်မဟာကဿပက ကြားရ၏။ ကြားရ၍ သာသနာတော် ဆုတ်ယုတ်ခြင်းဘေးမှ ကာကွယ်ရန် စီမံလေသည်။ ရှင်မဟာကဿပ ကိုယ်တိုင် ကြီးမှူး၍ သံဃာအပါးငါးရာတို့သည် (ဝိနည်းနှင့် သုတ္တန်ပိဋကတ်ကို) သင်္ဂါယနာတင်လေသည်။

အနှစ်တစ်ရာအကြာတွင် ဒုတိယအကြိမ် သင်္ဂါယနာတင်ရန် ကြုံရပြန်သည်။ ကြုံရသောအကြောင်းမှာ ဝေသာလီရဟန်းအချို့သည်ဝိနည်းသိက္ခာအရာတွင် ချွတ်ယွင်းလေသောကြောင့် ဟူ၍လည်းဆိုကြသည်။ တစ်ဖန် ရဟန္တာအဖြစ်တွင် ကိလေသာ ကုန်,မကုန် အငြင်းပွားရသောကြောင့် ဟူ၍လည်း ဆိုကြလေသည်။ ထိုအခါ ဝေသာလီ၌ ရဟန်းခုနစ်ရာစုဝေးကာ သင်္ဂါယနာ တင်ကြလေသည်။ ကွဲပြားသော ဝေသာလီရဟန်းတို့သည်လည်း သဘောတူရာ ရဟန်းတစ်သောင်းကို ကောသမ္ဗီ၌ စုစည်း၍ သီးခြား ပိဋကတ်နှင့်တကွ၊ စင်ပြိုင်သင်္ဂါယနာတင်လေသည်။ ထို့နောက် မဟာသံဃိက (မဟာသင်္ဂီတိ) အမည်ဖြင့် ဂိုဏ်းသီးခြားတည်ထောင်ခဲ့ရာ ထိုဂိုဏ်းသည်လည်း တစ်စတစ်စနှင့် အရပ်ရပ်သို့ ပျံ့နှံ့လေသည်။ မူလ သင်္ဂါယနာတင်ခဲ့သော ဂိုဏ်းကား မထေရ်ကြီးများ ပါဝင်သည်ကို အကြောင်းပြု၍ (သထဝိရဂိုဏ်း) ထေရဝါဒဂိုဏ်းအမည်ဖြင့် ကျန်ရစ်လေသည်။

ဗုဒ္ဓသာသနာ ပိုမိုကျယ်ပြန့်လာသည်မှာ၊ အိန္ဒိယမြောက်ပိုင်း၌ အုပ်စိုးသော မောရိယမင်းဆက်မှ (ဒေဝါနံပိယ–ပိယဒသီအမည်ခံ) အသောကမင်း (ဘီစီ ၂၇၃ – ၂၃၂)လက်ထက်တွင် ဖြစ်ပေသည်။ ထိုမင်းဆက်သည် မာဂဓတိုင်းကို အာဖဂန်နီစတန်ဒေသမှသည် ဂင်္ဂါမြစ်ဝအထိ တိုက်ခိုက် တိုးချဲ့ခဲ့လေသည်။ ပါဋလိပုတ်ကို မင်းနေပြည်အဖြစ် ထားလေသည်။ ထိုမင်းဆက်မှ အသောကမင်းကား ထူးခြားလှသော မင်းပေတည်း။ သူသည် အတားအဆီးအနှောင့်အယှက်တွေကို လေးနှစ်တိုင်တိုင် ဖြိုခွင်း၍ နန်းတက်ခဲ့ရသူ ဖြစ်သည်။ နန်းတက်၍ ရှစ်နှစ်အကြာတွင်လည်း



www.burmesesclassic.com

www.burmesesclassic.com



အိန္ဒိယတောင်ပိုင်းရှိ ကလိင်္ဂတိုင်းကို အကြီးအကျယ် တိုက်ခိုက် အောင်မြင်ကာ လက်နက်နိုင်ငံတွင်းသို့ သွင်းခဲ့သူ ဖြစ်လေသည်။ သို့ရာတွင် သူနောင်တရခဲ့ပြီ။ ထိုအကြောင်းကို (ပါကတဘာသာဖြင့်)သူ ကျောက်စာထိုးခဲ့ပါ၏။ သာဓကမှာ

*နတ်တို့ ချစ်မြတ်နိုးသော ဝိယဒသီ မင်းကြီးသည်၊ အဘိသိက်ခံပြီး ရှစ်နှစ်မြောက်၌၊ ကလိင်္ဂတိုင်းကို အောင်မြင်တော်မူ၏။ ထိုသို့အောင်မြင်ရာ၌ လူပေါင်းတစ်သိန်း ငါးသောင်းတို့ အကျဉ်းဆောင်ယူခံရ၍၊ တစ်သိန်းအသတ်ခံရပြီးလျှင်၊ ထိုထက် အဆပေါင်းများစွာသော သူတို့ သေကြေပျက်စီးကြကုန်၏။ ယခုနောင်တရတော်မူလေပြီ။ လူတို့ အသတ်ခံရခြင်း၊ သေကြေပျက်စီးခြင်း၊ အကျဉ်းဆောင်ယူခံရခြင်းဖြင့် ရအပ်သောအောင်ခြင်းသည် စင်စစ် အောင်ခြင်းမမည်။ ဤသို့ အောင်ရသည်အတွက် နတ်တို့ချစ်မြတ်နိုးသော မင်းကြီး၊ လွန်စွာ ဝမ်းနည်းကြေကွဲဝန်လေးတော်မူသည်။ ကလိင်္ဂတိုင်းကို အောင်ရာ၌၊ အသတ်ခံရ၊ သေရ၊ အကျဉ်းဆောင်ယူခံရသော လူအပေါင်းတို့၏ အပုံတစ်ရာ ပုံ၍ တစ်ပုံ၊ အပုံတစ်ထောင်ပုံ၍ တစ်ပုံမျှသော သူတို့အတွက်ပင်၊ ဒေဝါနံပိယမင်းကြီးသည် ယခုသည်းစွာနောင်တ ရတော်မူလေပြီ။ မိမိအား ပြစ်မှားသူကိုပင်၊ သည်းခံနိုင်သလောက် သည်းခံသင့်သည်ဟု နတ်တို့ ချစ်မြတ်နိုးသော မင်းကြီး အောက်မေ့တော်မူ၏။ သတ္တဝါအပေါင်းတို့သည် မငြိုမငြင် ကိုယ်နှုတ်နှလုံးစောင့်စည်းကာ၊ သင့်တင့်ညီညွတ်လျက်၊ ပျော်ရွှင်စွာ နေထိုင်ကြစေရန်၊ နတ်တို့ ချစ်မြတ်နိုးသော မင်းကြီးအလိုရှိတော်မူ၏။ တရားတော်၏ အောင်ခြင်းကို အမြတ်ဆုံးသော အောင်ခြင်းဟု မှတ်ထင်တော်မူ၏။*

*ဤသို့သောနည်းဖြင့် ရအပ်သော အောင်ခြင်းသည် ခပ်သိမ်းသော အရပ်တို့၌ နှစ်သက်ဝမ်းမြောက်ခြင်းကို ဖြစ်စေ၏။ ဤအကျိုးငှာ ဤ တရားကမ္ပည်းကို ရေးထိုးစေ၏။ ငါ၏အသစ်ဖြစ်သော (တိုင်းနိုင်ငံ)အောင်ခြင်းတို့ကို ကြားရသဖြင့်၊ ငါ၏ သားတော်မြေးတော်တို့သည် (ဤကဲ့သို့သော) အောင်ခြင်းတို့ကို တိုးတက်ရယူသင့်သည်ဟု မမှတ်ထင်ရာ။ လေးမြားတို့ကို ပစ်လွှတ်၍ အောင်ရစေကာမူ၊ သည်းခံခြင်း၊ သက်ညှာခြင်း (ပေါ့သော ဒဏ်ကိုပေးခြင်း) ဖြင့်*



www.burmesesclassic.com

www.burmesesclassic.com



*ရောင့်ရဲရာသည်။ သို့ရာတွင် တရားတော်၏ အောင်ခြင်းကိုသာ၊ စင်စစ်အောင်မြင်ခြင်းဟု မှတ်စွဲရာ၏။ ဤအောင်ခြင်းသည်သာ မျက်မှောက်လောက၊ တမလွန်လောကအဖို့ ဖြစ်၏။ ခပ်သိမ်းသော သူတို့သည် အားထုတ်ခြင်း၊ ချမ်းသာ၌ ကောင်းစွာမွေ့လျော်ကြစေကုန်သတည်း။*

ဟူ၍ဖြစ်လေသည်။

အသောကမင်းသည် ဗြာဟ္မဏဘာသာဝင်အဖြစ်မှ ဗုဒ္ဓဘာသာဝင်အဖြစ်သို့ ကူးပြောင်းလာခဲ့လေသည်။ သား မင်းသား၊ သမီး မင်းသမီးတို့ကိုလည်း ဘိက္ခု(ရဟန်း)နှင့် ဘိက္ခုနီ(ရဟန်းမ) ဘဝ ကူးပြောင်းစေသည်။ ထို့နောက်လောကငြိမ်းချမ်းရေး၊ လူ လူချင်း၊ သတ္တဝါအချင်းချင်း မေတ္တာပွားရေးအတွက် အမျိုးမျိုးအဖုံဖုံ ဆောင်ရွက်ခဲ့လေသည်။

ဆောင်ရွက်ခဲ့ပုံမှာ သူသည် အသားစားခြင်း၊ အမဲလိုက်ခြင်း၊ တိရစ္ဆာန်အချင်းချင်း သတ်ပုတ်စေ၍ ပျော်ပွဲဆင်ယင်ခြင်းအမှုတို့ကို စွန့်သည်။ လမ်းပြင်၊ ရေကန်တူး၊ ဥယျာဉ်ပန်းမန်ပြုစု၊ ဇရပ်နှင့် ကျောင်းသင်္ခမ်းဆောက်၊ လူနှင့် တိရစ္ဆာန်ဆေးကုဌာနတည် စသော အမှုတို့ကို ပြုသည်။ ပြည်သူတို့အပေါ် မင်းမှုထမ်းတို့က မနှိပ်စက်နိုင်ရအောင် အထူး ဝန်ထမ်းများနှင့်ကြီးကြပ်စေသည်။ မဖွံ့ဖြိုးသေးသည့်ဒေသများသို့ လူမှုဝန်ထမ်းများနှင့်တကွ ဆေးဝါးကဏ္ဍာ ဂရုစိုက်ပို့သည်။ လူ, လူချင်း ရိုးသားမှန်ကန်စွာ ဆက်ဆံကြရန် လည်းကောင်း၊ တိရစ္ဆာန်များအပေါ် ကြင်နာကြရန် လည်းကောင်း၊ ကျောက်တိုင်စိုက်၍ အမိန့်ပြန်တမ်းထုတ်သည်။

တစ်ဖန် သူကိုယ်တိုင် ဗုဒ္ဓနှင့်ဆိုင်ရာ မိဂဒါဝုန်၊ လုမ္ဗိနီဥယျာဉ် စသော နေရာများသို့ သွားရောက်ကြည်ညိုပါ၏။ စေတီအို ထူပါဟောင်းများမှ ဓာတ်တော်များကို တူးဖော်စုဆောင်း၍ စေတီသစ်၊ ထူပါသစ် ပြန်လည်တည်ပါ၏။ ထေရဝါဒဂိုဏ်းဝင် အရှင် မောဂ္ဂလိပုတ္တမထေရ်ကို ပင့်၍ သံဃာတစ်ထောင်နှင့်တကွ၊ (ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ၊ ပိဋကတ်ကို) တတိယအကြိမ် သင်္ဂါယနာတင်ပါ၏။ လူအများ တရားစစ်တရားမှန်သိကြားစေရန်ဟု၊ အပြည်ပြည်သို့ သာသနာပြုစေလွှတ်ပါ၏။

အပြည်ပြည်သို့ သာသနာပြုစေလွှတ်ရန်အတွက် အိန္ဒိယနယ်မြေသည်လည်း အနေအထားသင့်ပါပေသည်။ အိန္ဒိယသည် အရှေ့ဖျားဒေသများနှင့် အနောက်ဘက်ဒေသများ ကူးလူးဆက်ဆံရာလမ်းပေါ်တွင်



www.burmesesclassic.com

www.burmesesclassic.com



တည်နေလေသည်။(ပိုးဖဲအထည်အလိပ်အပါအဝင် ကုန်ပစ္စည်းအမျိုးမျိုးကို သယ်ဆောင်မြဲ ဖြစ်လေသောကြောင့်) 'ပိုးချည်လမ်းမ'ဟု အမည်တွင်နေသော ကုန်းလမ်းရှည်ကြီးသည် (ယခုအခေါ်) တရုတ်ဒေသနှင့် အာရှအလယ်ပိုင်းဒေသတို့ကို ဖြတ်၍၊ အိန္ဒိယအနောက်မြောက်ဘက် တောင်ကြားမှ တစ်ဆင့် အီရန်ဒေသနှင့် အနောက်ဘက်ဒေသများသို့ ရှေ့ရှု၏။ ရေလမ်းတွင်လည်း အီရန်သင်္ဘော၊ ဂရိသင်္ဘော၊ ရောမသင်္ဘောများသည် အိန္ဒိယအနောက်ဘက်ကမ်းခြေသို့ ဆိုက်ကပ်နိုင်၏။ တောင်ဘက်နှင့်အရှေ့ဘက်တွင်မူ၊ (အိန္ဒိယရှိ) အန္ဓရဒေသ၊ ဘင်္ဂလားဒေသတို့နှင့် လင်္ကာဒီပသီဟိုဠ်သည် လည်းကောင်း၊ အရှေ့ဖျားဒေသတို့သည် လည်းကောင်း သင်္ဘောအသွားအလာ အဝင်အထွက် ရှိလေသည်။

နောက်ကြောင်းကို အနည်းငယ် ပြန်ပြောင်းဆိုရဦးမည်။ ဤသို့အဆက်အသွယ် အကူးအသန်းလွယ်ကူမှုကြောင့်၊ ဂေါတမဗုဒ္ဓလွန်ပြီး၍ မကြာမီ၊ အီရန်မင်းဧကရာဇ်ဖြစ်သူ ဒရိယပ်သည် ပါဆီပိုလစ်မင်း နေပြည်ရှိနန်းတော်မှခွာ၍၊ (အိန္ဒိယအနောက်ပိုင်း၊ ယခုပါကစ္စတန်ရှိ) ပန်ဂျပ်ဒေသနှင့် အိန္ဒုမြစ်ဝှမ်းဒေသသို့ ချီတက်တိုက်ခိုက်ခဲ့ဖူးသည်။ ထို့အတူ ဘီစီလေးရာစုတွင် ဂရိဘုရင်ဖြစ်သူ အလက်ဇန္ဒားသည် အီရန်နိုင်ငံကို အောင်နိုင်ပြီးနောက်၊ အိန္ဒိယတောင်ကြားလမ်းမှ ဖြတ်ကျော်လာပြန်ကာ၊ အိန္ဒုမြစ်ဝှမ်းဒေသကို အလွယ်တကူ အောင်နိုင်ခဲ့ဖူးသည်။ ထို့ကြောင့် (အိန္ဒိယအနောက်မြောက်ဘက်ရှိ) အာဖဂန်နီစတန်ဒေသနှင့် ဂန္ဓာရဒေသတို့တွင် ဂရိအုပ်ချုပ်ရေးသည် နှစ်အတန်ကြာလွှမ်းခဲ့လေသည်။ အသောက မင်းတရားပင်လည်း နောင်အခါ ဂရိတို့နှင့်ဆက်သွယ်မိကာ ဂရိမင်းသမီး တစ်ပါးကို မိဖုရားမြှောက်ခဲ့လေသည်။

ယခုမူ အသောကမင်းသည် ပြည်ပ၌ သာသနာပြုရန် စိတ်အားထက်သန်ခဲ့လေသည်။ သင့်ရာ သင့်ရာ သာသနာပြုပုဂ္ဂိုလ်များကိုလည်း စေလွှတ်ခဲ့သည်။ သို့ဖြစ်ရာ အနောက်ဘက်တွင် ဂန္ဓာရဒေသ၊ အီရန်ဒေသ၊ အီဂျစ်ဒေသ၊ မက်စီဒိုးနီးယား (ဂရိ) ဒေသသို့အချို့ရောက်သည်။ အရှေ့ဘက်တွင် သုဝဏ္ဏဘုမ္မိဒေသသို့ အချို့ရောက်သည်။ မြောက်ဘက်တွင် နီပါလ (နီပေါ)နှင့် ကသ္မီရ စသော ဟိမဝန္တာဒေသများသို့ အချို့ရောက်သည်။ တောင်ဘက်ရှိ လင်္ကာဒီပ–သီဟိုဠ်သို့ကား အသောကမင်း၏သား ဖြစ်သူ ရှင်မဟိန္ဒကိုယ်တိုင် ကြွရောက်သာသနာပြုလေသည်။ ထိုအခါ



www.burmesesclassic.com

www.burmesesclassic.com



သမီးဖြစ်သူ သင်္ဃမိတ္တာ ဘိက္ခုနီသည်၊ ဗုဒ္ဓပွင့်ရာ ဗောဓိပင်တောင်ကိုင်းမှ အကိုင်းတစ်ကိုင်းကို ယူဆောင်၍၊ ရှင်လူများကြည်ညိုနိုင်ရန် (လက်ာဒီပ သီဟိုဠ်) အနုရာဓပုရ၌ စိုက်လေသည်။

မောရိယမင်းတို့နောက်တွင် (အိန္ဒိယမြောက်ပိုင်း၌)သုန်ဂမင်းတို့ အရိုက်အရာဆက်ခံခဲ့လေသည်။ ထိုမင်းတို့သည် ဗြာဟ္မဏဘာသာဝင်များ ဖြစ်ကြပါ၏။ သို့သော်လည်း ပြည်သူများ၏ သဒ္ဓါယုံကြည်မှုကြောင့်၊ ဗုဒ္ဓ သာသနာသည် ထိုမင်းတို့လက်ထက်၌ မှေးမှိန်ခြင်းမရှိ။ တိုးပွားလျက် သာရှိလေသည်။ ထို့ကြောင့် ဗာရဟုတ်ဒေသ၊ ဆန်းချီဒေသတို့တွင် ထူပါ များသည်လည်းကောင်း (ပုံ ၃)၊ (အိန္ဒိယ အနောက်ဘက်) ကာလေ (ပုံ ၅) စသောဒေသများတွင် ကျောက်တောင်နံရံကို ထွင်းဖောက်ပြုပြင် ထားသော ကျောင်းသင်္ခမ်းများသည်လည်းကောင်း တခမ်းတနားဖြစ်ထွန်း ခဲ့လေသည်။ ထိုမျှမကသေး၊ အိန္ဒိယတောင်ပိုင်းမှ အန္ဓရမင်းတို့လက်ထက် အမရာဝတီဒေသတွင်လည်း ထူပါအများ (ပုံ ၈) ကို တွေ့နိုင်လေသည်။ ထိုထူပါတံခါးမုခ်တုရိုဏ်တိုင်များ (ပုံ ၂) တွင်လည်းကောင်း၊ ကူနံရံများ တွင် လည်းကောင်း၊ ဗုဒ္ဓဖြစ်စဉ် ရုပ်ဖောင်းရုပ်ကြွများနှင့် ဆေးရေးပန်းချီ များ၊ တောတိရစ္ဆာန်ရုပ်များမှစ၍ နတ်ဒေဝါရုပ်၊ ယက္ခရုပ်များအထိ အခြံ အရံရုပ်ပုံများ ဆင်ယင်ထားရှိလေသည်။

အိန္ဒိယအနောက်မြောက်ဘက်တွင်လည်း သာသနာသည် အမြစ် တွယ်ခဲ့လေပြီ။ ထိုဒေသ၊ ထိုဂန္ဓာရဒေသတွင် ဂရိလူမျိုးခြားများ အတော် အသင့်ရှိကြသည်။ ထိုဂရိများသည် အိန္ဒိယသားများနှင့် ပူးယှက်အိုးအိမ်ထူ ထောင်နေကြသည်။ ထိုအခါ သူတို့ကိုးကွယ်ရန်အတွက် ဇာတ်ရှိသော ဗြာဟ္မဏဘာသာနှင့် နီးစပ်ခြင်း မရှိ။ ဇာတ်မရှိသော ဗုဒ္ဓဘာသာနှင့်သာ နီးစပ်နိုင်လေရာ၊ ဗုဒ္ဓဘာသာဝင်များ ဖြစ်လာကြသည်။

ထိုဂန္ဓာရဒေသသည်လည်း အရှေ့ဖျားဒေသများနှင့် အနောက် ဘက်ဒေသများ ကူးလူးဆက်ဆံရာလမ်းကျနေလေသောကြောင့်၊ ကုန် ပစ္စည်းများသာ ဖလှယ်သည်မဟုတ်။ အတွေးအခေါ်ချင်း၊ ဒဿနအမြင် ချင်းလည်း ဖလှယ်ရာဖြစ်တော့သည်။ ထိုဂရိများသည် အနောက်ဘက် ပင်ရင်းက ဂရိနှင့်ရောမသဘောကို၊ အရှေ့ဘက်က အိန္ဒိယသဘောနှင့် ရောစပ်၍၊ (ဂန္ဓာရဟန်ဟု နောင်အခါခေါ်တွင်သော) ဗုဒ္ဓရုပ်ပွားတော် များကို စတင်ထုလုပ်သူများ ဖြစ်လာကြသည်။ ထိုဂရိနယ်ပြည့်ရှင်တစ်ဦး



www.burmesesclassic.com

www.burmesesclassic.com



ဖြစ်သော မေနန္ဒာ(မိလိန္ဒ)မင်းသည်လည်း ဗုဒ္ဓတရားတော်ကို မရှင်းမလင်း ရှိသည့်အခါများ၌၊ ရဟန်းတော် ရှင်နာဂသေနအားပင့်၍ ပြဿနာ အရပ်ရပ် တင်လျှောက်တတ်သူ ဖြစ်ပေသည်။

မေနန္ဒာမင်းနောက်၊ ဗုဒ္ဓသာသနာကို အထူးတလည် ချီးမြှောက်ခဲ့သော မင်းတစ်ပါးမှာ ကနိသကမင်း (အေဒီ ၇၈–၁၀၁) ဖြစ်ပေသည်။ သူသည် ကသ္မီရတိုင်းတွင် ပုရုသပုရ(ပက်ရှဝါ) ကို မင်းနေပြည်ပြုလုပ်၍ နန်းထိုင်လေသည်။ သူသည် အာရှအလယ်ပိုင်းမှ ချင်းနင်းဝင်ရောက်လာခဲ့သော ကုသျှန်လူမျိုးစုထဲမှဖြစ်၍ တိုက်ရေးခိုက်ရေး ကျွမ်းကျင်လေသည်။ သူ့ဘဝသည်လည်း အသောကမင်းတရား၏ဘဝနှင့် ခပ်ဆင်ဆင်ဟု ဆိုရလိမ့်မည်။

ဆင်ပုံမှာ သူသည် ယာကန်၊ ခေါ်တန်၊ ကုချာ၊ ကရှဂါ၊ ဆမာခန် စသော အာရှအလယ်ပိုင်း ဒေသများကို သွေးချောင်းစီးအောင် တိုက်ခိုက်သိမ်းယူပြီးမှ နောင်တရကာ ဗုဒ္ဓဘာသာဝင် ဖြစ်လာခဲ့ရသည်။ သူသည် အရှင်ဝါသုမိတ္တ၊ (ဗုဒ္ဓစရိတနှင့် သုန္ဒရနန္ဒကျမ်းပြု အကျော်) အရှင်အဿဃောသတို့ကို သံဃနာယကများ ပြုစေ၍၊ သဗ္ဗတ္တိဝိုဏ်းဝင် သံဃာအများအပြားနှင့်တကွ၊ စတုတ္ထသင်္ဂါယနာတင်လေသည်။ သင်္ဂါယနာတင်သော ရည်ရွယ်ချက်သည် သဗ္ဗတ္တိဂိုဏ်းဆိုင်ရာ ကျမ်းစာများကို စုံစုံလင်လင် ရှိစေရေးပင်ဖြစ်သည်။ ထိုအခါ ပိဋကတ်တော်များအပြင် ဋီကာကျမ်းကြီးများကို သက္ကတဘာသာဖြင့် ကြေးပြားပေါ်တွင် ရေးစေ၍ စေတီတော်တွင် ဌာပနာလေသည်။

ဤတွင် သဗ္ဗတ္တိဂိုဏ်းအကြောင်းကို အနည်းငယ်ရေးပြရန် လိုလေသည်။ သဗ္ဗတ္တိဂိုဏ်းဆိုသည်မှာ အခြားမဟုတ်။ မူလထေရဝါဒဂိုဏ်းမှ ခွဲထွက်ပြီးနောက်၊ ကာလတစ်ခုနှစ်တစ်ခုကြား (သည်) မတူသည်မှန်၏။ သို့သော်လည်း ပစ္စုပ္ပန်ကာလတွင် အတိတ်ကာလ၏အကျိုးသည် လည်းကောင်း၊ အနာဂတ်ကာလ၏ အလားအလာသည် လည်းကောင်း ပါဝင်နေသည်ဟူ၍ ဝါဒတင်လာသော ဂိုဏ်းဖြစ်လေသည်။ ထိုဂိုဏ်း၌ လတိတဝိတ္ထာရ အမည်ဖြင့် (သက္ကတဘာသာရေး) သီးသန့်ဗုဒ္ဓဝင်လည်း ရှိပြီးဖြစ်၏ ။

အမှန်စင်စစ် ထိုအခါကာလတွင် အတွေးအခေါ် အငြင်းအခုံများမှုကြောင့် ထေရဝါဒဂိုဏ်းမှ သဗ္ဗတ္တိဂိုဏ်းသာမက အခြားဂိုဏ်းခွဲများ ရှိနေ



www.burmesesclassic.com

www.burmesesclassic.com



ခဲ့ပြီ။ ထို့အတူ မဟာသံဃိကဂိုဏ်းမှလည်း လောကုတ္တရာဂိုဏ်းကဲ့သို့ ဂိုဏ်းခွဲများ ထွက်လာခဲ့လေပြီ။ လောကုတ္တရာဂိုဏ်းသည် ဗုဒ္ဓအပေါ် သုံးသပ်ရာ၌ ထေရဝါဒဂိုဏ်းနှင့် ကွာလေသည်။

ထေရဝါဒဂိုဏ်းအဖို့ ဂေါတမဗုဒ္ဓသည် ယမိုက်ပြာဋိဟာစသော တန်ခိုးဣဒ္ဓိတို့ကို ရှင်လူများ အံ့ဖွယ်သရဲဖြစ်အောင် ပြနိုင်စွမ်းရှိသည် မှန်ပေ၏။ သို့ရာတွင် ဂေါတမသည် လူ(မင်းသား)အဖြစ်မှ တရားကျင့်ကြံအားထုတ်၍ နိဗ္ဗာန်ဆိုက်သော၊ တရားအလုံးစုံ သိမြင်လာရသော သမ္မာသမ္ဗုဒ္ဓဘုရားဖြစ်သည်။ သာမန်လူများနည်းတူ အိုရ နာရမြ၊ သာမန်လူများနှင့်မတူသည်မှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာတရား၊ သစ္စာလေးပါးတရား၊ ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုး ဆက်စပ်ပုံပြတရားတို့ကို သိမြင်မှုဖြစ်သည်။ သမ္မာသမ္ဗောဓိဉာဏ်ရမှုဖြစ်သည်။

လောကုတ္တရာဂိုဏ်းအမြင်ကား၊ ဂေါတမဗုဒ္ဓသည် လူသားမူလမဟုတ်ဘဲ၊ (မူလမှတစ်ဆင့်) နိမ္မာန လူ့လောက၌ ဖန်ဆင်းထားသူ၊ ဝါ၊ (မူလ) ဗုဒ္ဓဘုရားအဖြစ်မှ လူပုဂ္ဂိုလ်သဏ္ဌာန်ယူ၍ ရှင်လူတို့အား တရားပြသူဖြစ်လေသည်။ ရှင်လူအများ၏ စိတ်အာရုံတွင် ဂေါတမဗုဒ္ဓကိုသွားလာသည်။ ကျိန်းစက်သည်။ ဆွမ်းဘုဉ်းပေးသည်။ တရားဟောသည်ဟူ၍ ထင်စေဦး၊ ထိုအထင်သည် ထင်ရိုးထင်စဉ်သာ ဖြစ်သည်။ အမှန်စင်စစ် ဂေါတမဗုဒ္ဓလုပ်ဆောင်သမျှသည် ဤလောကနှင့် ငြိတွယ်လိမ်းကျံခြင်းမရှိ။ လောကကို ကျော်လွန်၍သာ ရှိလေသည်။

ထို့ကြောင့် ဂေါတမဗုဒ္ဓ၏ ဘဝဖြစ်စဉ်၌၊ အများ ရဟန်းများနည်းတူ ခြေကို ရေဆေးမြဲဖြစ်သော်လည်း ဂေါတမဗုဒ္ဓ၏ ခြေတော်သည် အမြဲသန့်စင်၏။ အများရဟန်းများနည်းတူ သွားကိုဆေးကြောမြဲဖြစ်သော်လည်း ဂေါတမဗုဒ္ဓ၏ နှုတ်သည် ကြာနံ့အမြဲသင်း၏။ အများရဟန်းများနည်းတူ သင်္ကန်းရုံ၍ အမိုးအကာအောက်တွင် သတင်းသုံးမြဲဖြစ်သော်လည်း ဂေါတမဗုဒ္ဓ၏ ကိုယ်ကာယသည် မိုး နေ လေတို့ အထိအစပ်မရှိ။ အများရဟန်းများနည်းတူ ဆေးဝါးမှီဝဲမြဲဖြစ်သော်လည်း ဂေါတမဗုဒ္ဓတွင် ရောဂါဘယကင်း၏။ ဤသို့အားဖြင့် ဂေါတမဗုဒ္ဓသည် တန်ခိုးအနန္တနှင့်ပုဂ္ဂိုလ်ဟူသော သဘော ဆောင်လာလေသည်။ လောကုတ္တရာဝါဒီတို့၏ ဝိနည်းကျမ်း ပထမပိုင်းဖြစ်သော 'မဟာဝတ္ထု' ၌လည်း ဤသဘောကို ထင်ရှားစေခဲ့လေပြီ။



www.burmesesclassic.com

www.burmesesclassic.com



ထိုအတူ မဟာသံဃိက ဂိုဏ်းခွဲတစ်ခုဖြစ်သော စေတီယဂိုဏ်းကလည်း စေတီထူပါများကို ပန်းနံ့သာစသည် တင်လှူပူဇော်ခြင်းကြောင့် ရအံ့သော ကုသိုလ်ကို အထူးတလည် ဟောပြောလေသည်။ ထိုကုသိုလ်ကောင်းမှု၏အကျိုးကို မိမိ၏မိတ်သဟာတို့အား ဝေမှနိုင်သည်ဟုလည်း ဟောပြောလေသည်။

ဤအယူအဆ သဘောသကန်တို့သည် တစ်စတစ်စ ကျယ်ပြန့်ကြီးထွားလာခဲ့ရာ နောက်ဆုံး၌ ဗောဓိသတ္တယာန (ဝါ) မဟာယာနဂိုဏ်းကြီးဟူ၍ ဖြစ်လာရတော့သည်။

ရှင်းဦးအံ့။ လောက၌ သတ္တဝါအပေါင်းသည် ဒုက္ခသံသရာ၌ တဝဲ လည်လည် ရှိနေကြသည်။ အကြင်သူသည် ဗုဒ္ဓဘုရားဆုပန်ပြီးသည် နောက် ဗုဒ္ဓလောင်းလျာအဖြစ်ဖြင့်၊ ဒုက္ခသံသရာ၌ တဝဲလည်လည် ရှိနေသော သတ္တဝါအားလုံးကို ကယ်တင်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုစေ၏။ ဤသို့သော (ဗုဒ္ဓ)ဘုရားအလောင်းလျာ၏ ကျင့်စဉ်သည် ဗောဓိသတ္တယာနပင် ဖြစ်လေသည်။

(ဂေါတမ)ဗုဒ္ဓဘုရားရှင်၏ တရားတော်ကို ပြန်၍ ကြည့်ပါလေ။ ဗုဒ္ဓက . . .

(က) (သာဝကဗောဓိ) ရိုးရိုးသာဝက ရဟန်းအဖြစ် ကျင့်၍ရောက်ခြင်း။

(ခ) (ပစ္စေကဗောဓိ) ပစ္စေကဗုဒ္ဓ (ဘုရားငယ်) အဖြစ် ကျင့်၍ရောက်ခြင်း။

(ဂ) (သမ္မာသမ္ဗောဓိ) သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ကျင့်၍ရောက်ခြင်း။

ဟူ၍ ဉာဏ်ဝီရိယ အယုတ်အမြတ်အလိုက် နိဗ္ဗာန်ရောက်ကြောင်း နည်းသုံးပါးကို ဟောခဲ့လေသည်။ ထိုအခါ ထေရဝါဒီတို့က အရဟတ္တမဂ်ဉာဏ် (ရဟန္တာတို့ဆိုက်သောဉာဏ်) ဖြင့်ယှဉ်လျက်၊ ရာဂ၊ ဒေါသ၊ မောဟစသည် ကိလေသာကုန်သော ဒုက္ခခပ်သိမ်း ငြိမ်းသော၊ ပြုပြင်စီရင်မှု ကင်းသော၊ မဖောက်မပြန် မှန်ကန်တည်မြဲသော၊ ပရမတ်သစ္စာ ဖြစ်သော၊ နိဗ္ဗာန်ကို တစ်ဦးတည်းချင်း မျက်မှောက်ပြုလိုကြသည်။ ယခု ဗောဓိသတ္တယာနဂိုဏ်းမှာမူ သတ္တဝါတို့အား ဒုက္ခဆင်းရဲမှ ကယ်တင်နိုင်သော သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်ကို ကျင့်သည်ဖြစ်သောကြောင့်၊ ဝါ၊ သမ္မာသမ္ဗောဓိဉာဏ်ဖြင့်



www.burmesesclassic.com

www.burmesesclassic.com



ယှဉ်၍ နိဗ္ဗာန်ဆိုက်လိုသည် ဖြစ်သောကြောင့်၊ အခြားကျင့်စဉ်များထက် ပို၍ မြင့်မြတ်ကြီးကျယ်သည်ဟူသော သဘောဖြင့် မဟာယန ဟုလည်း ထိုဂိုဏ်းက ဝိသေသပြုလေသည်။

ဤတွင် သတိပြုရန်မှာ မဟာယာနတွင် နိဗ္ဗာန်၏သဘောနှင့်စပ်၍ ဝါဒကွဲနှစ်ခု၊ အဆိုအမိန့်နှစ်ခု ရှိလေသည်ဖြစ်၏။ ထိုဝါဒနှစ်ခုစလုံးပင် နိဗ္ဗာန်၏ ပရမတ်သဘောကို တစ်ဆင့်တိုးတက်၍ အနက်ပွားလာလေသည်။

ပထမဝါဒကို ရှင်နာဂဇ္ဇုနက ဦးဆောင်၍ သုညတာဝါဒ သို့မဟုတ် မဇ္ဈိမိကဝါဒဟူ၍ ခေါ်တွင်လေသည်။ ထိုဝါဒအလိုအရ ပရမတ်သစ္စာတွင် ဟုတ်သည် မဟုတ်သည်၊ ကောင်းသည် ဆိုးသည်၊ ပေါက်ဖွားသည်၊ စုတိကျသည်၊ ဆင်းရဲသည်၊ ချမ်းသာသည်၊ အာရုံခံသည်၊ အာရုံဝတ္ထုရှိသည်။ ငါပဲ သူပဲ စသည်ဖြင့် တစ်ဘက်နှင့်တစ်ဘက်၊ ကွဲပြားခြားနားသော လက္ခဏာမရှိဖြစ်လေသည်။ ဤအရာများသည်(ပစ္စယ) တစ်ခုနှင့်တစ်ခု နှိုင်းယှဉ်ဆက်သွယ်သည့် အကျိုးအားဖြင့်သာ၊ ထိုလက္ခဏာ၊ ဤလက္ခဏာ ပါရလေသည်။ ဤသည် သမုတိ (ခေါ်ဝေါ် သမုတ်အပ်သော) သစ္စာပင်ဖြစ်သည်။ သုညဝါဒတွင် ဤလက္ခဏာများ မရှိ။ ထို့ကြောင့် သံသရာနှင့် နိဗ္ဗာန်ကို ခွဲခြား(၍ပြော)ရန်မလို။ သင်္ခတ (ပြုပြင်စီရင်မှု)နှင့် အသင်္ခတ(အပြုအပြင် အစီအရင်ကင်းမှု) ဟူသောသဘောတွေ ထည့်ရန်မသင့်။ အမှန်စင်စစ် နိဗ္ဗာန်မည်သည် သုညပင်ဖြစ်သည်ဟု ဆိုလေသည်။

သို့ရာတွင် အထက်တွင် ရေးခဲ့သည့်အတိုင်း မဟာယာနသည် (သူပဲ ငါပဲ စသည်ဖြင့် လက္ခဏာ ကင်းမဲ့သော) သုညသဘောကို တစ်ဘက်တွင် လက်ခံ၍ သတ္တဝါအပေါင်းကို ဆင်းရဲဒုက္ခမှ မဟာကရုဏာဖြင့် ကယ်တင်ကာ နိဗ္ဗာန်ဆိုက်စေရမည်ဟူသော သဘောကိုလည်း အခြားတစ်ဘက်တွင် လက်ခံထားပေသည်။ တစ်နည်းလှည့်၍ဆိုရသော် သတ္တဝါများကို မဟာကရုဏာဖြင့် ကယ်တင်ရမည်ဟူသော ခံယူချက်နှင့် သက်ရှိသက်မဲ့၊ ပုဂ္ဂိုလ်သတ္တဝါ၊ အရာဝတ္ထုစသည်ဖြင့် ခွဲခြားပြောရန် မလိုဟူသော ခံယူချက်နှစ်ခုသည် အတူယှဉ်တွဲလျက်သာ ရှိတော့သည်။ မဟာယန သုတ္တန် ဒေသနာတစ်ခုဖြစ်သော ဝဇီရစ္ဆေဒိကသုတ်လာ –

*'ဘဂဝါဘုရားသည် မိန့်ဆိုလေသည်။ ဗောဓိသတ္တလမ်းစဉ်ကို လိုက်သူသည် ဤသို့ စိတ်ထားအပ်၏။ ငါသည် သတ္တလောက၌ ရှိရှိသမျှ*



www.burmesesclassic.com

www.burmesesclassic.com



*သတ္တဝါအပေါင်းကို နိဗ္ဗာန်အရောက် ပို့ဆောင်ရမည်ဖြစ်လေသည်။ သို့သော်လည်း သတ္တဝါများကို ဤသို့ ကယ်တင် ပို့ဆောင်ပြီးသော အခါ အမှန်စင်စစ် သတ္တဝါတစ်ဦးတစ်ယောက်ကိုမျှ ကယ်တင်ပြီးပြီ ဟု မဆိုနိုင်ချေ။ အဘယ်ကြောင့်ဆိုသော်၊ အကြင်ဗောဓိသတ္တတွင် ပုဂ္ဂိုလ်သတ္တဝါဟူသော ပညတ်အစွဲရှိနေသေး၏။ ထိုဗောဓိသတ္တကို ဗောဓိသတ္တဟု မခေါ်ထိုက် . . .*

ဟူသော ကောက်နှုတ်ချက်သည် သာဓက ဖြစ်လေသည်။

မဟာယာနမှ အခြားဝါဒကွဲတစ်ခုကို ပြရန်လိုပေသေးသည်။ ထိုဝါဒကွဲကို အရှင်အသင်္ဂနှင့် အရှင်ဝသုဗန္ဓုတို့က ဦးဆောင်၍ ယောဂါစာရဝါဒဟု အမည်တွင်လေသည်။

ထိုဝါဒအရသော်၊ ဤလောက၌ မြင်တွေ့ကြုံကြိုက်သမျှသည် မနောစိတ်(မနောဝိညာဏ်)၏ ပညတ်များသာ ဖြစ်လေသည်။ ဝါ၊ စိတ်က ပြဋ္ဌာန်းခြင်းသာ ဖြစ်လေသည်။ ဝါ စိတ္တမတ္တ ဖြစ်လေသည်။ ထိုအာရုံ ထို ဝတ္ထုတို့တွင် နိစ္စသဘောမရှိ။ နိစ္စသဘောရှိသည်မှာ (အလျဉ်မပြတ်သော) အာလယဝိညာဏ် (ဓာတ်)သာဖြစ်လေသည်။ ထိုအာလယဝိညာဏ်သည် ပုဂ္ဂိုလ်သူငါ၊ ထိုပစ္စည်း၊ ဤပစ္စည်း စသော ပုဂ္ဂလဝိသေသမှအပ ဖြစ်လေသည်။ ပကတိ သန့်ရှင်းသော သဘောရှိလေသည်။ သို့ရာတွင် ထိုအာလယဝိညာဏ်သည်လည်း (ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏) မနောဝိညာဏ်နှင့် တစ်နည်းတစ်ဖုံ ဆက်သွယ်နေလေသည်ဖြစ်၏။ ဆက်သွယ်ပုံမှာ ပင်လယ်ပြင်နှင့် လှိုင်း၊ ဝဲဂယက်၊ ရေစီးကြောင်းတို့ ဆက်သွယ်ပုံသဘောဖြစ်လေသည်။

ရေပြင် (ကွက်ကွက်)တွင် လှိုင်းတက်ချည်၊ ကျချည်၊ ရေစီးကြောင်း ရွေ့ချည် ပြောင်းချည် ဝဲဂယက်ပေါ်ချည် ပျောက်ချည် ဖြစ်တတ်သော်လည်း ပင်လယ်တစ်ပြင်လုံး၊ တစ်ခွင်လုံး (ပမာဏတစ်ခုလုံး) မှာမူ၊ မလှုပ်မရှား၊ မပြောင်းမလဲ ကြည်လင်နေသည်သာ ဖြစ်သည်။ ဤသို့ ပကတိ ဖြူစင်ကြည်လင်သော အာလယဝိညာဏ်ဓာတ်သို့ သက်ဝင်ရန် မိမိသန္တာန်တွင် ကိလေသာအညစ်အကြေးများ ကင်းစင်သွားဖို့ လိုလေသည်။ ကိလေသာ ကင်းစင်ရလေအောင် ယောဂ (ကမ္မဋ္ဌာန်း) နည်းဖြင့် ကျင့်ကြံမှုသည် ယောဂါစာရပင် ဖြစ်တော့သည်။ ထို့ကြောင့် နိဗ္ဗာန်မည်သည် အာလယဝိညာဏ်ဓာတ်ပင် ဟူ၍ဆိုရလေသည်။



www.burmesesclassic.com

www.burmesesclassic.com



ဤတွင် နိဗ္ဗာန်ကို သုညပဲဆိုဆို၊ အာလယဝိညာဏ်ဟူ၍ပဲထား ထား၊ နိဗ္ဗာန်သည် (ပရမတ်) အနှစ်သာရစင်စစ် ဖြစ်တော့သည်။ ထိုအနှစ် သာရကိုမူတည်၍ မဟာယာနဂိုဏ်းသည် ဗုဒ္ဓကို ကာယသုံးပါးခွဲ၍ ကြည့် ပြန်လေသည်။ ကြည့်ပုံမှာ (မူလ) အနှစ်သာရသည် တရားကိုယ် ဓမ္မာ ကာယ ဟူ၍ဖြစ်ပေ၏။လူ့ပြည် ကပိလဝတ်၌၊ (ဂေါတမမျိုးနွယ်) သုဒ္ဓေါ ဒနရာဇာနှင့် မာယာဒေဝီ၏သား မင်းသားအဖြစ် မွေးဖွား၊ သံဝေဂရ၊ အိမ် ရာစွန့်၊ တရားကျင့်ပြီးလျှင် ဗုဒ္ဓဘုရားဖြစ်လာသူကား ဓမ္မကာယ၏သရုပ် စင်စစ် (ဖန်တီးထားအပ်သော) နိမ္မာနကာယ ဖြစ်လေသည်။ ဗောဓိသတ္တ တို့ကဲ့သို့ ပါရမီရှင်များ၏ စိတ်အာရုံအလျောက်၊ ကိုယ်၌ မကိုဋ်တန်ဆာ ဆင်၍သော်လည်းကောင်း၊ ကိုယ်၌ လက္ခဏာကြီး ၃၂ ပါး ထင်၍သော် လည်းကောင်း၊ အခြားထူးခြားသော အသွင်တစ်ခုခုဖြင့်သော်လည်းကောင်း ဖူးမြင်ရသော ဗုဒ္ဓမှာမူ၊ သမ္ဘောဂကာလ ဖြစ်လေသည်။ ဤသည် မဟာ ယာနဂိုဏ်းဆိုင်ရာ ပဓာနအချက်များ ဖြစ်လေသည်။

ထိုမဟာယာနဂိုဏ်းဝါဒသည်လည်း (ကုသျှန်မင်းဆက်) ကနိ သကမင်းလက်ထက်တွင် တိုးပွားလာခဲ့ရာ၊ အေဒီ လေးရာမှ ခြောက်ရာ အထိစိုးစံသော ဂုတ္တမင်းများ လက်ထက်တွင် ခိုင်ခိုင်မာမာ ဖြစ်လာခဲ့လေ သည်။

ဂုတ္တမင်းတို့သည် အအုပ်အချုပ်တွင် တော်ကြလေသည်။ သူတို့ လက်ထက်တွင် ဆည်မြောင်းသွယ်၍ လယ်ယာများ ဖြစ်ထွန်းသည်။ ကုန် အထုတ်များသည်။ ရာဇဝတ်အမှုအခင်းနည်းပါးသည်။ ကြိုးဒဏ်ပေး၍ အပြစ်ပေးခြင်း မရှိ။ ထို့ပြင် သကုန္တလပြဇာတ်ဆရာ ကာလီဒါသနှင့် အမရ ကောသကျမ်းပြုဆရာ အမရသီဟကဲ့သို့ ပုဂ္ဂိုလ်မျိုးရှိနေလေ၍ စာပေကျမ်း ဂန် တိုးတက်သည်။ ပြည်သူတို့သည်လည်း အေးချမ်းပျော်ရွှင်စွာ နေထိုင် နိုင်ခဲ့ကြသည်။

ထိုခေတ်ထိုအခါ၌ ဗြာဟ္မဏဝါဒ (ထို့နောက် ဟိန္ဒူဝါဒ) လာ မူလပင်မ၊ ဗြာဟ္မန် (ပရမတ္တမ) မှသည် လောကကို ဖန်ဆင်းသော ဗြဟ္မာ နှင့် ကြင်ဖက် သုရဿတီနတ်သမီး၊ ကရုဏာဖြင့် သတ္တဝါတို့ကို စောင့် ရှောက်သော ဗိဿနိုးနတ်နှင့် ကြင်ဖက် လက္ခမီနတ်သမီး၊ အကောင်း (အမှန်တရား) ကိုဖြစ်စေ၍၊ အဆိုး(အဝိဇ္ဇာ)ကို ဖျက်ဆီးသော သိဝနတ်နှင့် ကြင်ဖက် ပါဝတီနတ်သမီးဟူ၍ ပုဂ္ဂလဝိသေသပြုနတ်များနှင့် ကြင်ဖက်

www.burmesesclassic.com



များ ပူးတွဲတိုးပွားမှု၊ ထိုသုံးပါးအထဲမှ ကြိုက်ရာ နတ်နှင့်နတ်သမီးတို့ကို ကိုးကွယ်မှုများ ရှိလာခဲ့လေသည်။

ဂုတ္တမင်းတို့သည် ဗိဿနိုးနတ်ကို ကိုးကွယ်သူများဖြစ်ကြပါ၏။ သို့ရာတွင် ထိုမင်းတို့သည် အခြားဘာသာ အယူဝါဒကို လေးလေးစားစား ရှိကြပေသည်။ အားပေးချီးမြှောက်ခြင်းလည်း ရှိပေသည်။ ထို့ကြောင့် ခေတ်အခါအလျောက် ကပိလဝတ်၊ သာဝတ္ထိစသော ပြည်ရွာများ ပျက်စီးယိုယွင်းနေပြီ ဖြစ်သော်လည်း၊ မထုရာ၊ မိဂဒါဝုန်၊ ပါဋလိပုတ်၊ ဗုဒ္ဓဂယာ၊ နာဂါဇုဏကုဏ္ဍာဒေသများတွင် ကျောင်းကန် စေတီ ပုထိုးအများအပြား တိုးပွားလာကာ၊ ဗုဒ္ဓသာသနာ စည်ပင်နေလေသည်။ တစ်ဖန် (ဗင်္ဂလား–ဗီဟာဘက်) နာဠန္ဒအရပ်တွင် နာမည်ကျော် ကျောင်းတော်ကြီး ဝိဟာရ ပေါ်ထွန်းလာခဲ့လေသည်။ ထိုကျောင်းတော်ကြီးတွင်၊ ဗုဒ္ဓဘာသာစာပေ ပရိယတ် သာမက၊ သိပ္ပံပညာ၊ ဆေးပညာကဲ့သို့ လောကီပညာများပါ ကျယ်ကျယ်ပြန့်ပြန့် သင်ကြားပေးလေသည်။ ထိုကိစ္စအရပ်ရပ်တွင် မင်းများ၊ ကုန်သည်များ ရက်ရက်ရောရော လှူဒါန်းခဲ့ကြသည်။

ဤတွင် သာသနာအတွက် ဝမ်းသာစရာမှာ ရဟန်းသံဃာတို့သည် အကျင့်သီလတွင် ပြည့်စုံကြခြင်း ဖြစ်လေသည်။ ထိုသံဃာများတွင် ထေရဝါဒီများလည်း ရှိ၍၊ မဟာယာဉ်ဂိုဏ်းဝင်များလည်းရှိသည်။ ထိုသို့ ဂိုဏ်းကွဲကြသော်လည်း နှစ်ဂိုဏ်းစလုံးပင် ရံဖန်ရံခါ ကျောင်းတစ်ကျောင်း ထဲ၌ အတူတကွ သီတင်းသုံးတတ်ကြလေသည်။ အတူ သီတင်းသုံးကြသည်မှာလည်း အဆန်းမဟုတ်ပေ။ ထေရဝါဒီဂိုဏ်းတွင်ရော မဟာယာနဂိုဏ်းတွင်ပါ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တရားကို အတူလက်ခံကြသည်ချည်း ဖြစ်သည်။ မတူသည်မှာ တစ်ဂိုဏ်းက ရဟန္တာအဖြစ်ဖြင့် ကျွတ်တန်းဝင်လိုခြင်းဖြစ်၍ နောက်တစ်ဂိုဏ်းက ဗုဒ္ဓဘုရားအဖြစ်ဖြင့် သတ္တဝါများကို (သံသရာဝဋ်ဆင်းရဲမှ) ကျွတ်အောင် ချွတ်လိုခြင်း ဖြစ်တော့သည်။

ဂုတ္တမင်းတို့လက်ထက်တွင်၊ ဗုဒ္ဓဆင်းတုတော် ထုလုပ်မှုအတတ်နှင့် ဗုဒ္ဓဝင်ဆိုင်ရာ ပန်းချီဆေးရေးအတတ်သည် အမြင့်ဆုံးအဆင်းအတန်းသို့ ရောက်ခဲ့သည်ဟု ဆိုရပေလိမ့်မည်။ မိဂဒါဝုန်၊ မထုရာ၊ အမရာဝတီ၊ နာဂါဇုဏကဏ္ဍာဒေသတို့တွင် ထုလုပ်သောရုပ်လုံးရုပ်ကြွများ၊ အဇန္တာလိုဏ်ဂူတွင် ရေးဆွဲသော ပန်းချီများကို ကြည့်ပါလေ။ ဗုဒ္ဓဘုရားရှင်၏ အတွင်းသန္တာန်၌ ငြိမ်သက်အေးချမ်းနေသော စိတ်အစဉ်နှင့်ယှဉ်၍၊ သတ္တများ

www.burmesesclassic.com



အပေါ် မဟာကရုဏာထားရှိသော စိတ်အစဉ်ကို၊ ကျောက်ဆစ်ဆရာ၏ တံစည်းစူးဆောက်နှင့် ပန်းချီဆရာ၏စုတ်ချက်အားဖြင့် မျက်နှာတော်တွင်လည်းကောင်း၊ ကိုယ်အနေတွင်လည်းကောင်း၊ ခြေလက်အထားတွင်လည်းကောင်း ထင်ဟပ်ပေါ်လွင်လာအောင် ဖန်တီးနိုင်စွမ်း ရှိကြပါပေသည်။

ဂုတ္တမင်းတို့နောက်ကွယ်တွင်ကား အိန္ဒိယမြောက်ပိုင်းတွင် ဗုဒ္ဓသာသနာသည် တက်တုံသက်တုံ အခြေအနေရှိခဲ့လေသည်။ တက်သည့်အပိုင်းကို ရွေး၍ဆိုရလျှင်၊ နာဠန္ဒကျောင်းတော်ကြီးတွင် ပရိယတ်ကျမ်းဂန်သင်ကြားရေး၊ ပဋိပတ်ကျင့်ကြံအားထုတ်ရေးတို့သည် ရှိသင့်သလောက်ရှိနေဆဲ ဖြစ်ပါ၏။ ဟဿမင်း (အေဒီ ၆၀၀–၆၄၈) လက်ထက်တွင်လည်း သာသနာကို ချီးချီးမြှောက်မြှောက်လုပ်ပါလေသည်။ ထိုမင်းသည် ပြဇာတ်စာဆို သာမက ဗုဒ္ဓဘာသာတရားကိုင်းရှိုင်းသူလည်းဖြစ်လေသည်။ ထို့ကြောင့် ဘုရားဆင်းတုများကို ကိုယ်တိုင်ဆေးကြောတတ်သည့်အပြင်၊ နာဠန္ဒကျောင်းစသော ကျောင်းတော်ဝိဟာရများကို ပြင်ဆင်နိုင်ရန်အတွက် ရွာပေါင်းတစ်ရာမှရရှိသော အခွန်တော်ငွေများကို သဒ္ဓါကြည်ညိုစွာ လှူဒါန်းခဲ့လေသည်။

သို့ရာတွင် အရာရာသည် သခ်ါရနှင့်မကင်းနိုင်။ ဗုဒ္ဓဘာသာနှင့် ဗြာဟ္မဏဘာသာလည်း အချို့အချို့သောနေရာတွင် ရောရောနှောနှောရှိလာခဲ့ရာ ဗုဒ္ဓသာသနာထွန်းကားရာဒေသများတွင် ဗြာဟ္မဏ ဟိန္ဒူဘာသာ ထိထိရောက်ရောက် ဝင်လာခဲ့လေသည်။ ဗုဒ္ဓသာသနာ တသီးတသန့်ရှိနေသေးသော ဒေသများမှာ မဟိန္ဒဝါမန်၊ နရသီဟဝါမန်စသော ပလ္လဝမင်းဆက်များ၊ စောဠမင်းဆက်များ အုပ်စိုးရာ အိန္ဒိယတောင်ပိုင်းဒေသများ ဖြစ်ကြသည်။ ထိုပြင် အေဒီကိုးရာစုမှ ဆယ့်နှစ်ရာစုအထိ၊ ပါလမင်းဆက် သေနမင်းဆက်များ အုပ်စိုးရာ ဗင်္ဂလားဗီဟာဒေသဖြစ်သည်။

ဗင်္ဂလားဗီဟာဒေသတွင် နာဠန္ဒကျောင်းတော်ကြီးသည် ခမ်းနားထည်ဝါလှပေသည်။ ကျောင်းပတ်ဝန်းကျင်တွင် သစ်ရိပ်တွေဝေလျက် အလွန်သာယာသည်။ ထိုသစ်ပင်ပန်းမန်တို့အလယ်တွင် ကြာကန်တစ်ခုရှိသည်။ ထိုပတ်ဝန်းကျင်တွင် စာလိုက်စာချ သံဃာဦးရေ တစ်သောင်းခန့်သည် စာပုလွေကိုယ်စီဖြင့် သွားလာကူးသန်း နေကြသည်။ ထိုပုဂ္ဂိုလ်များ စာလိုက်စာချ သီတင်းသုံးနိုင်ရန် အခန်းအစီအစဉ်၊ ဘုဉ်းပေးနိုင်ရန် ဆွမ်း



www.burmesesclassic.com

www.burmesesclassic.com



ကွမ်း အစီအစဉ်များလည်း ကျောင်းတွင် ပြည့်စုံပြီးသား ဖြစ်လေသည်။ လာရောက် စာသင်ကြသူများမှာ အတိုင်းတိုင်း အပြည်ပြည်မှ ဖြစ်ကြရာ၊ တရုတ်ပြည်မှဆိုလျှင်၊ အရှင်ဟိယန်ဆိုင်၊ အရှင်အိဆင် စသူများဖြစ်တော့သည်။ ထိုကျောင်းကြီးထွက် သံဃာများလည်း(ယခုအခေါ်) တိဗက်ဒေသ သုဝဏ္ဏဒီပ(အင်ဒိုနီးရှား) ဒေသစသည့်ဘက်သို့ တရားဟော ရောက်ခဲ့ကြလေရာ နာဠန္ဒကျောင်းကြီး၏ သြဇာသည် ပြည်ပ၌ အလွန်ကြီးမားလေသည်။ ထိုနာဠန္ဒကျောင်းကြီးမှ အယူအဆသစ်များလည်း ထွက်ပေါ်လာလေသည်။

ထိုအယူအဆသစ်များသည်လည်း လူသူအများ၏ သဒ္ဓါကြည်ညိုစိတ်နှင့် စပ်ဟပ်မိနေလေသည်။ လူအများသည် ဘေးအန္တရာယ်ကို ကြောက်သည်။ မျက်မှောက်လောက၊ တမလွန်လောက၌ ဥစ္စာစည်းစိမ်နှင့် ပြည့်စုံလိုကြသည်။ ဘေးရန်ကင်း၍ အသက်စည်းစိမ်ဥစ္စာ တည်မြဲလိုကြသောကြောင့် အားကိုးရာကို ရှာကြလေသည်။ အားကိုးရာကို ဗောဓိသတ္တနှင့် ဗုဒ္ဓတွင် တွေ့လာကြတော့သည်။

ဗောဓိသတ္တသည် သတ္တဝါအများကို ကယ်တင်နိုင်ရန် နိဗ္ဗာန်သို့ပင် မဝင်သေးဘဲ၊ ပါရမီဖြည့်နေသူဟူ၍ သူတို့မြင်လာကြသည်။ ဗောဓိသတ္တသည် ခရီးသွားတို့ကို သူခိုး၊ ဓားပြဘေးမှ ကယ်လိမ့်မည်။ အိမ်သားများကို မီးဘေးမှ ကယ်လိမ့်မည်။ မိန်းမများကို သူတို့တောင့်တသောသားသမီးရစေလိမ့်မည်။ လူသူအများက ဆုတောင်းလိုက်သည် ဆိုအံ့။ ဗောဓိသတ္တသည် မိမိပြုခဲ့သမျှကောင်းမှုအဖို့ကို ထိုသူများအားပေးဝေခြင်းဖြင့် ဆင်းရဲဒုက္ခမှ လွတ်မြောက်စေလိမ့်မည်။ ထိုအခါ ဗောဓိသတ္တသည် လူသူအများကို အမြဲတမ်း စောင့်ရှောက်သောနတ်သားအဖြစ် အနက်ပွားလာခဲ့တော့သည်။

သာဓကကား (လောကကို ကရုဏာဖြင့် စောင့်ရှောက်သော) အဝလောကိတေသရ (သို့မဟုတ် ကြာပန်းကိုင် ပဒုမပါဏိ) ဗောဓိသတ္တ၊ (ကျက်သရေဖြင့် တင့်တယ်သော) မဉ္ဇုသီရိ ဗောဓိသတ္တများ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ဤတွင်သတိပြုရန်တစ်ချက်မှာ ထေရဝါဒကျမ်းဂန်များတွင် (ရော၊ မဟာယာနကျမ်းဂန်များတွင်ပါ) ဂေါတမဗုဒ္ဓဘုရား နောက်ပွင့်မည့် အရိမေတ္တေယျဘုရားလောင်းဟူ၍ ပါရှိပေ၏။ ထိုဗောဓိသတ္တဘုရားလောင်းသည် တုသိတာနတ်ပြည်၌ စံနေရာမှ၊ အချိန်အခါ ဆိုက်



www.burmesesclassic.com

www.burmesesclassic.com



သည့်အခါ လူ့ပြည်ရှိ ရှင်လူအများကို တရားပြရန် ဗုဒ္ဓအဖြစ်ဖြင့် ပွင့်တော်မူမည် ဖြစ်လေသည်။ အဝလောကိတေသရကဲ့သို့ ဗောဓိသတ္တများကား ဤသို့မဟုတ်။ ဗုဒ္ဓအဖြစ် နိဗ္ဗာန်သို့ မဆိုက်လိုသေးဘဲ သတ္တဝါ အားလုံးကို ကယ်ချွတ်ပြီးသည်အထိ၊ ဗောဓိသတ္တ နတ်သားအဖြစ် စောင့်ဆိုင်းနေဦးမည် ဖြစ်လေသည်။

တစ်ဖန် (ဤဘဒ္ဒကမ္ဘာ ပွင့်လေပြီးသော) ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမဟူသော ဗုဒ္ဓဘုရားများသည် အချိန်တန်လျှင် ပရိနိဗ္ဗာန်စံလွန်ရသည်မှာ ဓမ္မတာပင်ဖြစ်လေသည်။ လူအများ၏ သဘောတွင်မူ ထိုဘုရားများလွန်ပြီးသည်နောက် ဘုံတစ်ခုခုတွင်၊ နိစ္စ အမြဲစံနေသည့်အဖြစ်ကို တောင့်တကြလေသည်။ ထို့ကြောင့် အရှင်နာဂဇ္ဇုန ရေးခဲ့ဟောခဲ့သော သုညသဘောကို စိတ်ဝင်စား၍မရ၊ သူတို့စိတ်ဝင်စားသည်မှာ အလုံးအထည်ရှိသော ပုဂ္ဂလဝိသေသရှိသော ဘုရားပင်ဖြစ်တော့သည်။ ထိုအခါ(အနောက်ဒေသရှိ) သုခါဝတီဘုံ၌ အမြဲစံလျက်ရှိသော၊ (အတိုင်းမသိ အလင်းရောင်ရှင်ဖြစ်သော၊ သက်တမ်းအသင်္ချေယျရှည်သော) အမိတာဘဗုဒ္ဓသည် လူအများ၏ စိတ်အာရုံတွင် ပေါ်လာလေသည်။ အကြင်သူသည် အမိတာဘဗုဒ္ဓအပေါ် သဒ္ဓါကြည်ညိုစိတ်ရှိနေသည် ဆိုအံ့။ ထိုသူကွယ်လွန်သည့်အခါ သုခါဝတီဘုံရောက်၍ ရွှေငွေရတနာ ပြည့်ပြည့်စုံစုံနှင့် ဥယျာဉ်အလယ်၌ ကျေးငှက်သာရကာတို့အသံကို နားထောင်ရင်း သုခခံစားရမည် ဖြစ်လေသည်။ ထိုမှတစ်ဆင့် နိဗ္ဗာန်သို့ကူးရန် ရှိလေသည်။

ဤသို့အားဖြင့် ဗောဓိသတ္တများနှင့် အမိတာဘဗုဒ္ဓများ တိုးပွားလာလေသောအခါ နာဠန္ဒကျောင်းတော်ကြီးမှ ဉာဏ်ကြီးရှင် သံဃာများသည် ကိုးကွယ်ပူဇော်စရာ၊ ဘာဝနာပွားစရာများကို ဘုံအဆင့်ဆင့်နှင့် ပြုပြင်ဖော်ထုတ်လာကြသည်။ ဖော်ထုတ်ချက်သည် မဟာယာနမှ တစ်ဆင့်တိုးလာ၍ ဝဇိရယာန တန္တရဝါဒအမည်တွင်ခဲ့လေသည်။ (ထိုအမည်နှင့်အညီ ထိုဝါဒသည် မျက်မှောက်ကာလတွင်၊ ကိလေသာကုန်၊ သိဒ္ဓိပေါက်ကာ ကျွတ်တမ်းဝင်နိုင်သော ပထမလမ်းကိုလည်း ပြ၏။ မျက်မှောက်ကာလတွင် စည်းစိမ်ဥစ္စာအာဏာ ပြည့်စုံနိုင်သော ဒုတိယလမ်းကိုလည်း ပြ လေသည်။)

နာဠန္ဒကျောင်း ဉာဏ်ကြီးရှင်များ၏ ဖော်ထုတ်ချက်ကား ဤသို့ ဖြစ်လေသည်။ သုည၏သရုပ်၊ ဓမ္မကာယ၏သရုပ်သည်(အစဦးဖြစ်သော



www.burmesesclassic.com

www.burmesesclassic.com



ထာဝရဖြစ်သော) အာဒိဗုဒ္ဓ(ဝါ၊ မဟာဝိရောစန၊ ဝါ၊ ဝဇီရဓရ)ပါတည်း။ ထိုအာဒိဗုဒ္ဓသည် လောကတစ်ခွင်လုံး ပျံ့နှံ့လေသည်။ ဤတွင် သုညနှင့် လောက (သို့မဟုတ် သံသရာ)သည် အသွင်သာကွဲသော်လည်း သဘော တွင်ကား အတူတူပင်ဖြစ်သည်။

လောကသည်လည်း ရုပ်(ရူပ)၊ ဝိဉာဏ၊ ဝေဒနာ၊ သညာ၊ သင်္ခါ ရဓာတ်ငါးပါးဖြင့် ဖွဲ့စည်းထားလေသည် ဖြစ်သည်။ ထို့ကြောင့် အာဒိဗုဒ္ဓ တွင် ခန္ဓာငါးပါးကို လွှမ်းခြုံသည်ဟု ဆိုနိုင်လေသည်။

တစ်ဖန် (ခန္ဓာငါးပါးသဘောယူ၍)၊ အာဒိဗုဒ္ဓကိုပင် ( အလင်း ရောင်ပြသော) ဝိရောစန (ရူပ)၊ (မတုန်လှုပ်သော) အက္ခောဘယ (ဝိဉာ ဏ)၊ (ကျောက်မျက်သန္ဓေရှင်ဖြစ်သော) ရတနာသမ္ဘဝ(ဝေဒနာ)၊ အတိုင်း မသိ အလင်းရောင်ရှင်ဖြစ်သော) အမိတာဘ(သညာ)၊ အလုံးစုံအောင်မြင် ပြီးစီးသော အမောဃသိဒ္ဓိ (သင်္ခါရ) အမည်ရှိ၊ ဇိန (အောင်မြင်သော) ဗုဒ္ဓငါးဆူပြား၍ရလေသည်။ ထိုဇိနဗုဒ္ဓများသည် ဘဝစဉ်ဆက် ပါရမီဖြည့် ပြီးနောက် သမ္မာသမ္ဗောဓိ ဉာဏ်ရကာ ဗုဒ္ဓဖြစ်လာသူများ မဟုတ်။ အမြဲ ထာဝရရှိနေ၍ အမြဲစျာန်သမာပတ် ဝင်စားနေကြသူများသာ ဖြစ်ကြသည်။

ထူးခြားချက်မှာ ဗုဒ္ဓများကို ဣတ္ထိလိင်(ကြင်ဖက်) ဖြစ်သော 'ပညာ'ကိုယ်စီ၊ ဗောဓိသတ္တကိုယ်စီ၊ လူ့လောက၌ပွင့်သော ဗုဒ္ဓကိုယ်စီဟူ၍ အတွဲလိုက်၊ အဖက်လိုက် စီစဉ်ခြင်းဖြစ်သည်။ (အာဒိဗုဒ္ဓ၏ ပရိယာယ် ဖြစ်သော ဝဇီရဓရကို ပညာပါရမီတာနှင့် ပူးတွဲထားတတ်သည်)။ အောက် ပါစာရင်းကို ကြည့်ပါလေ။

အာဒိဗုဒ္ဓ

| **ဇိနဗုဒ္ဓ** | **– ပညာ** | **– ဗောဓိသတ္တ** | **– လူ့လောကဘုရား** |
|---|---|---|---|
| ဝိရောစန | – တာရာ(ဖြူ) | – သမန္တသဒ္ဒ | – ကကုသန် |
| အက္ခောဘယ | – လောစနာ | – ဝဇီရပါဏိ | – ကောဏာဂုံ |
| ရတနသမ္ဘဝ | – မာမကိ | – ရတနာပါဏိ | – ကဿပ |
| အမိတာဘ | – ပါဏ္ဍာရာ | – အဝလောကိတေသရ | – ဂေါတမ |
| အမောဃသိဒ္ဓိ | – အာရိယတာရာ (စိမ်း) | – ဝိဿပါဏိ | –အရိမေတ္တေယျ |

(ဤစာရင်းတွင် ဗောဓိသတ္တများ၏ ဣတ္ထိလိင်(ကြင်ဖက်) များကိုချန်ထား သည်။)



www.burmesesclassic.com

www.burmesesclassic.com



ဗုဒ္ဓများ၊ ဗောဓိသတ္တများကို ဣတ္ထိလိင် (ကြင်ဖက်) 'ပညာ'များ ပူးတွဲပေးထားပုံအကြောင်းကို ဆိုရလိမ့်ဦးမည်။

ပညာမည်သည် အခြားမဟုတ်။ အထက်ကဆိုခဲ့သော သုညတာ တရားပင်တည်း။ တစ်ခုသိမှတ်ရန်မှာ သုညတည်းဟူသော ပညာသည် ကရုဏာတည်းဟူသော ဥပါယနှင့်အမြဲယှဉ်တွဲနေခြင်းပင် ဖြစ်သည်။ ပညာ ထီးတည်းသည် ငြိမ်သက်သော သဘောရှိသည်။ ဣတ္ထိလိင် ကဲ့သို့ မှတ်အပ်၏။ ဥပါယ (ကရုဏာ) ထီးတည်းသည် လှုပ်ရှားသော သဘောရှိသည်။ ပုလ္လိင်ကဲ့သို့ မှတ်အပ်၏။ ပညာချည်းသက်သက် (အမြင်) သည် လောကနှင့် တသီးတသန့်ရှိသယောင်၊ လောကနှင့် ကင်းကွာသယောင် ထင်ရလေသည်။ ဥပါယ (ကရုဏာ)ချည်းသက်သက်ဖြင့် ဆောင်ရွက်သမျှသည်လည်း သံသရာဝဲဂယက်မှ လွတ်ထွက်နိုင်ခဲသည်။ ထို့ကြောင့် ပညာကို ဥပါယ (ကရုဏာ) ဖြင့် စေ့ဆော်ရပေသည်။ ဥပါယ (ကရုဏာ) ကို ပညာဖြင့် ဖြူစင်ရပေသည်။ ပညာနှင့် ဥပါယ (ကရုဏာ) ယှဉ်တွဲပူးပေါင်းသည့် အကြောင်းကြောင့် (သမ္မာသမ္ဗောဓိဉာဏ်တွင် အကျုံးဝင်သော၊ သမ္မာသမ္ဗောဓိဉာဏ် ဆိုက်သော) ဗောဓိစိတ္တ(ဗောဓိ စိတ်)သည် ဖြစ်ပေါ် ရလေသည်။ ထိုအခါ မဟာသုခ ဖြစ်လေသည်။

မဟာသုခသည် နိဗ္ဗာန်၏ဂုဏ်ဟု ဆိုရမည်ကဲ့သို့ရှိလေသည်။ (နိဗ္ဗာန်ဟု ဆိုနိုင်လေသည်)။ မေနန္ဒမင်းက ရှင်နာဂသေနကို မေးလျှောက်သည့်ပြဿနာအရပ်ရပ်တွင် နိဗ္ဗာန်၏ဂုဏ်လည်း ပါလေသည်။ သျှင်နာဂသေနဖြေကြားခဲ့သော နိဗ္ဗာန်၏ဂုဏ်ကို ယခုဖော်ပြသော မဟာသုခနှင့် နှိုင်းယှဉ်စရာဖြစ်သည်။ ရှင်နာဂသေနက ဖြေကြားခဲ့သည်မှာ အောက်ပါအတိုင်းပင်။

*မင်းမြတ်၊ ပဒုမာကြာ၏ ဂုဏ်တစ်ပါး၊ ရေ၏ ဂုဏ်နှစ်ပါး၊ ဆေး၏ ဂုဏ်သုံးပါ၊ မဟာသမုဒ္ဒရာ၏ ဂုဏ်လေးပါး၊ ဘောဇဉ်၏ ဂုဏ်ငါးပါး၊ ကောင်းကင်၏ ဂုဏ်ဆယ်ပါး၊ ပတ္တမြားရတနာ၏ ဂုဏ်သုံးပါး၊ စန္ဒကူးနီ၏ ဂုဏ်သုံးပါး၊ ထောပတ်ကြည်၏ ဂုဏ်သုံးပါး၊ တောင်ထွတ်၏ ဂုဏ်ငါးပါးတို့သည် နိဗ္ဗာန်သို့ သက်ဝင်ကုန်၏။*

*မင်းမြတ်၊ ပဒုမာကြာသည် ရေဖြင့်မလိမ်းကျံ သကဲ့သို့ နိဗ္ဗာန်သည် . . . ကိလေသာတို့ဖြင့် မလိမ်းကျံ . . .*



www.burmesesclassic.com

www.burmesesclassic.com



မင်းမြတ်၊ ရေသည် အေးမြသကဲ့သို့ ပူလောင်ခြင်းကို ငြိမ်းစေသကဲ့သို့ . . . နိဗ္ဗာန်သည် အေးမြ၏ . . . ရေသည် မွတ်သိပ်ခြင်းကို ပယ်ဖျောက်နိုင်သကဲ့သို့ . . . နိဗ္ဗာန်သည် ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာတည်းဟူသော မွတ်သိပ်ခြင်းကို ပယ်ဖျောက်တတ်၏ . . .

မင်းမြတ်၊ ဆေးသည် အဆိပ်ဖြင့်နှိပ်စက်ခြင်း ခံရကုန်သော သတ္တဝါတို့၏ ကိုးကွယ်ရာဖြစ်သကဲ့သို့ . . . နိဗ္ဗာန်သည် ကိလေသာ အဆိပ်ဖြင့် နှိပ်စက်ခြင်း ခံရကုန်သော သတ္တဝါတို့၏ ကိုးကွယ်ရာဖြစ်သည်။. . ဆေးသည် အနာရောဂါတို့၏ အဆုံးကို ပြုတတ်သကဲ့သို့ . . . နိဗ္ဗာန်သည် အနာရောဂါတို့၏ အဆုံးကို ပြုတတ်၏။. . ဆေးသည် အသက်ကို မသေစေနိုင်သကဲ့သို့ . . . နိဗ္ဗာန်သည် မသေစေနိုင်။ မင်းမြတ်၊ မဟာသမုဒ္ဒရာသည် . . . အကောင်ပုပ်တို့မှ ဆိတ်သုဉ်းသကဲ့သို့ . . . နိဗ္ဗာန်သည် . . . ကိလေသာ အပုပ်တို့မှ ဆိတ်သုဉ်း၏။. . မဟာသမုဒ္ဒရာသည် ကြီးကျယ်၏။ ထိုမှာ ဖက်ကမ်းမရှိ။. . မြစ်တို့ဖြင့် (စီးဝင်သော်လည်း) မပြည့်နိုင်သကဲ့သို့ နိဗ္ဗာန်သည် ကြီးကျယ်၏။ ထိုမှာဖက်ကမ်းမရှိ . . . သတ္တဝါတို့ဖြင့် မပြည့်နိုင် . . . မဟာသမုဒ္ဒရာသည် ကြီးကုန်သော သတ္တဝါတို့၏ နေရာဖြစ်သကဲ့သို့ နိဗ္ဗာန်သည် ကြီးမြတ်ကုန်သော အညစ်အကြေး ကင်းကုန်ပြီးသော၊ အာသဝေါကုန်ပြီးကုန်သော၊ (အရဟတ္တဖိုလ်တည်းဟူသော) အားအစွမ်းသို့ ရောက်ပြီးကုန်သော၊ လေ့လာပြီးခြင်း 'ဝသီဘော်'ရှိသည်ဖြစ်ကုန်သော၊ ကြီးမြတ်သော သတ္တဝါဖြစ်ကုန်သော ရဟန္တာတို့၏ နေရာဖြစ်၏။ . . . မဟာသမုဒ္ဒရာသည် မနိုင်းရှည့်အပ်သော အထူးထူး အပြားပြားပြန့်ပြောသော လှိုင်းတံပိုးတို့ဖြင့် ပွင့်မ်းသကဲ့သို့ . . . နိဗ္ဗာန်သည် မနိုင်းရှည့်အပ်သော အထူးထူး အပြားပြား ပြန့်ပြောသော အညစ်အကြေးမရှိ စင်ကြယ်သော အသိဉာဏ် 'ဝိဇ္ဇာ'လွတ်မြောက်မှု 'ဝိမုတ္တိ'ပန်းတို့ဖြင့် ပွင့်မ်း၏။

မင်းမြတ်၊ ဘောဇဉ်သည် . . . သတ္တဝါတို့အား အသက်ကို ဆောင်ထားသကဲ့သို့ . . . နိဗ္ဗာန်သည် မျက်



www.burmesesclassic.com

www.burmesesclassic.com



မှောက်ပြုသူတို့အား အိုခြင်း သေခြင်း ပျက်စီးခြင်းမှ အသက်ကို ဆောင်ထားတတ်၏ . . .ဘောဇဉ်သည် သတ္တဝါတို့အား အားကိုးတိုးစေသကဲ့သို့ နိဗ္ဗာန်သည် . . . မိမိကို မျက်မှောက်ပြုသော သတ္တဝါတို့အား တန်ခိုးအားကို တိုးပွားစေ၏။ ဘောဇဉ်သည် . . . သတ္တဝါတို့အား အဆင်းကို ဖြစ်စေသကဲ့သို့ နိဗ္ဗာန်သည် မိမိကို မျက်မှောက်ပြုသော သတ္တဝါတို့အား ဂုဏ်တည်းဟူသော အဆင်းကို ဖြစ်စေတတ်၏။ . . . ဘောဇဉ်သည် သတ္တဝါ၏ပူပန်ခြင်းကို ငြိမ်းစေသကဲ့သို့ နိဗ္ဗာန်သည် မိမိကို မျက်မှောက်ပြုသော သတ္တဝါတို့၏ ကိလေသာတည်းဟူသော ပူပန်မှု အားလုံးကို ငြိမ်းစေတတ်၏။. . ဘောဇဉ်သည် သတ္တဝါတို့၏ ငတ်မွတ်ခြင်း အားနည်းခြင်းကို ပယ်ဖျောက်သကဲ့သို့ . . . နိဗ္ဗာန်သည် မိမိကို မျက်မှောက်ပြုသော သတ္တဝါတို့၏ ဆင်းရဲတည်းဟူသော ဆာလောင်အားနည်းမှုကို ပယ်ဖျောက်တတ်၏ . . .

မင်းမြတ်၊ ကောင်းကင်သည် ပဋိသန္ဓေမနေ၊ မအိုမသေ မစုတေ မဖြစ်ပေါ် မညှင်းဆဲ ပုတ်ခတ်နိုင်ရန် ခဲယဉ်း၏။ ခိုးသူတို့ မယူဆောင်နိုင်၊ တစ်စုံတစ်ရာအမှီမရှိ၊ ငှက်အပေါင်းတို့ ပျံတက်သွားရောက်ရာဖြစ်၏။ အပိတ်အပင်မရှိ၊ အဆုံးမရှိသကဲ့သို့ နိဗ္ဗာန်သည် ပဋိသန္ဓေမနေ မအိုမသေ မစုတေ မဖြစ်ပေါ် သူတစ်ပါးတို့ မညှဉ်းဆဲနိုင် ခိုးသူတို့ မယူဆောင်နိုင်၊ တစ်စုံတစ်ရာ အမှီမရှိ၊ အရိယာပုဂ္ဂိုလ်တို့၏ သွားရာဖြစ်၏။ အပိတ်အပင်မရှိ အဆုံးမရှိ။

မင်းမြတ်၊ ပတ္တမြားရတနာသည် အလိုရှိရာ ပေးနိုင်သကဲ့သို့ နိဗ္ဗာန်သည် အလိုရှိရာ ပေးနိုင်၏။ . . . ပတ္တမြားရတနာသည် ကြည်လင်ရွှင်လန်းခြင်းကို ပြုတတ်သကဲ့သို့ နိဗ္ဗာန်သည် ထွန်းလင်းတောက်ပခြင်းကို ပြုတတ်၏။

မင်းမြတ်၊ စန္ဒကူးနီသည် ရနိုင်ခဲသကဲ့သို့ . . . နိဗ္ဗာန်သည် ရနိုင်ခဲ၏ . . . စန္ဒကူးနီသည် အတုမရှိ ကောင်းသော အနံ့ရှိသကဲ့သို့ . . . နိဗ္ဗာန်သည် အတုမရှိကောင်းသော အနံ့ရှိ၏ . . . စန္ဒကူးနီကို လူကောင်းသူကောင်းတို့ ချီးမွမ်းအပ်



www.burmesesclassic.com

www.burmesesclassic.com



*သကဲ့သို့ . . . နိဗ္ဗာန်ကို အရိယာ သူတော်ကောင်းတို့ ချီးမွမ်းအပ်၏ . . .*

*မင်းမြတ်၊ ထောပတ်ကြည်သည် အဆင်းနှင့် ပြည့်စုံသကဲ့သို့ နိဗ္ဗာန်သည် ဂုဏ်တည်းဟူသော အဆင်းနှင့် ပြည့်စုံ၏ . . . ထောပတ်ကြည်သည် အနံ့နှင့် ပြည့်စုံသကဲ့သို့ . . . နိဗ္ဗာန်သည် သီလတည်းဟူသော အနံ့နှင့် ပြည့်စုံ၏ ထောပတ်ကြည်သည် အရသာနှင့် ပြည့်စုံသကဲ့သို့ . . . နိဗ္ဗာန်သည် လွတ်မြောက်မှု 'ဝိမုတ္တိ' အရသာနှင့် ပြည့်စုံ၏ . . .*

*မင်းမြတ်၊ တောင်ထွတ်သည် အလွန်မြင့်တက်သကဲ့သို့ နိဗ္ဗာန်သည် အလွန်မြင့်တက်၏ . . . တောင်ထွတ်သည် မတုန်မလှုပ် သကဲ့သို့ . . . နိဗ္ဗာန်သည် မတုန်မလှုပ်. . .တောင်ထွတ်သည် တက်ရောက်နိုင်ခဲ သကဲ့သို့ . . . နိဗ္ဗာန်သည် ကိလေသာတို့ တက်ရောက်နိုင်ခဲ၏ . . . တောင်ထွတ်သည် မျိုးစေ့တို့၏ ပေါက်ရောက်ကြီးပွားရာ မဟုတ် သကဲ့သို့ နိဗ္ဗာန်သည် . . . ကိလေသာတို့၏ ပေါက်ရောက်ကြီးပွားရာ မဟုတ် . . . တောင်ထွတ်သည် ချစ်ခြင်း မုန်းခြင်းမှ ကင်းလွတ်သကဲ့သို့ . . . နိဗ္ဗာန်သည် ချစ်ခြင်း မုန်းခြင်းမှ ကင်းလွတ်၏။*

ပြန်၍ကောက်ပါဦးအံ့။ ဗုဒ္ဓများ၊ ဗောဓိသတ္တများကို ပူဇော်ပသပုံ၊ ဘာဝနာပွားပုံကို ဆက်ပါဦးအံ့။ ထိုအစီအရင်သည် ဆရာဂုရု သင်ကြားသည့်အတိုင်း စံနစ်တကျဖြစ်ရလေသည်။ သို့မဟုတ်ပါက မဟာသုခ မဆိုက်ဘဲ လူ့လောကဉ္စပြည့်ပြည့်စုံစုံ မဖြစ်ဘဲ ရှိတတ်လေသည်။ ပူဇော်ရမည့် ဗုဒ္ဓများ၊ ဗောဓိသတ္တများသည်လည်း ပါလ–သေနခေတ်တွင် အမျိုးစုံလှပေသည်။ ထိုရုပ်ပွားများသည် ကျောက်သတ္တုပေါ်တွင် ထွင်းထု၍သော်လည်းကောင်း၊ အဝတ်၊ စက္ကူစသည်ပေါ်တွင် ရေးဆွဲဆေးခြယ်၍သော်လည်းကောင်း ရှိတတ်သည်။

ထို့ပြင် ထိုအရုပ်များသည် အခြံ အရံတို့နှင့်တကွ အဝန်းအဝိုင်း (မဏ္ဍလ) အတွင်း၌လည်းကောင်း၊ ဆိုင်ရာလက်အနေအထား (မုဒြာ)ဆိုင်ရာ ကိုယ်နေကိုယ်ထားဖြင့် လည်းကောင်း၊ ထုလုပ်ရေးဆွဲ ထားတတ်ကြလေသည်။



www.burmesesclassic.com

www.burmesesclassic.com



ရှေးဦးစွာ ပူဇော်မည့်သူသည် ထိုရုပ်ပွားများကို ပန်းနံ့သာ တံခွန်ကုက္ကားတို့ဖြင့် ပြင်ဆင်ထားရလေသည်။ ပူဇော်မည့်သူလည်း ပူဇော်ရန်အတွက် စီမံထားသော စည်းဝိုင်းအတွင်းသို့ (ကြင်ဖက်နှင့်အတူ) ဝင်ရတတ်သည်။ ထိုဗုဒ္ဓနှင့်ဗောဓိသတ္တအသီးသီးအတွက် ပုဂ္ဂိုလ်အလိုက်ပင့်ခေါ်ရန် ဥုံ၊ ဟုံသွာဟာစသော ဗီဇ အက္ခရာများရှိလေသည်။ ပမာအားဖြင့် ဝိရောစနဗုဒ္ဓကို အာရုံပြုလိုသည်ဆိုအံ့၊ ပူဇော်သူသည် ဝိရောစနဗုဒ္ဓကို ဓမ္မစကြာတရားဟောနေဟန် တင်ပလ္လင်ခွေထိုင်နေဟန် ထင်မြင်လာအောင် ဥုံခံ၍ ဆိုင်ရာ မန္တန်ကို ရွတ်ရလေသည်။ မန္တန်တွင် ဗုဒ္ဓ၏တန်ခိုးတေဇာသက်ဝင်နေသည်။ ထိုအခါ ဗုဒ္ဓ၏တန်ခိုးတေဇာများသည် မိမိ၏အတွင်းသန္တာန်သို့ စိမ့်ဝင်လာလေသည်။ အဆုံးတွင်ကား မိမိနှင့် ဝိရောစနဗုဒ္ဓ။ ဝိရောစနဗုဒ္ဓနှင့် မိမိမကွဲမပြား တသားတည်းဖြစ်လာရလေသည်။ တစ်နည်းဆိုသော် ပူဇော်သူ၊ ပူဇော်ရာဝတ္ထု၊ ပူဇော်ခြင်းအမှု ဤသုံးခုသည် မကွဲမပြား တစ်သားတည်း ဖြစ်လာရသည်။

ဤတွင် သတိပြုရန် အချက်တစ်ခုရှိလေသည်။ ဝိရောစနဗုဒ္ဓသည် အာဒိဗုဒ္ဓ၏ အသွင်တစ်မျိုးပင်ဖြစ်သည်။ အာဒိဗုဒ္ဓသည်လည်း သုညဏ်၏ သရုပ်သာဖြစ်သည်။ ထို့ကြောင့် မည်သည့်ရုပ်သွင်ပင် မိမိ၏စိတ်၌ ထင်လာစေကာမူ ထိုရုပ်သွင်သည် သုညသာ ဖြစ်သည်။ ဤသဘောကို အစကတည်းကပင် နှလုံးသွင်းထားရသည်။ ဝိရောစနဗုဒ္ဓနှင့် မိမိတစ်ပူးတစ်ပေါင်းတည်း ဖြစ်လာသည့်အခါ၌လည်း သုညသဘောဝင်ပြီးသားရှိရမည်ဖြစ်သည်။

သုညသာလျှင် ပရမတ်ဓာတ်၊ ပရမတ်သစ္စာဖြစ်လေသည်။ အဝလောကိတေသရ ဗောဓိသတ္တ၊ ဝိရောစနဗုဒ္ဓတို့ကား သမုတိသစ္စာနယ်တွင် ရှိကြသည်။

သမုတိသစ္စာကို သုညနည်းဖြင့် တင်ကြည့်လိုက်လျှင် မုချမရှိ။ စိတ်လောက၏ သရုပ်သာဖြစ်တော့သည်။ ဝဇိရယာန– တန္တရဝါဒသည်လည်း ဤအဓိပ္ပါယ်ဆောင်ပါသည်။ သုညသည် ဝဇိရ– ဝရဇိန်ပင်ဖြစ်သည်။ ဝရဇိန်သည် ခွဲစိတ်ဖောက်ထွင်း၍မရ၊ လောင်ကျွမ်းပျက်စီးခြင်းမရှိ။ မာကျန့်သည်ဟူ၍ အဓိပ္ပါယ်ထွက်သည်။ တစ်ဖန်၊ ဝဇိရတည်းဟူသော သုည၊ သုညတည်းဟူသော ဝဇိရသည် လောကနှင့်တစ်ခြားစီ၊ တစ်ကန့်စီ။ တစ်လွှာစီ၊ တစ်စားစီမဟုတ်။ သုညနှင့်လောကသည် (တစ်ခုနှင့်တစ်ခု)



www.burmesesclassic.com

www.burmesesclassic.com



ဝင်ရောက်ထွေးယှက်နေသော အစဉ်အလာရှိလေသောကြောင့် တန္တရဟူ၍ ခေါ်ရပြန်သေးသည်။

ထိုကြောင့် တန္တရဝါဒီတို့အဖို့၊ ကောင်းမှုကုသိုလ်၊ မကောင်းမှု အကုသိုလ်ဟူ၍ သီးသီးသန့်သန့် ဝေကန်ပြော၍မရကောင်း၊ ကောင်းသည် ကုသိုလ်ဖြစ်သည် ဆိုသည်မှာလည်း ပရမတ်သစ္စာ (အမှန်) မဟုတ်။ ဆိုးသည် အကုသိုလ်ဖြစ်သည်ဆိုသည်မှာလည်း ပရမတ်သစ္စာ (အမှန်) မဟုတ်။ အမှုတစ်ခု အခြင်းအရာတစ်ချက်သည် အရာဌာနကိုလိုက်၍၊ ကာလဒေသကိုကြည့်၍၊ ကောင်းတတ်၊ အကျိုးရှိတတ်သကဲ့သို့ ထိုအမှု ထိုအခြင်းအရာပင်လျှင် အရာဌာနကိုလိုက်၍၊ ကာလဒေသကိုကြည့်၍ ဆိုးတတ် အကျိုးမဲ့ဖြစ်တတ်လေသည်။

ပမာအားဖြင့်၊ စိန်သည် အဆိပ်ဖြစ်စေတတ်၏။ သို့သော်လည်း ကာလသားရောဂါ ကုသရာတွင် စိန်ပါသောဆေးကိုပင် သုံးရလေသည်။ ထို့အတူ မြွေကိုက်လျှင် မြွေဆိပ်ကိုပင် ထိုးပေးခြင်းအားဖြင့် ကုသသောနည်းသည် အလွန်အစွမ်းထက်လေသည်။ လူ့အမှုကိစ္စသည်လည်း ဤသဘောရှိလေသည်။ ကိလေသာ ကာမဂုဏ်တို့သည် သာမန်အားဖြင့် ရွံ့ရှာထိတ်လန့်ဖွယ်ရာဖြစ်လေသည်။ သို့သော်လည်း (တန္တရဝါဒီတို့အမြင်တွင်) ကိလေသာ ကာမဂုဏ်နှင့် ဆက်ဆံရင်းက တရားသိမြင် ပေါက်ရောက်နိုင်လေသည်။ အရေးကြီးသည်မှာ စိတ်ဓာတ်စင်ကြယ်မှုပင် ဖြစ်သည်။ ပညာနှင့် ကရုဏာ တစပ်တည်းဖြစ်နေသော၊ ဗောဓိစိတ္တ (ဗောဓိစိတ်) ရှိနေမှုပင် ဖြစ်သည်။ ဂေါတမဗုဒ္ဓဘုရား သက်တော်ထင်ရှားရှိစဉ်က၊ စက္ခုပါလမထေရ်သည် မျက်စိမမြင်လေ။ မမြင်လင့်ကစား ကျောင်းသင်္ခမ်းအနီး၌ စင်္ကြံသွားလေ့ရှိသည်။ တရံခါ၌ မိုးရွာပြီးစဖြစ်၍ မြေကြီးမှ ပိုးပရန်တို့ ထကုန်၏။ တပည့်ရဟန်းတို့သည် စက္ခုပါလမထေရ် စင်္ကြံကြွရာလမ်းကို တမြက်မလှည်းမိ။ စက္ခုပါလမထေရ်သည် ပိုးပရန်များကို နင်းမိလေ၍ ပိုးပရန်တို့ သေကျေပျက်စီး ကြလေသည်။ ပိုးပရန်တို့ သေကျေပျက်စီးသည်ကား မှန်ပေ၏။ စက္ခုပါလမထေရ်တွင် သေကျေလိုသော ဆန္ဒ မရှိဖြစ်၍ အကုသိုလ်မဖြစ်။

ဝဇိရယာန– တန္တရဝါဒီတို့သည် စိတ်စေတနာကို အလေးပြုကာ၊ ကောင်းသည်ဆိုးသည် မြင့်မြတ်သည် နိမ့်ကျသည် စသည်ဖြင့် သတ်မှတ်ကြလေသည်။ ထို့ကြောင့် အိမ်ရာထောင်ခြင်း အမှုသက်သက်ကို (ရှာသူ



www.burmesesclassic.com

www.burmesesclassic.com



များ၏ အလုပ်ဟူ၍) သူတို့က အထင်မသေး။ ကိုယ်ခန္ဓာကို အပုပ်ကောင် ဟူ၍ အနိမ့်အကျမထား။ အိမ်ရာထောင်ရင်း၊ ကိုယ်ခန္ဓာဝန်ကို ဆောင်ရင်း တရားမြင်အောင် ကြိုးစားကြလေသည်။ တရားရှုရေးအတွက် ကိုယ်ခန္ဓာ ကိုပင် အရေးတကြီး သဘောထားကြသည်။ (ဂေါတမ) ဗုဒ္ဓဘုရားရှင် ကိုယ်တိုင်က . . .

> လောကသည်လည်းကောင်း၊ လောက၏ ဖြစ်ကြောင်း သည်လည်းကောင်း၊ လောက၏ချုပ်ရာ နိဗ္ဗာန်သည်လည်း ကောင်း၊ တစ်လံမျှလောက် ရှည်လျားသော ဤခန္ဓာကိုယ် အတွင်း၌သာရှိသည်။

ဟူ၍ ဟောမြွက်ခဲ့သည် မဟုတ်လော။ တန္တရဝါဒီတို့သည် တရားရှုရေး အတွက် ကိုယ်ခန္ဓာကို ဝရဇိန်- စိန်ကျောက်ကဲ့သို့ ကြံ့ခိုင်အောင် လုပ်ကြ လေသည်။

တန္တရဝါဒီတို့သည် ယောဂနည်းဖြင့် တရားမြင်အောင် ကိုယ် ခန္ဓာကို အသုံးချပါလေသည်။ ကိုယ်ခန္ဓာ၏ ကျောရိုးဘယ်ဘက်တွင် အာရုံကြောတစ်ခု၊ ညာဘက်တွင် အာရုံကြောတစ်ခု ရှိပါ၏။ ဘယ်ဘက် က အာရုံကြောသည် 'ပညာ'နှင့်လည်းကောင်း၊ ညာဘက်က အာရုံကြော သည် 'ဥပါယ' နှင့်လည်းကောင်း ဆိုင်လေသည်။ ကမ္မဋ္ဌာန်းထိုင်သူ ယောဂီသည် ပညာနှင့် ဥပါယကို ပေါင်းစည်းမိအောင် တရားရှုရလေ သည်။ ပေါင်းစည်း မိသည့်အခါ ဗောဓိစိတ္တ (ဗောဓိစိတ်) ဖြစ်လေသည်။ ထိုစိတ်အဟုန်သည် အလယ်အာရုံကြောမှ အထက်သို့ပျံတက်ရလေသည်။ အထက်သို့တက်ရာ၌၊ ကိုယ်ခန္ဓာရှိ စိတ်ဓာတ်အား ဗဟိုချက်များကို ဖြတ် သွားရလေသည်။ ထိုစိတ်ဓာတ်အား ဗဟိုချက်များကို 'ပဒုမာကြာ'ဟူ၍ ခေါ်လေသည်။ ဗောဓိစိတ္တ(ဗောဓိစိတ်)သည် ထိုဗဟိုချက်များသို့ ဝင်သည့် အလျောက် ကြာပွင့်လေသည်။ တန်ခိုးတေဇာဖြစ်လေသည်။ 'ပဒုမာကြာ' ခေါ်သော စိတ်ဓာတ်အား ဗဟိုချက်များသည် ချက်နေရာတစ်ဝိုက်တွင် လည်းကောင်း၊ နှလုံးနေရာတစ်ဝိုက်တွင် လည်းကောင်း၊ လယ်မျိုနေရာ တစ်ဝိုက်တွင် လည်းကောင်း၊ နဖူးနေရာတစ်ဝိုက်တွင် လည်းကောင်း ရှိ လေသည်။ ကမ္မဋ္ဌာန်းထိုင်သူ ယောဂီသည် အောက်ဆုံးချက်နေရာမှနေ၍ အလယ်အာရုံကြောမှ တစ်ဆင့်၊ ဗောဓိစိတ္တ(ဗောဓိစိတ်) ကို အထက်သို့ပျံ့နှံ့ ရအောင် အသက်ရှူအထုတ်၊ သွေးအသွားအလာ ထိန်းရလေသည်။



www.burmesesclassic.com

www.burmesesclassic.com



ဗောဓိစိတ္တ(ဗောဓိစိတ်) သည် နဖူးနေရာ 'ကြာ' သို့ရောက်သည့်အခါ အလင်းရလေတော့သည်။ မဟာသုခ ဖြစ်လေသည်။ သမ္မာသမ္ဗောဓိဉာဏ် ဆိုက်လေသည်။ ဤသည်ကား မဟာယာနမှ တိုးပွားလာသော ဝဇိရယာန –တန္တရလုပ်ထုံးတို့ပင် ဖြစ်လေသည်။

ထိုဝဇိရယာန– တန္တရဝါဒသည် အေဒီရှစ်ရာစုမှ အေဒီဆယ့်နှစ်ရာစုအထိ၊ အိန္ဒိယအရှေ့ပိုင်း၊ ဗင်္ဂလား–ဗီဟာဒေသတွင် ထွန်းကားခဲ့လေသည်။ ထိုအခါ နာဠန္ဒကျောင်းကြီးကလည်း အရှိန်အဟုန် အလွန်ကြီးမားလေသည်။ အခြားကျောင်းများလည်း တိုးပွားလာခဲ့သည်။ တစ်ဖန် ထိုများပြားလှစွာ၏။ အထူးသဖြင့် ကျောက်မျက်ရတနာများဖြင့် တန်ဆာဆင်ထားသော မကိုဋ်မွေဆောင်း၊ ဗုဒ္ဓရုပ်တု၊ ရုပ်ပွားတော်ပို၍ များပြားခဲ့လေသည်။

တစ်ခုရှိသည်မှာ လူအများကြားတွင် တန္တရဆိုင်ရာရုပ်တု ကိုးကွယ်မှုသည် ဗြာဟ္မဏဟိန္ဒူဘာသာ ရုပ်ထုကိုးကွယ်မှုနှင့် ရောရောနှောနှော ဖြစ်လာခဲ့လေသည်။ တန္တရသာသနာကို ဗြာဟ္မဏဟိန္ဒူသာသနာက လွှမ်းမိုးလာမယောင် ရှိလေသည်။ ထိုအတွင်း စစ်ရေးမက်ရေး ပေါ်လာတော့သည်။ အိန္ဒိယအနောက်ဘက်မှ ဝင်ရောက်ခဲ့သော လူမျိုးခြား ဘာသာခြားတို့သည် ဝါလသေနမင်းဒေသများကို တိုက်ခိုက်လာခဲ့သည်။ ထိုသူတို့သည် ဗုဒ္ဓဘာသာဗြာဟ္မဏ ဟိန္ဒူဘာသာကို မနှစ်မြို့။ ထို့ပြင် နာဠန္ဒကျောင်းအပါအဝင် ကျောင်းတော်များတွင်ရှိသော အဖိုးတန်ဆင်းတု၊ ရုပ်ပွားများကို လိုချင်တပ်မက်သည်။ ထို့ကြောင့်စစ်ရေးဖြင့် ပါလသေနမင်းတို့အပေါ် အနိုင်ရအောင် ပြုလေသည်။ နာဠန္ဒကျောင်းကို လုယက်ဖျက်ဆီးလေသည်။ ပိဋကတ်တိုက်ကို မီးရှို့လေသည်။ မဟာယာန၊ ဝဇိရာယာန တန္တရ သာသနာသည်လည်း ဂင်္ဂါ–ယမုံနာမြစ်ဝှမ်းမှ မှေးမှိန်ခဲ့ရပေ၏။ ရဟန်းသံဃာအများသည်လည်း ပြည်ပတွင် ခိုကြရပေ၏။ ယခုသော် အိန္ဒိယမြောက်ဘက်၊ အနောက်မြောက်ဘက်၊ အာရှအရှေ့ဖျားဘက်၊ အရှေ့တောင်အာရှဘက်ရှိ၊ ဗုဒ္ဓသာသနာကို ကြည့်ကြကုန်အံ့။

။



www.burmesesclassic.com

www.burmesesclassic.com

# ဗုဒ္ဓသာသနာ (မြောက်ပိုင်းဒေသများ)

ဗုဒ္ဓသာသနာပြန့်ပွားရာ အိန္ဒိယမြောက်ဘက်ဒေသနှင့် အနောက်မြောက်ဘက်ဒေသများသည် နီပေါ၊ တိဗက်၊ အာဖဂန်နီစတန်နှင့် အာရှအလယ်ပိုင်းဖြစ်၍၊ ဗုဒ္ဓသာသနာပြန့်ပွားရာ အာရှအလယ်ပိုင်းဒေသများသည် တရုတ်၊ ကိုရီးယားနှင့် ဂျပန်ဖြစ်ကြသည်။

နီပေါသည် ဂေါတမဗုဒ္ဓဖွားမြင်ရာဒေသဖြစ်လေသည်။ သို့သော်လည်း ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်က၊ ထိုဒေသတွင် သာသနာမည်မျှပြန့်ပွားခဲ့သည်ဟု အတတ်မသိရလေ။ သိရသလောက်မှာ ဗုဒ္ဓသည် သမ္မာသမ္ဗောဓိဉာဏ်ရ၍ နှစ်အနည်းငယ်အတွင်း၊ ကပိလဝတ်မင်း နေပြည်တော်သို့ပြန်ကာ၊ ဆွေတော်မျိုးတော်များနှင့် အခြားပြည်သူများကို တရားဟောခဲ့ခြင်းပင် ဖြစ်သည်။ ဗုဒ္ဓလွန်၍ နှစ်ပေါင်းသုံးရာ အကြာတွင်ကား၊ အသောကမင်းသည် (နီပေါဒေသအတွင်းရှိ) လုမ္ဗိနီဥယျာဉ်သို့ ကြွရောက်ကာ၊ ဘုရားဖွားမြင်ရာ အထိမ်းအမှတ်အဖြစ် ကျောက်တိုင်စိုက် ကျောက်စာထိုးခဲ့ဖူးလေသည်။ ယခုတိုင်မြင်တွေ့ရသော ဇောဓိနတ်စေတီ**(ပုံ ၂၁)**၊ သယမ္ဘူနတ် စေတီတို့သည် ထိုခေတ်လောက်ကပင် တည်ခဲ့သော ဘုရားပုထိုးတို့ပင် ဖြစ်ဟန်တူလေသည်။ တစ်ဖန် အေဒီလေးရာစုတွင် အရှင်ဝါသုဗန္ဓုသည် တရားဓမ္မဟောရန် နီပေါသို့ ကြွရောက်ခဲ့ဖူးလေသည်။

ဤတွင် ဗုဒ္ဓသာသနာ အရှိန်ရလာသော အခါကာလသည် အေဒီခုနစ်ရာစုမှ စလေသည်။ နီပေါဘုရင် အံသုဝါမန်၏ သမီးတော်သည် တိဗက်ပြည်ရှင် ဆရန်စန်ဂံပိုနှင့် လက်ထပ်လေသည်။ နီပေါနှင့် တိဗက်



www.burmesesclassic.com

www.burmesesclassic.com



သည် ဘာသာသနာရေးတွင် အဆက်အသွယ် များလာလေသည်။ တစ်ဖန် နာဠန္ဒကျောင်းကြီး ပျက်စီးသည့်အခါ၊ ဗင်္ဂလား–ဗီဟာဘက်မှ သံဃာအများသည် နီပေါသို့ခိုဝင်လာကြသည်။ ထိုပုဂ္ဂိုလ်များနှင့်အတူ သက္ကတဘာသာရေး ဗုဒ္ဓစာပေကျမ်းဂန်များ ပါလာကြလေသည်။ ထို ပုဂ္ဂိုလ်များ၏ ကျေးဇူးကြောင့် နီပေါတွင် မဟာယာန၊ ထို့နောက် ဝဇိရ ယာန တန္တရဝါဒသည် အမြစ်တွယ်ခဲ့လေသည်။ တိဗက်ဒေသသည်လည်း ထိုဝါဒများကို နီပေါမှတစ်ဆင့် ရပြန်လေသည်။

တိဗက်ဒေသတွင် မူလက၊ ဘုန်ခေါ် နတ်မိစ္ဆာကိုးကွယ်မှု ဘာ သာ သာ ရှိခဲ့လေသည်။ အေဒီခုနစ်ရာစုတွင်ကား (ဆိုခဲ့သည့်အတိုင်း) တိဗက်ဘုရင် ဆရုန်စံဂံပိုသည် နီပေါမင်းသမီး၊ တရုတ်မင်းသမီး ပေါင်း နှစ်ဦးနှင့် လက်ထပ်လေသည်။ ထို မင်းသမီးများသည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြလေရာ ဘုရင်သည်လည်း ဗုဒ္ဓဘာသာဝင် ဖြစ်လာလေသည်။ ထို ဘုရင်သည် သံတမန်များကို အိန္ဒိယသို့ စေလွှတ်စေကာ ဗုဒ္ဓဘာသာစာပေ များကို လေ့လာစေသည်။ အိန္ဒိယအက္ခရာကို သုံး၍ တိဗက်စာ အရေး အသား တိုးပွားအောင် ကြိုးပမ်းလေသည်။

အေဒီ ရှစ်ရာစုနှစ်၌ကား အရှင်သန္တရက္ခိတ။ ထို့နောက် ပဒုမ သမ္ဘဝ ရောက်လာ၍ ဝဇိရယာန – တန္တရအယူဝါဒကို ပျိုးထောင်လေ သည်။ ထိုအယူဝါဒတွင် ဂါထာမန္တရား အစီအရင်များ ပါလာသည် ဖြစ်ရာ ပင်ရင်း ဘုန်ဝါဒနှင့် ရောနှောမိလေသည်။ ဘုန်ဝါဒမှ နတ်ဘီလူးများ လည်း တန္တရအထဲသို့ ဝင်လာခဲ့လေသည်။ ရှင်ပဒုမသမ္ဘဝတို့ ပျိုးထောင် သော တန္တရဝါဒသည်လည်း နောင်အခါ ဦးထုပ်နီဆောင်းဂိုဏ်း ဟူ၍ ထင်ရှားလာခဲ့လေသည်။

တစ်ဖန် အေဒီဆယ့်တစ်ရာစုနှစ်တွင် နာဠန္ဒကျောင်းတော်ကြီးမှ ရှင်အတိသသည် တိဗက်သို့ ကြွရောက်လာကာ၊ တန္တရအယူဝါဒကို စင် ကြယ်အောင် အားထုတ်လေသည်။ အေဒီဆယ့်လေးရာစုနှစ်တွင် ရှင်အတိ သ၏ ပြုပြင်ရေးကို အမှီပြုကာ၊ ရှင်ဆုန်ကပါသည် ထပ်မံပြုပြင်၍ ဂီလပ်ပါ ဂိုဏ်း တည်ထောင်ပြန်လေသည်။ ထိုဂိုဏ်းသည် ဦးထုပ်ဝါဆောင်းဂိုဏ်း ဟူ၍ အမည်တွင်လေသည်။ ထိုဂိုဏ်းသည် ဂန္ထဓုရ (ကျမ်းဂန်လေ့လာရေး) ဘက်သို့ အလေးပြုလေသည်။ ထိုဂိုဏ်းသည် သာသနာရေးတွင်သာမက နိုင်ငံရေးတွင်လည်း လွှမ်းမိုးလာလေသည်။ ထိုဂိုဏ်းနှင့်စပ်၍ အရေးကြီး



www.burmesesclassic.com

www.burmesesclassic.com



သည်မှာ ဂိုဏ်းသာသနာပိုင်ကို (ဗောဓိသတ္တနတ်သား) အဝလောကိတေ
သရ ဝင်စားလေသည်ဟု အယူရှိခြင်း ဖြစ်လေသည်။ သို့ဖြစ်ရာ (သမုဒ္ဒရာ
ကဲ့သို့ကြီးသော ဘုန်းကြီး –ဒလိုင်မာဖြစ်သူ) ရဟန်းမင်း ခန့်အပ်သော
အစဉ်အလာပေါ်ပေါက်ခဲ့တော့သည်။ ထိုအစဉ်အလာသည်လည်း နှစ်ဆယ်
ရာစုနှစ်အလယ်ထိ ရှင်သန်ခဲ့လေသည်။

စပ်မိ၍ ဆိုရလျှင် အဝလောကိတေသရ (ဝါ– ပဒုမပါဏိ) ကို
ရည်မှန်း၍ ဆုတောင်းရွတ်ဆိုကြသော ဂါထာတစ်ပုဒ်သည် တိဗက်ပြည်
သူများ အကြားတွင် ပျံ့နှံ့နေခဲ့လေသည်။ ထိုဆုတောင်းဂါထာမှာ အခြား
မဟုတ်။ ဉုံ မဏိပဒုမဟုံ [ကြာပဒုံ (ပ္လတ္တိလိင်) ဝယ်ကိန်းဝပ်သော ရတနာ
(ပုလ္လိင်) ကို ကန်တော့ပါ၏။ ဝါ၊ လောကဉ္ဇ ရှိသော ဘုရားကို ကန်တော့
ပါ၏] ဟူ၍ ဖြစ်လေသည်။ ထိုဂါထာကို စက္ကူစသည်တို့တွင် ရေးသား
ခွေလိပ်၍၊ ဆုတောင်း – ဘီးအတွင်းတွင် ထည့်ထားတတ်ကြသည်။ ဆု
တောင်းဘီးကို လက်တွင်ကိုင်၍သော်လည်းကောင်း၊ ရေအား လေအားနှင့်
တိုက်ဆိုင်စေ၍ သော်လည်းကောင်း၊ လည်အောင် ပြုလုပ်တတ်ကြလေ
သည်။ ရည်ရွယ်ချက်မှာ ဆုတောင်းဘီးလည်သလောက် ကုသိုလ်ရသည်။
ဘေးအန္တရာယ်ကင်းသည် မည်၏။

ထိုပြင် ယက် – ယုံ (အဖေ အမေ) ခေါ် မိန်းမနှင့် ယောကျ်ား
ဖက်နေသော ရုပ်တုမျိုးကို ထုလုပ်တတ်ကြသေးသည်။**(ပုံ ၂၂)**။ အဓိပ္ပါယ်
မှာ ပညာ (ပ္လတ္တိလိင်) နှင့် ဥပါယ (ပုလ္လိင်) တို့ ပေါင်းစည်းရေးပင်ဖြစ်
သည်။ ထိုရုပ်တုများကိုလည်း ပြည်သူအများ ရည်မှန်း အာရုံပြုတတ်ကြ
သေးသည်။ ထိုရုပ်တု၊ ထိုဆုတောင်းဘီးတို့ ရှိသည်နှင့်အမျှ ရှင်လူအများ
သတိပြုမိအောင် ဘုန်းကြီးကျောင်း နံရံများတွင် ပဋိစ္စ သမုပ္ပါဒ်စက်လည်
ဟန် သရုပ်သဏ္ဌာန် ရေးခြယ်ထားရှိသည်ကိုလည်း တွေ့နိုင်လေသည်။
**(ပုံ ၂၃)**။

ဤသည် နီပေါနှင့် တိဗက်ဘက်သို့ ဗုဒ္ဓသာသနာ ပြန့်ပွားလာပုံ
ဖြစ်၏။ အိန္ဒိယမြောက်ဘက်၊ ထို့နောက် အာရှအလယ်ပိုင်း၊ ထို့နောက်
အာရှအရှေ့ပိုင်းသို့ ပြန့်ပွားပုံကိုကား အာဖဂန်နီစတန်ဒေသမှ စရမည် ဖြစ်
လေသည်။ မောရိယမင်း မင်းဆက် အသောကမင်းသည် ရဟန်းများကို
သာသနာပြုရန် အရပ်ရပ်သို့ စေလွှတ်ခဲ့ရာတွင်၊ အာဖဂန်နီစတန် ဒေသ
လည်းပါခဲ့လေသည်။ ထိုအခါမှစ၍ သာသနာသည် အမြစ်တွယ်ခဲ့လေရာ



www.burmesesclassic.com

www.burmesesclassic.com



ကုသျှန်မင်းများလက်ထက်တွင် ထုနှင့်ထယ်နှင့် ဖြစ်လာလေသည်။ ကျောက်ဆစ်ပန်းပု ထုလုပ်မှုအတတ်ပညာ တိုးတက်လာသလောက်၊ ဗုဒ္ဓရုပ်ပွားများကိုလည်း ထုလုပ်မှုသည်လည်း များပြားလာခဲ့သည်။

ဤတွင် အာဖဂန်နီစတန်ဒေသတစ်ဝိုက်တွင် ရုပ်ပွားဆင်းတု ထုလုပ်သောဟန်ကို ဂန္ဓာရအနုပညာခေါ်တွင်ကြောင်း ယခင်က ဖော်ပြခဲ့ပြီး ဖြစ်ပေသည်။ အာဖဂန်နီစတန်၏ လက်ရှိမြို့တော် ကဗူး၏အနောက်မြောက်တွင် နီကျင့်ကျင့်တောင်တန်းများရှိသည်။ ထိုတောင်တန်းများ ဝိုင်းရံလျက် စိမ်းလန်းစိုပြေနေသော တောင်ကြားလမ်းလည်းရှိသည်။ ထိုနေရာသည် ဗာမီယန်ခေါ်သော နေရာပေတည်း။**(ပုံ ၂၄)** ထိုနေရာတွင် ရဟန်းသံဃာတို့သည် တောင်ကိုထွင်း၍ ကျောင်းသင်္ခမ်းပြုလုပ်တတ်ကြလေသည်။ လက်မှုပညာသည်များသည်လည်း ဆင်းတုရုပ်ပွား ထုလုပ်တတ်ကြလေသည်။ ထိုနေရာရှိ တစ်ရာ့ခုနစ်ဆယ့်သုံးပေ ဉာဏ်တော်အမြင့်ရှိ ဗုဒ္ဓဆင်းတုတော်ကြီးသည် သူတို့ထုလုပ်သော လက်ရာတစ်ခုဖြစ်လေသည်။ **(ပုံ ၂၅)** ပိုးချည်လမ်းမကြီးသည်လည်း ထိုဗာမီယန်နေရာကို ဖြတ်ကျော်၍ အာရှအလယ်ပိုင်းဒေသ သဲကန္တာရမြေ၊ စိမ်းလန်းစိုပြေသည့် မြေများသို့ ဦးတည်လေသည်။ ထိုအခါ ရဟန်းလည်း ရဟန်းအလျောက်၊ ကုန်သည်လည်း ကုန်သည်အလျောက် ထိုလမ်းကြောင်းမှ ဗုဒ္ဓသာသနာကို သယ်ဆောင်သွားကြလေသည်။

အာရှအလယ်ပိုင်းတွင် ကီဇီး(ကုချာဒေသ)၊ တုဖန်ဒေသ၊ ခေါ်တန်ဒေသတို့တွင် ဗုဒ္ဓသာသနာ အလွန်ထွန်းလင်းလေသည်။ ကီဇီးရှိ ရုပ်တုများ၊ နံရံဆေးရေးပန်းချီများသည် အိန္ဒိယဩဇာသန်း၍ လည်းကောင်း၊ တုဖန်ရှိ ရုပ်တုများ၊ နံရံဆေးရေးပန်းချီများသည် တရုတ်ဩဇာ ရိပ်သန်းလျက် လည်းကောင်း မြင်တွေ့နိုင်သည်။ အာရှအလယ်ပိုင်းနှင့် တရုတ်ဒေသအစွန်း၊ တွန်ဟွမ်အရပ်မှ ဘုရားတစ်ထောင် လိုဏ်ဂူအတွင်း၌ မြင်တွေ့နိုင်သော ရုပ်ပွားနှင့်နံရံဆေးရေးပန်းချီများမှာမူ အီရန်နှင့် အိန္ဒိယရော၊ ဂရိနှင့်ရောမပါ ဩဇာလွှမ်းနေကြပေသည်။ ကုချာဒေသနှင့် ခေါ်တန်ဒေသတို့တွင် သဗ္ဗတ္ထိဂိုဏ်းဝင် ဗုဒ္ဓဘာသာကျမ်းစာများ၊ အခြားဂိုဏ်းဝင် ဗုဒ္ဓဘာသာကျမ်းစာများကို လေ့လာနေကြသော ရဟန်းသံဃာသည် များလှသည်။ ထိုအထဲမှ ရှင်ကုမာရဇီဝကဲ့သို့ ပုဂ္ဂိုလ်မျိုးသည် ကသ္မီရတွင် ကြိုးကြိုးစားစား စာပေ သင်ခဲ့၍ မိမိရပ်ဌာန်ပြန်ရောက် စာပေပို့ချလေ



www.burmesesclassic.com

သည်။ ရှင်ကုမာရဇီဝ၏ နာမည်သတင်းကြောင့် ခေါ်တန်၊ ကရှဂါ၊ ယာကန်ဘက်မှ ရဟန်းတို့သည် ထိုအရှင်ထံတွင် စာလိုက်ကြသည်သာ များလေသည်။ သို့သော်လည်း ကုချာဒေသသည် တရုတ်ဒေသနှင့် စစ်ဖြစ်ရာတွင် သုံ့ပန်းအဖြစ် ထိုအရှင်သည် တရုတ်ဒေသသို့ ပါသွားလေသည်။

တရုတ်ဒေသဘက်တွင် ဗုဒ္ဓသာသနာရုတ်ချည်း ပျံ့နှံ့ခဲ့သည်မဟုတ်ပေ။ ထိုဒေသဘက်က လူများသည် ကွယ်လွန်ပြီးသော မိဘဘိုးဘွားတို့၏ဝိညာဏ်ကို ပူဇော်တတ်ကြသည်။ ထိုပြင် ပညာတတ်မင်းစိုးရာဇာ၊ ပညာမဲ့လယ်သမားဟူ၍ လူတန်းစားနှစ်ရပ်ဖြင့် ခိုင်ခိုင်မြဲမြဲတည်ထောင်ထားသော လူမှုအဆောက်အအုံသည် လူတန်းစားဘောင်ခတ်လွန်း၊ လောကီဆန်လွန်းသကဲ့သို့ ရှိလေသည်။ သူတို့၏ အယူအဆတွင်ကံ–ကံ၏အကျိုးတရား၊ ဘဝသံသရာမှ လွတ်မြောက်ရေးတရားသဘောမပါ။ သူတို့သည် ပစ္စုပ္ပန်ကောင်းစားရေးကို အလွန်အာရုံထားလေသည်။ ပညာရှိ ကွန်ဖူးဇီး(ဘီစီ ၅၅၁–၄၇၉)၏ ဝါဒသည် ဤသဘောကို ထိန်းမထားပေ။ တစ်ဖန် ပညာရှိ လာအိုဇီး (ဘီစီ ၆၀၅–၅၃၁) ၏ 'တာအို'ခေါ် လမ်းစဉ်သဘောလည်း ရှိပြန်လေသေးသည်။ ထိုလမ်းစဉ်သည် လောကနိယာမတရားနှင့် သဟဇာတဖြစ်အောင် နေမှုပင်ဖြစ်သည်။ ထိုလမ်းစဉ်သည်လည်း ဗုဒ္ဓဘာသာနှင့် နီးမယောင်ဖြစ်သော်လည်း မနီးခဲ့။

ဗုဒ္ဓသာသနာ တစ်စတစ်စ ပြန့်ပွားစေသော အကြောင်းနှစ်ရပ်ကား ရှိလေသည်။ ရှိပုံမှာ နှစ်အဆက်ဆက်တွင် အာရှအလယ်ပိုင်းမှ ခရီးသည်များသည် တွန်ဟွမ်'ဘုရားတစ်ထောင်လှိုဏ်ဂူ'သို့ဘေးရန်ကင်းစွာရောက်လာကြသည့်အခါ ကုသိုလ်ပြုလိုစိတ်ရှိကြသည်။ ကုသိုလ်ရအောင်ထိုဂူအတွင်း၌ ဆင်းတုရုပ်ပွားထုလုပ်စေခြင်း၊ သာသနာရေး လူမှုရေးဆိုင်ရာ ပန်းချီကို နံရံပေါ်တွင် ရေးခြယ်စေခြင်းအမှုများကို ဆောင်ရွက်ကြလေသည်။ ထိုခရီးသည်များ၊ ကုန်သည်များအထဲမှ တရုတ်ဒေသတွင် အိုးအိမ်ထူထောင်ကြသူများသည် ဗုဒ္ဓဘာသာအစဉ်အလာကို ဆက်လက်ကျင့်သုံးတတ်ကြလေသည်။

ထို့ပြင် အေဒီခြောက်ဆယ့်ငါးခုနှစ်တွင် ဟန်မင်းဆက်မှ ဘုရင်မင်းတိသည် ဗုဒ္ဓဘုရားကို အိပ်မက်တွင်ဖူးတွေ့ရသဖြင့် ခေါ်တန်ဘက်သို့ မင်းချင်းများကို စေလွှတ်ပြီးလျှင် ဗုဒ္ဓဘာသာကျမ်းစာများကို စုဆောင်းသယ်ဆောင်စေသည် ဟုအဆိုရှိလေသည်။ ထိုသူတို့အပြန်တွင် ရဟန်းနှစ်



www.burmesesclassic.com

www.burmesesclassic.com



ပါး ပါလာခဲ့ရာ ဘုရင်သည် ထိုရဟန်းနှစ်ပါးကို လိုယန်မင်း နေပြည်၌ ကျောင်းဆောက်၍ ကိုးကွယ်ခဲ့လေသည်။

ထို့နောက်ကား လလိတဝိတ္ထာရ (ဗုဒ္ဓဝင်) ကျမ်း၊ (အမိတာဘဗုဒ္ဓ အကြောင်းဖွင့်) သုခဝတီဗျူဟာကျမ်း၊ သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်၏ ထူးမြတ်မှုကို ဟောသော)သဒ္ဓမ္မပုဏ္ဍရီကကျမ်း၊ အရှင် အဿဃောသ၏ ဗုဒ္ဓစရိတ (ဗုဒ္ဓဝင်) ကဗျာစသော ဘာသာရေးစာပေများကို သက္ကတမှ တရုတ်ဘာသာသို့ ပြန်ဆိုသောလုပ်ငန်း တိုးပွားလာခဲ့သည်။ ဘာသာပြန် ဆိုသော ပုဂ္ဂိုလ်များထဲတွင် တရုတ်ဒေသသို့ သံ့ပန်းအဖြစ်ရောက်ခဲ့သော ရှင်ကုမာရဇီဝ ပါလေသည်။

တစ်ဖန် ရုပ်ပွားဆင်းတု ထုလုပ်ခြင်း၊ စေတီပုထိုးတည်ဆောက်ခြင်း၊ ဂိုဏ်းဂဏပွားများခြင်းအမှုတို့သည် မြောက်ပိုင်းဝေမင်းဆက်(အေဒီ၃၈၆– ၅၃၅) မှစ၍ ဒေသအလိုက် ရှိလာခဲ့လေသည်။ အောက်တွင် ကြည့်ပါလေ။ ယွန်းကန်ဘက်**(ပုံ၂၈)**၊ ထို့နောက် လွန်းမင်ဘက် ကျောက်ဂူများတွင် ရုပ်ပွားဆင်းတုများ၊ ကြာပန်းကြာနွယ် တမော့ပုံများသည်လည်းကောင်း၊ လင် ယန်ဆီးဘက်တွင်(ကုသျှန်မင်းက နိသကတည်ခဲ့ဖူးသော စေတီပုထိုးဆံ ဆံ) ဘုံအဆင့်ဆင့်နှင့် စေတီသည်လည်းကောင်း အဆန်းတကြယ် ပေါ် ပေါက်လာကြသည်။

ထို့ပြင် တရုတ်ဘာသာဖြင့်'ကွန်ယင်'ခေါ်သော (အမိတာဘ၏ သားတော်) အဝလောကိတေသရ ဗောဓိသတ္တရုပ်တုသည် ပုလ္လိင်သဏ္ဌာန် မှသည် ဣတ္ထိလိင်သဏ္ဌာန်သို့ပြောင်းလဲခဲ့တော့သည်။ ပြောင်းလဲခဲ့ရခြင်းမှာ အမိသည် သားသမီးကို ကြင်နာယုယစွာ စောင့်ရှောက်သကဲ့သို့ ကွန်ယင် အပေါ် ထင်မြင်လာသောကြောင့် ဖြစ်လာသည်။ ဤသည် မြောက်ပိုင်း ဝေမင်းဆက်တွင် ထုလုပ်သောရုပ်တုများ၌ ဈာန်သမာပတ်ဝင်စားနေဟန်မှ တွန်ဟွမ် 'ဘုရားတစ်ထောင်ဂူ'၌ ထုလုပ်သော ရုပ်တုများ၌ ကရုဏာ အပြည့်ထားရှိဟန်သို့ ပြောင်းလဲလာသည့်သဘောနှင့် အတူတူပင်တည်း။

အမိတာဘ ကိုးကွယ်မှုသည် သဒ္ဓါတရားပေါ်တွင် မှီနေပါ၏။ သဒ္ဓါကြည်ညိုစိတ်ကြောင့် လူတစ်ဦးတစ်ယောက်သည် ဘေးဘယာမှ ကင်းဝေးနိုင်ကောင်းပါ၏။ ကြည်ညိုစိတ်ကြောင့် ကောင်းရာသုဂတိသို့ ရောက်နိုင်စရာရှိပါ၏။ သို့ရာတွင် သဒ္ဓါတရား၏အကျိုးကို မလုံလောက်ဟု ယူဆသော ဂိုဏ်းနှစ်ခုသည်လည်း ရှိနေပေသေးသည်။ ထိုဂိုဏ်းနှစ်ခုကို



www.burmesesclassic.com

www.burmesesclassic.com



ဖော်ပြရလိမ့်ဦးမည်။ တစ်ဂိုဏ်းကို အိန္ဒိယမှ ကြွရောက်လာသော အရှင်ဇော ဓိဓမ္မက အေဒီ ငါးရာနှစ်ဆယ့်ခုနစ်တွင် တည်ထောင်လေသည်။ ထိုဂိုဏ်း သည် ဝိပဿနာစုရ (တရားအားထုတ်ရေး)ကို အာရုံပြုလေသည်။ ထို ဂိုဏ်းသြဇာဖြင့် ရေမြေတောတောင်ကသိုဏ်းရှု၍ ဉာဏ်အလင်းရောင်ပေါ် ၍ ကောက်ကြောင်းရေးဆွဲသော ပန်းချီများ ပေါ်ခဲ့လေသည်။ ဂိုဏ်းအမည် သည်လည်း ချန်ဂိုဏ်းဟူ၍ တွင်ခဲ့လေသည်။ နောက်တစ်ဂိုဏ်းကိုကား အရှင် ချိကိုင်းက အေဒီ ငါးရာ့ခုနစ်ဆယ့်ငါးခုနစ်တွင် တည်ထောင်လေ သည်။ ထိုဂိုဏ်းသည် သဒ္ဓမ္မပုဏ္ဍရီကကျမ်း စသည်ဖြင့် ဂန္ထစုရ (ကျမ်းဂန် လေ့လာရေး)ကို အဓိကထားလေသည်။ ထိုဂိုဏ်းသည် ရှင်တယ်တောင်မှ စတင်သဖြင့် ရှင်တယ်ဂိုဏ်းဟု တွင်လေသည်။

ဤသို့အားဖြင့် တရုတ်ဒေသဘက်တွင် ဗုဒ္ဓသာသနာသည် ဟန် မင်းဆက် (ဘီစီ ၂၀၆ အေဒီ ၂၂၀)၊ မြောက်ပိုင်း ဝေမင်းဆက် (အေဒီ ၃၈၆–၅၃၅)၊ တန်မင်းဆက် (အေဒီ ၆၁၈–၉၀၆)၊ ဆွန်မင်းဆက် (အေဒီ ၉၆၀–၁၂၇၉) အသီးသီးတွင် အားယူလာခဲ့လေသည်။ ထိုတရုတ်ဒေသ ဘက်မှ ကိုရီးယားသို့ တစ်ဆင့် သာသနာ ရောက်ပြန်လေသည်။

အေဒီ သုံးရာနှစ်ဆယ့်ခုနစ်သည် တရုတ်ဘက်မှ ကိုရီးယားဒေ သသို့ ဗုဒ္ဓသာသနာ ရောက်ခဲ့သည့်ခုနစ်ပင် ဖြစ်လေသည်။ ကိုရီးယားတွင် မူလက သုံးပြည်ထောင်ကွဲလျက် ရှိလေသည်။ နောင်သော်ကား အရှေ့ တောင်ရှိ ဆီလပြည်ထောင်က ကိုရီးယားဒေသတစ်ခုလုံးကို ငုံအောင်အုပ် စိုးမိလေသည်။ ထိုကာလမှစ၍ ကိုရီးယားတွင် ဗုဒ္ဓသာသနာသည် အထွတ်အထိပ် ရောက်ခဲ့လေသည်။ တရုတ်ဒေသနှင့် ကူးလူးဆက်ဆံရေး သည် အစဉ်မပြတ်ရှိ၏။ တရုတ်ဟန်စေတီပုထိုးများ၊ ဘုန်းကြီးကျောင်း များ၊ ဆင်းတုတော် မြောက်မြားစွာဖြစ်၏။ ချန်ဂိုဏ်းကဲ့သို့ တရုတ်ဘက်မှ ဘာသာရေးဂိုဏ်းတွေလည်း ကိုရီးယားသို့ ရောက်၏။ တရုတ်ဒေသ အတိုင်း ကွန်ဖူးဇီးဝါဒနှင့် ဗုဒ္ဓဘာသာသည် ရင်ဆိုင်ရသည့်အခါလည်း ရှိတန်သရွေ့ ရှိခဲ့လေသည်။ သို့ရာတွင် နိမ့်ကျတိမ်ကောသွားသည်ဟူ၍ သမိုင်းတွင် မရှိဖြစ်လေသည်။

အမှန်စင်စစ် ကိုရီးယား၏ကျေးဇူးဖြင့် ဗုဒ္ဓဘာသာအမွေကို ဂျပန် ဒေသ (ရှေးအခေါ် ယာမာတို) သည် ရခဲ့လေသည်။ ရပုံမှာ ဘုရင်ထံသို့ ကိုရီးယားမှ သံတမန်များ ရောက်လာပါ၏။ ထိုသံတမန်များတွင် ဗုဒ္ဓဆင်း



www.burmesesclassic.com

www.burmesesclassic.com



တုတစ်ဆူနှင့် ပိဋကတ်များ ပါလာလေသည်။ ထိုသက္ကရာဇ်သည် အေဒီ ငါးရာ့ငါးဆယ်နှစ်ခုဖြစ်လေသည်။

ထိုအချိန်အခါ၌ ဂျပန်ဘက်၌ ဘာသာတရား မရှိမဟုတ်။ ရှိပါလေသည်။ ထိုဘာသာမှာ ရှင်တိုဘာသာဟူ၍ နောင်အခါအမည်တွင်လာသော ဘာသာဖြစ်လေသည်။ ထိုဘာသာတွင် အမတေရစု အိုမိကာမိခေါ် နေနတ်သမီးဟူ၍ ရှိပေသည်။ ဘုရင်ကိုလည်း ထိုနတ်သမီးမှ ဆင်းသက်ပေါက်ပွားလာသည်ဟု လူအများ ယုံကြည်ကြလေသည်။ ဘုရင်သည် ခံ့ညားစရာ ပုဂ္ဂိုလ်ဖြစ်လာတော့သည်။ တစ်ဖန် အမတေရစု အိုမိကာမိ နတ်သမီးအပြင် ရေမြေတောတောင်နတ်များကို ကိုးကွယ်မှုသည် ရှင်တိုဘာသာတွင် ပါလေသည်။ မိဘဘိုးဘွားကို ကိုးကွယ်မှုသည်လည်း ရှင်တိုဘာသာတွင် ပါလေသည်။

ဤတွင် မင်းစိုးရာဇာ အသိုင်းအဝိုင်းထဲမှအချို့က ချီးချီးမြှောက်မြှောက် လုပ်လေသဖြင့် ဗုဒ္ဓဘာသာမှာ အခွင့်အလမ်းပွင့်လာခဲ့တော့သည်။ ဂျပန်အိမ်ရှေ့မင်းသား ရှိုတိုကု (အေဒီ ၅၉၃–၆၂၀) ကကြီးကြပ်၍ ဗုဒ္ဓဘာသာ လေ့လာရေးအဖွဲ့များကို တရုတ်ဒေသသို့လွှတ်သည်။ ကိုယ်တိုင်ပင် သဒ္ဓမ္မပုဏ္ဍရီကကျမ်းအဖွင့်ကို ရေးသည်။ ထို့ပြင် နာရမင်းနေပြည်အနီးရှိ ဟော်ယူရီ အရပ်တွင် သာသနာရေးဆိုင်ရာ အဆောက်အအုံများကို စတင်တည်ဆောက်သည်။ အနှစ်ငါးဆယ်အတွင်း ထိုနေရာ၌ ဘုံငါးဆင့်ရှိ စေတီနှင့်တကွ ဘုန်းကြီးကျောင်းများ၊ ကွာနွန် (ကွန်ယင်)ခေါ် ဗောဓိသတ္တ ရုပ်ပွားများ၊ ဗုဒ္ဓဝင်ရုပ်လုံးရုပ်ကြွများ၊ နံရံဆေးရေးပန်းချီများ စုံစုံလင်လင်နှင့် ဖြစ်လာလေသည်။ ဘုံငါးဆင့်စေတီဆိုလျှင် သစ်သားဖြင့် တည်ဆောက်သော သာသနိက အဆောက်အအုံတို့တွင် ကမ္ဘာပေါ်၌ အစောဆုံးဖြစ်ပေသည်။ (ပုံ ၂၉)

ရဟန်းသံဃာတို့၏ အရှိန်အစော်သည် ကြီး၍ကြီး၍လာလေသည်။ ဘုရင်၏အာဏာကို စွက်ဖက်မယောင်ပင် ဖြစ်လေသည်။ နာရသည်လည်း မင်းနေပြည်မဟုတ်တော့ဘဲ (နေရာပြောင်းကာ) ဟေအန်ကျို (ယခုအမည် တိုကျို) သည် မင်းနေပြည် ဖြစ်လာခဲ့လေသည်။ ထိုခေတ်၊ ထိုဟေဟန်ခေတ် (အေဒီ ၇၉၄–၁၁၈၄) သည် ဗုဒ္ဓသာသနာ ကျယ်ပြန့်လာသောခေတ် ဖြစ်လေသည်။ ကျယ်ပြန့်လာရခြင်း အကြောင်းတစ်ခုမှာ အမတေရစု အိုမိကာမိသည် ဝိရောစနဗုဒ္ဓ၏ သရုပ်ဖြစ်လေဟန်၊ အခြား



www.burmesesclassic.com

www.burmesesclassic.com



သော ရှင်တိုနတ်များတွင်လည်း ဗုဒ္ဓဘာသာလာနတ်များ ဝင်စားလေဟန် ဘာသာရေးခေါင်းဆောင်အချို့က ဟောကြပြောကြသည်ကို ပြည်သူ အကြိုက်တွေ့သောကြောင့်ဟု ဆိုလေသည်။ မည်သို့ပင်ဖြစ်စေ ထိုခေတ် တွင် ဂိုဏ်းဂဏများကား ပေါ်ပေါက်လာခဲ့လေသည်။

ဟေအန်ကျိုမြို့ အပြင်ဘက် ဟိအိတောင်ထိပ်၌ ဆယ်ချိုဆရာ တော် (အေဒီ ၇၆၇–၈၂၂) တည်ထောင်သော တင်ဒယ်ဂိုဏ်းရှိလေသည်။ ထိုဂိုဏ်းသည် တရုတ်ဒေသရှိ ရှင်တယ်ဂိုဏ်းတွင် အခြေခံလေသည်။ ကျမ်း ဂန်စာပေကို အားကိုးသည့်ဂိုဏ်း၊ လူမှဖြစ်သော ဗုဒ္ဓဘုရားကို ကိုးကွယ် သည့်ဂိုဏ်းဖြစ်သည်။ တစ်ဖန် နာရမြို့ အပြင်ဘက် ကိုယတောင်ထိပ်၌ ကူကယ်ဆရာတော် (အေဒီ ၇၇၄– ၈၃၅)တည်ထောင်သော ရှင်ဂုန်ဂိုဏ်းရှိ လေသည်။ ဝိရောစနဗုဒ္ဓကို ကိုးကွယ်သောဂိုဏ်း၊ ဆရာဂုရု၏ အထိန်းအမ ဖြင့် ဂါထာ မန္တာန် ရွတ်ဆိုအာရုံပြုရသော ဂိုဏ်းဖြစ်သည်။

ဂိုဏ်းဂဏတို့သည် ဟေအန်ခေတ်၏နောက် (ကမာကူရမင်း နေ ပြည်ကို အမှီပြု၍) ကမာကူရ အမည်တွင်သောခေတ် (အေဒီ ၁၁၈၅ – ၁၃၃၃)တွင် တိုးပွားလာခဲ့ပြန်သည်။ထိုဂိုဏ်းတို့မှာ အကြမ်းအားဖြင့် သဒ္ဓါ ကြည်ညိုမှုနှင့် ဆိုင်သောဂိုဏ်းစု၊ နိုင်ငံချစ်စိတ်နှင့် နီးနွယ်နေသော ဂိုဏ်း တစ်ခု ဈာင်ဂိုဏ်းစု ဖြစ်ကြသည်။

ပထမဂိုဏ်းစုသည် အမိတာဘဗုဒ္ဓ(ဂျပန်အခေါ် အမိဒ)ကို ကိုးကွယ်သော ဂိုဏ်းဖြစ်လေသည်။ ထိုဂိုဏ်းစု၏အလိုအရဆိုလျှင် လူသား သည် ကိုယ့်အားကိုယ့်အင်ဖြင့် ဒုက္ခဆင်းရဲမှ လွတ်ကျွတ်ရန်ခက်ခဲလှသည်။ ထို့ကြောင့် လူသားအပေါ် ကရုဏာစေတနာဖြင့် စောင့်ကြည့်နေသော အမိတာဘဗုဒ္ဓကို အားကိုးရမည်ဖြစ်လေသည်။ အကြင်သူတစ်ဦး တစ် ယောက်သည် အမိတာဘကို သဒ္ဓါကြည်ညိုစိတ် အကြွင်းမဲ့ရှိသည်ဆိုပါအံ့။ အမိတာဘ၏ အမည်ကို တလိုက်ပါအံ့။ နောင်တမလွန်တွင် သုခါဝတီဘုံ သို့ ရောက်မည် မချွတ်ဖြစ်လေသည်။

ဤတရားကို ဟိုနင်ဆရာတော် တည်ထောင်သော ဂျိုဒိုဂိုဏ်း သည် လည်းကောင်း၊ တပည့်ဖြစ်သူ ရှင်ရန် ဆရာတော်ကလေး တည် ထောင်သော ဂျိုဒိုရှင်ဂိုဏ်းသည် လည်းကောင်း၊ လက်ခံ ဟောပြောလေ သည်။ ဂျိုဒိုရှင်ဂိုဏ်းက ပို၍ထူးလာသည်မှာ ရဟန်းနှင့် လူဝတ်ကြောင်ကို တစ်တန်းစားတည်း ထားခြင်းပေတည်း။



www.burmesesclassic.com

www.burmesesclassic.com



လူတိုင်းလူတိုင်းသည် သုခါဝတီဘုံ၌ မွေးဖွားနိုင်ကြသည်ချည်း ဖြစ်သည်။ ထို့ကြောင့် ရဟန်းနှင့်လူဝတ်ကြောင်သည် အတန်းတူဖြစ်သည်။ ဂျိုဒိုရှင်ဂိုဏ်းဝင် ရဟန်းတို့သည် ဓမ္မဝတ်နှင့်လောကဝတ်ကို ပြိုင်တူထမ်းရွက်ကြလေသည်။ သို့ဖြစ်ရာ ရှင်ရန်ဆရာတော်ကလေးကိုယ်တိုင် အိမ်ထောင်ပြုခဲ့လေသည်။ တပည့်များကိုလည်း မိမိ၏နမူနာကိုယူရန် တိုက်တွန်းလေသည်။ ထိုအခါ အမိတာဘ ကိုးကွယ်သောဂိုဏ်းသည် ပြည်သူအကြား ပျံ့နှံ့လာခဲ့သည်။ ကမာကူရဒေသမှ ဉာဏ်တော် သုံးဆယ့်ခုနစ်ပေရှိ အမိတာဘကြေးဆင်းတုတော်ကြီး (အေဒီ ၁၂၅၂)သို့သွားရောက်ကြည်ညိုကြသော ပြည်သူသည် အလွန်များပြားလေသည်။ **(ပုံ ၃၀)**။ (ထပ်ဖြည့်၍ဆိုရလျှင် ဂျိုဒိုဂိုဏ်းဝင်ရဟန်းများသည်လည်း နောင်အခါ အိမ်ရာထောင်ခြင်းအမှုကို ကျင့်သုံးခဲ့လေသည်။)

ဂျိုဒိုဂိုဏ်းဝါဒနှင့် ဆန့်ကျင်သူကား နိချိရင်ဆရာတော် (အေဒီ ၁၂၂၂–၁၂၈၂) ဖြစ်လေသည်။ ထိုဆရာတော်သည် ငယ်စဉ်ကပင် သက်န်းစည်းခဲ့၍ ဗုဒ္ဓဘာသာကျမ်းဂန်ကို ကျယ်ကျယ်ပြန့်ပြန့် လေ့လည်းလေ့လာ တစ်ပြည်လုံးနေရာအနှံ့လည်း ခရီးသွားခဲ့ပြီးလျှင် အမှန်တရားကို ရှာခဲ့လေသည်။ ထိုပုဂ္ဂိုလ်အဖို့ အမိတာဘအမည်ကို ရွတ်ဆိုနေရုံဖြင့် အကျိုးမထူး။ သဒ္ဓမ္မပုဏ္ဍရိက ကျမ်းတွင် လာရှိသည့်အတိုင်း ကျင့်ကြံအားထုတ်ပါမှ (ဂေါတမ)ဘုရားကိုအာရုံပြုပါမှ အမှန်မြင်နိုင်မည်။ ဒုက္ခလွတ်ငြိမ်းနိုင်မည် ဖြစ်သည်။ ထို့ကြောင့် လွဲမှားနေသော အခြားဂိုဏ်းများကို နှိပ်ကွပ်ရန် နိချိရင် ဆရာတော်က တိုက်တွန်းဟောပြောလေသည်။ ထိုအပြင် ဂျပန်လူမျိုးတို့သည် အမှန်တရားကို ရင်ဝယ် ပိုက်ထားသူများဖြစ်၍ ကမ္ဘာကို ဦးဆောင်နိုင်လိမ့်မည် ဟူ၍လည်း ဟောပြောလေသည်။

နောက်ဆုံးဖော်ပြရန်လိုသော ဂိုဏ်းသည် ဇင်ဂိုဏ်း ဖြစ်သည်။ ဇင်ဟူသော ဝေါဟာရသည် တရုတ်ဘာသာ'ချန်'မှလာသည်။ ထို'ချန်' သည်လည်း သက္ကတဘာသာ အသံလှယ်ဈာန (ပါဠိ–ဈာန)မှလာပြန်လေသည်။ ဈာန (ဈာန)၏ မူလသဘောသည် စိတ်တည်ငြိမ်အောင် အားထုတ်ခြင်း၊ ဈာန်သမာဓိတည်စေခြင်းဖြစ်လေသည်။ ဂျပန်တို့၏ ဇင်ဗုဒ္ဓဘာသာမှာမူ မူလသက္ကတဈာန၏ အနက်အဓိပ္ပါယ်ကို ကျော်လွန်သည်ဟု ဆိုလေသည်။ ဂျပန်တို့၏ဇင်သည် မိမိ၏အဇ္ဈတ္တသန္တာန်တွင်း သို့ဝင်၍ (အမှန်တရားဟူသော) မိမိ၏သဘာဝကို သိမြင်ဖို့ အဓိကထားလေသည်။ မိမိ၏



www.burmesesclassic.com

www.burmesesclassic.com



သဘာဝဆိုသည်မှာ အခြားမဟုတ်။ ဗုဒ္ဓသဘာဝ ဝါ ဗောဓိဉာဏ်ဓာတ်ခံပင်ဖြစ်သည်။ တစ်နည်းဆိုရသော် လူသတ္တဝါတိုင်းတွင် (ငုပ်နေသော) ဗုဒ္ဓသဘာဝ ဝါ ဗောဓိဉာဏ်ဓာတ်ခံရှိသည်ဟူ၍ ဈင်က လက်ခံထားလေသည်။ ထိုသဘာကို ဖော်ထုတ်ထင်ရှားစေခြင်းသည် ဈင်ကျင့်စဉ်ပေတည်း။

ပြန်၍ကောက်ရသော် ဈင်ဂိုဏ်းသည် တရုတ်ဒေသမှတစ်ဆင့် ဝင်လာခဲ့လေသည်။ အရေးအကြီးဆုံး ဂိုဏ်းခွဲနှစ်ခုမှာ အိဆိုင်ဆရာတော် (အေဒီ ၁၁၄၁–၁၂၁၂) တည်ထောင်သော ရင်ဇိုင်းဂိုဏ်းခွဲနှစ်ခုနှင့် ဒိုဂျင်ဆရာတော် (အေဒီ ၁၂၀၀–၁၂၅၃)တည်ထောင်သော ဆိုတိုဂိုဏ်းခွဲတို့ဖြစ်ကြသည်။ ကျင့်ထုံးကျင့်စဉ် အနည်းငယ်ကွဲသဖြင့် ဂိုဏ်းခွဲကြသော်လည်း လိုရင်းသည် အတူတူပင်ဖြစ်သည်။

ဈင်ဂိုဏ်းသည် (ကျောင်းဝိဟာရ၌ ဗုဒ္ဓနှင့် ရဟန္တာရုပ်တုများ ရှိသော်လည်း) ရုပ်တုကိုးကွယ်ခြင်းကို အားမပေး။ (ကျောင်းဝိဟာရ၌ ပညာပါရမီ တသုတ္တန်ကဲ့သို့ ကျမ်းဂန်စာပေ ထားသော်လည်း) ကျမ်းဂန်စာပေစွဲ မရှိ။ မိမိကိုယ်ကိုသာအားကိုး၍ ဈင်တရားမှန် ထင်မြင်လာအောင် အားထုတ်ရသည်။ ရုပ်တု၊ ကျမ်းဂန်တို့သည် မိမိကို ဖေးမလမ်းပြရန်သာ ဖြစ်သည်။ ထို့အတူ ဆရာဂုရုသည်လည်း မိမိကို မတိမ်းမစောင်းရအောင် ပဲ့ပြင်ရုံသာ တတ်နိုင်လေသည်။ တဖန် ဈင်အဖို့ အားကိုးစရာ ပရမတ္တမ၊ ဖန်တီးသူ ဗြဟ္မာဟူ၍မရှိ။ ဈင်သည် လူတစ်ဦးတစ်ယောက်၏ သဘာဝ စိတ်ဓာတ်နှင့်သာ ဆိုင်လေသည်။ အဓိကအချက်မှာ ဖြူစင်မှု၊ အကျင့်ကောင်းမှု ဖြစ်လေသည်။

ဤတွင် ယေဘုယျအားဖြင့် စိတ်သည် မောဟဖုံး၍ နောက်ကို နေတတ်သည်။ ရွှံ့တွေစင်သော် နဂိုရေသည် ကြည်တက်လာသကဲ့သို့ မောဟ ပျောက်သော် စိတ်သည် ကြည်လင်ဖြူစင်လာလေသည်။ ထိုအခါ မိမိ၏ နဂိုသဘာဝသည် ထင်ထင်ရှားရှား ဖြစ်လာတော့သည်။

မိမိ၏ သဘာဝ ပေါ်လာအောင် (ကမ္မဋ္ဌာန်း) တရားထိုင်ရလေသည်။ တရားထိုင်ရာ၌ ရှေးဦးစွာ ဖုံထူထူလိုလေသည်။ ထိုဖုံပေါ်တွင် ညာခြေထောက်ကို ဘယ်ပေါင်ပေါ်တင်၊ ဘယ်ခြေထောက်ကို ညာပေါင်ပေါ်တင်၍ တင်ပျဉ်ခွေထိုင်ရသည်။ (သို့တည်းမဟုတ် ဘယ်ခြေထောက်တစ်ခုတည်းညာပေါင်ပေါ်တွင် တင်၍ ထိုင်ရသည်။)အဝတ်အစားမှာ ကိုယ်ပေါ်



www.burmesesclassic.com

www.burmesesclassic.com



တွင် သက်သောင့်သက်သာရှိရသည်။ ကျောရိုးနှင့် ဦးခေါင်းကို မတ်မတ်ထားရသည်။ ရှေ့နောက် ယိမ်းယိုင်ခြင်း မရှိစေရ။ နှာခေါင်းနှင့် ချက်ကိုလည်းကောင်း၊ နားနှင့်ပခုံးနှစ်ဖက်ကို လည်းကောင်း တဖြောင့်တည်းဖြစ်ရသည်။

လက်အထားအသိုအတွက် တင်ပျဉ်ခွေပေါ်တွင် ဘယ်လက်ဖမိုးကို ညာလက်ဖဝါးအပေါ်တင်၍ လက်မချင်းထိနေရသည်။ လျှာကို အာခေါင်နှင့် ထိ၊ ပါးစပ်ကိုပိတ်၊ မျက်လုံးကို (တစ်ဖက်)ဖွင့်၊ အသက်ညင်ညင်သာသာ ရှူရသည်။ ထိုနောက်မူကား မိမိ၏ သဘာဝကို ရှာရလေသည်။ သို့တည်းမဟုတ် ထင်မြင်စေရလေသည်။ ရှာနည်း၊ ထင်မြင်စေနည်းမှာမူ နှစ်မျိုးရှိလေသည်။

ရင်ဇိုင်းဂိုဏ်းဝင်သည် ကိုအန်ခေါ်သည့် ပုစ္ဆာကို သုံးသပ်ရလေသည်။ ကိုအန်ဆိုသည်မှာလည်း အခြားမဟုတ်။

"လက်နှစ်ဘက်ဖြင့် လက်ခုပ်တီးလျှင် အသံထွက်ပေါ်လာ၏။ လက်တစ်ဖက်၏အသံကို နားထောင်ကြည့်ပါ" ကဲ့သို့ (အပေါ်ယံကြည့်က အမြီးအမောက်မတည့်သော) ပုစ္ဆာမျိုးဖြစ်သည်။ ရင်ဇိုင်းဂိုဏ်းဝင်သည် ကြံစည်ကြည့်၊ ယုတ္တိရှာကြည့်၊ ဝိတက် ဝိစာရသုံးကြည့်၍ အဖြေရှာ၏။ အဖြေမရ၊ အဖြေမရခြင်းမှာလည်း သုခ–ဒုက္ခ၊ အကောင်းအဆိုး၊ အတိတ်အနာဂတ်၊ သူပဲ ငါပဲစသည်ဖြင့် မည်သည့်အရာမဆို နှစ်ခွမြင်တတ်၊ ခွဲခြမ်းစိတ်ဖြာလေ့ ရှိတတ်သောကြောင့် ဖြစ်လေသည်။

ကိုအန်ပုစ္ဆာကို ခွဲခြမ်းစိတ်ဖြာရင်းက၊ ခွဲခြမ်းစိတ်ဖြာသည့်အဆင့် ဝိတက်၊ ဝိစာရအဆင့် လွန်သည်နှင့်တစ်ပြိုင်နက် ဘွားခနဲ မိမိ၏သဘာဝ ထင်လေတော့သည်။ တစ်နည်း၊ ဆတိုရိခေါ် ဉာဏ်အမြင်ပေါ်လေတော့သည်။ တစ်နည်း ပရမတ်သစ္စာဆိုက်လေတော့သည်။ ပရမတ်သစ္စာဆိုက်ပြီးသည့်နောက်တွင်ကား ရင်ဇိုင်းဂိုဏ်းဝင်သည် နေ့စဉ်ကြုံတွေ့ရသော သမုတိသစ္စာနယ်သို့ သက်သောင့်သက်သာ ပြန်ဝင်လာနိုင်လေသည်။ သမုတိသစ္စာနယ်၌ကား ယောကျ်ား မိန်းမဟူ၍ ရှိ၏။ မနေ့ကနှင့် ယနေ့သည် တစ်ခြားစီဖြစ်၏။ မကောင်းမှုသည်လည်းကောင်း၊ ကောင်းမှုသည်လည်းကောင်း၊ ဖြစ်ပျက်နေ၏။ ရင်ဇိုင်းဂိုဏ်းဝင်သည် ထိုသမုတိလောကတွင် ယောနိသောမနသိကာရနှင့် (အသင့်အတင့်နှလုံးသွင်း၍) နေထိုင်ပြုမူပါလေသည်။



www.burmesesclassic.com

www.burmesesclassic.com



ဆိုတိုဂိုဏ်း၏ (ကမ္မဋ္ဌာန်း) တရားထိုင်နည်းကို ဆိုရဦးတော့မည်။ ဆိုတိုဂိုဏ်းဝင်သည် တရားထိုင်သည်ကား မှန်၏။ သို့သော် မိမိ၏ နကိုယ်သဘာဝကို ရှာရန်ဟူ၍ တမင်ရည်ရွယ်ချက် မရှိပေ။ တရားထိုင်ရုံ သက်သက်ထိုင်လေသည်သာ ဖြစ်၏။ သူ့အဖို့ တရားထိုင်သော အမှုဋ္ဌပင် တရားအမြင်ရှိပြီးသားဟူ၍ ခံယူထားလေသည်။ သူသည် သူ့မနောဓာတ် ထဲသို့ အာရုံတွေ ဝင်လာ၍ အတွေးအမြင်တတန်းတန်း အဖြစ်မခံ။ သတိကပ်သည်။ ထိုအခါ သူ့တွင် ဗဟိဒ္ဓ(အပြင်) နှင့် အဇ္ဈတ္တ(အတွင်း) ဟူ၍ မရှိတော့။ အပြင်လောကနှင့် မိမိသည် တစ်ခုတည်း တစပ်တည်း တသားတည်း ဖြစ်လာသည်။ အရာရာနှင့် မိမိသည် သဟဇာတ ဖြစ်လာသည်။ စည်းလုံးညီညွတ်လာသည်။ ရွှင်လန်းပေ့ါပါးလာသည်။ ဤသည် မိမိ၏ နဂိုသဘာဝကို ထင်ရှားစေသော လက္ခဏာတစ်ရပ်ပင်။ ဉာဏ်အလင်း ပေါက်ခြင်း သင်္ကေတတစ်ခုပင်။

လက်တွေ့အားဖြင့် ဈင်ဂိုဏ်းဝင်တစ်ဦး၏ အမူအရာကို ကြည့်ပါလေ။ ထိုသူသည် ရှေ့ရေးကို အာရုံမပြု။ နောက်ကြောင်းကိုလည်း မစဉ်းစား။ ပစ္စုပ္ပန်တည့်တည့်ကြည့်၊ ပစ္စုပ္ပန် တည့်တည့်နေသည်။ ထို့ကြောင့် လက်တွေ့ကျလေသည်။ ကလေးတစ်ယောက်သည် ရေနစ်နေသည်ဆိုအံ့။ ထိုသူသည် ကလေးကို ရေထဲဆင်းကယ်လိမ့်မည်။ ကယ်ပြီးနောက် ထိုကိစ္စ ဆုံးခန်းတိုင်ရောက်၏။ ကယ်ခဲ့သည့်အတွက် ပစ္စုပ္ပန် တမလွန် အကျိုးကို သူမတွေး။ ကုသိုလ်အလုပ်ဟူ၍ တမင်ဝမ်းသာခြင်း မရှိ။ ထိုသူသည် လုပ်စရာရှိသည်ကို လုပ်ခြင်းသာဖြစ်တော့သည်။ ဤနည်းနှင်နှင် အစာစားသောက်ခြင်း၊ လမ်းလျှောက်ခြင်း၊ ဥယျာဉ်စိုက်ပျိုးခြင်းစသော လူမှုရေးကိစ္စတို့တွင်လည်း ညီညီမျှမျှ အံဝင်ခွင်ကျ အလိုက်သင့် အလျားသင့် လုပ်ဆောင်လေသည်သာ ဖြစ်သည်။ ဥပမာလျှင် ငှက်သည် ကောင်းကင်တွင် ပေ့ါပေ့ါကလေး ပျံသန်းသကဲ့သို့ ငါးသည် ရေထဲတွင် လွယ်လွယ်ကလေး ကူးသကဲ့သို့ ထင်ရလေသည်။

တကယ်တန်း ဆိုလျှင်ကား လူနှင့် အဟိတ် တိရစ္ဆာန်တို့၏ သဘာဝကွာမှုသည် ကွာခြားသည်ဟု ဆိုရလိမ့်မည်။ လူ၏ သဘာဝကျမှုသည် အသိဉာဏ်နှင့်ယှဉ်နေ၏။ အဟိတ်တိရစ္ဆာန်၏ သဘာဝကျမှုသည် မွေးရာပါစရိုက်အရ ဖြစ်လေသည်။ အမှန်တရား သိမြင်ရေး၊ မိမိသဘာဝ ပေါ်ထွက်ရေး ဗောဓိဉာဏ်အလင်းရရေးနှင့် စပ်၍ ဈင်တရားဆရာတစ်ဦး

www.burmesesclassic.com



ကို တစ်ယောက်သောသူက မေးဖူးသည်။ ထိုအမေးကို ဆရာက ပြန်ဖြေသည်။ အမေးနှင့် အဖြေတို့မှာ အောက်ပါအတိုင်းပင်။

"အမှန်တရားမြင်ဖို့ ဉာဏ်အလင်းရဖို့ ကမ္မဋ္ဌာန်းအလေ့အကျင့်လုပ်ပါသလား"

"လေ့ကျင့်ပါတယ်"

"ဘယ်လို လေ့ကျင့်ပါသလဲ"

"ထမင်းဆာတဲ့အခါ ထမင်းစားပါတယ်။ မောရင် အိပ်ပါတယ်"

"ဒါ လူတိုင်း လုပ်ကြတာပဲ။ တစ်ခြားလူတွေဟာ ဆရာလိုပဲ ကျင့်ကြံတယ်လို့ မဆိုနိုင်ဘူးလား"

"မဆိုနိုင်ပါဘူး"

"ဘာကြောင့်လဲ"

"ဘာကြောင့်လဲဆို၊ ထမင်းစားနေတုန်း ထမင်းအာရုံတစ်ခုထဲနဲ့ စားတာမှ မဟုတ်ဘဲ။ တစ်ခြားအာရုံတွေလည်း သူတို့မှာ အများကြီးဝင်နေပါတယ်။ သူတို့ အိပ်ရာဝင်တဲ့အခါ အိပ်ပျော်တာမဟုတ်ဘူး။ ဟိုဒင်း ဒီဒင်း တွေ စဉ်းစားနေကြပါတယ်။ ဒါကြောင့် ကျုပ်နဲ့ မတူဘူး"

မှန်ပေသည်။ ဈင်ဂိုဏ်းဝင်တစ်ဦးသည် မျက်စိနှစ်လုံး ပွင့်နေချိန်၌ အရာရာတွင် သတိယှဉ်လျက်သာ ရှိသည်။ တစ်ချိန်ပြီး တစ်ချိန်၊ တစ်ခဏပြီး တစ်ခဏ၊ အချိန်ပြည့်နေသည်။ ဘယ်အလုပ်ကမှ (ကျင့်ဝတ်နှင့် မဆန့်ကျင်သရွေ့) မသေးသိမ်။ ထို့ကြောင့် ကျောင်းသခ်မ်းနှင့် အပြင်လောကသည် မစိမ်း။ လောကကို ရဲရဲကြည့်သည်။ လူမှုရေး သာသနာရေးကို (အရင်းခံအားဖြင့်) မခွဲမခြား၊ ထွေးယှက် ရောနှောလုပ်သည်။ တစ်ခုသာရှိသည်။ သံဃာက လူ့ဝတ်ကြောင်ထက် သိက္ခာပုဒ်ပိုများလေသည် ဖြစ်သည်။

ဈင်ဂိုဏ်း၏သြဇာသည်လည်း အတတ်ပညာ အရပ်ရပ်အပေါ်တွင် စူးရှလှပေသည်။ ဂျပန်တို့၏ လက်ဖက်ရည်ပွဲ အစီအစဉ်တွင် လည်းကောင်း၊ ဥယျာဉ်ပြုစုရေးတွင်လည်းကောင်း၊ ပန်းချီဆေးရေးခြယ်ရာတွင် လည်းကောင်း ဈင်ဝါဒီတို့၏ လောကနှင့် သဟဇာတဖြစ်နေမှု သဘောဝင်နေပါလေသည်။ ထို့အတူ ဈင်၏ကျင့်စဉ်ကို ဂျပန်စစ်ဘက်ကလည်း နှစ်သက်အတုယူလေသည်။ ဈင်ဂိုဏ်းဝင်တို့၏ အတိတ်အနာဂတ် မတွေးသော၊ အကြောက်အရွံ့မရှိသော သဘောကို စစ်လေ့ကျင့်ရာ၌ ထည့်၍သုံး



www.burmesesclassic.com

www.burmesesclassic.com



လေသည်။ ဘူရှိဒို–ဓာနည်သွေးစိတ် ပေါက်ဖွားလေအောင် ထည့်၍သုံးလေသည်။

ဤသို့အားဖြင့် ဗုဒ္ဓသာသနာသည် အေဒီခြောက်ရာစုမှ ဆယ့်နှစ်ရာစုထိတိုင်အောင် ပြည်သူများအကြားတွင်လည်းကောင်း၊ အုပ်ချုပ်ရေး စစ်ရေးဘက်တွင်လည်းကောင်း ပျံ့နှံ့ခဲ့လေသည်။ နိမ့်ကျမယောင် ဖြစ်ခဲ့သော ကာလကား ရှိပါ၏။ ထိုကာလကား အေဒီ တစ်ထောင့်ရှစ်ရာခြောက်ဆယ့်ရှစ်ခုနှစ်၊ မေဂျီဘုရင်လက်ထက်တွင် ဖြစ်ပေသည်။ ထိုအခါ၌ ဗုဒ္ဓဘာသာနှင့် ရှင်တိုဘာသာ ရောနှောခြင်းကို ခွဲထုတ်လေသည်။ ရှင်တိုဘာသာကို အစိုးရကိုယ်တိုင် ချီးမြှောက်ကာ ဘုရင်ကိုလည်း ဘုရားတစ်ဆူသဖွယ် အဆင့်မြှင့်လေသည်။ အမျိုးသားရေးကို အားပေးလေသည်။ လျစ်လျူရှုလေသည်။ သို့သော်လည်း ဗုဒ္ဓသာသနာသည် ပြန်၍စည်ပင်လာခဲ့ပါလေသည်။

။



www.burmesesclassic.com

www.burmesesclassic.com

# ဗုဒ္ဓသာသနာ တောင်ပိုင်းဒေသများ

ဗုဒ္ဓသာသနာသည် အိန္ဒိယတောင်ဘက်ဒေသ၊ အရှေ့တောင်အာရှဒေသများသို့လည်း ပျံ့နှံ့ခဲ့လေသည်။ ထိုဒေသများတွင် လင်္ကာဒီပ–သီဟိုဠ်၊ မြန်မာ၊ ထိုင်း(ယိုးဒယား)၊ ကမ္ဘောဇ(ကမ္ဘောဒီးယား)၊ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှား ဒေသများ ပါဝင်လေသည်။ ဤတွင် မြန်မာ့ဒေသမှတစ်ပါး ကျန်ဒေသများကို တစ်စုတစ်ပေါင်းတည်း ရေးပြပါအံ့။

သီဟိုဠ်သို့ သာသနာရောက်ခဲ့သည်မှာ (မဂဓတိုင်းပြည်ရှင်) အသောကမင်းလက်ထက်တွင် ဖြစ်ပေသည်။ အသောကမင်းသည် သားဖြစ်သူ ရှင်မဟိန္ဒနှင့် ရဟန်းအချို့ကို သီဟိုဠ်သို့ သာသနာပြု ကြွရောက်စေလေသည်။ ထိုအခါ မင်းနေပြည်ဖြစ်သော အနုရာဓပုရ၌ ဒေဝါနံပိယတိဿမင်း(ဘီစီ ၂၄၇–၂၀၇) နန်းစံလျက်ရှိလေသည်။ ထိုမင်းနှင့် မှူးမတ်ကတော် မယားတို့သည်လည်း တရားကြားနာရပြီးသည့်နောက် ဗုဒ္ဓဘာသာဝင်များ ဖြစ်ခဲ့ကြသည်။ ထိုအခါ ရဟန်းအဖြစ် ကူးပြောင်းကြသူများလည်း ရှိတန်သလောက် ရှိခဲ့ပါ၏။ မဟာဝိဟာရကဲ့သို့သော ကျောင်းတိုက်ကြီးများ၊ ထူပါရာမ **(ပုံ ၃၁)** ကဲ့သို့သော စေတီထူပါများလည်း ဖြစ်ထွန်းခဲ့ပါ၏။ ထူပါရာမအရံ၌ပင် သင်္ဂါယနာတင်ခဲ့ပါ၏။ မိန်းမများအဖို့မှာမူ မဂဓတိုင်းမှ သင်္ဃမိတ္တာဘိက္ခုနီ ရောက်လာပြန်သည်ဖြစ်၍ ရဟန်းဘောင် ဝင်ခွင့်ရပေသည်။ ထိုဘိက္ခုနီကို အကြောင်းပြု၍ ရှင်လူအများသည် အနုရာဓပုရ၌ ဗောဓိပင်ကို စိုက်ပျိုးကာ ပူဇော်ခွင့်ရကြလေသည်။



www.burmesesclassic.com

www.burmesesclassic.com



ဝဋ္ဋဂါဏိမင်း (ဘီစီ ၁၀၁–၇၇) လက်ထက်တွင်ကား သံဃာငါး ရာစုဝေး၍ သင်္ဂါယနာ တင်ရပြန်လေသည်။ အကြောင်းမှာ မဟာဝိဟာရ ကျောင်းနေ ရဟန်းများကတစ်ဖက်၊ အခြားရဟန်းများကတစ်ဖက် ဂိုဏ်း ကွဲကြလေ၍ သင်္ဂါယနာတင်ရခြင်းဖြစ်သည်။ ထိုသင်္ဂါယနာတွင် ထူးခြား ချက်တစ်ခုရှိပေ၏။ ရှေးအိန္ဒိယနှင့် သီဟိုဠ်တွင် နှုတ်ဖြင့်သာ သင်္ဂါယနာ တင်ခဲ့ကြလေသည်။ ယခုမူ ပေတွင်စာရေး၍ တင်ကြလေသည်။ တင် သည့်ဘာသာစကားမှာကား (အသောကကျောက်စာသုံး ပါကတ စကား နှင့် နီးစပ်သော) ပါဠိဘာသာပင်ဖြစ်သည်။ ဤသည် ပထမ ထူးခြားချက် ဖြစ်လေသည်။ ဒုတိယ ထူးခြားချက်တစ်ခုသည် အေဒီလေးရာစုတွင် အိန္ဒိယမှ ဗုဒ္ဓစွယ်တော်သည် သီဟိုဠ်သို့ ရောက်လာခြင်းဖြစ်သည်။ ထိုစွယ် တော်ကို အနုရာဓပုရ (ထိုနောက် ကန္ဒီ)၌ တိုက်နန်းဖြင့် သီးသန့်ထားရှိ လေရာ ရှင်လူအများ ဖူးမြော်ပူဇော်ခွင့် ရပြန်လေသည်။

သီဟိုဠ်တွင် ဗုဒ္ဓသာသနာသည် တစ်စတစ်စ စည်ပင်လာလေ သည်။ သီဟိုဠ်သို့ ပြည်ပမှ ပညာလာဆည်းပူးသော ရဟန်းသံဃာများ လည်းရှိလေသည်။ ထိုအထဲတွင် အရှင်ဖာဟီယန်နှင့် အသျှင်ဗုဒ္ဓဃောသ လည်းပါလေသည်။ အရှင်ဖာဟီယန်အကြောင်းကို ရှေးယခင်က အနည်း ငယ်ဖော်ပြခဲ့ဖူးပြီ။ အရှင်ဗုဒ္ဓဃောသ၏အကြောင်းကိုကား ယခုဖော်ပြရ လိမ့်မည်။ ထိုအရှင်သည် (သုတေသီအချို့၏ အလိုအရ) ဗုဒ္ဓဂယာတွင် ဖွားမြင်သူဖြစ်သည်။ ထိုအချိန်အခါ(အေဒီငါးရာစု)၌ ထိုဒေသသည် ထူး ခြားနေလေသည်။ ထူးခြားပုံမှာ အိန္ဒိယဒေသအသီးသီးတွင် ဗုဒ္ဓဘာသာ စာပေများကို သက္ကတဘာသာဖြင့် မှတ်တမ်းတင် လေ့လာလျက်ရှိကြ သည်။ ဗုဒ္ဓဂယာတွင်ကား ဤသို့မဟုတ်။ ပါဠိဘာသာဖြင့်သာ ဗုဒ္ဓစာပေ များကိုလေ့လာကြလေသည်။ ဗုဒ္ဓဂယာရှိကျောင်းတိုက်တွင် သီတင်းသုံးကြ သော သီဟိုဠ်ရဟန်းများသည် ပါဠိဘာသာကိုသာ သုံးကြလေသည်။ ထို သံဃာတို့၏ အကြီးအမှူးသည် ရှင်ရေဝတပေတည်း။

ဤတွင် ပိဋကတ်နှင့်စပ်၍ သီဟိုဠ်ဖြစ် (အဖွင့်) အဋ္ဌကထာများ ပေါ်များကြောင်းကို ဆရာဥပဇ္ဈာယ်ဖြစ်သူ အရှင်ရေဝတထံမှ ရှင်ဗုဒ္ဓ ဃောသ ကြားသိရပေ၏။ ထိုအဋ္ဌကထာများကို ဖတ်ရှုလေ့လာလိုသဖြင့် ရှင်ဗုဒ္ဓဃောသသည် သီဟိုဠ်သို့ ကြွခဲ့လေသည်။ သီဟိုဠ်သို့အရောက် တွင် (ပိဋကတ်သုံးပုံ အချုပ်ဖြစ်သော) ဝိသုဒ္ဓိမဂ်အဋ္ဌကထာကို ပြုစုလေ



www.burmesesclassic.com

www.burmesesclassic.com



သည်။ ထိုနောက် (ဝိနည်းငါးကျမ်းအဖွင့်) သမန္တပါသာဒိက အဋ္ဌကထာ၊ ဇာတ်အဋ္ဌကထာများကို သီဟိုဠ်ဘာသာမှ ပါဠိဘာသာသို့ ပြန်ဆိုခဲ့သည်။

ဤသည် သီဟိုဠ်၌ ဗုဒ္ဓသာသနာပွင့်လန်းပုံ တစ်စိတ်တဒေသဖြစ်သည်။ သို့သော်လည်း သီဟိုဠ်တွင် မဟာယာနဂိုဏ်းအပါအဝင် ဂိုဏ်းကွဲအချင်းချင်း ပြိုင်ဆိုင်မှုများ ရှိနေပါသေး၏။ (အိန္ဒိယတောင်ပိုင်း) စောဠတိုင်းသား ဒမိဠလူမျိုးတို့က နှောင့်ယှက်၍ ပြည်ထဲရေးမငြိမ်သက်သောအခြေအနေလည်း ဖြစ်ခဲ့ပါလေသည်။ ထိုအခါ အေဒီရှစ်ရာစု၌ အနုရာဓပုရမှ ပေါဠဏ္ဏရုဝသို့ မင်းနေပြည်ရွှေ့လေသည်။ ပထမမြောက်၊ ပရက္ကမဗာဟုမင်း (အေဒီ ၁၁၅၃–၁၁၈၆) လက်ထက်သို့ ရောက်သောအခါ တိုင်မှ မဟာဝိဟာရကျောင်းအယူဝါဒသည် ခိုင်ခိုင်ခံ့ခံ့ ဖြစ်လာခဲ့တော့သည်။ ထိုအချိန်သည် ဟိုဘက်အိန္ဒိယ၌ ဗုဒ္ဓဘာသာ မှေးမှိန်လာသည့် အချိန်အခါပင်ဖြစ်လေသည်။ သည်ဘက်သီဟိုဠ်၌ကား မင်းကိုယ်တိုင်က သာသနာကိုချီးမြှောက်လေ၍ ကျောင်းကန်အများအပြားလည်း ဖြစ်ထွန်းလေသည်။ ထိုင်း (ယိုးဒယား)၊ မြန်မာစသော ပြည်ပမှ ရဟန်းသံဃာတို့ကလည်း သီဟိုဠ်ကို လေးစားကြပေသည်။ မြန်မာနိုင်ငံဒေသ–ပုဂံမှဆိုလျှင် ဥတ္တရာဇီဝမထေရ်နှင့် သံဃာအများလာရောက် ပညာနီးနှောကြလေသည်။ ထိုအထဲမှ ဆပဒသာမဏေသည် သီဟိုဠ်၌ နှစ်အတန်ကြာနေထိုင်၍ ရဟန်းခံယူခဲ့လေသည်။

အေဒီ တစ်ဆယ့်ငါးရာစုနောက်ပိုင်းတွင် သီဟိုဠ်သာသနာသည် အတိုက်အခိုက်နှင့် ကြုံရပြန်လေသည်။ ပေါ်တူဂီ၊ ဒတ်၊ အင်္ဂလိပ်နယ်ချဲ့ဒဏ်ကို အစဉ်တစိုက် ခံရလေသည်။ ဘာသာခြား အယူဝါဒတို့၏ အထိုးအဖောက်ကို ခံရလေသည်။ သို့ရာတွင် နိုင်ငံလွတ်လပ်ရေးရသည့်အခါ သာသနာသည် နေရာမှန်ပြန်၍ရောက်လေသည်။

သီဟိုဠ်မှ (ထေရဝါဒ) ဗုဒ္ဓဘာသာသည် ကုန်သည်များ၊ သာသနာပြုများမှတစ်ဆင့် အရှေ့တောင်အာရှဒေသများသို့ ရောက်ခဲ့လေသည်။ ထိုအတူ အိန္ဒိယတောင်ပိုင်း အမရာဝတီဘက်၊ ကိဋ္ဌိပုရဘက်မှသည် ရေလမ်းခရီးဖြင့်လည်းကောင်း၊ အိန္ဒိယအရှေ့မြောက်ပိုင်း၊ ဗင်္ဂလား–ဗိဟာဘက်မှသည် ကုန်းလမ်းရေလမ်းခရီးဖြင့်လည်းကောင်း ထေရဝါဒနှင့် မဟာယာနဗုဒ္ဓဘာသာ၊ ဗြာဟ္မဏ ဟိန္ဒူဘာသာတို့သည်လည်း အရှေ့တောင်အာရှဒေသများသို့ ရောက်ခဲ့ပါလေသည်။ တစ်ဖန် တရုတ်ဒေသ အနောက်



www.burmesesclassic.com

www.burmesesclassic.com



တောင်ပိုင်း (ယူနန်) ဒေသသည် အရှေ့တောင်အာရှဒေသများနှင့် ကျော ခိုင်း နှံ့စပ်ဖြစ်လေရာ၊ ထိုဘက်မှ တရုတ်နွယ်သော မဟာယာနဗုဒ္ဓဘာသာ သည် ထိုဒေသများသို့ ရောက်ခဲ့ပြန်လေသည်။

ထိုင်း(ယိုးဒယား)ဒေသကို ကြည့်ပါလေ။ အေဒီခြောက်ရာစုတွင် ထိုဒေသအလယ်ပိုင်း မဲနမ်မြစ်ကမ်းရိုးတန်းပေါ်၌ ဒွါရဝတီပြည်ဟူ၍ ရှိပေ၏။ ထိုပြည်၏ အနောက်ဘက်၌လည်း ရာမညဒေသ(သထုံပြည်) ဟူ၍ရှိပေ၏။ ထိုဒေသနှစ်ခုစလုံးတွင် မွန်လူမျိုးများ နေထိုင်ကြလေသည်။ ထို အခါကာလတွင် ဒွါရဝတီပြည်၏ ဗဟိုချက်ချာ ပရပထုံမြို့တော်၌ ဗုဒ္ဓ ဘာသာ ထွန်းကားနေလေပြီ။ ပရပထုံ၌ တည်ဆောက်သော စေတီပုထိုး သည်(မူလတွင်) သီဟိုဠ်ပုံစံဖြစ်လေသည်(ပုံ ၃၅)။ ထုလုပ်သော ရုပ်ပွား တို့မှာမူ ဂုတ္တခေတ်ဟန်ဖြစ်လေသောကြောင့် နောင်အခါမွန်ဂုတ္တအနုပညာ ဟု ခေါ်တွင်လေသည်။

အေဒီကိုးရာစု၌ကား ဒွါရဝတီနှင့် ယခုလောဒေသတို့သည် သူရိယဝါမန်ကဲ့သို့ အရှေ့ဘက်မှ ခမယ်လူမျိုးဖြစ်သော ကမ္ဘောဇ (ကမ္ဘောဒီး ယား)ဘုရင်များအောက်သို့ ရောက်ခဲ့ရပေသည်။ သူတို့က မွန်တို့ဌာနီ လော့ပုရိကို မင်းနေပြည် လုပ်လေသည်။ ထိုကမ္ဘောဇဘုရင်တို့သည် ဗြာဟ္မဏဟိန္ဒူဘာသာ သိဝဂိုဏ်းသား (နှင့် ဗိသနိုးဂိုဏ်းသား)များ ဖြစ်ကြသည့်အတိုင်း သူတို့စိုးမိုးရာဒေသတွင်လည်း သူတို့၏ ဩဇာသည် ဝင်လာခဲ့လေသည်။ ဘာသာရေး ပစ္စည်းလက်ရာပုံသဏ္ဍာန်များလည်း အိန္ဒိယဆံဆံ၊ ခမယ်ဆံဆံ ဖြစ်လာတော့သည်။

တစ်ခုရှိသည်မှာ အနောက်မြောက်ဘက်တွင် မွန်အချို့သည် ဟရိပုဉ္စယ (ယခုအခေါ် လမ်းဖုံး)ဟူ၍ ပြည်တည်ထောင်ခဲ့ပြီးလျှင် ဆက် လက် ခိုင်မြဲနေကြလေသည့် အချက်ဖြစ်လေသည်။ထိုဟရိပုဉ္စယမှ ထောင့် လေးထောင့်၊ အဆင့်ငါးဆင့်ရှိသော ဝတ်ကူကုတ်လိုဏ်ဂူဘုရားမျိုးလည်း ဖြစ်ထွန်းခဲ့လေသည်။

အေဒီဆယ့်သုံးရာစု၌ကား တရုတ်ဒေသ အနောက်တောင်ပိုင်း (ယူနန်)မှ ထိုင်းလူမျိုးများ ဆင်းလာပြီးလျှင် ဒွါရဝတီဒေသကို ခမယ်များ ထံမှ ယူငင်သိမ်းပိုက်လေသည်။ သူတို့နှင့်အတူ တရုတ်နွယ်သော မဟာ ယာဉ် ဘာသာရေးအယူအဆများလည်း ပါလာခဲ့လေသည်။ သို့ရာတွင် ရာမညဒေသနှင့် ဟရိပုဉ္စယဒေသတို့မှ မွန်ယဉ်ကျေးမှုနှင့် တစ်စတစ်စ



www.burmesesclassic.com

www.burmesesclassic.com



ထိတွေ့လာမိလေသည်။ သူတို့သည် ထေရဝါဒ ဗုဒ္ဓဘာသာဝင်များဖြစ်လာကြသည်။

သူတို့၏ဗဟိုချက်ခြာကား၊ သောက္ကတဲဖြစ်လေသည်။ သူတို့၏အာဏာစက်သည် တဖြည်းဖြည်း ပျံ့နှံ့လာခဲ့ပြီးလျှင်၊ ရာမညဒေသနှင့် ကမ္ဘောဇခမယ်တို့အလယ်တွင် ခိုင်ခိုင်မာမာရှိခဲ့လေသည်။ သူတို့သည် ကမ္ဘောဇဘက်သို့ပင် တိုးချဲ့တိုက်ခိုက်တတ်လေသည်။ လောဒေသတွင်လည်း သူတို့ဩဇာညောင်းလေသည်။

ထိုသောက္ကတဲခေတ် ဗုဒ္ဓသာသနာသည် သီဟိုဠ်နှင့် အဆက်အသွယ်များလာ၏။ များလာရခြင်းမှာ၊ ပထမမြောက် ဓမ္မရာဇာမင်း၊ ဒုတိယမြောက် ဓမ္မရာဇာမင်းတို့ကြောင့် ဖြစ်လေသည်။ ထိုမင်းနှစ်ပါးစလုံးပင် သီဟိုဠ်သို့ ရဟန်းသံဃာများလွှတ်၍ အဆက်အသွယ်လုပ်ခဲ့လေသည်။ ထို့ပြင် ဒုတိယမြောက် ဓမ္မရာဇာမင်းသည် ပိဋကတ်စာပေ၌လိမ္မာ၏။ ဘာသာတရားကို ကိုင်းရှိုင်း၏။ ကိုင်းရှိုင်းသည့် အလျောက်လည်း ကိုယ်တိုင်ရဟန်းပြုခဲ့လေသည်။

ထိုမင်း၏လုံ့လကြောင့် အေဒီ ၁၃၆၁ ခုနှစ်တွင်၊သီဟိုဠ်မှ မဟာသာမိမထေရ်သည် သောက္ကတဲသို့ ကြွရောက်သီတင်းသုံးကား၊ ပရိယတ္တိသာသနာထွန်းကားအောင် ဆောင်ရွက်ခဲ့လေသည်။ထိုသောက္ကတဲခေတ်၌ ထုလုပ်သောဆင်းတုရုပ်ပွားတို့သည်လည်း ထူးခြားသည်ဟု ဆိုအပ်လှပေသည်။ အဘယ်ကြောင့်ဆိုသော်ဗုဒ္ဓဆင်းတုကို တင်ပျဉ်ခွေပုံ၊ လျောင်းတော်မူပုံ၊ မတ်ရပ်ပုံဟူ၍ ယေဘုယျ ထုတတ်ကြသည်သာ များလေသည်။ သောက္ကတဲတွင်ကား ဗုဒ္ဓဒေသစာရီကြွချီပုံကိုလည်း ထုတတ်လေသည်။ (ပုံ ၃၆)။

ထိုင်းတို့သည် သောက္ကတဲ၌သာ နန်းစိုက်သည်မဟုတ်။ မြောက်ဘက်ရှိ ဇင်းမယ်၌လည်း နန်းစိုက်ခဲ့ကြသည်။ သို့ရာတွင် အေဒီဆယ့်လေးရာစု၌ သောက္ကတဲမင်းဆက်သည် တိမ်ကောခဲ့လေသည်။ ထိုအခါ အယုဒ္ဓယသည် မင်းနေပြည်ဖြစ်လာတော့သည်။ ဘာသာရေးအဆောက်အအုံတည်ဆောက်ရေး၊ ရုပ်ပွားဆင်းတုထုလုပ်ရေးသည်လည်း အယုဒ္ဓယခေတ်၏အသွင် ဆောင်လာခဲ့လေသည်။

ထိုခေတ်တွင် အများအားဖြင့် မြင်တွေ့ရသော ရုပ်ပွားဆင်းတုသဏ္ဍာန်တို့သည်လည်း မကိုဋ်ဆောင်း ဗုဒ္ဓကြေးရုပ်ပွားများပင် ဖြစ်လေ



www.burmesesclassic.com

www.burmesesclassic.com



သည်။ ထိုသို့သော ရုပ်ပွားမျိုးကို ထုလုပ်မှုသည် ကမ္ဘောဇ၌လည်း ထွန်းကားခဲ့လေသည်။

အယုဒ္ဓယနေပြည်တော်သည် အေဒီ ၁၇၆၆ ခုနှစ်တွင်မြန်မာတို့၏ စစ်မက်ထိုးနှက်မှုကြောင့် ကျဆုံးခဲ့လေသည်။ ထိုအခါ အေဒီ ၁၇၈၂ ခုနှစ်တွင် ဗန်ကောက်သည် မင်းနေပြည်ဖြစ်လာလေသည်။ဗန်ကောက်ကို အခြေပြု၍ နန်းဆက်ပြန်လည်ထူထောင်သူမှာ ပထမမြောက်ရာမာဓိပတိ မင်းပါပေတည်း။ ထိုမင်းလက်ထက်မှသည် ယခုထက်တိုင် ထေရဝါဒ သာသနာသည် စည်ပင်လာခဲ့လေသည်။ ဗန်ကောက်မြို့သည်လည်း သံဃာအများအပြားနှင့်တကွ ဝတ်အရဏ်ဘုရားကဲ့သို့ ဘုရားပုထိုးပေါ်များလှသော မြို့ဖြစ်လာခဲ့လေသည်။

ထိုင်းတို့နှင့် အပြန်အလှန် အကျိုးပြုခဲ့သော ခမယ်တို့အကြောင်းကို ပြန်ကောက်ရဦးမည်။ ခမယ်တို့ဒေသသို့ အိန္ဒိယတောင်ပိုင်း အမရာဝတီနှင့် ကိဋ္ဌိပုရာဘက်မှ ကုန်သည်များ၊ဘာသာရေးပုဂ္ဂိုလ်များလာရောက်၍အခြေချကြလေသည်။ ထိုသူတို့နှင့်အတူ အုပ်ချုပ်ရေးစံနစ်၊ဓလေ့ထုံးစံ ကိုးကွယ်ရာဘာသာ စသည်တို့လည်းပါလာခဲ့လေသည်။ ထိုဒေသသည် ပထမတွင် ဖူနံနိုင်ငံဟူ၍အမည်ရှိ၏။ ထိုနောက်မှ ကမ္ဘောဇဟူ၍နိုင်ငံသစ်ဖြစ်လာလေသည်။

ထိုကမ္ဘောဇနိုင်ငံတွင် ဗြာဟ္မဏဟိန္ဒူဘာသာသည်ယသော်ဝါမန်ကဲ့သို့ မင်းတို့ကိုးကွယ်ရာ ဘာသာဖြစ်ခဲ့လေသည်။ဗုဒ္ဓဘာသာ ကိုးကွယ်မှုကားရှိတန်သလောက်ပါရှိပါ၏။သို့ရာတွင် ထိပ်တန်းနေရာကမဟုတ်လေ။ မင်းတို့သည်လည်း အင်ကောကို မင်းနေပြည်ပြုလုပ်၍မိမိတို့ကိုယ်ကို နတ်ဒေဝါအဖြစ်ရောက်အောင် မြှင့်တင်ခဲ့ကြသည်။ ဘုရားပုထိုးများတွင်လည်း မိမိတို့သည် သိဝနတ်(ထို့ပြင် ဗိဿနိုးနတ်)၏ ကိုယ်ပွားဖြစ်လေဟန် ရုပ်တုများတုလုပ်စေခဲ့လေသည်။

သတ္တမမြောက် ဇယဝါမန်မင်း (အေဒီ ၁၁၈၁–၁၂၁၈) ကား ဗုဒ္ဓဘာသာဝင် ဖြစ်လေသည်။ ထိုမင်းသည် လူနာများအတွက် ဆေးရုံတစ်ရာ့နှစ်ခုကိုလည်းကောင်း၊ ဘုရားဖူးများအတွက် ဇရပ်တစ်ရာ့တစ်ခုကိုလည်းကောင်း ဆောက်တည်ထိန်းသိမ်းခဲ့လေသည်။ အင်ကောအနီး၌ပင် အင်ကောထုံအမည်ဖြင့် မြို့တော်သစ်တည်ထောင်ခဲ့လေသည်။ဤတွင် အင်ကောရှိဟိန္ဒူလိုဏ်ဂူဘုရား (အင်ကောဝတ်)၌ ဗုဒ္ဓဘာသာရုပ်တု



www.burmesesclassic.com

www.burmesesclassic.com



များဖြင့် ဆင်ယင်မွမ်းမံမှုများကို ပြုလုပ်စေခဲ့သူမှာ ထိုမင်းပင်ဖြစ်တော့သည်။ တစ်ဖန် အေဒီဆယ့်နှစ်ရာစု အကုန်တွင် အင်ကောထုံမြို့အလယ်၊ လမ်းလေးခွဆုံရာ၌ ဗေယွန်လိုဏ်ဂူဘုရားကို တည်ဆောက်စေကာ (မဟာယာဉ်ဗောဓိ သတ္တအဝလောကိတေသရနှင့် အတူတူဖြစ်သော) လောကေသရရုပ်တုကြီးများကို တစ်ပူးတည်း ထည့်သွင်းထုလုပ်စေခဲ့လေသည်။

အဓိပ္ပါယ်မှာ မင်းဇကရာဇ်သည်လည်း လောကေသရ၊ လောကေသရသည်လည်း မင်းဇကရာဇ်ဟူသော သဘောပေါက်အောင်မင်းတို့၏ တန်ခိုးတေဇာကို ထင်ရှားအောင် ပြုလုပ်ခြင်းဖြစ်လေသည်(ပုံ ၃၇)။ ထို့ပြင် ဘုရားပုထိုးကို ပန္နက်ချထားပုံမှာလည်း မြင့်မိုရ်တောင် သဏ္ဍာန်ဖြစ်၍၊ထို့မြင့်မိုရ်တောင်ထိပ်၌ နတ်ဒေဝါများစိုးမိုးအုပ်ချုပ်ဟန် သဘောလည်းပေါက်အောင် ပြုလုပ်ခြင်းပင်။

နောက်ပိုင်း ကာလများတွင်၊ ကမ္ဘောဇနိုင်ငံသည် ထိုင်းနိုင်ငံ၊ သီဟိုဠ်နိုင်ငံတို့နှင့် အဆက်အဆံများလာခဲ့လေသည်။မဟာယာဉ် အယူဝါဒ နေရာတွင် ထေရဝါဒ ဗုဒ္ဓဘာသာ ဝင်လာခဲ့လေသည်။

ကမ္ဘောဇနှင့် ကျောခိုင်းနံစပ်ဖြစ်နေသော နိုင်ငံတစ်ခုကား စမ္ပါပြည် (ယခုအခေါ်ဗီယက်နမ်) ဖြစ်လေသည်။ ထိုဒေသဘက်သို့လည်း အိန္ဒိယတောင်ပိုင်းဘက်မှ ကုန်သည်များ၊မင်းဆွေစိုးမျိုးများ လာရောက်ခဲ့ကြသည်။ထိုအခါ စမ္ပါမင်းများသည် ပလ္လာဝမင်းများ ခံယူသော ဝါမန်ဘွဲ့ကို ခံယူတတ်ကြလေသည်။ ထိုမင်းများသည်လည်း ဗုဒ္ဓဘာသာဝင်များဖြစ်ခဲ့ကြလေသည်။ ထို့ကြောင့် ထိုမင်းများလက်ထက်၌ ဆင်းတုရုပ်ပွားများကို ထုလုပ်ကြသည်တွင် ဒွန်ဒူဝန်ဒေသရှိ အလွန်သပ္ပာယ်လှသော ကြေးဆင်းတုသည် တစ်ခုအပါအဝင် ဖြစ်လေသည်။

အေဒီ တစ်ဆယ့်ငါးရာစုတွင်လည်း မြောက်ပိုင်းမှ အာနံသားတို့သည် တောင်ဘက်စမ္ပါသို့ ဆင်းလာ၍ တိုက်ခိုက်သိမ်းယူခဲ့လေသည်။ ထိုအာနံသားတို့သည် တရုတ်ယဉ်ကျေးမှုနှင့်နီးစပ်သူများဖြစ်ကြသည်။ ထို့အာနံသားတို့ကို အကြောင်းပြု၍၊စမ္ပါတွင် တရုတ်နွယ်သောဗုဒ္ဓဘာသာအပြင် ကွန်ဖူးဇီး၏ဝါဒများလည်း ပါဝင်လာခဲ့သည်။ ထိုဒေသတွင် အေဒီနှစ်ဆယ်ရာစုတိုင်အောင်ပင် ဗုဒ္ဓဘာသာနှင့် အခြားဘာသာသည် ရောရောနှောနှော ရှိခဲ့လေသည်။



www.burmesesclassic.com

www.burmesesclassic.com



ဤနေရာတွင် ရေးအခေါ် သုဝဏ္ဏဒီပ၊ ယခုအခေါ်အင်ဒိုနီးရှား ဒေသရှိ သာသနာအကြောင်းကို ဆိုရဦးတော့မည်။ ဗြာဟ္မဏဘာသာ၊ ထိုနောက် ဗုဒ္ဓဘာသာသည်အိန္ဒိယမြောက်ပိုင်း၊ တောင်ပိုင်းတို့မှ ဂျာဝါး ကျွန်းဘက်သို့ အေဒီငါးရာစု၌ပင် ရောက်ခဲ့လေသည်။ ထိုကျွန်း၌ ဗုဒ္ဓ သာသနာကို တိုးပွားအောင်ကြိုးပမ်းခဲ့သူတစ်ဦးမှာမူ အိန္ဒိယရဟန်းတော် ဂုဏဝါမန်မထေရ် ဖြစ်လေသည်။ ထိုနောက် ဆုမတြားကျွန်းရှိ သီရိ ဝိဇယနိုင်ငံ၌ ဗုဒ္ဓဘာသာ ထွန်းကားလာလေသည်။ တရုတ်ရဟန်းတော် အိဆင်သည် မဇ္ဈိမဒေသမှ တရုတ်ပြည်သို့အပြန်တွင် သီရိဝိဇယနိုင်ငံသို့ ဝင်ခဲ့၍၊ သာသနာအခြေအနေကို လေ့လာခွင့်ရခဲ့ဖူးလေသည်။ ထိုရဟန်း တော်၏ မှတ်တမ်းအရဆိုလျှင်ဗုဒ္ဓသာသနာသည် ထိုဆုမတြားကျွန်းမှ သည် မာလာယုကျွန်း (မလေးရှား)နှင့်တကွ အနီးအနားဒေသများအထိ ပျံ့နှံ့ခဲ့လေသည်ဖြစ်၏။ အေဒီဆယ်တစ်ရာစု၌ကား၊ ဂျာဝါး၌ သေလိန္ဒြာ မင်းဆက် စိုးစံနေလေသည်။ ထိုခေတ်အခါ၌ ဤဘက်က ဗုဒ္ဓဘာသာ သည် ဗင်္ဂလား၊ ဗီဟာဘက်မှ နာဠန္ဒကျောင်းကြီး ဝိဟာရနှင့် အဆက် အသွယ်ရှိနေခဲ့လေပြီ။ နာဠန္ဒမှ ဆရာများပင်လျှင် ဂျာဝါးဘက်သို့ လာ ရောက်၍ ဗုဒ္ဓဘာသာစာပေများကို လေ့လာနေခဲ့ကြပြီ။ သေလိန္ဒြာမင်းများ သည်လည်း နာဠန္ဒဘက်တွင်ကျောင်းများတည်ဆောက် လှူဒါန်းခဲ့ကြ သည်။ ထိုမင်းဆက်များ တည်ဆောက်ခဲ့သော သာသနိက အဆောက် အအုံတို့အနက်၊ အထူးခြားဆုံးမှာ မြင့်မိုရ်တောင်သဏ္ဌာန်ရှိသောဇိနရုပ် လုံးများ ဇာတ်နိပါတ် ရုပ်ကြွများဖြင့် မွမ်းမံထားသော ဗောရောဗုဓော မဟာစေတီ ဖြစ်လေသည် (ပုံ ၃၉)။

ထူးခြားသော ရုပ်ပွားတစ်ခုကိုလည်း ဖော်ပြရဦးမည်။ထိုရုပ်ပွား မှာမူ၊ သိင်္ဂသာရိမင်းဆက် (အေဒီ ၁၂၂၂–၁၂၉၂)မှ မိဖုရားတစ်ပါးကို ပုံတူယူ၍၊ ထုလုပ်သော ပညာပါရမီတာရုပ် ဖြစ်လေသည် (ပုံ ၄၃)။ ပြန်ပြောင်း၍ ဆိုရသော် တန္တရယာနတွင် အာဒိဗုဒ္ဓဟူသော အစအဦးဗုဒ္ဓ နှင့် ထိုအာဒိဗုဒ္ဓမှ ပွားခဲ့သော ဇိနဗုဒ္ဓငါးဆူရှိလေသည်။ ထိုဗုဒ္ဓတို့နှင့်ပူး တွဲလျက် ကြင်ဖက်များလည်း ရှိလေသည်။ ပညာပါရမီတာသည်အာဒိဗုဒ္ဓ သို့တည်းမဟုတ်(မဟာ)ဝိရောစန ဗုဒ္ဓ၏ကြင်ဖက်ဖြစ်လေသည်။ ထိုမျှ မကသေး၊ ပညာပါရမီတာ၏ ဝိသေသတွင် ပညာဉာဏ်သုံ ကိန်းဝပ်သော သဘော၊ မာတာမိခင်၏သဘော၊ စင်ကြယ်သန့်ရှင်းသော သဘောကို



www.burmesesclassic.com

www.burmesesclassic.com



ထိုခေတ် ဗုဒ္ဓဘာသာဝင်များက ထပ်လောင်းယူခဲ့ကြပြန်ခဲ့လေသည်။ ဤသို့ အားဖြင့် အလွန် ကြည်ညိုစရာ ကိုးကွယ်စရာ ဖြစ်ခဲ့တော့သည်။

ဗုဒ္ဓသာသနာသည် ဆုမတြားကျွန်းတွင် အေဒီတစ်ဆယ့်လေး ရာစုအထိ လည်းကောင်း၊ ဂျာဝါးကျွန်းတွင် အေဒီတစ်ဆင့်ငါးရာစုအထိ လည်းကောင်း တည်တံ့ခဲ့လေသည်။ ထိုနောက်မူကား အခြားဘာသာ အယူ များကြောင့် တိမ်ကောသွားခဲ့လေသည်။

●



www.burmesesclassic.com

www.burmesesclassic.com

# ဗုဒ္ဓဘာသာမြန်မာနိုင်ငံ

မြန်မာနိုင်ငံဒေသသို့ ဗုဒ္ဓသာသနာ ရောက်လာပုံကို အစဉ်အလာ မှတ်တမ်းတင်ကြသည်မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

ရာမညတိုင်း (မွန်များဒေသ)၊ ဥက္ကလာပဇနပုဒ်နေ တပုဿနှင့် ဘလ္လိကညီနောင်နှစ်ဦးသည် ကုန်သည်များဖြစ်ကြသည်။ (အယူအဆကွဲမှာ ထိုသူတို့သည် အိန္ဒိယပြည် ဩရိဿနယ်မှ ဖြစ်သည်ဟူ၏။) သူတို့သည် မဇ္ဈိမဒေသသို့ ကုန်သွယ်ရောက်ရှိလေရာ (ဗုဒ္ဓဂယာ၌) ဂေါတမဗုဒ္ဓရှင်တော်ဘုရား ဖူးပွင့်၍ လင်းလွန်းပင်အောက်၌ သီတင်းသုံးနေသည်နှင့် ကြုံကြိုက်ကြလေသည်။ ထိုအခါပါလာသော ပျားမုန့်ဆုပ်နှင့် ကြွက်ကျစ်မုန့်ကို ကပ်လှူ၍ ဥပါသကာအဖြစ်ခံယူကြလေသည်။ ကိုးကွယ်ရန် ဆံတော်ရှစ်ဆူကိုလည်း ရရှိကြလေသည်။ တပုဿနှင့် ဘလ္လိကလည်း ရပ်ရွာသို့ပြန်ရောက်သည့်အခါ နတ်များ၏ အကူအညီဖြင့် သိင်္ဂုတ္တရ ကုန်းတော်ပေါ်တွင် ဆံတော်ရှစ်ဆူကို ဌာပနာ၍ ရွှေတိဂုံစေတီ တည်ခဲ့လေသည်။**(ပုံ ၅၁)**။

တစ်ဖန် ဂေါတမဗုဒ္ဓရှိစဉ်က ရခိုင်ဒေသဘက်တွင် ဓညဝတီပြည်ကြီး ထွန်းကားခဲ့လေသည်။ မင်းကား စန္ဒသူရိယ ဖြစ်လေသည်။ ဗုဒ္ဓသည်လည်း ဓညဝတီပြည်သို့ ကြွရောက်၍ မင်းနှင့်ပြည်သူတို့ကို တရားဟောခဲ့လေသည်။ ထိုနောက် မင်းကကိုးကွယ်စရာ တောင်းပန်သဖြင့် မဟာမုနိရုပ်ပွားတော်ကို ထုလုပ်စေကာ၊ ထိုရုပ်ပွားကိုပင် ဗုဒ္ဓသည် ရင်ငွေ့တော်ပေးခဲ့လေသည်။



www.burmesesclassic.com

www.burmesesclassic.com



တစ်ဖန် ဂေါတမဗုဒ္ဓသည်ဝါနှစ်ဆယ်အရတွင်၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှ (မြန်မာနိုင်ငံဒေသ) လယ်ကိုင်းကျောင်းတော်ရာ ဝါဏိဇ ဂါမသို့ကြွရောက်၍ စန္ဒကူးကျောင်းတွင် သီတင်းသုံးခဲ့ဖူးလေသည်။ ထို့ပြင် နဂါးနှင့် ရသေ့တို့က ကိုးကွယ်စရာ တောင်းပန်သဖြင့် အောက်ခြေတော်ရာ အထက်ခြေတော်ရာ ဟူသော ခြေတော်ရာနှစ်ဆူချထားတော်မူခဲ့လေသည်။

နောက်ဆုံး သာသနာရောက်ပုံကား ဂေါတမဗုဒ္ဓ လွန်ပြီးနောက် အနှစ်သုံးရာအကြာ၊အသောကမင်းတရားလက်ထက်တွင် ဖြစ်ပေသည်။ အသောကမင်းတရားနှင့် အရှင်မောဂ္ဂလိပုတ္တမထေရ်တို့၏ အကြံအစည်ဖြင့် အရှင်သောဏနှင့် အရှင်ဥတ္တရတို့သည် (ကေလာသတောင်ခြေအနီးရှိ)သုဝဏ္ဏဘုမ္မိသထုံပြည်သို့ သာသနာပြု ရောက်ကြလေသည်။(အယူအဆကွဲမှာ သုဝဏ္ဏဘုမ္မိနေရာသည် ဂျာဝါးကျွန်းအပါအဝင် မလေးကျွန်းဆွယ် (မလေးရှား) တစ်ခုလုံးဖြစ်လေသည်။) ထိုအခါသုဝဏ္ဏဘုမ္မိတွင် ဘီလူးမ၏ဘေးရန်ကြီးမားနေလေသည်။ အရှင်သောဏနှင့်အရှင်ဥတ္တရတို့သည် ဘီလူးမရန်ကို နှိမ်နင်းနိုင်ခဲ့ကြသည်။ မင်းမိဖုရားအပါအဝင်လူခြောက်သောင်းလည်း တရားထူးရကြလေသည်။

ဤသည် အစဉ်အလာရှိသည့်အတိုင်း၊မြန်မာနိုင်ငံဒေသသို့ဗုဒ္ဓသာသနာ ရောက်ခဲ့ပုံအကြောင်း ဖြစ်လေသည်။ အစဉ်အလာကိုကျော်၍ ခေတ်ပြိုင်ဝတ္ထုပစ္စည်းကို ရှာဖွေတွေ့ရှိချက်အရလည်းကောင်း၊ခေတ်ပြိုင်စာပေမှတ်တမ်းအရလည်းကောင်း ကြည့်ကြပါဦးအံ့။

ဤရေမြေတွင် မြို့ပြပြည်ရွာ၊ အကျအနတည်ထောင်၍ ကိုးကွယ်ရာ ဘာသာခိုင်ခိုင်ခံ့ခံ့နှင့်တကွ ရှေးဦးစွာ နေထိုင်ခဲ့ကြသော လူမျိုးတို့တွင် ပျူလူမျိုးတို့ ပါလေသည်။ ပျူနယ်မြေသည် (ယခု တောင်တွင်းကြီး အနောက်ဘက် တစ်ဆယ့်နှစ်မိုင်အကွာရှိ) ဗိဿနိုးဒေသ၊(ယခုရွှေဘိုစီရင်စုရှိ) ဟန်လင်းဒေသ၊ထိုနောက်(ယခုပြည်–မှော်ဇာရွာနေရာ)သရေခေတ္တရာဒေသဟူ၍ ဖြစ်လေသည်။ ထိုသုံးနေရာသည် အေဒီ ၁ ရာစုခန့်ကပင် စတင်ဖြစ်ထွန်းလာခဲ့လေသည်။

ထိုနောက် ဗိဿနိုးသည် အေဒီ ၄ ရာစုတွင် ပျက်သုဉ်းခဲ့၍၊ သရေခေတ္တရာသည် အေဒီ ၈ ရာစုခန့်တွင် ပျက်သုဉ်းခဲ့လေသည်။ဟန်လင်းသည်လည်း သရေခေတ္တရာနှင့် မရှေးမနှောင်းပင် ပျက်သုဉ်းခဲ့ဟန်တူ



www.burmesesclassic.com

www.burmesesclassic.com



လေသည်။ ထိုသုံးနေရာစလုံးတွင် ဗြာဟ္မဏဟိန္ဒူဘာသာ၊ ဗုဒ္ဓဘာသာ သည် ကိုးကွယ်ရာဘာသာများ ဖြစ်ခဲ့လေသည်။

ဤတွင် ထိုသုံးနေရာစလုံး၌ ဗြာဟ္မဏဟိန္ဒူဘာသာနှင့် (ဗုဒ္ဓဘာသာ) လာ ခရုသင်း၊ ငါးကြင်းနှစ်ကောင်ရုပ် သီရိဝစ္ဆ (အိမ်မွှန်)ရုပ်၊ သောတ္ထိကရုပ် စသောမင်္ဂလာ အထိမ်းအမှတ်များကို မြေအိုးများပေါ်တွင် ပုံဖော်၍ သော်လည်းကောင်း၊ ငွေပြားအဝိုင်းပေါ်တွင်ထုလုပ်၍သော်လည်း ကောင်း သုံးတတ်ကြလေသည်။(ထို့ပြင် ကွယ်လွန်သည့်အခါ အလောင်း ကိုမီးရှို့၍ အရိုးပြာကို အိုးများတွင်ထည့်တတ်ကြလေသည်။ဗြာဟ္မဏ ဟိန္ဒူဘာသာတွင် ခရုသင်းသည် ဗိဿနိုးနတ်ကိုင်ဆောင်သောကိရိယာ တစ်ခုဖြစ်၏။ ငါးကြင်းနှစ်ကောင်သည်တိုးတက်စည်ပင်ရာ လက္ခဏာဖြစ် ၏။ သီရိဝစ္ဆသည် (လက္ခမီနတ်သမီးလည်းဖြစ်သော)သီရိနတ်သမီး၏ အိမ်မွှန်ဟုလည်း ဆိုနိုင်၏။ဗိဿနိုးနတ်၏ရင်ဘတ်ရှိ မှဲ့ပုံသဏ္ဍာန်ဟု လည်း ဆိုနိုင်၏။ သောတ္ထိကသည် နေမင်း၏သရုပ်သဏ္ဍာန်ဖြစ်၏။ ထို အရုပ်များသည်လည်း ဂေါတမဗုဒ္ဓ၏ စက်လက္ခဏာကြီးများတွင် ပါဝင်ခဲ့ လေသည်။

ထိုဒေသအားလုံးတွင် ဗြာဟ္မဏဟိန္ဒူဘာသာ ရှိခဲ့သည်မှာ ထင်ရှားလေသည်။ ဗုဒ္ဓဘာသာအတွက်ကား ဤသို့ဆိုရလိမ့်မည်။ ဆိုရပုံမှာကား ဗိဿနိုးနှင့် ဟန်လင်းတွင်ဗုဒ္ဓဘာသာရှိခဲ့ပါ၏။ ရှိခဲ့သောဗုဒ္ဓဘာသာသည်ဆင်းတုရုပ်ပွားကိုးကွယ်သော ဂိုဏ်းထဲက မဟုတ်ဟုထင်ရလေသည်။ ဗုဒ္ဓဘာသာလာ ဂိုဏ်းခွဲများတွင် နာဂါဇ္ဇုနကုဏ္ဍာဘဏ်တွင် ရှိခဲ့သော အပရမဟာဝိန သေလိယဂိုဏ်း တစ်ဂိုဏ်းသည်ရုပ်ပွားကိုးကွယ်မှုကို လက်မခံသောဂိုဏ်းဖြစ်လေသည်)။ ဗုဒ္ဓဘာသာရှိခဲ့သည်ဟုထင်ရသည်မှာလည်းအခြားကြောင့် မဟုတ်။ အမရာဝတီနာဂါဇ္ဇုနကုဏ္ဍမှ (ဗုဒ္ဓဘာသာ)ပုထိုးမျိုးနှင့်အုတ်ခုံချင်း၊ပန္နက်ချင်းတူသောပုထိုးအဆောက်အအုံနှင့်အမရာဝတီဘက်မှ(ဗုဒ္ဓဘာသာဝင်)အလှူရှင်အမည်ရေးထိုးသကဲ့သို့ သီရိအက္ခရာ အဆုံးသတ်ဖြင့် အလှူရှင်အမည်ရေးထိုးထားသောအုတ်ချပ်ကို ဗိဿနိုးတွင်လည်းကောင်း၊ စေတီပုံမြေအိုးအဖုံးကို ဟန်လင်းတွင်လည်းကောင်း တွေ့ရှိရသောကြောင့် ဖြစ်လေသည်။

ဗုဒ္ဓသာသနာအကြောင်းကို ပို၍ကျယ်ကျယ်ပြန့်ပြန့် သိလာနိုင်သည်မှာ အဓိကအားဖြင့် အေဒီတစ်ရာစုမှ ရှစ်ရာစုအထိ ထွန်းကားခဲ့သော



www.burmesesclassic.com

www.burmesesclassic.com



ပျူတို့၏သရေခေတ္တရာမြို့ဟောင်းဒေသ၊ ထို့နောက်မွန်လူမျိုးတို့၏ (ရာမညတိုင်းတွင် အပါအဝင်ဖြစ်သော) ကေလာသတောင်နှင့် သထုံ (အနီးအနား) ဒေသ၊ ထို့နောက် ရခိုင်ဒေသဟူ၍ ဒေသသုံးခု ဖြစ်လာကြသည်။

သရေခေတ္တရာသည် ယေဘုယျအားဖြင့် အိန္ဒိယမြောက်ပိုင်းနှင့် လည်းကောင်း၊ အထူးအားဖြင့် အိန္ဒိယတောင်ပိုင်း ကိဋ္ဌိပုရဘက်၊အမရာ တီဘက်နှင့် လည်းကောင်းအဆက်အသွယ်များခဲ့ဟန်ရှိ၍၊ ဗုဒ္ဓသာသနာ ပွင့်လင်းရာဒေသဖြစ်ခဲ့ရလေသည်။ ထို့ကြောင့် ပြည်သူတို့သည် သဒ္ဓါ ကြည်ညိုစိတ်ဖြင့် ဘောဘောကြီး (ပုံ ၄၇) နှင့် ဘုရားကြီး (ပုံ ၄၈) ကဲ့သို့ စေတီထူပါများ၊ ဘဲဘဲနှင့်လေးမျက်နှာကဲ့သို့ဂူဘုရားများကိုတည် ၍လည်း ကုသိုလ်ပြုတတ်ကြသည်။ ဗောဓိသတ္တဆင်းတုများ၊ဗုဒ္ဓဆင်းတု များ၊ စေတီထူပါပုံစံများ ထုလုပ်၍လည်း ကုသိုလ်ပြုတတ်ကြသည်။ ဝိ နည်းနှင့် အဘိဓမ္မာကောက်နုတ်ချက်အချို့ကို(အိန္ဒိယတောင်ပိုင်းအက္ခရာ ဖြင့်)ရွှေပြားပေါ်၌ ရေးစီ၍လည်းဖြစ်စေ၊ ယေဓမ္မာဟေတုပ္ပဘဝါ ချီဂါထာ ကို ပါဠိသက္ကတဘာသာဖြင့်) မီးဖုတ်မြေပြား ရွှံ့ပြား (အုတ်ခွက်)ပေါ်၌ ရေးစီ၍ လည်းဖြစ်စေ ကုသိုလ်ပြုတတ်ကြသည်။

ဤတွင် အရေးကြီးသော ပစ္စည်းတစ်ခုမှာ မော်ဇာခင်ဘကုန်း၌ တွေ့ရသော ငွေခေါင်းပွပလ္လင်နှင့် ဗောဓိပင်ကြုတ်ဖြစ်လေသည်။ ပလ္လင် ၏ပတ်လည်လေးမျက်နှာ၌ဘုရားလေးဆူ၊ ရုပ်ကြွထုလုပ်ထား၍ ပလ္လင် အဖုံး နှုတ်ခမ်း၌ ဗုဒ္ဓကကုသန်၊ ဗုဒ္ဓကောဏာဂုံ၊ ဗုဒ္ဓကဿပ၊ဗုဒ္ဓဂေါတမ အမည်များကို (အေဒီငါးရာစု အိန္ဒိယတောင်ပိုင်း အက္ခရာသုံး)ပျူဘာသာ ဖြင့် ကမ္ပည်းထိုးထားလေသည်။ ထိုဘုရားတစ်ဆူတစ်ဆူ၏ ဝဲယာဘက်၌ လည်းဂေါတမမြတ်စွာဘုရား၏ အဂ္ဂသာဝကများဖြစ်ကြသောရှင်သာရိ ပုတ္တရာ၊ ရှင်မောဂ္ဂလာန်၊ ရှင်မဟာကဿပ၊ ရှင်အာနန္ဒာအမည်များနှင့် တကွ ရုပ်ကြွများရှိသည်။ ပလ္လင်၏ အောက်နှုတ်ခမ်းပတ်လည်တွင်မူ အလှူရှင်များဖြစ်ကြသော (ဘုရင်) သီရိပြဘုဝါမန်နှင့် (မိဖုရား) သီရိပြ ဘုဒေဝီတို့၏ အမည်များကို ပျူဘာသာဖြင့် ကမ္ပည်းထိုးလျက်ရှိသည်။ ထို့ပြင်ပလ္လင်၏အဖုံး၌ ဗောဓိပင်ရှိပါသော်လည်း အကိုင်းအခက်အရွက် တို့မှာ ကြွေကျပျက်စီးကုန်လေ၍ အောက်ပိုင်းပင်စည်လုံးပင်သာရှိချေ တော့သည်။ တစ်ခု သိမှတ်ရန်ကား ဤပလ္လင်မှ ရုပ်ပွားများသည် ရှေး



www.burmesesclassic.com

www.burmesesclassic.com



ဟောင်းသုတေသနဌာန က တွေ့ရှိသော ဗုဒ္ဓရုပ်ပွားများတွင် ရှေးအကျဆုံး ဗုဒ္ဓရုပ်ပွားတော်များဖြစ် သည်ဟူသော အချက်ပေတည်း **(ပုံ ၄၄)**။

သရေခေတ္တရာနှင့် မရှေးမနှောင်း သာသနာထွန်းကားရာသည် ရခိုင်ဒေသဘက်တွင် ဖြစ်လေသည်။ ထိုဘက်တွင် ဝေသာလီပြည်ဟူ၍ ရှိခဲ့ပါ၏။ ထိုဘက်တွင် စန္ဒြဘွဲ့ခံမင်းများ အုပ်စိုးခဲ့လေသည်။ ထိုမင်းများသည် ဗြာဟ္မဏဟိန္ဒူဘာသာ လာသိဝနတ်ကို ကိုးကွယ်သကဲ့သို့၊ ဗုဒ္ဓဘာသာ စေတီပုထိုးများကိုလည်း တည်ဆောက်တတ်ကြလေသည်။ ယေဓမ္မာ ဟေတုပ္ပဘဝါချီဂါထာကို (ပါဠိသက္ကတဘာသာဖြင့်) ကျောက်စာထိုးတတ်ကြသည်။ ပါလခေတ်၊ နာဠန္ဒကျောင်းကြီး ဝိဟာရနှင့် အဆက်အသွယ် ရှိတတ်ကြသည်။

ထို့အတူ (ရာမညတိုင်းတွင် အပါအဝင်ဖြစ်သော) ကေလာသတောင်နှင့် သထုံ(အနီးအနား) ဒေသတို့သည် အိန္ဒိယတောင်ဘက် (အန္ဓရဒေသမှ ကုန်သည်များ၊ ရဟန်းသံဃာများ၊ တစ်ဖန် သီဟိုဠ်မှ ရဟန်းသံဃာများ) နှင့် အဆက်အသွယ်ရှိနေခဲ့၍၊ (ဗြာဟ္မဏဝါဒနှင့်) ဗုဒ္ဓဘာသာသည် ထွန်းကားနေခဲ့လေသည်။ အထောက်အထားကား ဖားအံနယ် ကော့ဂွန်းဂူမှ ဗိဿနိုးရုပ်၊ သိဝရုပ်အပြင်၊ ယေဓမ္မာဟေတုပ္ပဘဝါချီ ဂါထာအုတ်ခွက်၊ ဒီပင်္ကရာဟု ရှေးဟောင်းသုတေသီများက အမည်ပေးသော ဘုရားဆင်းတု **(ပုံ ၄၉)**၊ ကျိုက်တလင်းစေတီ(မြသိန်းတန်ဘုရား) စသည်တို့နှင့် သီဟိုဠ်မှ ပိဋကတ်သုံးပုံကို သထုံပြည်သို့ ရှင်မဟာဗုဒ္ဓ ဃောသ ယူဆောင်လာသည် ဟူသော အစဉ်အလာစကားတို့ပင် ဖြစ်လေသည်။

ဗုဒ္ဓသာသနာ အလွန်ထွန်းကားသည်ဟု ဆိုရသော နေရာကား၊ ပုဂံပင်ဖြစ်လေသည်။ ထွန်းကားသည့်အချိန်ကာလကား အေဒီကိုးရာစုမှ တစ်ဆယ့်သုံးရာစုအထိ ဖြစ်လေသည်။ ထိုပုဂံသည် ဧရာဝတီမြစ်၏ ဘယ်ဘက်ကမ်းပေါ်၌တည်ရှိ၍၊ အရှေ့မြောက်တွင် (လယ်တွင်းဆယ့်တစ်ခရိုင်ဟု ဆိုကြသော) ကျောက်ဆည်ဒေသ၊ အနောက်တောင်တွင်(မင်းဘူးခြောက်ခရိုင်ဟုခေါ်သော) မင်းဘူးဒေသဟူ၍ စပါးဆန်ရေခိုင်ဖြိုးသော နယ်များကို ထိန်းသိမ်းထားလေသည်။

ထို့ပြင် အရပ်လေးမျက်နှာ လမ်း ပန်းဆက်သွယ်ရေး၊ လုံခြုံရေးတို့အတွက် အချက်အခြာကျသော မင်းနေပြည်လည်း ဖြစ်ခဲ့လေသည်။ တစ်ဖန် ထိုဒေသတစ်ခုလုံးတွင် မြန်မာသာမက မွန်၊ ပျူ၊ သက်၊ စကြော၊



www.burmesesclassic.com

www.burmesesclassic.com



ပလောင် စသောလူမျိုးတို့ပါဝင်နေထိုင်သဖြင့် ယဉ်ကျေးမှုစုံရာလည်းဖြစ်သည်။

ထိုပုဂံကို ချဲ့ထွင်အုပ်ချုပ်ခဲ့သော မင်းတစ်ပါးသည် အနော်ရထာ (အနုရုဒ္ဓ၊ အေဒီ ၁၀၄၄–၁၀၇၇) ဖြစ်လေသည်။ ထိုမင်းသည် အထက်တကောင်း အောက်၊ မြိတ်အထိ အာဏာစက်ကျယ်ပြန့်အောင် လုပ်ခဲ့လေသည်။ ပြည်သူအများကြားသို့ (မဟာယာနသာမက၊ ထေရဝါဒ) ဗုဒ္ဓသာသနာကို ပြန့်ပွားစေရာ၌လည်း၊ အဓိကနေရာတွင် ပါဝင်ခဲ့လေသည်။ ထိုအခါတွင် ဗုဒ္ဓသာသနာသည် (အိန္ဒိယ)ဗီဟာ–ဗင်္ဂလားဘက်မှ ဝင်နေခဲ့လေသည်။ သို့ဖြစ်၍ မူလတွင်မင်းအပါအဝင် ပြည်သူတို့သည် ထေရဝါဒ၊ မဟာယာနဟူ၍ မရွေး၊ ဗုဒ္ဓဘာသာကို ကိုးကွယ်ဆည်းကပ်ခဲ့ ကြသည်။ ထိုနောက်မှုကား အနော်ရထာသည် သထုံပြည်ကိုသိမ်းယူပြီး သည့်နောက် (သီဟိုဠ်အခြေခံ) ပိဋကတ်တော် အစုံသုံးဆယ်ကို ပုဂံသို့သယ်ဆောင်စေကာ၊ ပိဋကတ်တိုက် သတ်သတ်နှင့် ထားရှိစေလေသည်။ သထုံပြည်မှ ရှင်အရဟံမထေရ်ကိုလည်း မင်းဆရာအဖြစ် ကိုးကွယ်ခဲ့လေသည်။ ရွှေစည်းခုံစေတီကိုလည်း စတင်တည်ခဲ့လေရာ ထိုစေတီသည် ရှေးသရေခေတ္တရာခေတ် ဘောဘောကြီး၊ ဘုရားကြီးကဲ့သို့ ပုံရိုးရိုးမဟုတ်တော့ဘဲ ပစ္စယာအဆင့်ဆင့်နှင့်တကွ ခေါင်လောင်းပုံ၊ သပိတ်မှောက်၊ ဖောင်းရစ်တန်ဆာဆင်ယင်မှုတိုးတက်လာသော စေတီဖြစ်လာခဲ့လေသည်။ **(ပုံ ၅၂)**

တစ်ခုဆိုရလိမ့်ဦးမည်။ အနော်ရထာ၏ကောင်းမှုကုသိုလ်များတွင် ရုပ်ပွားဆင်းတုပုံနှင့် အုတ်ခွက်ကလေးများ ပါလေသည်။ အုတ်ခွက်တစ်ခုမှာ ကျောင်းဆောင်နှင့် ကြာပလ္လင်ပေါ်၌ တင်ပျဉ်ခွေထိုင်နေဟန်ဂေါတမဗုဒ္ဓရုပ်ပွား ဖြစ်လေသည်။ ထိုရုပ်ပွားအောက်တွင် ယေဓမ္မာဟေတုပ္ပဘဝါချီ ဂါထာပါလေသည်။ ဂါထာအဆုံးကိုကား တစ်မျိုးပြင်ထားလေသည်။ ရှင်းအောင် မူလဂါထာကို ပြန်ရေးပြဦးရမည်။ မူလ (ပါဠိသန့်သန့်နှင့်) ဂါထာသည်

ယေဓမ္မာ ဟေတုပ္ပဘဝါ

တေသံဟေတုံ တထာဂတော

အာဟတေသဉ္စ ယောနိရောဓေါ

ဧဝံဝါဒီ မဟာသမဏော

(အကြင်တရားတို့သည် အကြောင်းလျှင် အမွန်ရှိကုန်၏။ ထို



www.burmesesclassic.com

www.burmesesclassic.com



တရားတို့၏ အကြောင်းကိုလည်း မြတ်စွာဘုရားသည် ဟောတော်မူ၏။ ထိုအကြောင်းတရားတို့၏ အကြင်ချုပ်ခြင်းသည်ရှိ၏။ ထိုချုပ်ခြင်းကိုလည်း မြတ်သော ရဟန်းကြီးသည် ဤသို့အယူရှိ၏။)ဟူ၍ဖြစ်ပေ၏။ သို့သော်လည်း အနော်ရထာအုတ်ခွက်တွင်မူ

ဧဝံဝါဒီ မဟာသမဏော

(မြတ်သော ရဟန်းကြီးသည် ဤသို့အယူရှိ၏။)

ဟူသော စာပိုဒ်အစား

ဧဝံဝါဒီ သိရိအနိ(န္) ရုဒ္ဒဒေဝ(သိရိအနုရုဒ္ဓမင်းကြီးသည် ဤသို့အယူရှိ၏။)

ဟူ၍ ထည့်သွင်းထားလေသည်။

အနော်ရထာ၏ အခြားအုတ်ခွက်တစ်ခုကိုလည်း ဖော်ပြရလိမ့်မည်**(ပုံ ၅၇)**။ ထိုအုတ်ခွက်တွင် ပါသည်မှာ ဘုရားဆင်းတုမဟုတ်။ လောကနာထလည်း ခေါ်တွင်သော အဝလောကိတေသရ ဗောဓိသတ္တပုံ ဖြစ်လေသည်။ ထိုပုံသည် ပလ္လင်ပေါ် ခြေတစ်ဖက်တင် တစ်ဖက်ချ၍ (လာလိတာသန) မင်းထိုင်ထိုင်လျက် ရှိလေသည်။ ညာလက်ကိုပေါင်ပေါ်တင်၍ ဘယ်လက်ဖြင့် ပခုံးပေါ်တက်နေသော ကြာဖူးကိုကိုင်ထားလေသည်။ ကိုယ်တွင် လက်ကောက်လက်ကြပ် ပုတီးလည်ရွဲတန်ဆာများကို ဆင်ထားသည်။ နဖူး အလယ်တွင် တင်ပျဉ်ခွေ ဘုရားဆင်းတုတော်တစ်ခုလည်း ရှိသည်။ ထိုပုံ၏ အောက်တွင် (ရှေးမွန်မြန်မာ အက္ခရာသုံး) ပါဠိဘာသာဖြင့် အောက်ပါအတိုင်း ကမ္ပည်းထိုးလေသည်။

ဧသောလောက နာထောမဟာရာ

ဇသိရီအနိ(န္) ရုဒ္ဒဒေဝေနကတော

ဝိမုတ္တတ္ထံ သဟတ္ထေနေဝါတိ

(ဤလောကနာထ ဆင်းတုတော်ကို သိရိအနုရုဒ္ဓမင်းကြီးသည် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ပါရခြင်း အကျိုးငှာ မိမိလက်တော်ဖြင့် သွန်းလုပ်တော်မူသည်)

ဤတွင် သိမှတ်ထားရန်မှာ လောကနာထသည် မဟာယာဉ်ဂိုဏ်းမှ ဗောဓိသတ္တ နတ်သားဖြစ်သည် ဟူသော အချက်ပင်။

အနော်ရထာမင်းနောက် တစ်မင်းခြားနန်းတက်သူမှာ ကျန်စစ်သား (အေဒီ ၁၀၈၄–၁၁၁၂) ဖြစ်လေသည်။ ထိုမင်းသည် အနော်ရထာချဲ့ထွင်ခဲ့



www.burmesesclassic.com

www.burmesesclassic.com



သော နိုင်ငံကိုအအုပ်အစည်းမပျက် ထိန်းသိမ်းခဲ့သူ ဖြစ်လေသည်။ သူသည် မွန် မြန်မာ ပျူ သက် အစရှိသောနိုင်ငံသားတို့ကိုတန်းတူထား၍ အုပ်ချုပ်သည်။ တန်းတူထား၍ အမှုထမ်းစေသည်။ ဘာသာရေး လွတ်လပ်ခွင့် ဟူ၍လည်း ဗြာဟ္မဏပုဏ္ဏားတို့ကို ဗိဿနိုးကိုးကွယ်ခွင့်၊ နဂါးကိုးကွယ်သူတို့ကို နဂါးကိုးကွယ်ခွင့်၊ နတ်ကိုးကွယ်သူတို့ကို နတ်ကိုးကွယ်ခွင့် စသည်ဖြင့် အခွင့်အရေးပေးခဲ့လေသည်။

ထိုမင်းသည် အာနန္ဒာဂူဘုရား **(ပုံ ၅၄)** ကိုတည်ခဲ့သော ကုသိုလ်ရှင်ပေတည်း။ အပယ်ရတနာဂူဘုရားကိုလည်း တည်ဆောက်ခဲ့သည်ဟု ပြောကြဆိုကြသည်။ ထိုဂူဘုရားနှစ်ဆူအနက် အာနန္ဒာဘုရား၏ အလယ်မဏ္ဍိုင်ကြီး(ကံ့ကူဆံတုံး) ၌ ဂန္ဓကုဋီတိုက် လေးခုပြုလုပ်၍ မတ်ရပ်ရုပ်ပွားတော်များကို ပူဇော်ထားသည်။ ထိုပတ်လည်၌ အတွင်းစင်္ကြံ အပြင်စင်္ကြံဟူသော စင်္ကြံနှစ်ခုထားလေသည်။ အတွင်းစင်္ကြံ ၏ လိုဏ်နံရံ (မုခ်ကပ်)တွင် ဘုရားလောင်း(ဗုဒ္ဓလောင်းလျာ)ကို မယ်တော်မာယာ ဖွားတော်မူခန်း **(ပုံ ၅၆)**၊ ဘုရားလောင်း နိမိတ်ကြီးလေးပါး မြင်တော်မူခန်း၊ ဘုရားလောင်း ဗောဓိပင်နှင့် ရွှေပလ္လင်အောင်တော်မူခန်း စသည်ဖြင့် ဗုဒ္ဓဝင်အခန်းပေါင်း ရှစ်ဆယ် ပန်းတမော့ဆတ်ထားသည်ကို တွေ့မြင်နိုင်လေသည်။ ထိုဘုရား (ကုလားကျောင်း) အထက်တွင် ပစ္စယာသုံးဆင့်ခံ၍ ကွမ်းထောင်တက်ပြီး လျှင် စေတီငယ်နှင့် ထီးကို စိုက်ထူထားသည်။ အပယ်ရတနာဂူဘုရား၏ ထူးခြားချက်မှာမူ၊ အတွင်းနံရံများ၌ မဟာယာနလာ၊ အဝလောကိတေသရ၊ ပဒုမပါဏိစသော ဗောဓိသတ္တနတ်သားရုပ်များ၊ တာရာဒေဝီနတ်သမီးရုပ်များကို ကောက်ကြောင်းပန်းချီဆေးရေးထားရှိခြင်း ဖြစ်လေသည်။

ကျန်စစ်သားလွန်သည့်အခါ မြေးဖြစ်သူ အလောင်းစည်သူ (အေဒီ၁၁၁၃–၁၁၆၇) နန်းတက်လေသည်။ ထိုမင်းသည် ရွှေဂူကြီးဘုရားကိုတည်ဆောက်ခဲ့၍၊ ပါဠိဘာသာဖြင့် ကျောက်စာထိုးခဲ့လေသည်။ ထိုကျောက်စာလာ ဆုတောင်းသည်လည်း၊ အလွန်စိတ်ဝင်စားဖွယ်ရာ ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် အလောင်းစည်သူသည် မဟာယာဉ်တို့ အလေ့အလာတိုင်း ဗုဒ္ဓဘုရားအဖြစ်ဆုတောင်းသောကြောင့် ဖြစ်လေသည်။ ဆုတောင်းကို မြန်မာဘာသာပြန်၍ ကောက်နုတ်ဖော်ပြရသော်

ဤကဲ့သို့ ထူးကဲလှစွာသော ကုသိုလ်ကောင်းမှု၏ အကျိုး
ဆက်ကြောင့် နတ်ဗြဟ္မာ၏စည်းစိမ်ကိုလည်းကောင်း၊ အသူ



www.burmesesclassic.com

www.burmesesclassic.com



ရာမာရ်နတ်တို့၏ ချမ်းသာသုခကိုလည်းကောင်း၊ ဘုရား တပည့်သာဝက၏ အဖြစ်ထူးကိုလည်းကောင်း နှစ်လိုတောင့် တခြင်း မရှိပါချေ။

သံသရာရေလျဉ်ကို ကျော်ဖြတ်၍ တံတားခင်းပြီးလျှင် သတ္တဝါအပေါင်းအား နိဗ္ဗာန်ရွှေပြည်သို့အရောက်ကူးမြောက် ကျော်လွန်ပါစေအံ့။

မိမိကိုယ်တိုင် နိဗ္ဗာန်သောင်ကို တက်လှမ်းရသည် ရှိသော် သံသရာရေလျဉ်၌ နစ်မွန်းနေကြကုန်သည့် သတ္တဝါ တို့ကိုလည်း ဖေးကူတက်လှမ်းပါစေအံ့။

မိမိကိုယ်တိုင် နှစ်သိမ့်စေအပ်သည်ရှိသော် ထိတ်လန့် ချောက်ချားနေသူတို့ကို အတုံ့အလှည့် နှစ်သိမ့်ပါလေအံ့။

နိုးကြားလေဘိတရားကို မြင်သိသောအခါ အိပ်မောကျ သူ တို့ကို နိုးကြားပါစေအံ့။

လောင်မြိုက်ခြင်းမှ ကင်းလွတ်ငြိမ်းအေးသည်ရှိသော် တစ်ပါးသူကိုလည်း ကိလေသာမီးတို့မှ ကယ်တင်ငြိမ်းအေး ပါစေအံ့။ အနှောင်အဖွဲ့မှလွတ်သော် တစ်ပါးသူတို့ကိုလည်း အလားတူကင်းလွတ်ပါစေအံ့။

မြတ်သောတရား၏ အညွှန်အကြားဖြင့် အမျက်ဒေါသ ကို ကင်းဝေးငြိမ်းအေးပါစေအံ့။

မိမိကိုယ်တွင်း အဇ္ဈတ္တ၌ အမြစ်တွယ်ဖြစ်တည်နေကြ ကုန်သည့် လောဘ၊ ဒေါသ၊ မောဟတည်းဟူသော အကု သိုလ်တရားတို့သည် အခါခပ်သိမ်း အေးငြိမ်းကင်းဝေးကြပါ စေသတည်း။

ဟူ၍ဖြစ်လေသည်။

အနော်ရထာ၊ ကျန်စစ်သား၊ အလောင်းစည်သူတို့၏ နောက်ပိုင်း ကာလ၌၊ တစ်စထက် တစ်စ ဗုဒ္ဓသာသနာသည် စည်ပင်လာလေသည်။ မင်းနှင့်ပြည်သူတို့ကောင်းမှုပြုရာတွင် ဆထက်ထမ်းပိုး တိုးလာခဲ့ဟန်ရှိလေ သည်။ ကုသိုလ်အမျိုးမျိုးအထွေထွေလည်း ပြုလာခဲ့ဟန်တူသည်။ သူတို့ သည် ဘုရားသို့လာ၍၊ စည်ပတ်သာ၊ ခွက်ခွင်း တီးစေကာ၊ ဆွမ်းရေချမ်း တင်လှူပူဇော်ခြင်း၊ ဆီမီးထွန်းညှိပူဇော်ခြင်း၊ ဘုရားလောင်းဖွားတော်မူခန်း၊



www.burmesesclassic.com

www.burmesesclassic.com



ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်တော်မူခန်း၊ ဘုရားလောင်းပရိနိဗ္ဗာန်စံတော်မူခန်း စသောဗုဒ္ဓဝင်ရုပ်ခန်း၊ ကိုးခန်း စသည်ကို ရုပ်ကြွဖော်၍ အုတ်၊ အန္ဒဂူကျောက်ဖြင့် ထုလုပ်ပူဇော်ခြင်း အမှုများပြုသထက် ပြုလာသည်။ ဘုရားတည် ကျောင်းဆောက်သည့် အမှုများသည် များသထက်များလာသည်။

ဘုရားတည် ကျောင်းဆောက်သည့် အမှုများသည်လည်း ကျနပြေပြစ်လုပေသည်။ ယေဘုယျသဘောမှာ သူတို့သည် မြေနေရာကိုလှူ၍ ထန်း ပင်များကို ဘုရားကျောင်းအရံအဖြစ်ဖြင့် စိုက်တတ်ကြသည်။ ထို့နောက် ထန်းပင်အရံအတွင်း၌ အုတ်တံတိုင်းနှစ်ထပ် ဆောက်တတ်ကြသည်။

ထို့နောက် အတွင်းတံတိုင်း၏ အလယ်တွင် စေတီပုထိုးကိုဖြစ်စေ၊ ဂူဘုရားကို ဖြစ်စေ တည်တတ်ကြသည်။ စေတီပုထိုးမှာလည်း ရွှေစည်းခုံ၊ ရွှေဆံတော် ကဲ့သို့ အောက်ခြေတွင် ပစ္စယာများခံ၊ ပစ္စယာများအလယ်တွင် နတ်လှေကားထည့်၊ ထောင့်တွင်စေတီငယ်များဖြည့်၊ နံရံတွင် စဉ့်ကွင်းငယ်များတပ်၊ တစ်ဖန်ပင်မတွင်၊ ခေါင်းလောင်းပုံ၊ သပိတ်မှောက်၊ ဖောင်းရစ်၊ စေတီတည်၊ ထီးတင်၍တန်ဆာဆင်တတ်ကြသည်။ ဂူဘုရားမှာလည်း အောက်ပိုင်းတွင် လေးထောင့်ကုလားကျောင်းခံ၊ အထက်ပိုင်းတွင် ပစ္စယာများနှင့် ကွမ်းတောင်ဆင့်၊ ဂူတွင်းရှိအလယ်မဏ္ဍိုင်၌ ဆင်းတုတော်တစ်ဆူသော်လည်းကောင်း၊ လေးဆူသော်လည်းကောင်းတည်၊ နံရံများတွင် ဗုဒ္ဓဝင်များနှင့် ငါးရာ့ငါးဆယ်ဇာတ်များကို ပန်းချီဆေးရေးခြယ်၍ တန်ဆာဆင်တတ်ကြသည်။

တစ်ဖန်၊ ဘုရားအနီးတွင် သံဃာတို့ကံဆောင်ရန် သူတို့သည် သိမ်ဆောက်တတ်ကြသည်။ သိမ်အနီးတွင် တရားနာရန် ဓမ္မသာလာ တရားအိမ်ဆောက်တတ်ကြသည်။ ဓမ္မသာလာအနီးတွင် ဆရာတော်သူမြတ် သီတင်းသုံးရန် ကျောင်းဆောက်တတ်ကြသည်။

တစ်ဖန် အတွင်းတံတိုင်း၏ အပြင်တွင် သံဃာများ သီတင်းသုံးရန် ကျောင်းများနှင့် စာသင်ရန် စာသင်တိုက်များကို ဆောက်တတ်ကြသည်။ ကျောင်းနှင့် စာသင်တိုက်များ အနီးတွင် သောက်ရေသုံးရေအတွက် လေးထောင့်အုတ်ကန် တူးတတ်ကြသည်။ အုတ်ကန်ပတ်လည်တွင် ဥယျာဉ်စိုက်တတ်ကြသည်။ ဥယျာဉ်အနီးတွင် လာလာသမျှ ဘုရားဖူးများ



www.burmesesclassic.com

www.burmesesclassic.com



နေနားရန် တန်ဆောင်း ဆောက်တတ်ကြသည်။ တန်ဆောင်းအနီးတွင် အလှူပေးလိုသူတို့ အလှူပေးရန် ဇရပ် ဆောက်တတ်ကြသည်။

ဤသို့အားဖြင့် သူတို့သည် လှူဒါန်းကုသိုလ်ပြုတတ်ကြလေသည်။ ထိုနောက် ကျောက်စာထိုးတတ်ကြသည်။ ထိုကျောက်စာတို့တွင် သူတို့၏ စိတ်စေတနာသည် ထင်လင်းစွာပေါ်နေသည်။ သာဓကသော်ကား၊ အာမနာကျောင်း ကျောက်စာတွင် –

ဤယ်ငါတို့ပြုသော ကောင်းမှုအကျိုး၊ အတို့ခပ်သိမ်းသောကို အစိုးရသော ရေမြေအသ္ခိင်ဖြစ်သော မင်းကြီးလည်း ရစေ၏။ ဤယ်ကောင်းမှု အာနုဘော်ဖြင့် ပြည်တိုင်းကား၊ ခပ်သိမ်းသောနို့က်နေသော လူခပ်သိမ်းသော၏အစီးအပွားချမ်းသာကိုရှာဖွေလျက်၊ သက်တော်ရှည်စွာနေ၍ ဤကောင်းမှုကိုထောက်ပင့်စေသတည်း။ အမိဖုရားစသော မောင်းမတော်ခပ်သိမ်းလည်းရစေ၏။ အချင်းချင်း အမျက်အဤတစေ့မရှိချစ်သောမျက်စိဖြင့် ရှုကြရစေ၏။ ယခုရှိသော နောင်ဖြစ်လတ်အံ့သော မင်းကြီးမင်းသားအမတျာ စသော သူခပ်သိမ်းလည်း ရစေသတည်း။ အရေအရံယူပါစေသတည်း။ ယမမင်းစသော သတ္တဝါခပ်သိမ်းလည်း ရစေသတည်း။ အရအမိကို လိုသောသူကား အရအမိရစေ၏။ ကောင်းမှုကိုမှု လိုသောသူကား ကောင်းမှုကိုမှုရစေ၏။ ငါလည်း ရံမက်ကြီးသော မရောင့်ရဲတတ်သော အမျက်ကြီးသော သူတစ်ထူးကိုညှင်းဆဲတတ်သော ပညာမရှိသော မိုက်သော ဝန်တိုသော အပေးအကမ်းမရှိသော သစ္စာမရှိသော ပျက်စီးတတ်သော မေ့လျော့သော အောက်မေ့တသကင်းသော မဖြစ်မူ၍ ရံမက်နည်းသော ရောင့်ရဲလွယ်သော အမျက်နည်းသော သနားတတ်သော ပညာရှိသော အကြောင်းကို သိတတ်သော ဝန်မတိုသော အပေးအကမ်းရှိသော သစ္စာရှိသော မပျက်တတ်သော မမေ့မလျော့သော အောက်မေ့တသရှိသော ဤယ်သို့သော ကျေးဇူးတို့နှင့် ပြည့်စုံလျက် သင်္ဘရာနို့က်ကျင်လည်၍ မိတ္တာရာဖုရား မျက်မှောက်ကင်္ကာလျှင် မြတ်သော အကျွတ်တရားရလိုသတေး။ ဟူ၍လည်းကောင်း



www.burmesesclassic.com

www.burmesesclassic.com



စူဠာမဏိလေးမျက်နှာဘုရား ကျောက်စာတွင်

သကရစ် ၅၉၇ ခု၊ အာသိန်နှစ်နံကာလဆန်း ၄ရက် ကြာသာပတေးနေ့၊ ကျစွာမင်းရွှေတောင်တက်ပြီ။ 'ငါ့မိကိုဝ်ကား မသိလိုက်၊ ငါ့မိထွေးမွေး၍ ငါကြီး၏။ ငါ့မိထွေးလျှင်တည်း ငါ့မိ၏။' ဟူ၍ အိမ်ပြုနေပေ၏။ အိမ်ထောင်ကျွန်လယ်လည်း ပေးတော်မူ၏။ အိမ်လည်းငါနေ၏။ ကျွန်လည်း ငါစေ၏။ လယ်လည်း ငါစား၏။ အိမ်ငါနေသောထက်ကား သတင်းပညာဟိသော သင်္ခါနေသော်မြတ်၏ဟူ၍ ငါကြံမိရကား ကူလည်းပြု၏။ ကူပြီး ရကား ဖုရားလောင်းကို ငါကြား၏။ 'မြတ်စွာသောငါ့သို့ခင်၊ အတို့ဝ် ကျွန်ကိုပြုပေသောအိမ်တည်း သာလည်းသာနိုးစွာ၏။ အတိုဝ့်ကျွန်တို့ဝ် နေသောထက်ကား သင်္ခါရနေသော်မြတ်၏ ဟူ၍ ကူလည်းပြု၏။ အိမ်လည်း ကျောင်းရည်၏။ ပေးတော်မူသော အိမ်ထောင်ကျွန်လယ်လည်း အတို့ဝ်ကျွန်လှူ၏။" ငါကြားရကား"မိထွေးတင်အပ်နိုးသော သင်္ခထားလင့်"ဟုမိန့်တော်မူသည်။ သကရစ် ၆၁၅ ခု၊ ဝယ် နှစ်တပို့တွဲလဆန်း ၆ ရက် သောကြာနေ့၊ ကျောင်းသင်္ခါကို ဆောက်တည်ခဲ့၍ ငါထွက်ခဲ့၏။ အိမ်ထောင်ကျွန်လယ်လှူလျှင်၏။

ဟူ၍လည်းကောင်းဖြစ်လေသည်။

ဤတွင် ထပ်လောင်းဖော်ပြလိုသည်မှာ ပုဂံခေတ်သာသနာသည် သီဟိုဠ်နှင့် အဆက်အသွယ်ရမှုကြောင့် တိုးပွားခဲ့သည်ဟူသော အချက်ပင်ဖြစ်လေသည်။ အနော်ရထာရှိစဉ်က သီဟိုဠ်မင်း ဝိဇယဗာဟုက စစ်မှုရေးရာနှင့်စပ်၍ အကူအညီတောင်းခဲ့ဖူးပါ၏။ သို့သော်လည်း ဆက်သွယ်ရေးမစိပ်လှသေးဖြစ်လေသည်။ အလောင်းစည်သူ၏ သားငယ်နရသူ(အေဒီ ၁၁၆၅–၁၁၇၄) သည် ပုဂံထီးနန်းကို မတရားလုယူသည့် အခါ၌ကား အရေးတစ်ခု ပေါ်ပေါက်ခဲ့တော့သည်။ နရသူသည် ရှင်ရောလူပါ မနှစ်မြို့ရလောက်အောင် တရားပျက်သူပါပေတည်း။ ပြည်သူတို့က ကြည်ညိုသော ပံ့သကူမထေရ်လည်း ပုဂံတွင် မနေလိုသဖြင့်၊ သီဟိုဠ်ကျွန်းသို့ ကြွလေသည်။ တစ်စတစ်စနှင့် ရဟန်းများသည် သီဟိုဠ်၌ ခိုကြလေသည်။

www.burmesesclassic.com



အေဒီ ၁၁၇၄ ခုနှစ်တွင်၊ နရသူ၏ သားငယ်ဖြစ်သူ နရပတိ စည်သူသည် မင်း၏အရိုက်အရာကို ခံယူလေသည်။ ထိုမင်းလက်ထက်တွင် ပုဂံနှင့် သီဟိုဠ်သည် အဆက်အဆံများနေလေပြီ။ သီဟိုဠ်သာသနာပွင့်လင်းသည့်အကြောင်းမှာလည်း ပုဂံ၌ အကျော်တစောရှိလေသည်။ ထိုအခါ ဥတ္တရာဇီဝမထေရ်သည် တပည့်သံဃာများနှင့်အတူ၊ သီဟိုဠ်၌ တရားစကား နှီးနှောရန် ကြွလေသည်။ ထိုအထဲတွင် ဆပဒအမည်ရှိ သာမဏေတစ်ပါး ပါခဲ့ပါ၏။

ထိုသာမဏေသည် ရှင်ဥတ္တရဇီဝတို့နှင့်အတူ မပြန်၊ သီဟဝိုဠ်တွင် ရဟန်းခံ၍၊ မဟာဝိဟာရ ကျောင်းတော်ကြီးတွင် ပိဋကတ်သုံးပုံနှင့်တကွ အဋ္ဌကထာကို ဆယ်ဝါတိုင်တိုင် သင်ကြားလေသည်။ ထိုနောက်မှ သီဟိုဠ်မှ ရဟန်းလေးပါးနှင့်အတူ ပုဂံသို့ပြန်၍ သီတင်းသုံးလေသည်။ ဤတွင်ပုဂံ၌ရဟန်းသိက္ခာခံမှုသည်ဝိနည်းတော်နှင့်မညီ၊ မစင်ကြယ်ဟု ဆပဒမထေရ်နှင့် သီဟိုဠ်မှ ကြွလာသော ရဟန်းတို့က သတ်မှတ်ကာ ပုဂံရှိ ရဟန်းတို့နှင့် အတူ ကံမဆောင်လေ။ ဆပဒမထေရ်သည် သီဟိုဠ်ပုံစံအတိုင်း စေတီတစ်ဆူ တည်လေသည်။

နရပတိစည်သူမင်းလည်း သီဟိုဠ်မှ ကြွလာသော သံဃာများကို အလွန်ကြည်ညို၍၊ သီဟိုဠ်ထုံးစံအတိုင်း ပုဂံရှိရဟန်းများကို သိက္ခာသစ်တင်၊ ပဥ္စင်းသစ်ခံကြစေရန် ကြိုးပမ်းလေသည်။ သိက္ခာသစ်တင် ပဥ္စင်းသစ်ခံကြသော ရဟန်းဦးရေသည် တိုးပွားလာတော့သည်။ သထုံနွယ်သံဃာ(ပုရိမသဃ်ာ) တို့နှင့် သီဟိုဠ်ရောက် သံဃာ(ပစ္ဆာသဃ်ာ)ဟူ၍လည်း တိုးပွားလာခဲ့လေသည်။

အစတွင် ဆိုခဲ့သည်တိုင်း ပုဂံသည်အေဒီ ကိုးရာစုမှ တစ်ဆယ့်သုံးရာစု အထိ တည်ခဲ့လေသည်။ ထိုနောက် ပြည်ပမွန်ဂိုတာတာတို့၏ ရန်ကြောင့် ပြိုကွဲခဲ့ရသည်။ ပြိုကွဲခဲ့ရသည် ဆိုသော်လည်း ဂူဘုရား၊ စေတီပုထိုး ငါးထောင်ခန့်ကို ယနေ့တိုင်အောင် စတုရန်းတဆယ့်ခြောက်မိုင်ပတ်လည် မြေဧရိယာအတွင်း၌တွေ့မြင်နိုင်လေသေးသည်။ ဇာတ်နိပါတ်ဆေးရေးပန်းချီနှင့် ဆင်းတုရုပ်ပွားများ၊ ဗုဒ္ဓဝင်ရုစ်ခန်း အုတ်ခွက်ဘုရားများနှင့် စဥ့်ကွင်းများ၊ အန္တဂူကျောက်များ၊ **(ပုံ ၆၃)** ကြေးကြာဖူး **(ပုံ ၆၄)** နှင့် ခေါင်းလောင်းစသည်များကို ဆိုင်ရာအဆောက်အအုံ၌လည်းကောင်း၊ ဒေသပြခန်း၌လည်းကောင်း အတန်အသင့် တွေ့မြင်နိုင်လေသေးသည်။



www.burmesesclassic.com

www.burmesesclassic.com



ပုဂံခေတ်အကုန်၊ အေဒီ ၁၃၀၁ မှ ၁၅၅၁ နှစ်အတွင်း (မြန်မာနိုင်ငံဒေသ၊ အလယ်ပိုင်း၊ အောက်ပိုင်းဘက်၌) အင်းဝ(ရှမ်းမြန်မာ)၊ ဟံသာဝတီ (မွန်) မြောက်ဦး(ရခိုင်) ဟူ၍၊ အနောက်ပြည်ငယ်အသီးသီး ပေါ်ပေါက်လာခဲ့လေသည်။

အင်းဝသည် ပုဂံနောက်ပိုင်း အရှိန်ရလာသည့်အတိုင်း (ပါဠိ)စာပေ ပရိယတ္တိအရာ၌ ထွန်းကား၏။ အဘိဓမ္မာအလေ့အကျင့်များ၏ အဘိဓမ္မာကျမ်းတစ်ကျမ်းသည် ဓမ္မသင်္ဂဏီဟူ၍ အမည်ရှိလေသည်။ ထိုကျမ်းကို သီဟိုဠ်နေ ရှင်ဗုဒ္ဓဃောသသည် အနက်ဖွင့်ခဲ့ရာ အဋ္ဌသာလိနီ အဋ္ဌကထာဟူ၍ တွင်လေသည်။ ထိုကျမ်းသည်လည်း အင်းဝသံဃာသုံး ကျမ်းများတွင် အပါအဝင်ဖြစ်ခဲ့လေသည်။ ထိုအခါ စာသင်သားများအဖို့ ရှင်းလင်းလွယ်ကူစေရန်ဟူ၍ စစ်ကိုင်းအင်းဝနေ ရှင်အရိယဝံသသည် အဋ္ဌသာလိနီကို ဋီကာချဲ့လေသည်။ ထိုကျမ်းသည် မဏိဒီပဋီကာဟူ၍ ကျော်စောခဲ့လေသည်။

တစ်ဖန်၊ ရာမညတိုင်း ဟံသာဝတီ (ပဲခူး) ပြည်ရှင်ဗညားဦးသည် သဒ္ဓါကြည်ညိုစိတ် ပြင်းပြ၏။ ထိုမင်းသည် ရွှေတိဂုံစေတီ၏ ဉာဏ်တော်ကို ယခုခေတ် ဉာဏ်တော်နီးပါးအထိ မြှင့်တင်ခဲ့လေသည်။ ထိုမင်းနည်းတူ သဒ္ဓါကြည်ညိုစိတ်ရှိသော ဘုရင်မရှင်စောပုသည် ပြည်သူများနှင့်အတူ ရွှေမော်ဓောစေတီ၏ ဉာဏ်တော်ကို ယခုခေတ်ဉာဏ်တော် နီးပါးအထိ မြှင့်တင်ခဲ့သည်။ ရှင်စောပုနောက် ဟံသာဝတီထီးနန်းကို ဆက်ခံသော ဓမ္မစေတီမင်းသည်လည်း ဗုဒ္ဓသာသနာ သန့်စင်ရေးအတွက် အထူးကြိုးပမ်းသူ ဖြစ်ပေသည်။ ထိုမင်းသည် သာသနာပိုမို သန့်စင်စေရန်ဟု ဆရာတော် သံဃာတော်တို့ကို သီဟိုဠ်သို့ကြွကာ၊ ကလျာဏီမြစ်ရှိ ရေသိမ်၌ သိက္ခာသစ်၊ ပဥ္စင်းသစ်ခံယူစေလေသည်။ သံဃာတော်များ ဟံသာဝတီသို့ ပြန်အရောက်တွင် ဇိုင်းဂနိုင်းအရပ်၌ ကလျာဏီသိမ်သမုတ်၍ ဆောက်တည်စေလေသည်။ ဟံသာဝတီရှိ သံဃာတော်များကိုလည်း ထိုသိမ်၌သိက္ခာသစ်၊ ပဥ္စင်းသစ်ခံယူစေလေသည်။ သထုံနွယ် သံဃာဂိုဏ်း၊ သီဟိုဠ်နွယ် သံဃာဂိုဏ်း၊ စသည်ဖြင့် ဂိုဏ်းခွဲများ တစ်စတစ်စ ဆက်စပ်ပူးပေါင်းလာခဲ့တော့သည်။

တစ်ဖန်၊ မြောက်ဦး (မြို့ဟောင်း) မြို့တွင်လည်း ရခိုင်မင်း–မင်းပါကြီးနှင့် ပြည်သူတို့သည် ရှစ်သောင်းဘုရား၊ ဒုက္ခံသိမ်ဘုရားတို့ကို တည်ခဲ့



www.burmesesclassic.com

www.burmesesclassic.com



ကြသည်။ ရှစ်သောင်းဘုရားသည် စေတီပေါင်းများစွာဖြင့် လည်း ကောင်း၊ ဆင်းတုများစွာဖြင့်လည်းကောင်း၊ တည်ဆောက်ထားသည်ဖြစ်ရာ ဆန်းကြယ်၍၊ ကြည်ညိုဖွယ်လည်း ဖြစ်ပေတော့သည်။ ဒုက္ခံသိမ် ဘုရားသည်လည်း တင့်တယ်လှပေသည်။

ထိုနှစ်ကာလများမှ ယခုမျက်မှောက်ခေတ်အထိ၊ သာသနာတွင် ထူးခြားချက်များကား ဤသို့ဖြစ်လေသည်။ အေဒီတစ်ထောင့်ခြောက်ရာနှစ်ဆယ့်ကိုးခုနှစ်တွင် အင်းဝ၌ မင်းဖြစ်လာသော သာလွန်မင်းသည် ပရိယတ္တိထွန်းကားစေရန်ဟု ပထမပြန်စာမေးပွဲများ စတင်ကျင်းပခဲ့လေသည်။ ထို့နောက် ကောင်းမှုတော်စေတီတော်ကြီးကို တည်ခဲ့လေသည်။

အေဒီ တစ်ထောင့်ရှစ်ရာ ငါးဆယ့်ခြောက်ခုနှစ်တွင် မန္တလေးသည် မင်းနေပြည်ဖြစ်နေခဲ့၍၊ မင်းတုန်းမင်း စိုးစံလျက်ရှိလေသည်။ ထိုမင်းသည် ရာဇဂြိုဟ်ပြည်၊ ဝေသာလီပြည် ပါဋလိပုတ်ပြည်တွင် သင်္ဂါယနာတင်ခဲ့သည်ကို လည်း ကောင်း၊ သီဟိုဠ်တွင် ဝဋ္ဋဂါမဏိမင်းက၊ စတုတ္ထအကြိမ်ဟု သမုတ်၍ သင်္ဂါယနာတင်ခဲ့သည်ကို လည်းကောင်း အားကျလေသည်။ ပိဋကတ်တော်များမှ အကွဲကွဲရှိသည်ကို ညှိလိုလေသည်။ ထို့ကြောင့် ပိဋကတ်တော်များကို မဟာလောကမာရဇိန် စေတီတော်အရံတွင်း၌လည်း ကျောက်ထက်အက္ခရာ တင်ခဲ့လေသည်။ နန်းတော်ပြာသာဒ်သီဟာသနပလ္လင်ရှေ့၌လည်း သံဃာတော် နှစ်ထောင့်လေးရာအား ပိဋကတ်တော်ကို ငါးလနှင့်သုံးရက်ကြာ စုပေါင်းရွတ်ဖတ်စေ၍ ပဥ္စမသင်္ဂါယနာတင်ခဲ့လေသည်။ ထိုမင်းလက်ထက်တွင် သံဃာသည် ဝိနည်းသိက္ခာပုဒ်ကိုလိုက်၍ သုဓမ္မာဂိုဏ်း၊ ရွှေကျင်ဂိုဏ်း၊ ဒွါရဂိုဏ်းဟူ၍ဂိုဏ်းပွားခဲ့လေသည်။

ထိုနောက်မှုကား သာသနာနှစ်ထောင့်ငါးရာပြည့် အထိမ်းအမှတ်အဖြစ်ဖြင့်၊ အေဒီတစ်ထောင့်ကိုးရာငါးဆယ့်ခြောက်ခုနှစ်တွင် ထိုင်း (ယိုးဒယား)၊ သီဟိုဠ်၊ ကမ္ဘောဇ၊ လောဟူသော ထေရဝါဒနိုင်ငံသံဃာများ ပါ–ပါဝင်၍ ဆဋ္ဌသင်္ဂါယနာတင်ပွဲကို ရန်ကုန်မြို့၊ ကမ္ဘာအေး လိုဏ်ဂူ၌ ကျင်းပခဲ့လေသည်။

●



www.burmesesclassic.com

www.burmesesclassic.com

# ဓေတကီပုတိုး

သတ္တဝါများကို ဆင်းရဲဒုက္ခမှ မဟာကရုဏာဖြင့် ကယ်တင်ခဲ့သော (ဂေါတမ)ဗုဒ္ဓဘုရားရှင်သည် ကြည်ညိုဖွယ်ရာ ဖြစ်ပါပေ၏။ မှန်ကန် သော (ဓမ္မ) တရားတော်သည် ဆည်းကပ်ကိုးကွယ်ရာ ဖြစ်ပါပေ၏။ ထိုအခါ ဗုဒ္ဓဘာသာဝင်များအဖို့ အစဉ်သဖြင့် သဒ္ဓါတရားပွားများနိုင်စေရန်၊ အစဉ်သဖြင့် တရားသံဝေဂဖြစ်စေရန် အမှတ်လက္ခဏာများ လိုလေသည်။

ဂေါတမဗုဒ္ဓ ပရိနိဗ္ဗာန်စံခါနီးကာလ၊ ညီတော်အာနန္ဒာက–

အရှင်ဘုရား အရပ်မျက်နှာတို့၌ (ဝါကပ်၍) ဝါကျွတ်ပြီးသော ရဟန်းတို့သည် မြတ်စွာဘုရားကို ဖူးမြော်ခြင်းငှာ ကြွလာပါကုန်၏။ ထိုသို့ ကြွလာသော ကြည်ညိုမြတ်နိုးဖွယ်ဖြစ်သော ရဟန်းတို့အား ဖူးမြော်ခွင့် ဆည်းကပ်ခွင့်ကို ရှေးအခါက ကျွန်ုပ်တို့ရပါကုန်၏ အရှင်ဘုရား။ မြတ်စွာဘုရား ကွယ်လွန်သွားသောနောက်အခါ၌ကား ကြည်ညိုမြတ်နိုးဖွယ်ဖြစ်သော ရဟန်းတို့အား ဖူးမြော်ခွင့် ဆည်းကပ်ခွင့်ကိုကျွန်ုပ်တို့ ရကြတော့မည်မဟုတ်ပါ။

ဟူ၍ မေးလျှောက်သည်တွင် ဘုရားရှင်က အောက်ပါအတိုင်း ဖြေခဲ့လေသည်။

အာနန္ဒာ၊ သဒ္ဓါတရားရှိသော အမျိုးသားသည် ဖူးမြော်ထိုက်ကုန်သော (ဖူးမြော်သူအား) သံဝေဂရ စေတတ်ကုန်သော ဌာနတို့သည် လေးပါးရှိကုန်၏။ အဘယ်လေးပါးတို့နည်းဟူမူ



www.burmesesclassic.com

www.burmesesclassic.com



"ဤ(လုမ္ဗိနီ)ဌာန၌ မြတ်စွာဘုရားသည် ဖွားတော်မူ၏" အာနန္ဒာ၊ဤဌာနသည်လည်း သဒ္ဓါတရားရှိသော အမျိုးသားသည် ဖူးမြော်ထိုက်သော (ဖူးမြော်သူအား) သံဝေဂရစေတတ်သော ဌာနပေတည်း။

"ဤ(မဟာဗောဓိ) ဌာန၌ မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်သော သမ္မာသမ္ဗောဓိဉာဏ်ကို ရတော်မူ၏။"

အာနန္ဒာ၊ ဤဌာနသည်လည်း သဒ္ဓါတရားရှိသော အမျိုးသားသည် ဖူးမြော်ထိုက်သော (ဖူးမြော်သူအား) သံဝေဂရစေတတ်သော ဌာနပေတည်း။

"ဤ (မိဂဒါဝုန်)ဌာန၌ မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်သော တရားတော်ဓမ္မစက်ကို ဟောကြားလည်စေတော်မူ၏။"

အာနန္ဒာ၊ ဤဌာနသည်လည်း သဒ္ဓါတရားရှိသော အမျိုးသားသည် ဖူးမြော်ထိုက်သော (ဖူးမြော်သူအား) သံဝေဂရစေတတ်သော ဌာနပေတည်း။

"ဤ (ကုသိနာရုံ)ဌာနသည် မြတ်စွာဘုရားသည် ခန္ဓာကြွင်းမရှိသော ငြိမ်းခြင်းသဘော 'အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူ၏။"

အာနန္ဒာ၊ ဤဌာနသည်လည်း သဒ္ဓါတရားရှိသော အမျိုးသားသည် ဖူးမြော်ထိုက်သော (ဖူးမြော်သူအား) သံဝေဂရစေတတ်သော ဌာနပေတည်း။

အာနန္ဒာ၊ သဒ္ဓါတရားရှိသော အမျိုးသားသည် ဖူးမြော်ထိုက်ကုန်သော (ဖူးမြော်သူအား) သံဝေဂရစေတတ်သော ဌာနတို့သည် ဤလေးပါးတို့ပေတည်း။

အာနန္ဒာ၊ သဒ္ဓါတရားရှိကုန်သော ရဟန်း၊ ရဟန်းမိန်းမ ဥပါသကာ ဥပါသိကာမတို့သည် "ဤ(လုမ္ဗိနီ)ဌာန၌ မြတ်စွာဘုရား ဖွားမြင်တော်မူ၏" ဟူ၍လည်းကောင်း၊ "ဤ(မဟာဗောဓိ)ဌာန၌ မြတ်စွာဘုရားသည် အမြတ်ဆုံးသော သမ္မာသမ္ဗောဓိဉာဏ်ကို ရတော်မူ၏။" ဟူ၍လည်းကောင်း၊ "ဤ(မိဂဒါဝုန်) ဌာန၌ မြတ်စွာဘုရားသည် အမြတ်ဆုံးသော



www.burmesesclassic.com

www.burmesesclassic.com



တရားတော် ဓမ္မစက်ကို ဟောကြားလည်စေတော်မူ၏။"
ဟူ၍လည်းကောင်း၊ "ဤ (ကုသိနာရုံ)ဌာနဌ် မြတ်စွာဘုရား
သည် ခန္ဓာကြွင်းမရှိသော ငြိမ်းခြင်းသဘော 'အနုပါဒိသေသ
နိဗ္ဗာန ဓာတ်' ဖြင့် ပရိ နိဗ္ဗာန်ပြုတော်မူ၏ ဟူ၍လည်းကောင်း
(အောက်မေ့လျက်) လာရောက်ကုန်လတ္တံ့။

အာနန္ဒာ၊ စေတီပုထိုးတို့ကို ဖူးမြော်ရန် သွားလာလှည့်
လည်သော သူတို့သည် ကြည်ညိုသောစိတ်ရှိလျက် သေကုန်
ငြားအံ့။ ထိုသူတို့ အားလုံးတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေ
ပြီးသည်မှ နောက်၌ကောင်းသော လားရာနတ်ပြည်သို့
ရောက်ကုန်လတ္တံ့။

ဂေါတမ ဗုဒ္ဓဖြစ်ခဲ့သည့်အတိုင်း လူအပေါင်းတို့သည် ပဒုမ္မာကြာပွင့်ပုံ၊ခြေတော်ရာပုံ၊ ဗောဓိပင်ပုံ၊ လှည်းဘီးရဟတ် စကြာပုံ၊ ထူပါပုံစသည်ဖြင့် ပူဇော်စရာအမှတ်လက္ခဏာများကို ရှေးဦးစွာ ပြုလုပ်လာကြလေသည်။ (ရှေးဟောင်းသုတေသီများ၏ အဆိုအရ ထိုအချိန်တွင် ဆင်းတုရုပ်ပွားတော်များ ထုလုပ်ခြင်း မရှိသေးဖြစ်သည်)။

ရှင်းပါဦးအံ့။

ဗုဒ္ဓလောင်းလျာသည် လုမ္ဗိနီအင်ကြင်းတောတွင်၊ မယ်တော်မာယာမှဖွားမြင်ခဲ့လေသည်။ ထိုအခါ အရှေ့အရပ်မှ မြောက်သို့မျက်နှာမူ၍ ခုနစ်ဖဝါးလှမ်းလေသည်တွင် မြေမှပေါက်၍ ကြာပွင့်ခံလာလေသည်။ ခြေတော်ရာနှင့် ကြာပွင့်သည် ဖွားတော်မူရာ အမှတ်လက္ခဏာ ဖြစ်ခဲ့တော့သည်။ ထို့ကြောင့် ခြေတော်ရာပုံကို အမရာဝတီတွင် တွေ့နိုင်လေသည် **(ပုံ ၇)** ကြာပုံကို အသောကမင်းကြီးစိုက်ထူခဲ့သော ကျောက်စာတိုင်ထိပ်ဖူး**(ပုံ ၁)**၌ လည်းကောင်း၊ ဆန်ချီထူပါတုရိဏ်တိုင်ပေါ်၌လည်းကောင်း တွေ့နိုင်လေသည်။**(ပုံ ၂)**။

ဗုဒ္ဓလောင်းလျာသည် ဗုဒ္ဓဂယာရှိ ဗောဓိညောင်ပင်နှင့် ရွှေပလ္လင်၌ သမ္မာသမ္ဗောဓိဉာဏ်ဆိုက်၍ ဘုရားအဖြစ်သို့ ရောက်ခဲ့လေသည်။ ဗောဓိပင်နှင့် စပ်၍အဖြစ်အပျက်တစ်ခုကို ပြန်ပြောင်းဆိုရလိမ့်မည်။ ဂေါတမဗုဒ္ဓသည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ စံပယ်နေရာမှ၊ ဇနပုဒ်သို့ ခေတ္တခရီးကြွချီလေသည်။ ထိုစဉ် ဇေတဝန်ကျောင်းတော်သို့ ဘုရားဖူးလာသော လူများသည် ဘုရားကို မဖူးတွေ့ရသည်နှင့် ဂန္ဓကုဋိတိုက်တံခါးဝ၌



www.burmesesclassic.com

www.burmesesclassic.com



ပန်းနံ့သာများကိုချ၊ ချသွားလေသည်။ နောင်အခါ ထိုအဖြစ်မျိုးမရှိရလေအောင် အရှင်အာနန္ဒာက ဘုရားကိုယ်စား ပူဇော်အပ်သောအရာဌာန တစ်ခု ခွင့်ပြုပါရန် ဂေါတမဗုဒ္ဓကို လျှောက်ထားလေသည်။ ဂေါတမဗုဒ္ဓလည်း ကိုယ်စားအဖြစ်၊ ဇေတဝန်ကျောင်းတော်တံခါးဝ၌ ဗောဓိပင်စိုက်ခွင့်ပြုလေသည်။ ပလ္လင်ခံထားသော ဗောဓိပင်သည် ဘုရားအဖြစ်သို့ ရောက်တော်မူသော အမှတ်လက္ခဏာ ဖြစ်ခဲ့တော့သည်။ ထို့ကြောင့် ဗောဓိပင်ပုံကို ဆန်ချီ ထူပါတုရိုဏ်တိုင်ပေါ်၌ တွေ့နိုင်လေသည် **(ပုံ ၄)**။

ဂေါတမဗုဒ္ဓသည် မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီငါးဦးကို သစ္စာလေးပါး တရားဟောခဲ့လေသည်။ ဝါဓမ္မစကြာတရားဦးစွာ ဟောခဲ့လေသည်။ ထိုသို့ ဟောခဲ့သည့်ပါဠိပုဒ်ကို အနက် ပရိယာယ်အားဖြင့် တရားဘီး လည်သည်ဟူ၍ ဆိုကြလေသည်။ စကြာပုံသည် ဂေါတမဗုဒ္ဓတရားဦး ဟောသော အမှတ်လက္ခဏာဖြစ်ခဲ့တော့သည်။ ထိုအတွက် အသောကမင်းကြီး စိုက်ထူခဲ့သော ကျောက်တိုင်ထိပ်ဖူးကို ကြည့်ပါလေ။ ထိပ်ဖူးတွင် ခြင်္သေ့ ရုပ်သုံးရုပ်ရှိလေသည်။ ထိုခြင်္သေ့များအောက်တွင် ကြာမှောက်ပုံရှိလေသည်။ ထိုအကြားတွင် စကြာလှည်းတောင်းပုံ သဏ္ဌာန် လေးခုပါလေသည်**(ပုံ ၁)**။

ဂေါတမဗုဒ္ဓသည် ပရိနိဗ္ဗာန်စံတော်မူခါနီးကာလတွင် စကြဝတေးမင်း၏ အလောင်း၌ဆောင်ရွက်ကုန်သကဲ့သို့ ထို့အတူမြတ်စွာဘုရား၏ အလောင်းတော်၌လည်း ဆောင်ရွက်အပ်ပေ၏။ လမ်းမလေးခွဆုံရာ၌ မြတ်စွာဘုရား၏ စေတီကို (တည်ထား) အပ်ပေ၏ဟု ဟောခဲ့လေသည်။

ထိုစကားနှင့်အညီ ဂေါတမဗုဒ္ဓပရိနိဗ္ဗာန်စံတော်မူ၍ အလောင်းတော်ကို မီးသင်္ဂြိုဟ်ပြီးသည်နောက် ရှစ်ပြည်ထောင်မင်းတို့သည် ဓာတ်တော်တို့ကို မိမိတို့တိုင်းပြည်သို့ ယူဆောင်ကာ၊ စေတီတည်ကြလေသည်။ ထိုနောက်ရာဇဂြိုဟ်ပြည်ရှင် အဇာတသတ်မင်းသည် ရှင်မဟာကဿပ၏ အစီအမံဖြင့် ပိုလျှံသောဓာတ်တော်တို့ကို မြေအတွင်းစေတီတည်လုပ် မြှုပ်နှံထားခဲ့လေသည်။ အသောကမင်းလက်ထက်တွင်ကား အဇာတသတ်မင်းနှင့် ရှင်မဟာကဿပတို့ မြှုပ်ထားခဲ့သော ဓာတ်တော်တို့ကို တူးဖော်၍ စေတီထူပါပေါင်းရှစ် သောင်းလေးထောင် တည်ခဲ့သည်ဟု နှောင်းစာများတွင်ပါလေသည်။ ထိုသို့တည်ခဲ့သော စေတီများတွင် ဆန်ချီရှိ ထူပါကြီး လည်းပါလေသည်။ **(ပုံ ၃)**



www.burmesesclassic.com

www.burmesesclassic.com



ဤတွင် ဂေါတမဗုဒ္ဓမပေါ်ထွန်းမီ ရှေးပဝေဏီ (ဝေဒခေတ်) က တည်းက လုပ်ထုံးတစ်ခု ရှင်းပြရန် လိုလာလေသည်။ ထိုခေတ်တစ်လျှောက် သူတော်သူမြတ်များ၊ ပြည်ရွာအကြီးအကဲများကွယ်လွန်သည့် အခါ၊ အလောင်းကို မီးရှို့ပြာချ ထိုနောက်အရိုးပြာစသည့် အကြွင်းအကျန်ကို ဂရုတစိုက် မြှုပ်နှံကုန်းဖို့ ထားတတ်ကြသည်။ ထိုကုန်းမို့မို့တွင် ဝင်းခတ်ထားတတ်ကြသည်။ ထိုကုန်းမို့မို့ကို စေတီ(စေတိယ)ဟု ခေါ်လေသည်။

ဤသို့အားဖြင့် ပူဇော်ထိုက်သူများအဖို့ ကုန်းမို့မို့မြေပုံ(စေတီ) လုပ်လာသည်တွင် တဖြည်းဖြည်းနှင့် ဘာသာရေးသဘောဝင်လာခဲ့လေသည်။ ဝင်လာပုံမှာ ကမ္ဘာတည်မှုနှင့် စေတီပုံသဏ္ဍာန်ဆက်စပ်လာခြင်း ဖြစ်လေသည်။ (ဗြဟ္မာကြီး၏အလိုအရ) စကြဝဠာ၌ ရှေးဦးစွာရေပြင်ကြီးသာ ရှိခဲ့လေသည်။ ထိုနောက် ဗီဇ ဥ (အဏ္ဍ) ဖြစ်လာခဲ့သည်။ ထိုဥမှ နှစ်ခြမ်းခွဲကာ မြေပြင်နှင့် ကောင်းကင်ဟူ၍ ပေါက်ဖွားလာရလေသည်။ ထိုမြေပြင်အလယ်တွင် (ဝင်ရိုးနှင့်တကွ) မြင့်မိုရ်တောင်သည်ရှိ၏။ တောင်အောက်နှင့် တောင်ခြေတွင် ပြိတ္တာ၊ တိရစ္ဆာန်၊ လူစသည်နေကြသည်။ တောင်ထိပ်ပိုင်းသည်ကား ဘုံအဆင့်ဆင့်နှင့်နတ်ဒေဝါများ၊ ပူဇော်ထိုက်သူများ ကိန်းအောင်းရာဖြစ်လေသည်။ ယခုကုန်းမို့မို့ (စေတီ)သည် မြင့်မိုရ်တောင်နှင့် အနက်တူ၊ သဘောတူဖြစ်လေသည်။ ဗြာဟ္မဏဝါဒီတို့၏ မြင့်မိုရ်တောင် တည်ရှိပုံစံနစ်သည် ဗုဒ္ဓဘာသာဝင်များထံ ကူးစက်လာခဲ့လေသည်။

ဆန်ချီထူပါကို ပြန်ကြည့်ကြဦးစို့။ အထက်တွင် ဆိုခဲ့သည်အတိုင်း ထိုထူပါကို အသောကမင်းတည်ဆောက်ခဲ့လေသည်။ နောက်မင်းတို့သည်လည်း ထိုထူပါကို ပြုပြုပြင်ပြင်လုပ်ခဲ့ကြလေသည်။ ယခုမြင်ရသော (အမှတ်တစ်) ဆန်ချီထူပါကြီးနှင့် ပတ်ဝန်းကျင်သည် နောက်ခေတ်များတွင် ပြုပြင်ထားသည့်အတိုင်း ဖြစ်လေသည်။ စပ်မိ၍ဆိုရလျှင် ထူပါဟူသောပုဒ်သည် ဗိသုကာနှင့်ဆိုင်သော ဝေါဟာရဖြစ်လေသည်။ အနက်အဓိပ္ပာယ်အားဖြင့် စေတီနှင့် အတူတူပင် ဖြစ်သည်။

ဆန်ချီထူပါသည် အဝန်းလုံးပတ်အားဖြင့် ပေတစ်ရာ့နှစ်ဆယ်မျှရှိ၍ အမြင့်ငါးဆယ့်လေးပေမျှ ရှိပေသည်။ ဓာတ်တော်ကို ထိုအတွင်း၌ ကြုတ်အထပ်ထပ်ဖြင့် သိမ်းထားလေသည်။ ထိုထူပါကို ဘုရားဖူးများ ပဒက္ခိဏလကျာရစ်ပတ်၍ ပူဇော်တက်ရောက်နိုင်အောင် ပစ္စယာတွင် လှေကားနှစ်ခုတည်ဆောက်ထားလေသည်။



www.burmesesclassic.com

www.burmesesclassic.com



ထူပါစေတီတစ်ခုလုံး ပတ်လည်တွင်ကား အရံတံတိုင်းရှိလေသည်။ ထိုတံတိုင်းလေးမျက်နှာတွင် မုခ်ပေါက်လေးခုရှိ၍ မုခ်ပေါက်တိုင်းတွင် တုရိဏ်တိုင်ရှိလေသည်။ ထိုတိုင် (အထက်ထုပ်တန်းများ)တွင် ဆဒ္ဒန်ဆင်မင်းဇာတ်၊ ဝေဿန္တရာဇာတ်စသော ဇာတ်နိပါတ်ရုပ်ကြွ၊ ဗုဒ္ဓဝင်ခန်းရုပ်ကြွ၊ ယက္ခီရုပ်ကြွ၊ ထူပါရုံရုပ်ကြွ စသည်များကို ပန်းတမော့ဆတ်ထားလေသည်။ အထက်ဆုံးထုပ်တန်းတွင်မူ စကြာပုံခံလျက်၊ ဘုရား၊ တရား၊ သံဃာတည်းဟူသော တိရတနာအမှတ် လက္ခဏာပုံကို ထင်ရှားစွာ မြင်တွေ့နိုင်လေသည်။ **(ပုံ ၂)**

ဆန်ချီထူပါပုံကို ထပ်၍ကြည့်ပါလေ။ ပုံစံသည် သုံးပိုင်းရှိနေလေသည်။ ထိုသုံးပိုင်းတွင်။

ပထမပိုင်းသည် –အုတ်ခုံနှင့် ပစ္စယာ(မေဓိ)

ဒုတိယပိုင်းသည် –ဥ (အဏ္ဍ သို့မဟုတ် ဂဗ္ဘ) သို့မဟုတ် စက်ဝိုင်းခြမ်း သို့မဟုတ် ခေါင်းလောင်းပုံသပိတ်မှောက် သဏ္ဌာန်ရှိ ကိုယ်လုံး

တတိယပိုင်းသည် ပြာသာဒ်(ဟရ်မိကာ ဟမ္မိယ) နှင့် ထီးသုံးဆင့် (ဆတ္တာဝလီ) ဖြစ်လေသည်။

ထိုသုံးပိုင်းစလုံးသည် ဥ (အဏ္ဍ)မှ တစ်ဆင့် ပေါက်ပွားလာသော မြင့်မိုရ်တောင်သဘောကို ဆောင်လေသည်။ ကိုယ်လုံးအထက်၊ ဟရ်မိကာသည် နတ်ဒေဝါများ သူတော်သူမြတ်များ ကိန်းဝပ်ရာဖြစ်လေသည်။ ထိုအထက် ဘုံများမှာမူ ထီးသုံးဆင့်တွင် သရုပ်ဆောင်ထားလေသည်။ ဤတွင် ထီးသုံးဆင့် (ဆတ္တာဝလီ) ကိစ္စကို အခိပ္ပါယ်တစ်ခုထပ်၍ ဖွင့်နိုင်လေသေးသည်။

ထီးသည် မင်းခမ်းတော်ပစ္စည်း၊ မင်းဧကရာဇ်တို့၏ အာဏာရိပ်ကို ဖော်ပြသော အမှတ်လက္ခာဏာဖြစ်လေသည်။ ဂေါတမဗုဒ္ဓကိုလည်းစကြဝတေးမင်းတို့နှင့် နှိုင်းခိုင်းလေ့ရှိသည်ဖြစ်ရာ ဗုဒ္ဓ၏ အရှိန်တေဇာနှင့် ဗုဒ္ဓသာသနာ ပျံ့နှံ့မှုကို သိသာအောင် ထီးသုံးဆင့်ထည့်ပေးလေသည်။

ဆန်ချီထူပါ၏ ပုံသဏ္ဌာန်သည် နောင်အခါ အိန္ဒိယပြည်တွင်းပြည်ပ နေရာအသီးသီးတွင် တည်ဆောက်ကြသော မြေစိုက်စေတီများအတွက် အခြေခံဖြစ်ခဲ့လေသည်။ အသေးစိတ်တွင်ကား၊ ထိုစေတီ ဤစေတီများသည် ရေမြေဓလေ့ကို လိုက်၍လည်းကောင်း၊ အုတ်ကျောက်စသည်ဖြင့် ပစ္စည်းအမျိုးအစားကိုလိုက်၍ လည်းကောင်း၊ ဘုရားဗိသုကာ


www.burmesesclassic.com

www.burmesesclassic.com



တို့၏ ဥာဏ်ရည်ဥာဏ်စွမ်းကိုလိုက်၍ လည်းကောင်း ကွာခြားတတ်လေသည်။

ကွာခြားပုံမှာ မကန်းရုပ်၊ ဘီးလူးပန်းဆွဲ၊ ဒုရင်၊ စိုင်ပေါင်ကနုတ် စသော အဆင်တန်ဆာများကို လိုအပ်သလို ထည့်သွင်းလာခြင်း ဖြစ်သည်။ တစ်ဖန် ပစ္စယာ၊ ခေါင်းလောင်းပုံ သပိတ်မှောက် (အဏ္ဍ)၊ ထီးသုံးဆင့်ဝါ ထီးရစ် (ဆတ္တာဝလီ) စသော စေတီအစိတ်အပိုင်းများ ရှိသည့် အနက် ထိုအစိတ်အပိုင်းများသည် ပုံပန်းသဏ္ဌာန်တစ်မျိုးပေါ်လာခြင်း၊ အချိုးအစား အတိုးအလျော့ရှိလာခြင်း ဖြစ်သည်။

ပမာအားဖြင့် နာဠန္ဒနှင့် ဂန္ဓာရမှ (လှူဒါန်းပူဇော်သည့်) ကြေးထုပါ ပုံကလေးမျိုးတွင် အုတ်ခုံ မြင့်တက်လာ၍ ပစ္စယာအဆင့် ကျယ်လာသည်ကို မြင်နိုင်လေသည်**(ပုံ၁၇)** ထို့နောက် (ရုပ်ပွားဆင်းတုထုလုပ်မှု အတတ်ရှိနေပြီဖြစ်၍) ပစ္စယာတွင် ရုပ်ကြွရုပ်ဖောင်းများ ထည့်လာသည်ကိုလည်းကောင်း၊ ခေါင်းလောင်းပုံ သပိတ်မှောက် (အဏ္ဍ)သေးငယ်သွားသည်ကိုလည်းကောင်း၊ ထီးရစ် (ဆတ္တာဝလီ)ဦးရေ တိုးလာသည်ကိုလည်းကောင်း၊ မြင်နိုင်ပြန်လေသည်။ တဖန် ပါဠလိပုတ် (ကုမ်ရာဟားအရပ်)မှ အုတ်ခွက်မျိုး **(ပုံ ၆)**၊ ဗုဒ္ဓဂယာမှ မဟာဗောဓိစေတီပုံမျိုးတွင် ခေါင်းလောင်းပုံ၊ သပိတ်မှောက် (အဏ္ဍ)ကျုံ့ သွား၊ သေးသွားပြီးလျှင် အောက်ခြေအုတ်ခုံနှင့် ပစ္စယာမြင့်တက်လာ၍ အုတ်တိုက်(ကုလားကျောင်း)ခံကာ သိခရကွမ်းတောင်ရှည်အဖြစ် ပေါ်ပေါက်လာသည်ကိုလည်း မြင်နိုင်လေသည်။ ဤတွင် ကုသျှန်မင်း ကနိသက တည်ခဲ့သော စေတီသည်လည်း ဘုံအဆင့်ဆင့်နှင့် ကွမ်းတောင်ရှည် တက်ထား၊ တင်ထားသော စေတီမျိုးဖြစ်သည်ဟု ဆိုကြလေသည်။

ပြည်ပစေတီများကို ကြည့်ကြဦးစို့။

နီပေါရှိ ဗောဓိနတ်**(ပုံ၂၁)**၊ သီဟိုဠ်ရှိ ထူပါရာမစေတီ**(ပုံ ၃၁)**တို့တွင် အုတ်ခုံသည် စတုရန်းဖြစ်၏။ ထီးရစ် (ဆတ္တာဝလီ)သည် ကတော့ပုံ ဝါဖေါင်းရစ်အသွင်ယူလာ၏။

တစ်ဖန် ထူပါရာမ၏အုတ်ခံသည် မြင့်တက်လာပြီးလျှင် ခေါင်းလောင်းပုံသပိတ်မှောက်(အဏ္ဍ)သည်အောက်ကားအထက်ရှူးနှင့် ခေါင်းလောင်းပုံပေါ်ခဲ့တော့သည်။ ဟရ်မိကာ၏ ထူးခြားချက်တစ်ခုကို ဗောဓိနတ်စေတီတွင် ကြည့်လေဦး။ ဗောဓိနတ်စေတီ၏ ဟရ်မိကာလေးဘက်

www.burmesesclassic.com



စလုံးတွင် ဗုဒ္ဓဘုရား၏ (အလုံးစုံသိမြင်သော) သဗ္ဗညုတဉာဏ်ကို ဖော်ပြသည့်သဘောဖြင့် မျက်လုံးများထည့်ထားလေသည်။ ဂျပန်၌ ရှိသော ဟောယူဂျီစေတီကားဆန်ချီ ထူပါကဲ့သို့ အုတ်ကျောက်ဖြင့် တည်ဆောက်သည်မဟုတ်ဘဲ သစ်သားဖြင့် တည်ဆောက်ထားလေသည်။ အမှန်ဆိုလျှင် သစ်သားဖြင့် တည်ဆောက်သော သာသနိက အဆောက်အအုံတို့တွင် အစောဆုံးဖြစ်ပေသည်။ ဤသို့သော စေတီမျိုး၌ အောက်ခြေအုတ်ခုံနှင့် ပစ္စယာသည်တည့်တည့် မတ်မတ် မြင့်တက်လာ၍ ဘုံအဆင့်ဆင့် ဖြစ်လာလေသည်။ အမိုးကော့များ ပေါ်လာသည်။ ထို့ပြင် အောက်ဆုံးဘုံသည် ဘုရားဆင်းတု ၄ ဆူထားရာ ဘုရား ဝတ်ပြုဆောင်ဖြစ်၍၊ အပေါ်ဘုံများမှာမူ အသုံးမပြုနိုင်ဖြစ်လေသည်။ ထိုဘုံများကို ဖြတ်သန်း၍ မြင့်မိုရ်တောင်၏ ဝင်ရိုးသဘောအလယ်တိုင် တည့်ထားလျက်ရှိလေသည်(ပုံ ၂၉)။

မြင့်မိုရ်တောင်၏ သဘောကို ပီပြင်သပ္ပာယ်စွာ ဖူးတွေ့နိုင်သော စေတီတစ်ဆူကား ဂျာဝါးရှိ ဗောရောဗုဒေါစေတီ ဖြစ်လေသည်။ ထိုစေတီတွင် အုတ်ခုံသည် လေးထောင့်ဖြစ်၍၊ (၄ထောင့်) ပစ္စယာ ၅ဆင့်တက်လေသည်။ ထိုအထက်တွင် ပစ္စယာအဝိုင်း ၃ဆင့်တက်ပြန်သည်။ နောက်ဆုံးပစ္စယာအဝိုင်း၏ အလယ်ဗဟိုတွင် အဓိကစေတီရှိလေသည်။ တစ်ဖန် ပစ္စယာများသို့ မကန်းရုပ်အဆင်တန်ဆာပါသော နတ်လှေကား(သောပါန) ဖြင့် တက်ရလေသည်။ ပစ္စယာနံရံတွင် ရုပ်ဖော်ရုပ်ကြွဖြင့် ဇာတ်နိပါတ်ဖော်ထားသည်။ (၄ထောင့်) ပစ္စယာများရှိ မုခ်ဝအဆောင်တွင်၊ အက္ခောဘယ၊ ရတနသမ္ဘဝ စသောဇိနဗုဒ္ဓရုပ်တုများသည် မုဒ္ဒါ(မုဒြ) လက်ဟန်အမျိုးမျိုး ဖြင့် တင်ပျဉ်ခွေထိုင်လျက်ရှိလေသည်။ ပစ္စယာ ၃ဆင့်တွင်မူ စေတီရံများ ဝိရောစန ဗုဒ္ဓရုပ်ပွားများရှိလေသည်။ ထိုစေတီတော်ကြီးသည် အုတ်ခုံမှ အထက် စေတီထိပ်အထိ ၁၁၅ ပေခန့်မြင့်လေသည် **(ပုံ ၃၉)**။

မြန်မာနိုင်ငံဘက်ကို ကြည့်ကြဦးစို့။ သရေခေတ္တရာရှိ ဘောဘောကြီးဘုရားတွင် ခေါင်းလောင်းပုံ သပိတ်မှောက် (အဏ္ဍ)သည် တဖြိုးတဖြောင့်တည်းလို ဖြစ်လေသည် **(ပုံ ၄၇)**။ ဘုရားကြီး၏ ခေါင်းလောင်းပုံ သပိတ်မှောက်ကား အထက်ရှူးလေသည် **(ပုံ ၄၈)**။ သို့ဖြစ်၍ ထိုစေတီများသည် ဆန်ချီထူပါပုံစံမှ သီသီကွာလာ၏။ မကွာသောပုံကား ခင်ဘကုန်းတွင် တူးဖော်ရရှိသော ဌာပနာတိုက်ဖုံးကျောက်ပြားမှ စေတီပုံသဏ္ဍာန်ဖြစ်ပေသည် **(ပုံ ၄၆)**။ ထိုစေတီမျိုးမှ တစ်ဆင့် ဘောဘောကြီးဘုရားနှင့်



www.burmesesclassic.com

www.burmesesclassic.com



ဘုရားကြီး စေတီပုံသဏ္ဍာန် ပြောင်းလဲလာသည်ဟု ဆိုရမည်ကဲ့သို့ ရှိလေသည်။

သရေခေတ္တရာမှ ပုဂံသို့ကူး၍ ကြည့်လိုက်လျှင် ပုံသဏ္ဍာန်တွင်ရော၊ အပြောက်အမွမ်း ထည့်ရာတွင်ပါ တိုးတက်လာသည်ကို တွေ့ရလေသည်။ မူလမြေစိုက်စေတီတွင်

(က) အုတ်ခုံနှင့်ပစ္စယာ (မေဓိ)

(ခ) ခေါင်းလောင်းပုံ သပိတ်မှောက် (အဏ္ဍ)

(ဂ) ဟရ်မိကာနှင့် ထီးရစ် (ဆတ္တာဝလီ)

ဟူ၍ သုံးပိုင်းရှိကြောင်း စောစောကဖော်ပြခဲ့ဖူးပြီ။ ယခုမူ ရွှေစည်းခုံစေတီမျိုးတွင် အုတ်ခုံသည်မြင့်လာ၏။ ပစ္စယာ ၃ဆင့်တွင်၊ ထောင့်စေတီများတိုးလာ၏။ ပစ္စယာအလယ်တွင် နတ်လှေကား (သောပါန) တပ်ဆင်ထားသည်။ ပစ္စယာအထက်၊ ခေါင်းလောင်းပုံ သပိတ်မှောက်(အဏ္ဍ)တွင် ရင်ဖွဲ့ခါးပတ်နှင့် ဘီလူးပန်းဆွဲဟူ၍ တန်ဆာဆင်မှု ရှိလာသည်။ ထို့နောက် ထီးရစ်ဆတ္တာဝလီနေရာတွင် ဖေါင်းရစ်အဆင့်ဆင့်၊ ကြာမှောက်ကြာလန်၊ ချရားသီး၊ ထီးဟူ၍ အသေးစိတ်ပါဝင်ခဲ့တော့သည် **(ပုံ ၅၂)**။

ရွှေစည်းခုံတွင် ဟရ်မိကာမပါလေ။ ဟရ်မိကာပါသော စေတီမှာ ဆပဒစေတီဖြစ်လေသည်။ ထိုစေတီသည် သီဟိုဠ်ဆံလာ၏။ ဟရ်မိကာ (သီဟိုဠ်အခေါ်ဒေဝတာကောတုဝ) နှင့် အထွတ်ထုပိကာပါလာ၏ **(ပုံ ၅၃)**။

မြေစိုက်စေတီ ဝါ စေတီလုံးအကြောင်းကား ဤမျှဖြင့် သဘောပေါက်လောက်ပြီ။ ယခုသော် ဂူဘုရားကြောင်းကို ရေးပြန်ရန်လိုလေသည်။ ဂူဘုရား၏မူလဘူတသည် အဇန္တလိုဏ်ဂူ ကာလေရှိလိုဏ်ဂူ (ပုံ ၅)ကဲ့သို့ ကျောက်တောင်ကို ထွင်းဖောက်ထားသော အဆောက်အအုံမျိုး ဖြစ်လေသည်။ ထိုဂူမျိုးကို အသောကမင်းလက်ထက်တွင် လှိုင်လှိုင်ကြီးသုံးသည်။ ပန္နက်ကိုကြည့်လျှင် အလျားသည် အနံထက် ၃ ဆမျှရှိ၍ လေးထောင့်စပ်စပ် ဖြစ်သည်။ ဂူအဝင်တွင် အာရုံခံသဘောမျိုးရှိ၍ အဆုံးတွင် ဘုရားဆောင် ရှိလေသည်။ ဘုရားဆောင်၏ အဆုံးဝယ်ဝတ်ပြုပူဇော်စရာ အမှတ်လက္ခဏာ ရှိလေသည်။

ထိုအမှတ်လက္ခဏာကို ပဒက္ခိဏ လက်ျာရစ်ပတ်၍ ကြည်ညိုနိုင်အောင် ဘေး ၂ ဘက်တွင် စင်္ကြံလုပ်ထားသည်။ နောက်ဘက်နံရံကို အခုံးလုပ်ထား၍ စင်္ကြံဖြစ်နေသည်။ ဤတွင် စေတီ၊ ရုပ်ပွားစသည့်ဖြင့် အမှတ်



www.burmesesclassic.com

www.burmesesclassic.com



လက္ခဏာသက်သက် ရှိသောဂူကိုစေတိယဂီဟ ဝါ ဂယ (စေတီအိမ်) ဟုခေါ်လေသည်။ ရဟန်းသံဃာများနေသောဂူကား၊ ဝိဟာရပေတည်း။ ရုံဖန်ရုံခါ ပူဇော်စရာစေတီ၊ ရုပ်ပွားရှိရုံမက ရဟန်းသံဃာများလည်း ထိုဂူ၌ သီတင်းသုံးသည်ဆိုလျှင်၊ ဝတ်ပြုရာအဆောင်ဘေး ၂ ဘက်တွင် သီတင်းသုံးရာ အခန်းငယ်များ ရှိတတ်လေသည်။ နောင်သောအခါ ထိုသို့သော ကျောက်တွင်းဂူများကို မှီ၍မြေပြန့်ပေါ်ဂူတည်ဆောက်လာကြလေသည်။ ထိုဂူမျိုးကို ဗြာဟ္မဏဟိန္ဒူဘာသာဘက်က အများအပြား ဆောက်လာ၏။ အိန္ဒိယ မြောက်ပိုင်း (နှင့်တောင်ပိုင်း) လိုဏ်ဂူဘုရားများသည်လည်း ရှေ့တွင် အာရုံခံ နောက်တွင် ဘုရားဝတ်ပြုဆောင်ဟူ၍ တည်ဆောက်ပြီးလျှင်၊ ဝတ်ပြုဆောင် အထက်တွင် သိခရကွမ်းတောင် ရှည်တက်လေသည်။

စပ်မိ၍ ဆိုရလျှင် ထိုလိုဏ်ဂူဘုရားများတွင် မကန်းရုပ်၊ ကိတ္တိမုခ ဘီလူးပန်းဆွဲစသော အဆင်တန်ဆာများဖြင့် မွမ်းမံတပ်ဆင်ထားတတ်ကြလေသည်။ မကန်းဟူသော ပင်လယ်သတ္တဝါသည် ဗြာဟ္မဏဟိန္ဒူနတ်တို့၏စီးတော်ယာဉ်ဖြစ်၏။ မကန်းရုပ်ကို တံကဲထိပ်ပိုင်း(စလစ်)၏တစ်ဘက်တစ်ချက်တွင် အလင်္ကာသဘော သုံးတတ်သည်။ တဖန် ကိတ္တိမုခဘီလူးသည် သိဝနတ်မင်း၏ အသွင်တစ်မျိုးဖြစ်၏။ လူအပေါင်းကို အကာအကွယ် ပေးတတ်သောသဘောဖြင့် ဘီလူးပန်းဆွဲကို တံခါးထိပ်၊ နံရံဖူးစသည်းတို့၌ အလင်္ကာသဘောသုံးတတ်သည်။

ဗြာဟ္မဏဟိန္ဒူဂူဘုရား တည်ဆောက်ပုံ တည်ဆောက်နည်း၊ တန်ဆာဆင်ပုံ၊ တန်ဆာဆင်နည်းသည်လည်း သရေခေတ္တရာနှင့် ပုဂံသို့ ပျံ့နှံ့ခဲ့လေသည်။ ထို့ကြောင့် သရေခေတ္တရာနှင့် ပုဂံရှိဂူဘုရားများ၏ ပန္နက်သည် အိန္ဒိယ မြောက်ပိုင်း ဩရိဿနယ် (ဗူဘာနက်ဆွာ) မှ ဂူဘုရားများနှင့် အခြေခံတူလေသည်။ **(ပုံ ၁၈)**။

သရေခေတ္တရာရှိ ဘဲဘဲဘုရားသည် တစ်ဖက်မုခ်နှင့် ဖြစ်လေသည်။ လေးထောင့်စပ်စပ်အုတ်တိုက် (ကုလားကျောင်း) ပေါ်တွင် ပစ္စယာအဆင့်ဆင့် တင်၍ကွမ်းတောင်ရိုးရိုး ပေါက်ထားလေသည်။ ပုဂံဒေသ (မြင်းကပါရွာ) ရှိဂူပြောက်ကြီးဘုရားသည်လည်း တစ်ဖက်မုခ်နှင့် ဂူဘုရားဖြစ်လေသည်။ ထိုဂူဘုရားသည် ပုံပန်းသဏ္ဍာန် အချိုးကျလှပေသည်။ ထိုဘုရားကို ကျန်စစ်သားမင်းကြီး၏ သားဖြစ်သူ ရာဇာကုမာရမင်းသားသည် အေဒီ ၁၁၁၃ တွင် တည်ခဲ့လေသည် ။ **(ပုံ ၆၀)**



www.burmesesclassic.com

www.burmesesclassic.com



တည်ခဲ့သော အကြောင်းမှာမူ၊ မင်းကြီးသည် နာမကျန်းဖြစ်ပြီး နောက် နတ်ရွာစံအံ့ဆဲဆဲ ရှိနေ၏။ ရာဇကုမာရမင်းသားသည်လည်း "မိမိ ကိုမွေးသော မင်းကြီးကျေးဇူး အောက်မေ့ရကား" မင်းကြီးအဖို့ ဘာဂ အတွက် ရွှေဆင်းတုတစ်ဆူထုလုပ်၏။ ထိုဆင်းတုအား ကွယ်လွန်ပြီး မိခင် ထံမှ ရရှိလိုက်သော ကျွန်သုံးရွာလှူဒါန်းပေး၏။ ထိုနောက် ဂူတစ်ခုတည် ဆောက်၍ ထိုဂူတွင် ထိုဆင်းတုဌာပနာလေသည်။ ထိုဂူအပြီးတွင် ပျူ၊ မွန်၊ ပါဠိ၊ မြန်မာ ဟူ၍ ၄ ဘာသာစကားဖြင့် ကျောက်စာထိုးခဲ့လေသည်။ ထိုဂူပင်လျှင် ယခုအခါ ဂူပြောက်ကြီးဟု အများခေါ်ကြသော ဂူဘုရား ဖြစ်ပေသည်။

ဘုရားဗိသုကာကို ပြန်ကောက်ရသော် ထိုဂူသည် အရှေ့ဘက်အာ ရုံခံမုခ်လှည့်ဖြစ်၍ ဂန္ဓကုဋိ(ဘုရားဆောင်) နှင့် တစ်ဆက်တည်းဖြစ်ပေ သည်။ ဂန္ဓကုဋိတိုက်ပတ်လည်တွင် စင်္ကြံထားရှိလေသည်။ အပြင်နံရံမှမူ၊ ဂန္ဓကုဋိပေါ်သို့ သစ်သားထုပ်မပါဘဲ၊ တဖက်လျှောပေါင်းမိုးဖြင့် အမိုးတက် လေသည်။ အမိုးဆင်ခြေလျှောနှင့် ပစ္စယာ–ပစ္စယာဆင့်ပြီးလျှင် အထက်တွင် ကွမ်းတောင်တက်လေသည်။

အဆင်တန်ဆာမွမ်းမံထားပုံမှာ ဤသို့ဖြစ်လေသည်။ အပြင်နံရံနဖူး စည်းများတွင် ဘီလူးပန်းဆွဲများရှိလေသည်။ ထိုပြင် နံရံပေါ်တွင် မှန်ကူ ကွက်ဖေါ်၍ ပြတင်းတပ်ထားလေသည်။ ပြတင်းတိုင်အထက်အောက်ရှိ တိုင်ဖုံးအင်္ဂတေပန်းများသည်လည်းကောင်း၊ ပြတင်းတံကဲထိပ်ပိုင်း (စလစ်) ရှိ မကန်းရုပ်၊ ရာမလက်ညှိုး အချွန်အထက်၊ ပြာသာဒ်ဘုံဆင့် စသည်များ သည်လည်းကောင်း တင့်တယ်လှပေသည်။ **(ပုံ ၆၁/၆၂)**။ အတွင်းနံရံကို ကြည့်လိုက်ပြန်သော်၊ တာဝတိံသာမှ သင်္ကဿနဂိုရ်ပြည်သို့ ဗုဒ္ဓဘုရား ဆင်းသက်ခန်း၊ တိတ္ထိတို့အား ဗုဒ္ဓဘုရားတန်ခိုးပြာဋိဟာ ပြခန်း စသော ဗုဒ္ဓဝင်သရုပ်ဖေါ် ကောက်ကြောင်းပန်းချီကိုလည်းကောင်း နံရံမုခ် ကပ်များတွင် ကျောက်ဆစ်လက်ရာ ဆင်းတုတော်များကိုလည်းကောင်း ကြည်ညိုဖွယ်ရာ ဖူးမြင်နိုင်လေသည်။

ဂူပြောက်ကြီးဘုရားမှ အာနန္ဒာဘုရားကို ကြည့်ကြဦးစို့ **(ပုံ ၅၄)**။ ထိုဘုရားသည် ကျန်စစ်သား၏ ကုသိုလ်တော်ဖြစ်လေသည်။ အေဒီ ၁၀၉၀ ခုနှစ်တွင် တည်သည်။ ထိုဘုရားသည် မုခ် ၄ မျက်နှာရှိ၍ စံနစ်ပုံစံမှာ ကြက်ခြေခတ်သဘောဖြစ်လေသည်။



www.burmesesclassic.com

www.burmesesclassic.com



ဗင်္ဂလား (ပဟာပုရ) ဘက်ရှိ ဘုရား နှင့် စံနစ်ချင်းတူသည်ဟု ဆိုကြလေသည်။ **(ပုံ ၅၅)**။ အုတ်တိုက် (ကုလား ကျောင်း) ၏အလယ် မဏ္ဍိုင် (ကုံ့ကူဆံတုံး)တွင်ကား ဂန္ဓကုဋိတိုက် ၄ ခု ဆောက်ကာ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမဟူ၍ မတ်ရပ်ရုပ် ပွားတော်များထားရှိသည်။ ထိုရုပ်ပွားတော်များသည် အာရုံခံမုခ်များဘက်သို့ မျက်နှာမူနေကြသည်။ ထိုအခါ ရုပ်ပွားတော်အထက်ပိုင်းကို အပြင်မိုး လျှောဘက်တွင် ဖေါက်ထားသော မုခ်ပေါက်များမှ အလင်းရောင်ပေးထားပုံသည် အံ့သြကြည်ညိုဖွယ်ရာ ပင်။

တစ်ဖန် အလယ်မဏ္ဍိုင်ကို စင်္ကြံ ၂ ထပ်ရံထားသည်။ အပြင်စင်္ကြံရှိ မုခ်ကပ်ပေါင်း ၈၀တွင် ဇောဓိသတ္တဘုရားလောင်းဘဝမှ သမ္မာ သမ္ဗောဓိ ဉာဏ်ရသည်အထိ၊ ဗုဒ္ဓရုပ်ကြွများကို ပန်းတမော့ဆတ်ထားလေသည်။ အနောက်ဘက်မျက်နှာရှိမတ်ရပ်ဆင်းတုတော်ကြီး၏တစ်ဘက်တစ်ချက်တွင် ကျန်စစ်သားမင်းရုပ်တု၊ မင်းဆရာ ရှင်အရဟံရုပ်တု (ဟု အစဉ်အလာအရ ပြောဆိုကြသော ရုပ်တု) ၂ ခုကို ဘုရားပူဇော်နေဟန် ထုလုပ်ထားလေသည်

အပြင်နံရံတွင်မူ မုခ်ပြတင်း ၂ ဆင့်ရှိလေသည်။ ထို့အထက်တွင် မိုးလျှော၊ ထို့အထက် ပထမပစ္စယာ၊ ထို့နောက် ဒုတိယမိုးလျှောနှင့် ဒုတိယ ပစ္စယာတို့ကို တစ်ဆင့်ပြီးတစ်ဆင့် ပြုလုပ်ထားလေသည်။ ထိုအထက်မှာမှ ပစ္စယာ သုံးဆင့်နှင့် သိခရကွမ်းတောင်တက်ကာ (နောင် သော်) စေတီနှင့် ထီးတင် ထားလေသည်။ ဤသည် အကြမ်းဖျင်း မြင်ကွင်းဖြစ်လေသည်။ ထိုမြင်ကွင်းကို ပစ္စယာရှိထောင့်စေတီများ၊ နတ်ရုပ်၊ ခြသေ့်ရုပ်များ၊ ငါးရုှငါးဆယ် ဇာတ်စဉ့်ကွင်းများဖြင့် လည်း ကောင်း၊ အုတ်တိုက်အခြေရှိ မာရ်နတ်စစ်ထိုးခန်း စဉ့်ကွင်းများဖြင့် လည်းကောင်း အာရုံခံမုခ်တံကဲစလစ် ရှိ ကြေးခွေ၊ အဆော်၊ ရာမလက်ညှိုး၊ အဆင်တန်ဆာများဖြင့် လည်း ကောင်း ဖြည့်စွက်ကြည့်လိုက်ပါမူကား ပို၍နှလုံးပွားစရာ ဖြစ်ပေလိမ့်မည်။

မြေစိုက်စေတီနှင့် ဂူဘုရားအကြောင်းကို ဆိုခဲ့ပြီးသော် ဘုန်းကြီး ကျောင်းအကြောင်းကို အနည်းငယ်ဖြည့်စွက်ဆိုရဦးမည်။ ပုဂံတွင် ကျောင်း ကန်ဘုရားများစွာ ဖြစ်ထွန်းခဲ့သော်လည်း ယခုအခါ ကျောင်းများများစား စား မကျန်ခဲ့။ သစ်သားဖြင့်ဆောက်သော ကျောင်းများမှာ ပျက်စီးပျောက် ကွယ်ကုန်ကြပြီ။ အုတ်ကျောင်းမှာလည်း အနည်းအပါးသာ ကျန်ရစ်ခဲ့ တော့သည်။



www.burmesesclassic.com

www.burmesesclassic.com



ထိုအထဲတွင် မြင်းကပါရွာဘက်မှ စိုးမင်းကြီးကျောင်းပါလေသည် **(ပုံ၆၆)**။ ထိုကျောင်းသည် ၂ ထပ်ရှိ စာသင်ကျောင်းဖြစ်လေသည်။အောက်ထပ်ရှေ့ဘက်တွင် အာရုံခံသဘော၊ အလယ်တွင် ခန်းမကျယ်၊ အနောက်ဘက်တွင်ဘုရားဝတ်ပြုဆောင်၊ ခန်းမကျယ်၏တစ်ဘက်တစ်ချက်တွင် သံဃာတော်များ သီတင်းသုံးရန် အခန်းငယ်များထားရှိလေသည်။

ပုဂံနောက်ပိုင်းခေတ်များတွင်ကား ဘုန်းကြီးကျောင်းများသည် အနေအထားတွင် အနည်းငယ် ပြောင်းလဲခဲ့ပေသည်။

ပြောင်းလာပုံမှာ

(က) ပြာသာဒ်ဆောင်

(ခ) စနုဆောင်နှင့် ဆောင်မကြီး

(ဂ) ဘောဂဆောင်

ဟူ၍ အခန်းခွဲခြင်း ဖြစ်လေသည်။

ပြာသာဒ်ဆောင်တွင် ဘုရားဆင်းတုရှိလေသည်။ စနုဆောင်သည် ပြာသာဒ်ဆောင်နှင့် ဆောင်မကြီးကို ကူးစပ်ပေးသော အဆောင်ဖြစ်သည်။ ဆောင်မကြီးသည် သံဃာများ သီတင်းသုံးရာ အာဂန္တုဝတ်ပြုရာ စာသင်ရာ ဖြစ်လေသည်။ ဘောဂဆောင်သည် ပန်းကန်ခွက်ယောက်နှင့် အစားအသောက်ထားရာ ဖြစ်လေသည်။ ထိုကျောင်းများကိုလည်း (ထားဝယ်ဆောင်)အမိုးလည်ပေါ် ၂ ထပ်နှင့်သော်လည်းကောင်း (ဇေတဝန်ဆောင်) အမိုးလည်းပေါ် ၃ ထပ်နှင့်သော်လည်းကောင်း ဆောက်တတ်ကြလေသည်။

●

www.burmesesclassic.com

# ရုပ်ပွားဆင်းတု

ဂေါတမဗုဒ္ဓလွန်ပြီးနောက် အနှစ် ၄၀၀-၅၀၀ ခန့်မျှ ရုပ်ပွားဆင်းတု ထုလုပ်ခြင်းမရှိခဲ့ကြောင်းဖြင့် စာစောက စကားကြောင်းခဲ့ဖူးပါ ပြီ။ ထိုကာလအတွင်း သဒ္ဓါကြည်ညိုစိတ်ရှိသူများသည် ပဒုမ္မာကြာပုံ၊ ခြေတော်ရာပုံ၊ ဗောဓိပင်ပုံ၊ စကြာပုံ၊ ထူပါပုံစသော အမှတ်လက္ခဏာများကို ဗုဒ္ဓကိုယ်စား ပူဇော်ခဲ့ကြသည်။

တစ်ဖန် အေဒီ ၂ ရာစု မတိုင်မီကာလအထိ၊ ဗုဒ္ဓလောင်းလျာ (သိဒ္ဓတ္ထမင်းသား) တောထွက်သည့်အခန်းမျိုးကို ဖေါ်ပြသည့်အခါ၊ စီးတော်မူသော ကဏ္ဍကမြင်း၊ နောက်လိုက်ဆန္နအမတ်၊ ဝိုင်းဝန်းကူညီသော နတ်များ စသည့် ရုပ်ကြွမျိုးဖော်ပြပါရှိလေသည်။ သို့ရာတွင် မြင်း၏ကျောပေါ်တွင် စီးသူကိုကားဖေါ်ပြမထား။ ထို့အတူ ဗောဓိပင်နှင့် ရွှေပလ္လင်ကို ဗုဒ္ဓလောင်းလျာ အောင်မြင်သည့်အခန်းမျိုးကို ဖော်ပြသည့်အခါ၌လည်း သစ်ပင်နှင့် ပလ္လင်ကိုသာ တွေ့ရ၏။ ရုပ်ပုံကား မတွေ့ရဖြစ်လေသည်။

ရုပ်ပွားဆင်းတု ထုလုပ်သည့်အလေ့အလာသည် အေဒီ ၂ ရာစုလောက်မှ စလေသည်။ ထိုအခါ ဂန္ဓာရဘက်၌လည်း ထုလုပ်၏။ မထုရာဘက်၌လည်း ထုလုပ်၏။ ထုလုပ်ရာတွင် ဂန္ဓာရပညာရှင်အတွက် (ရှိပြီးသား) အပိုလိုဂရိနတ်ဘုရားမှ နမူနာယူနိုင်၏။ မထုရာပညာသည်များအတွက် (ရှိပြီးသား) ယက္ခရုပ်မှ နမူနာယူနိုင်၏။ ထို့ပြင် မဟာပုရိသအဖြစ်၊ လူတကာတို့ထက် မြတ်သောသူအဖြစ်ကို သရုပ်ဖော်ရန် လက္ခဏာတော်ကြီး ၃၂ ပါးမှ ရုပ်ပွားနှင့်ဆိုင်သည်တို့ကို သဘောယူ ထုလုပ်လျှင်



www.burmesesclassic.com

www.burmesesclassic.com



လည်း ဖြစ်နိုင်ကောင်း၏။ ဆိုင်သည်တို့ကို ကောက်နုတ်ဖော်ပြရသော် အောက်ပါအတိုင်းပင်။

(က) သင်းကျပ်ပြားဖြင့် ရစ်သကဲ့သို့သောဦးခေါင်းရှိ၏။ (တစ်နည်း)လကျာ်နားပန်တော်မှသည် လက်ဝဲနားပန်တော်တိုင်အောင် တက်သောအသားတော်လွှာဟု ဆိုအပ်သော သင်းကျပ်တော်လည်း ရှိတော်မူ၏။

(ခ) အလွန်ညိုသော မျက်လုံးရှိသည်။

(ဂ) ဖွားသစ်စနွားငယ်၏ မျက်မွေးတော်ရှိသည်။

(ဃ) မျက်ခုံးနှစ်ခုအကြားတွင်ဖြူစင်စွာသော ဥဏ္ဏာလုံမွေးရှင်တော်ရှိသည်။

(င) ခြင်္သေ့မင်းမေးနှင့်တူသော မေးရှိသည်။

(စ) မုရိုးစည်ကဲ့သို့ ညီညွတ်စွာလုံးသော လည်ပင်းတော်ရှိသည်။

(ဆ) ပညောင်ပင်၏ အဝန်းကဲ့သို့ ဝန်းသော ညီညွတ်သော ကိုယ်ရှိသည်။ (တစ်နည်း) အချင်းနှင့်အရပ်ညီမျှသော ပညောင်ပင်ကဲ့သို့ အလံနှင့် အရပ်ညီမျှသော ကိုယ်ရှိသည်။

(ဇ) ညီညွတ်ပြည့်ဖြိုးသော ကျောကုန်းရှိသည်။

(ဈ) ခြင်္သေ့မင်း၏ ရှေ့ထက်ဝက်နှင့်တူသော ကိုယ်ရှိသည်။ (တစ်နည်း) ခြင်္သေ့မင်း၏ရင်အုပ်ကဲ့သို့ ကြီးမားမြင့်မောက်သောရင်အုပ်ရှိသည်။

(ည) လက်ဖမိုးနှစ်ဖက်၊ ခြေဖမိုးနှစ်ဖက်၊ ပခုံးနှစ်ဖက်၊ လည်ကုပ်တော်ဤခုနစ်နေရာ၌ ပြည့်ဖြိုးသောအသားရှိသည်။

(ဋ) ဖြောင့်မတ်သော ကိုယ်တော်ရှိသည်။

(ဌ) အထက်သို့ လကျာ်ရစ်လည်၍တက်သော အဖျားရှိသော မွေးညင်းတော်ရှိသည်။

(ဍ) မကိုင်းမညွတ်ဘဲ ဒူးဆစ်တို့ကို သုံးသပ်နိုင်အောင် ရှည်သောလက်တော်တို့ရှိသည်။

(ဎ) ဇဏီမည်သော သမင်၏ မြင်းခေါင်းနှင့်တူသော မြင်းခေါင်းရှိသည်။



www.burmesesclassic.com

www.burmesesclassic.com



(ဏ) မြင့်မောက်သော ခြေမျက်စိရှိသည်။

(တ) လေသောက်ပြွတင်း၌ စိုက်ထားအပ်သော ပွတ်လုံးကဲ့သို့ ညီညွတ်သော လက်ချောင်းရှိသည်။

(ထ) ရှည်လျားသွယ်ပြောင်းသော ခြေချောင်းလက်ချောင်းရှိသည်။

(ဒ) ရှည်သော ဖနောင့်ရှိသည်။

(ဓ) အကွပ်၊ အချက်၊ တစ်ထောင်သော အကန့်ရှိသည့် စကြာရတနာ အမှတ်ပါသော ဖဝါးတော်တို့ရှိသည်။

(န) ညီညွတ်သော ဖဝါးတော်တို့ရှိသည်။

ဤသည်၊ ထေရဝါဒပိဋကတ် (လက္ခဏာသုတ်)လာလက္ခဏာများ ဖြစ်လေသည်။ လလိတဝိတ္ထာရကျမ်းနှင့် ကွဲလွဲချက် ၃ ခုရှိလေသည်။ ကွဲလွဲချက်မှာ –

ဥဒေါင်းမြီးစည်းကဲ့သို့ လကျ်ာရစ်လည်သော ဆံပင်ရှိသည်။ ညီညွတ်ကျယ်ပြန့်သော နဖူးရှိသည်။ ပြည့်ဖြိုးသော ပေါင်ရှိသည်။

ဟူ၍ဖြစ်လေသည်။

လက္ခဏာတော်ကြီးများမှ အခြေခံသဘောခံယူကာ ကျောက်ဆစ်ဆရာ၊ ပန်းပုဆရာများသည် လက်ဟန်အမျိုးမျိုး (မုဒ္ဒါ) ခွဲ၍၊ ခြေဟန်အမျိုးမျိုး (အာသန) ခွဲ၍ ထိုင်ရာပလ္လင်အမျိုးမျိုးခွဲ၍ ထုလုပ်ခဲ့ကြသည်။ တင်ပျဉ်ခွေ မတ်ရပ်၊ လျောင်းတော်မူ စသည်ဖြင့် ဣရိယာပထအမျိုးမျိုးဖြင့် ထုလုပ်ခဲ့ကြသည်။ ထိုနောက် ဒေသကိုလိုက်၍ ဉာဏ်ရည်ကိုလိုက်၍ ဟန်တွေ အမျိုးမျိုး ပေါ်လာခဲ့တော့သည်။

ဟန်ကို ခဏထား၍ မုဒ္ဒါအကြောင်း၊ အာသနအကြောင်း၊ ပလ္လင်အကြောင်းကို ရှင်းရပေဦးမည်။

ရုပ်တုများကို ကြည့်ပါလေ။

ဝဲဘက်လက်ဖဝါးပေါ်တွင် ယာဖက်လက်ဖဝါးတင်ထားဟန်သည် ဈာနမုဒ္ဒါဖြစ်ပါ၏။ ကိုယ်တည့်တည့်မတ်မတ်ရှိသည်။ မျက်လွှာချထားသည်။ ခြေနှစ်ဖက်ထပ်၍၊ တင်ပျဉ်ခွေထိုင်သည်။ ကြည့်ရသည်မှာ လေမလာသော အရပ်တွင် မီးထွန်းထားသကဲ့သို့ ငြိမ်သက်လှသည်။ (ဂေါတမ) ဗုဒ္ဓဘုရားရှင် ဈာန်သမာပတ်ဝင်စားနေသည့် သဘောပင် **(ပုံ ၃၂)**။

www.burmesesclassic.com



လက်ချောင်းများအပေါ်ထောင်၍ လက်ဖဝါးကို အပြင်ဖြန့်ပြထားဟန်သည် အဘယမုဒ္ဒါ ဖြစ်ပါ၏။ မတ်ရပ်ရှိတတ်သည်။ ငါချစ်သားတို့ အမြိုက်တရားကို ငါပြမည်။ မစိုးရိမ်ကြကုန်လင့်ဟု ဆိုဘိသကဲ့သို့ ဖြစ် သည်။ ညှိုးငယ်မောပန်းသူတို့ကို အားပေးသည့် လက္ခဏာပေတည်း။ **(ပုံ ၁၃)**။

လက်ချောင်းများ အောက်စိုက်၍ လက်ဖဝါးအပြင် ဖြန့်ပြထားဟန်သည် ဝရဒမုဒ္ဒါ ဖြစ်ပါ၏။ မတ်ရပ်ရှိတတ်သည်။ သတ္တဝါတို့အား လိုအင်ဆန္ဒပြည့်ဝစေရန် ဆုပေးသည့် အဓိပ္ပာယ်ထွက်လေသည် **(ပုံ ၂၀)**။

လက်ညှိုးနှင့် လက်မ ထိထားဟန်သည် ဝိတက္ကမုဒ္ဒါဖြစ်ပါ၏။ ဝါဒရေးရာနှင့်စပ်လျဉ်း၍ အခြေအတင်ပြောသည့် သဘောဖြစ်လေသည်။ ယာလက်ကိုမြေနှင့်ထိထားသည်(ဘယ်တင်ညာချ)သည် ဘူမိဖဿမုဒ္ဒါ ဖြစ်ပါ၏။ အဓိပ္ပာယ်မှာ ဗုဒ္ဓလောင်းလျာသည် ဗောဓိပင်အောက် ပလ္လင်တွင် (ဘုရားအဖြစ်ရအောင်) တရားအားထုတ်နေလေသည်။ ဤတွင် မာရ်နတ်က စစ်ပြု၍ ဤပလ္လင်သည် သင်၏အဖို့ ဖြစ်လာသည်မဟုတ်၊ သင်တို့အဖို့ ရောက်လာသည် မဟုတ်၊ ဤပလ္လင်သည် ငါ၏အဖို့သာ ဖြစ်လာသည်ဟု ဆိုလေသည်။ ဗုဒ္ဓလောင်းလျာသည်လည်း ဘဝအဆက်ဆက်၌ ဘုရားဆုတောင်း၍ ပါရမီဖြည့်လာသူ ဖြစ်ပေသည်။ နောက်ဆုံးဘဝ ဝေဿန္တရာမင်း အဖြစ်၌လည်း အလှူကြီးပေးခဲ့သည်။ ထိုသို့သော ပါရမီအဆင့်ဆင့် ကြောင့် ဗောဓိပင်နှင့် ရွှေပလ္လင်ကို ထိုက်တန်သူမှာ ဗုဒ္ဓလောင်းလျာသာ ဖြစ်ပေတော့သည်။ ဗုဒ္ဓလောင်းလျာ ပါရမီဖြည့်ခဲ့သမျှကို ဝသုန် ဤမြေသည် သိသင့်ပေသည်။ သိသင့်သည့်အတိုင်း ဗုဒ္ဓလောင်းလျာသည် သက်သေထူသည်။ ရုပ်တုလာဟန်ကား "သင်မြေကြီးသည် သက်သေဟုတ်၏ လော မဟုတ်လော" ဟု ရှေးရှုလက်တော်ကို ဆန့်ထားဟန်ဖြစ်တော့သည်။ **(ပုံ ၁၅/၁၆/၄၄/၅၉/၆၃)**။

လက်နှစ်ဘက်နှင့် စက်လှည့်ဟန်သည် ဓမ္မစကြာမုဒ္ဒါဖြစ်ပါ၏။ မျက်လွှာချ၍ သီဟာသနပလ္လင်ပေါ်တွင် ထိုင်သည်။ မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီ ၅ ဦးကို တရားဦးဟော၍ တရားဓမ္မစက်ကို လည်စေလိုက်ခြင်း သရုပ်ပြဖြစ်လေသည် **(ပုံ ၁၂)**။

အာသနများအကြောင်းကို ဆိုပါဦးအံ့။

ခြေနှစ်ဖက်ချိတ်၊ ဖဝါးနှစ်ဖက် စလုံးဖော်၍ ထိုင်ပုံကို ဈာနာသန



www.burmesesclassic.com

www.burmesesclassic.com



သို့မဟုတ် ဝဇိရာသနဟု ခေါ်လေသည်။ ဗုဒ္ဓပုံတို့တွင် သုံးတတ်သည် **(ပုံ ၁၀/၁၂)**။

ညာခြေကို ဘယ်ခြေပေါ်ထပ်၊ ဖဝါးနှစ်ဘက်စလုံးဖော်၍ တင်ပျဉ်ခွေ ထိုင်ပုံကို ပရိယင်္ကာသန (ပလ္လင်္ကာသန)ဟု ခေါ်လေသည်။ ဗုဒ္ဓပုံတို့တွင် သုံးတတ်သည် **(ပုံ ၃၂/၄၄)**။

ခြေတစ်ဘက်တင်၊ ခြေတစ်ဘက်ချထိုင်ပုံကို လာလိတာသနဟု ခေါ်လေသည်။ လောကနာထ ဗောဓိသတ္တပုံတို့တွင် သုံးတတ်သည်။ **(ပုံ ၂၀)**

ဒူးတစ်ဖက်ထောင်၍ ထိုင်ပုံကို ရာဇလိလာသနဟု ခေါ်လေသည်။ အဝလောကိတေသရ ဗောဓိသတ္တပုံတို့တွင် သုံးတတ်သည်။

ခြေနှစ်ချောင်းချ၍ ထိုင်ပုံကို ဘဒ္ဒါသန ဟုခေါ်လေသည်။ ဂေါတမ ဗုဒ္ဓပုံနှင့် အရိမေတ္တယျပုံတို့တွင် သုံးသတ်သည်။

တစ်ဖန် ထိုင်သော ပလ္လင်တို့တွင် (သီဟာသန) ခြင်္သေ့ပလ္လင်၊ (ပဒ္မာသန) ကြာပလ္လင်၊ ပြော့ပလ္လင်ဟူ၍ ရှိပြန်လေသည်။

သီဟာသနပလ္လင်တွင် ခြင်္သေ့ရုပ်ပါ၏။ ခြင်္သေ့သည် သားကောင်တို့ မင်းပေတည်း။ ဂေါတမဗုဒ္ဓသည်လည်း လူနတ်ဗြဟ္မာတို့၏ အကြီးအမှူး ဖြစ်ပေသည်။ ခြင်္သေ့မင်း၏တင့်တယ်မှု၊ ခြင်္သေ့မင်း၏ရဲရင့်မှု၊ ခြင်္သေ့မင်း၏တန်ခိုးအာဘော်ကြီးမှုတို့ကို ဂေါတမဗုဒ္ဓ၏ဝိသေသများ အဖြစ် တင်စားသုံးတတ်ကြလေသည်။ ထို့ကြောင့် ခြင်္သေ့ခံပလ္လင်ဝယ် ဗုဒ္ဓနှင့် ဗောဓိသတ္တတို့ ထိုင်နေဟန် ထုခြင်း ဖြစ်လေသည်။

ပဒုမာသနပလ္လင်တွင် ကြာပါ၏။ ကြာသည် ကမ္ဘာဦးကတည်းက ပေါ်ခဲ့သော ပန်းဟူ၍လည်းကောင်း၊ ထိုကြာပန်းခိုင်တွင် ဘဒ္ဒကမ္ဘာ၌ပွင့်မည့် ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ၊ အရိမေတ္တေယျဟူသော ဘုရားငါးဆူရုံရန် သင်္ကန်းပါလာသည်ဟူ၍လည်းကောင်း၊ ရှေးသူဟောင်းတို့ ဆိုစမှတ်ပြုကြသည်။ ဗုဒ္ဓလောင်းလျာ ဖွားမြင်ပြီးနောက် ဖဝါးခြေချသည့်အခါ မြေအောက်မှ ကြာပေါက်ကြောင်း စာဟောင်းတို့တွင် မှတ်တမ်းတင်ကြပြန်သည်။ ထိုနည်းတူပင် ဗြာဟ္မဏဟိန္ဒူတို့ကလည်း ကမ္ဘာလောကသည် ကြာပွင့်ရာမှ အစပြုသည်။ တိုးပွားစည်ပင်လာသည် ဟူ၍ ဆိုကြပြန်သည်။ တစ်ဖန် ဂေါတမဗုဒ္ဓကို ကြာနှင့်နှိုင်းယှဉ်တတ်ကြသေးသည်။ နှိုင်းယှဉ်ပုံမှာ အနံ့ကောင်း၍ နုလုံးမွေ့လျော်သော ကြာပုဏ္ဏရိပ်



www.burmesesclassic.com

www.burmesesclassic.com



သည် လည်းကောင်း။ ပဒုမာကြာသည်လည်းကောင်း၊ ရေ၌ပေါက်ရောက်ကြီးပွားသော်လည်း ရေနှင့်မူကား မလိမ်းကျံသကဲ့သို့ ထို့အတူသာလျှင် မြတ်စွာဘုရားသည် လောက၌ ဖြစ်၍ လောက၌ နေတော်မူသော်လည်း လောကနှင့် လိမ်းကျံတော်မမူလေ။

ဟူ၍ ဖြစ်လေသည်။ (စကားချပ်ရဦးမည်ဆိုသော် ကြာပေါ်တွင် ထိုင်သည့်အမူ၊ ထသည့်အမူကိုလည်း ပဒုမာသနဟူ၍ပင် ခေါ်ဝေါ်ကြလေသည်။) ဤသို့အားဖြင့် ကြာသည်တိုးပွားခြင်း၊ သန့်စင်ခြင်း၊ မြင့်မြတ်ခြင်းဟူသော မင်္ဂလာရှိသည့်အနက် ဆောင်လာလေသည်။ ကြာခံပလ္လင်သည်လည်း ဗုဒ္ဓရုပ်ပွားတို့အတွက် သုံးစရာဖြစ်လာလေသည်။

ပြော့ပလ္လင်ကား လေးထောင့်ရှိ၍၊ ထောင့်တိုင်နှစ်တိုင်၊ ထိုနောက်အထက်ဖောင်းရစ်၊ အောက်ဖောင်းရစ်တို့ဖြင့် ရိုးရိုးတပ်ဆင်ထားသောပလ္လင်ဖြစ်လေသည်။ ထိုပလ္လင်မျိုးတွင်လည်း ဂေါတမဗုဒ္ဓနှင့် ဗောဓိသတ္တများ ထိုင်ဟန်ထုတတ်လေသည်။

ယခုသော် သမိုင်းစဉ်၍ ရုပ်တုများကို ကြည့်ကြဦးအံ့။

ဂန္ဓာရသည် ဂရိနှင့် ရောမနည်းနာကိုမှီး၏။ အဓိပ္ပာယ်မှာ ဂရိနှင့်ရောမနည်းစံနစ်အတိုင်း သဘာဝကျအောင် ပကတိလူသားနှင့်တူအောင် ရုပ်တုထုလုပ်ခြင်းဖြစ်လေသည်။ ရုပ်တုတွင် အကြောအချဉ်ပေါ်သည်။ ဂရိနှင့်ရောမအင်္ဂါရုပ်အတိုင်း မျက်နှာကျ ဘဲဥသဏ္ဌာန် ဝိုင်းသည်။ နှာခေါင်းချွန်ချွန်၊ မျက်ခုံးကွေးကွေး၊ နှုတ်ခမ်းလေးကိုင်းသဖွယ် ဖြစ်သည်။ မဏိတော်၌ဆံသည် တွန့်လိမ်နေသည်။ သင်္ကန်းထူထူရုံထားသည်တွင် သင်္ကန်း မှာ ခေါက်ရိုး၊ ခေါက်သားအမြှောင်းလိုက် ထင်နေသည်။ နောက်ခံရောင်လျှံ တံကဲကား ရိုရိုးအဝိုင်းသာ ဖြစ်လေသည် **(ပုံ ၁၀)**။

မထုရာအတွက်မူ၊ နှစ်ဆင့်ပြောရလိမ့်မည်။ မထုရာသည် ဂန္ဓာရနှင့် အချိန်တူ ဗုဒ္ဓရုပ်ပွားတော်ကို ထုလုပ်ခဲ့လေသည်။ ထိုအချိန်ကထုလုပ်သော မထုရာရုပ်ပွားကိုယ်ထည်သည် မာဆတ်ဆတ်ဖြစ်ခဲ့လေသည်။ နောင်သော အခါမထုရာဘက်သို့ ဂန္ဓာရနည်းနာအချို့ ပျံ့နှံ့ခဲ့လေသည်။ (ထိုအတူ မထု ရာဘက်ကလည်း ဂန္ဓာရဘက်သို့ ဩဇာညောင်းခဲ့သည်)။ ထိုအခါ ကာလ သည် ဂုတ္တခေတ်ဖြစ်လေသည်။

ဂုတ္တခေတ် (နှင့်နောက်ပိုင်းခေတ်)ရုပ်ပွားထုလုပ်မှုတွင် ဂန္ဓာရနှင့် မတူသော အချက်တစ်ချက်ရှိလေသည်။ ဂန္ဓာရတွင် ရုပ်ပွားကို ပကတိ



www.burmesesclassic.com

www.burmesesclassic.com



မျက်စိ၌ သဘာဝကျအောင် ထုလုပ်သည်။ ဂုတ္တရုပ်ပွားများတွင်ကား ခြေလက် ဟန်ကိုယ်နေကိုယ်ထား စသည်ဖြင့် သဘာဝ ယုတ္တိကို မြင်ရလိမ့်မည် မဟုတ်။ ဗုဒ္ဓနှင့် ဗောဓိသတ္တများ၏ တည်ငြိမ်သောသဏ္ဍာန်နှင့် သတ္တဝါများအပေါ် မဟာကရုဏာထားသောဟန်ကို ပကတိမျက်စိတွင် ပေါ်ရန်ထက်၊ ဉာဏ်မျက်စိတွင် ပေါ်ထင်ခံစားရအောင် ရည်မှန်းထုလုပ်တတ်လေသည်။

ဂုတ္တခေတ်တွင် မထုရာဒေသ၌ ထုလုပ်သော ရုပ်ပွားများသည် ပျော့ပျောင်းလှပေသည်။ ဥဏှိသသည် ယောင်သဏ္ဍာန်ဖြစ်၍ ဆံသည် ခရုပတ် ခွေလျက်ရှိလေသည်။ သင်္ကန်းသည် ဂရိရောမဟန် ခေါက်ရိုးအမြောင်းပါလာ၏။ ဤတွင် မျဉ်းပြိုင်သဏ္ဍာန်ပေါ်အောင်ဖော်ထားသည်။ တစ်ဖန် သင်္ကန်းမှာထူထူမဟုတ်၊ ရေစွတ်၍ ကိုယ်တွင်ကပ်နေဘိသကဲ့သို့ ပါးပါး လျှပ်လျှပ်ဖြစ်သည်။ သဘောမှာ ဂေါတမဘုရားရှင်၏ လက္ခဏာကို ပီသအောင်ပြခြင်းပင်။ (ကျိုးပဲ့နေသော) ယာလက်သည် အဘယမုဒ္ဒါဟန်ဟု ထင်ရလေသည်။ ဝဲလက်သည် သင်္ကန်းစကို ကိုင်ထားသည်။ နောက်ခံ ရောင်လျှံတံကဲသည် ဂန္ဓာရမှာကဲ့သို့ ရိုးရိုးမဟုတ်။ ကြာရွက်ကြာဖက် ခြူးပန်းခြူးနွယ်တို့ဖြင့် အနားသတ်ထားလေသည်။ အချုပ်အားဖြင့်ဆိုသော်၊ မျက်နှာတော်နှင့် ကိုယ်အနေအထားသည် တည်ငြိမ်အေးချမ်းသော အသွင်ရှိပေသည် **(ပုံ ၁၁)**။

ဤပုံနှင့်အလားတူ၊ ဗီဟာနယ် (စုလတန်ဂန့်ဂျ) မှ မတ်ရုပ်ကြေးရုပ်ပွားကို ကြည့်ပါလေဦး။ သင်္ကန်းခေါက်ရိုးခေါက်သားမှာ မထုရာမှ ရုပ်ပွားကဲ့သို့ မထင်လှ၊ အသားတွင် ကပ်နေပုံမှာမူတသဘောတည်း ဖြစ်လေသည်။ ယာလက်သည် အဘယမုဒ္ဒါဟန်ဖြစ်၍ ဝဲလက်သည် သင်္ကန်းစကို ကိုင်ထားသည်။ မျက်နှာတော်နှင့် လက်နေလက်ထားသည် သတ္တဝါတို့အား မစိုးရိမ်မကြောင့်ကြရအောင် ကူညီစောင့်ရှောက်မည့် သရုပ်ဖော်လေသည်။ **(ပုံ ၁၃)**။

ဂုတ္တခေတ်တွင် မိဂဒါဝုန်၌ ထုလုပ်သောဆင်းတုရှိလေသေးသည်။ ထိုဆင်းတုသည်လည်း မထုရာဆင်းတုကဲ့သို့ သဲကျောက်နီဖြင့် ထုလုပ်ထားလေသည်။ ဥဏှိသတွင် ယောင်သဏ္ဍာန်ဖြစ်၍ ဆံသည်လည်း ခရုပတ် ပုံသဏ္ဍာန်ပင်ဖြစ်သည်။ မျက်လွှာချထားသည်။ လက်နေလက်ထားသည် ဓမ္မစကြာ မုဒ္ဒါဟန်ဖြစ်၍ ဈာနာသန(ဝဇိရာသန)ထိုင်လေသည်။



www.burmesesclassic.com

www.burmesesclassic.com



ရုံထားသော သက်န်းသည် ကိုယ်လုံးပြည့်ဖြစ်သည်။ တစ်ခုရှိသည်။ မထုရာနှင့် မတူဘဲ သင်္ကန်းသည် အတွန့်အလိပ်မရှိ။ ချောပြေနေသည်။ နောက်ခံတံကဲသည် မထုရာနည်းတူ ကြာပွင့်ကြာဖတ်၊ ခြူးပန်း ခြူးနွယ်တို့ ဖြစ်လေသည်။ အမူအရာကား၊ သတ္တဝါတို့အား လောကကို မြင်ရိုးမြင်စဉ်မှ ကျော်၍ မြင်သိရအောင် တရားပြနေသည့် ပုံအတိုင်းပင်။ ခြေလက်ကိုယ်နေ အထားအသိုသည်လည်း တရိဂံကျ၍ ပြေပြစ်လှသည်။

တစ်ခုသတိပြုရန်မှာ၊ ထိုရုပ်ပွား၏အောက်ဆင့်တွင်၊ ရုပ်ကြွငယ်ကလေးများ ထုလုပ်ထားခြင်းဖြစ်လေသည်။ ထိုရုပ်ကြွများကို ငယ်ထားခြင်း၊ အပေါ်ဆင့်ရုပ်တုကိုကြီးထားခြင်းမှာ၊ ပန်းပုစည်းကမ်းအတိုင်း အပေါ်ဆင့်ရှိရုပ်တုကို အဓိကအာရုံထား၍ ကြည့်စေချင်သောကြောင့် ဖြစ်လေသည်။ အောက်ဆင့်ရုပ်ကြွများတွင် ပဉ္စဝဂ္ဂီငါးဦးပါလေသည်။ ဥပါသိကာမိန်းမတစ်ဦးနှင့် ကလေးငယ်လည်းပါလေသည်။ ထိုနောက် ဓမ္မစကြာဟူသော ဘီးရဟတ်နှင့် ဘီးတစ်ဘက်တစ်ချက်တွင် သမင်တစ်ကောင်စီ ပါလေသည်။ ဤသည် မိဂဒါဝုန်တောထဲတွင် တရားဟောခန်းဖော်ပုံဖော်နည်းပေတည်း။ **(ပုံ ၁၂)**။

ဂုတ္တခေတ်နှင့် မရှေးမနှောင်းထွန်းကားလာသည်မှာ အဇန္တလိုဏ်ဂူရှိ ပန်းချီပင်ဖြစ်လေသည်။ ထိုဂူလိုဏ်ဂူနံရံတို့တွင် ဆေးရောင်နီဝါပြာစိမ်းစသည်ကို ညီညွတ်စွာ ပေါင်းစပ်၍ တစ်ကြောင်းဆွဲပန်းချီဖြင့် ဇာတ်နိပါတ်ဖော်ထားလေသည်။ ထိုအထဲမှ (ကြာပန်းကိုင်) ပဒုမပါဏိ ဗောဓိသတ္တ၏ အမူအရာသည် အလွန်တရာပေါ်လွင်လေသည်။

ဗောဓိသတ္တသည် ဦးခေါင်းနှင့်လည်ကို ဘယ်သို့လှည့်၍လည်းကောင်း၊ ကိုယ်ထည်ကို ညာသို့လှည့်၍လည်းကောင်း၊ ခါးနှင့်ခြေကို ဘယ်သို့လှည့်၍လည်းကောင်း၊ တိဘင်္ဂ–သုံးဆစ်ချိုးအမူအရာနှင့် ရှိလေသည်။ ဗောဓိသတ္တ၏ ပတ်ဝန်းကျင်တွင် သစ်ပင်ပန်းမန်တေးဂီတ၊ ချစ်ဖွယ်ရာအမျိုးသမီးစသည်တို့ရှိလေသည်။

ထိုလောကသည် နှလုံးမွေ့လျော်ဖွယ်ပင်။ သို့ရာတွင် ဗောဓိသတ္တသည် မွေ့လျော်စရာ၊ ကြည်နူးစရာ၊ အပြင် လောကမှ ခေါင်းကိုတိမ်း၍ ရင်တွင်း၌ တတွေးတောတောရှိနေဟန် တူ လေသည်။ မွေ့လျော်စရာ၊ ကြည်နူးစရာလောကသည် အမြဲတစေရှိနေမည် မဟုတ်၊ အမြဲတစေရှိမနေလျှင် တည်မြဲသောဘဝသည် အဘယ်မှာနည်း။ သူသည် (တည်မြဲသော)



www.burmesesclassic.com

www.burmesesclassic.com



တရားစစ်တရားမှန်ကို သိလိုလှ၏။ ဤသို့ စူးစမ်းတွေးတောနေသော အမူအရာသည် ပန်းချီတွင်ပေါ်လှပေသည်။

ထပ်လောင်း၍ ဆိုရလျှင်၊ ထိုအမူအရာသည် ရှေးဆဒ္ဒန်ဆင်မင်းဇာတ်လာ ဆဒ္ဒန်ဆင်မင်း၏စကားကို သတိရစရာဖြစ်လေသည်။ ဖြစ်ပုံမှာ ဗာရာဏသီမင်း၏ မိဖုရားစူဠသုဘဒ္ဒါသည် ဆဒ္ဒန်ဆင်မင်း၏ အစွယ်ကို နားတောင်းလုပ်ပန်လို၏ ထိုမိဖုရား၏ဆန္ဒအရ သောနုတ္တိုရ်မုဆိုးသည် ဟိမဝန္တာတောသို့သွား၍ ဆဒ္ဒန်ဆင်မင်းကို မြားနှင့်ပစ်ခဲ့လေသည်။ ဆဒ္ဒန်ဆင်မင်းလည်း မိမိအစွယ်ကို မုဆိုးလက်သို့အပ်နှံမည်ဟူ၍ အောက်ပါစကားကို ဆိုခဲ့လေသည်။

> အချင်းမုဆိုး၊ ဤအစွယ်တို့ကို သင့်အား ပေးလှူသော ငါသည် မချစ်မနှစ်သက်သော အစွယ်တို့တည်းဟု နှလုံးသွင်း၍မပေး။ သိကြားမင်း စည်းစိမ်ကို တောင့်တ၍လည်း ငါမပေး၊ ဗြဟ္မာမင်းစည်းစိမ်ကို တောင့်တ၍လည်း ငါမပေး၊ စင်စစ်သော်ကား ငါသည် ဤအစွယ်တို့ထက် အဆအရာဖြင့် လည်းကောင်း၊ အဆအထောင်ဖြင့်လည်းကောင်း၊ အဆအသိန်းဖြင့် လည်းကောင်း၊ သဗ္ဗညုတဉာဏ်တည်း ဟူသောအစွယ်တို့ကိုသာလျှင် အလွန်ချစ်၏။ ငါ၏ ဤ ကောင်းမှုသည် သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍ သိခြင်း၏ အကြောင်းဖြစ်စေသတည်း။

ဤသို့အားဖြင့် ဆဒ္ဒန်ဆင်မင်းသည် ပို၍မြတ်နိုးဖွယ်ရာဖြစ်သော သဗ္ဗညုတဉာဏ်အတွက် ဆင်စွယ်ကို လှူခဲ့သကဲ့သို့ ပဒုမပါဏိ ဗောဓိသတ္တသည်လည်း တည်မြဲသောဘဝ၊ မှန်ကန်သောတရားအတွက် သာယာသောလောကအား ရှောင်ခွာတော့မည့်ဟန် အမူအရာကို ပန်းချီသည် ဖော်ပြနိုင်စွမ်းရှိပါပေသည် **(ပုံ ၁၄)**။

ဂုတ္တခေတ်ပန်းပုနှင့် ပန်းချီတို့သည် ပါလသေနခေတ်အပါအဝင် နှောင်းခေတ်များတွင် နမူနာယူစရာများ ဖြစ်ခဲ့လေသည်။ ပါလခေတ် ဗီဟာနှင့် ဗင်္ဂလားဒေသသည် ရုပ်တုလုပ်ငန်းတွင် အလွန်ထွန်းကားလေသည်။ ထိုခေတ်နှင့်စပ်၍ ထူးခြားချက် သုံးခုကိုတင်ပြရဦးမည်။

တစ်အချက်သည် ဗုဒ္ဓဆင်းတုများကို ညာပခုံးအလွတ်ထား၊ ဘယ်ပခုံးတွင် သင်္ကန်းကို စံပယ်တင်ရုံ၊ ထိုနောက် သင်္ကန်းအစကို



www.burmesesclassic.com

www.burmesesclassic.com



ရင်ညွန့်အထိ ချထားဟန် လက်ကို ဘူမိဖဿမုဒ္ဒါဖြင့် တင်ပျဉ်ခွေထိုင်ဟန်တို့ဖြင့် ရုပ်တုအများ ထုလုပ်တတ်ခြင်း ဖြစ်လေသည် **(ပုံ ၁၅)**။

နှစ်အချက်သည်မကိုဋ်ဆောင်း ဗုဒ္ဓရုပ်ပွားအများထုလုပ်တတ်ခြင်း ဖြစ်လေသည်။ ရှင်းရဦးမည်။ ဂေါတမဗုဒ္ဓသည် သမဏရဟန်း စင်စစ်ဖြစ်ပေ၏။ သို့သော်လည်း ပန်းချီပန်းပုဆရာများနှင့် သဒ္ဓါကြည်ညိုသူများက ဗုဒ္ဓသည် မင်းမျိုးမင်းနွယ်ဖြစ်ခဲ့သည်ကို မမေ့နိုင်ကြ။ ထိုပြင် စကြဝတေးမင်း၏ တန်ခိုးတေဇာသည် စကြဝဠာတစ်ခုလုံး စိုးမိုးသကဲ့သို့ ဗုဒ္ဓ၏ တရား သည် စကြဝဠာတစ်ခုလုံးကို လွှမ်းခြုံပျံ့နှံ့သည်ဟူ၍ စကြာဝတေးမင်းနှင့် ဗုဒ္ဓကိုနှိုင်းခိုင်းလေ့ရှိခဲ့ပေသည်။ တစ်ဖန် ပါရမီရှိသူများ သဒ္ဓါတရားထက်သန်သူများ မျက်စိတွင် ဗုဒ္ဓကိုမင်းဝတ်တန်ဆာဖြင့် အာရုံပြုလျှင် အာရုံပြုသည့်အတိုင်း မြင်ရသည်ဟူ၍ ဆိုရိုးစကားလည်း ရှိပေသည်။ သို့ဖြစ်ရာ သက်န်းဝတ်ရုံထားသော ဗုဒ္ဓရုပ်ကို မကိုဋ်နှင့် လည်ရွဲတန်ဆာမျှသာ ဆင်၍ လည်းထုသည်။ မကိုဋ်ဆောင်း၍ လည်ရွဲတန်ဆာ၊ လက်စည်း လက်ကြပ် စသည်ဖြင့် မင်းဝတ်တန်ဆာအစုံ ဝတ်ဆင်၍လည်းထုသည်။ စပ်မိ၍ဆိုရ လျှင် မကိုဋ်ဆောင်းဗုဒ္ဓများ (နှင့် ရိုးရိုးသင်္ကန်းရုံ ဗုဒ္ဓရုပ်များ) တွင် ပူးတွဲ၍ မယ်တော်မာယာသားဖွားခန်း၊ ဗုဒ္ဓဓမ္မစကြာတရားဟောခန်း၊ ဗုဒ္ဓပရိနိဗ္ဗာန် စံခန်း စသည့်ဖြင့် ဗုဒ္ဓဝင်ရုပ်ကြွယ်များ ပါအောင်လည်း ထုတတ်လေသည် **(ပုံ၁၆)**။

နောက်ဆုံးအချက်ကား ဗောဓိသတ္တရုပ်ပွားများနှင့် ဆိုင်လေသည်။ ထိုကာလ၌ ထိုရုပ်ပွားများကို အမျိုးမျိုးအဖုံဖုံ မြင်ရလေသည်။ ထိုအနက် အရိမေတ္တေယျ၊ မဉ္ဇုသီရိ၊ အဝလောကိတေသရဟူ၍ ဗောဓိသတ္တ ၃ ဦးကို သာဓော်ပြလိုပေသည်။ အရိမေတ္တေယျ ဗောဓိသတ္တကား၊ ဂေါတမဗုဒ္ဓနောက် ဘဒ္ဒကမ္ဘာ၌ ဘုရားအဖြစ်ပွင့်မည်ဟူ၍ ထေရဝါဒတွင်လည်းကောင်း၊ မဟာယာနတွင်လည်းကောင်း၊ မှတ်တမ်းတင်ခံရလေသည်။ ကျန်နှစ်ဦးမှာမူ၊ မဟာယာနနှင့်သာဆိုင်လေသည်။ အရိမေတ္တေယျရုပ်ပွားသည် မကိုဋ်ဆောင်း၊ လက်ကောက်လက်ကြပ်၊ မင်းဝတ်တန်ဆာဆင်လျက် ရှိတတ်သည်။ ထူးခြားချက်မှာ မကိုဋ်မျက်နှာပြင်တွင် စေတီပုံကလေးပါတတ်ခြင်း ဖြစ်သည်။ စေတီပုံတည်ထားရခြင်းမှာ ဤသို့ဖြစ်လေသည်။ ဗုဒ္ဓဂယာအနီးရှိ ကုက္ကုဋ္ဌ ပါဒတောင်တွင် ထူပါစေတီတစ်ဆူ ရှိလေသည်။ ထိုစေတီသည်လည်း ကဿပဘုရားကိန်းအောင်းရာနေရာကို



www.burmesesclassic.com

www.burmesesclassic.com



ဖုံးအုပ်လျက် ရှိသည်ဟု ဆိုကြလေသည်။ အရိမေတ္တေယျသည် လူ့ပြည် ရောက်၊ ထို့နောက် စုတေသည့်အခါ ကဿပဘုရားရှိရာသို့ သွားရောက် လိမ့်မည် ဖြစ်လေသည်။ ထိုအခါ ကဿပဘုရားသည် ကိန်းအောင်းရာမှ ထွက်ပေါ်လာ၍၊ အရိမေတ္တေယျကို သင်္ကန်း ကမ်းလှမ်းပေးလိမ့်မည် ဖြစ် ပေသည်။ တစ်ခုရှိသည်။ အရိမေတ္တေယျ ရုပ်တု၏ ဦးခေါင်းတွင် စေတီပုံ ကလေးသာ ပါတတ်သည်မဟုတ်။ ရံဖန်ရံခါလက်တွင် အမြိုက်အိုး ကိုင် လျက်လည်း တွေ့ရတတ်သည်။ ယာလက်တွင်သားမြီးယပ်ကို လည်း ကောင်း၊ ဝဲလက်တွင် ကုံကော်ပန်းကို လည်းကောင်း ကိုင်လျက်လည်း တွေ့ရတတ်သည်။ မဉ္ဇုသီရိဗောဓိသတ္တကား ဉာဏ်ပညာကြွယ်ဝမှုကို ပေး တတ်သော ဘုရားလောင်းပေတည်း။ ထို့ကြောင့် လက်တစ်ဖက်တွင် ပညာတည်းဟူသော ဓါးကိုစွဲကိုင်လျက် အခြားလက်တစ်ဖက်တွင် စာအုပ် ကို စွဲကိုင်လျက်ရှိတတ်သည် **(ပုံ ၁၉)**။ အရပစနဟူသော အမည်ပွား လည်း ရှိလေသည်။ တတိယဗောဓိသတ္တဖြစ်သော အဝလောကိတေသရ မှာမူ အမိတာဘဗုဒ္ဓနှင့် ကြင်ဖက်ပါဏ္ဍာရာမှ ပေါက်ဖွားလာသူဖြစ်ပေ သည်။ ထို့ပြင် အရိမေတ္တေယျ ဘုရားမပေါ်မီအကြားကာလကို စောင့် ရှောက်နေသူ ဖြစ်သည်။ ထိုဗောဓိသတ္တကို လောကေသရဟူ၍လည်း ကောင်း၊ ပဒုမပါဏိဟူ၍ လည်းကောင်း၊ ခေါ်ကြလေသေးသည်။

တစ်ဖန် ထိုဗောဓိသတ္တတွင် အသွင်အမျိုးမျိုးရှိသည်အနက် လောက နာထဟူသော အသွင်သည်ထင်ရှားလှပါ၏။ ထူးခြားချက်မှာကား လော ကနာထ၏ မကိုဋ်တွင် အမိတာဘဗုဒ္ဓပုံကလေးရှိသည်။ ယာဘက်သည် ဝရဒမုဒ္ဒါဟန်ဖြစ်၍ ဝဲလက်သည် ကြာပန်းကိုကိုင်ထားသည်။ လလိတာ သနထိုင် တတ်သည်**(ပုံ ၂၀/၅၇)**။ (အပေါင်းအဖော်ပါသည့်အခါ၊ ယာ ဘက်တွင် တာရာဒေဝီနတ်သမီးထိုင်တတ်၍၊ ဝဲဘက်တွင် ဟယဂြိဝနတ် သား ထိုင်တတ်သည်)။

ဆက်၍ဆိုရဦးတော့မည်။ အိန္ဒိယမြောက်ပိုင်း ဂုတ္တခေတ်၊ ပါလ– သေနခေတ်၊ အိန္ဒိယတောင်ပိုင်း အန္ဓရခေတ်၊ ပလ္လာဝခေတ်တို့မှ ဗုဒ္ဓ သာသ နာနှင့်အတူ ရုပ်ပွားထုလုပ်ခြင်းအမှုသည် အာရှအရှေ့ပိုင်းဒေသ၊ အရှေ့ တောင်အာရှ ဒေသများသို့ ပျံ့နှံ့ခဲ့လေသည်။

မွန်တို့ဒေသ ဒွါရဝတီမှ ရုပ်တုကိုကြည့်ပါလေ။ ရုပ်တု၏ ပါးစပ် တွင် မွန်လက္ခဏာပါလာပါ၏။ သို့ရာတွင် သင်္ကန်းရုံထားပုံသည် ဂုတ္တ



www.burmesesclassic.com

www.burmesesclassic.com



ဟန်ပါးပါးလျားလျားရှိသည်။ လက်နှစ်ဖက်သည် ဝိတက္ကမုဒ္ဒါ (ဓမ္မစကြာမုဒ္ဒါ) ကိုပြလျက်ရှိသည် **(ပုံ ၃၄)**။ သက်န်းရုံပုံချင်းတူသော ရုပ်တုတစ်ခုသည် မွန်တို့ဒေသသထုံဘက်တွင် ရှိလေသေးသည်။ ထိုရုပ်တုသည် အဘယမုဒ္ဒါပြနေသော ဒီပင်္ကရာဗုဒ္ဓ (ဟု ရှေးဟောင်း သုတေသီများက အမည်ပေးထားသည့်) ရုပ်တုပေတည်း**(ပုံ ၄၉)**။

တစ်ဖန်၊ သရေခေတ္တရာရှိ ငွေခေါင်းပွ ပလ္လင်ကြုတ်ပတ်လည်ရှိ ရုပ်ကြွဆင်းတုလေးဆူတွင် ဂုတ္တခေတ်သြဇာဝင်နေသည်ကို စိတ်ဝင်စားဖွယ်ရာ တွေ့ရလိမ့်မည်။ ထိုဆင်းတုများသည် ဘူမိဖဿမုဒ္ဒါဟန်ဖြစ်၍ ကြာပလ္လင် (ပဒုမာသန) ပေါ်၌ တင်ပျဉ်ခွေထိုင်ကြသည်။ သင်္ကန်းသည် ပါးပါးလျားလျားရှိသည်။ မဏိတော်တွင် ဆံသည်ခရုပတ်ခွေ လျက်ရှိလေသည်။ သို့ရာတွင် ဥဏှိသကား၊ ဂုတ္တလက်ရာမှာကဲ့သို့မပါ၊ ဤသည် အန္ဓရဒေသ အမရာဝတီမှ ဆင်းတုများကဲ့သို့ ဖြစ်သည်ဟု ဆိုကြလေသည်။

တစ်ခုသိမှတ်ရန်မှာ သရေခေတ္တရာ၌ ထေရဝါဒ ဗုဒ္ဓဘာသာသာမက၊ မဟာယာန ဗုဒ္ဓဘာသာလည်း ယှဉ်တွဲလျက်ရှိသည်ဟူသော အချက် ဖြစ်သည်။ ထိုအတွက် ရုပ်တုပုံစံသည် အဝလောကိတေသရ ဗောဓိသတ္တ ကြေးရုပ်ပင်ဖြစ်တော့သည်။ ထိုရုပ်တုသည် မကိုဋ်မွေဆောင်း၍ မင်းဝတ်တန်ဆာ ဆင်ထားလေသည်။ မကိုဋ်မှတွင်လည်း အမိတာဘဆင်းတုကလေးရှိနေသည်။ ခြေနှစ်ဖက်မှာ ခြေဖမိုးအထက်ပိုင်းတွင် ပြတ်နေပါ၏။ လက်မှာမူ လက် လေးဘက်ရှိသော်လည်း ယခုအခါ အပြည့်အစုံမရှိတော့။ ကိုယ်မှာမူ တိဘင်္ဂအချိုးဖြစ်၍ ပြေပြစ်လှပေသည် **(ပုံ ၄၅)**။ ရခိုင်ဘက်က ဗောဓိသတ္တ ကြေးရုပ်ပွားတစ်ဆူကို ကြည့်ပါလေဦး။ ထိုရုပ်ပွားမှာ အရိမေတ္တေယျဗောဓိသတ္တဖြစ်သည်။

ဦးခေါင်းတွင် မကိုဋ်မွေဆောင်းထားသည်။ နားကင်းနားကပ် ပန်ထားသည်။ ပခုံးထောက်၊ ရင်လွှမ်းတန်ဆာ၊ လက်ကောက်လက်ကြပ်စသည်ဆင်ထားသည်။ ကြာပလ္လင်တွင် ဝဇိရာသနထိုင်ရင်း၊ လက်ယှက်၍ အမြိုက်အိုးကို ကိုင်ထားလေသည်။ အချိုးအစားကျနလှသော လက်ရာပေတည်း**(ပုံ ၅၀)**။ ဤသို့သော အဝလောကိတေသရ၊ ဤသို့သော အရိမေတ္တေယျပုံမျိုးကိုလည်း အိန္ဒိယမြောက်ပိုင်း ဗင်္ဂလားဗီဟာဘက်၌ တွေ့နိုင်လေသည်ပင်။



www.burmesesclassic.com

www.burmesesclassic.com



ပုဂံကား ပြည်ပယဉ်ကျေးမှုသြဇာ အသက်ရောက်ဆုံးနေရာဟု ဆိုရလိမ့်မည်။ ကြည့်ပါ။ အာနန္ဒာအုတ်ကျောင်းရှေ့ရှိ မတ်ရပ်ကြေးဆင်းတုသည် ဂုတ္တာဟန်ဆန်လေသည်။ အဓိပ္ပာယ်မှာ သင်္ကန်းသည် ဘေးနှစ်ဘက်ပြန့်ကာ ပါးပါးလျားလျားရှိနေည်။ လက်တစ်ဘက်သည်အဘယမုဒ္ဒါဟန်ရှိ၍ အခြားလက်တစ်ဖက်သည် သင်္ကန်းစကို ကိုင်ထားလေသည်။ ဤတွင်မြန်မာဘက်က ထူးလာဖြည့်လာသည်မှာ သင်္ကန်းအနားစတွင် အတွန့်အရွန့် များလာခြင်းဖြစ်သည်။ တစ်ဖန် မဏိတော်တွင် ခရုပတ်ခွေသော်လည်း ဥဏှိသတွင် မီးလျှံသဘောဖြစ်နေသည်**(ပုံ ၅၈)**။

နောက်ပုံစံတစ်ခုမှာ ဘူမိဖဿမုဒ္ဒါဖြင့် ကြာပလ္လင်(ပဒုမာသန)ပေါ်၌ တင်ပျဉ်ခွေထိုင်နေသော ကြေးဆင်းတုဖြစ်သည်။ ထိုဆင်းတု မျက်နှာကျသည် အိန္ဒိယနည်းလိုက်လေသည်။ ထိုပြင် သင်္ကန်းကို လက်ဝဲပခုံးထက်၌စံပယ်တင်နေရာ၌၊ သင်္ကန်းတစ်စသည် ပါလခေတ် ဆင်းတုဆံဆံ ရင်အုံအပေါ်ကျနေလေသည်။ ဥဏှိသကား အလယ်ကောင်တွင် ခွက်နေသောမီးလျှံသဘောပင် ဖြစ်တော့သည်။ အထက်ပုံစံအတိုင်းပင် ရိုးရိုးဗုဒ္ဓဆင်းတု၊ ထိုနောက် မကိုဋ်မွေဆောင်းဗုဒ္ဓဆင်းတုတို့သည် ဂုတ္တာခေတ်သို့လည်းကောင်း၊ ဂုတ္တာခေတ်နှောင်း ပါလခေတ်သို့လည်းကောင်း လိုက်လေသည်သာများသည် **(ပုံ ၅၉)**။

မကိုဋ်မွေဆောင်းဗုဒ္ဓရုပ်သည် ဂုတ္တာနှင့် ပါလခေတ်မှာကဲ့သို့ သီးခြားထု လုပ်သည်လည်း ရှိ၏။ ဗုဒ္ဓဝင်ခန်းနှင့် တွဲတတ်သည်လည်းရှိသည်။ ယခု မြင်ရသော မကိုဋ်မွေဆောင်းဗုဒ္ဓရုပ်ပွားကို အန္ဒဂူကျောက်ဖြင့် ထုလုပ်ထားလေသည်။ ဗုဒ္ဓဝင်ရှစ်ခန်းကိုလည်း သရုပ်ဖော်ထားသည်။ ထိုရုပ်ပွားသည် ဘူမိဖဿမုဒ္ဒါဖြင့်ဖြစ်၍၊ ကြာပလ္လင် (ပဒုမာသန) ပေါ်တွင် တင်ပျဉ်ခွေ ထိုင်လျက်ရှိလေသည်။ ဗောဓိပင်နှင့် ရွှေပလ္လင်အောင်ခန်းပင်။ ပလ္လင်အောက်တွင် မာရ်နတ်၏ သမီးများသီဆိုကခုန်၍ မာယာပြုဟန် အမူအရာရှိလေသည်။ (ပလ္လင်ဘေးတစ်ဖက်တစ်ချက်တွင် ဗောဓိသတ္တာ မတ်ရပ်ရုပ်ပွားများရှိသည်။) ဗုဒ္ဓရုပ်ပွား၏ ဘေးတစ်ဖက်တစ်ချက်နှင့် အထက်တွင်ကား (ဗောဓိပင်နှင့် ရွှေပလ္လင်အောင်ခန်းမှအပ) ဗုဒ္ဓဝင်ရှစ်ခန်းရုပ်ကြွငယ်များကို မြင်နိုင်လေသည်။ ဝဲဘက်အောက်မှ အထက်၊ အထက်မှ ညာအောက်ဆုံးကို ကြည့်ပါလေ။ အစီအစဉ်သည် အောက်ပါအတိုင်း ဖြစ်လေသည်။



www.burmesesclassic.com

www.burmesesclassic.com



(က) ဘုရားလောင်း (ဗုဒ္ဓလောင်းလျာ) ကို ဖွားမြင်ခန်း
(ခ) ဓမ္မစကြာတရားကို ဗုဒ္ဓဟောခန်း
(ဂ) နာဠာဂီရိဆင်ကို ဗုဒ္ဓဆုံးမခန်း
(ဃ) ဗုဒ္ဓပရိနိဗ္ဗာန်စံခန်း
(င) တာဝတိံသာမှ ဗုဒ္ဓဆင်းသက်ခန်း
(စ) သာဝတ္ထိပြည်၌ ဗုဒ္ဓတန်ခိုးပြာဋိဟာပြခန်း
(ဆ) ပါလိလေယျကတော၌ ဗုဒ္ဓဝါဆိုခန်း

**(ပုံ ၆၃)**။

စပ်မိ၍ ဆိုရသော် ဗုဒ္ဓဝင်ရှစ်ခန်းကို ကြေးကြာဖူးကဲ့သို့သော ပုံသဏ္ဌာန်မျိုးတွင်လည်း ဖော်တတ်လေသေးသည်။ ပုံတွင်မြင်ရသော ကြာဖူး၏မဏ္ဍိုင်၌စေတီငယ်တစ်ခုကို မြင်ရလိမ့်မည်။ ထိုစေတီငယ်ကို ပတ်ထားသော ကြာဖက်ရှစ်ရွက် အတွင်း၌ကား

(က) ဓမ္မစကြာတရားကို ဗုဒ္ဓဟောခန်း
(ခ) တာဝတိံသာမှ ဗုဒ္ဓဆင်းသက်ခန်း
(ဂ) သာဝတ္ထိပြည်၌ ဗုဒ္ဓတန်ခိုးပြာဋိဟာပြခန်း
(ဃ) ဗုဒ္ဓလောင်းလျာကို ဖွားမြင်ခန်း
(င) ဗုဒ္ဓပရိနိဗ္ဗာန်စံခန်း
(စ) ပါလိလေယျကတော၌ ဗုဒ္ဓဝါဆိုခန်း
(ဆ) နာဠာဂီရိဆင်ကို ဗုဒ္ဓဆုံးမခန်း
(ဇ) ဗုဒ္ဓဗောဓိပင်နှင့် ရွှေပလ္လင်ကိုအောင်တော်မူခန်း ဟူ၍

တစ်ရွက်စီတစ်ရွက်စီ ဗုဒ္ဓဝင်ခန်းပါလေသည်။ **(ပုံ ၆၄)**

ပုဂံရှိ မကိုဋ်ဆောင်း ဗုဒ္ဓရုပ်ပွားနောက် ဗောဓိသတ္တ ရုပ်ပွားအကြောင်းကို ဆက်ပါဦးအံ့။ ဤတွင်လည်း ဗောဓိသတ္တ ရုပ်ပွား အများရှိသည့်အနက် လောကနာထရုပ်ကိုသာ ပြောလိုပေသည်။ ထိုရုပ်သည် (မြေနှံ့မီးဖုတ်) အုတ်ခွက်ပေါ်၌ ရုပ်ကြွဖြစ်လေသည်။ **(ပုံ ၅၇)**

ထိုရုပ်ကြွ၏ မကိုဋ်အလယ်တွင် တင်ပျဉ်ခွေထိုင်နေသော ဘုရားဆင်းတုတော်ကလေး ရှိသည်။ ကိုယ်တွင် လက်ကောက်၊ ပုတီး၊ လည်ရွဲတန်ဆာများ ဆင်ထား၍ ကြာပလ္လင်ပေါ်တွင် လလိတာသန ထိုင်သည်။ ယာလက်သည် ပေါင်ပေါ်၌ရှိ၍ ဝဲလက်သည် ကြာရိုးကို ကိုင်ထားသည်။ ထိုပုံကို ဗီဟာ(ကုကိဟာ) ဘက်က ကြေးဆင်းတုနှင့် ယှဉ်ကြည့်ပါ။ **(ပုံ ၂၀)**



www.burmesesclassic.com

www.burmesesclassic.com



ဗီဟာပုံတွင် ယာလက်၌ဝရဒမုဒ္ဒါဟန်၊ ဝဲလက်၌ ကြာပန်းကိုင်ဟန် ပီပီသသရှိသည်။ လလိတာသနထိုင်ဟန် ပီပီသသ ရှိသည်။ ပုဂံပုံမှာမူ အုတ်ခွက်ဖြစ်၍ မထင်လှ။ သို့ရာတွင် အခြေခံချင်း အတူတူပင် ဖြစ်တော့သည်။ မကိုဋ်ဆောင်းဗုဒ္ဓရုပ်များ၊ဗောဓိသတ္တရုပ်များနှင့်စပ်၍ အနည်းငယ်ရှင်းစရာ ရှိပေသေးသည်။ (မြန်မာ့ဒေသနှင့် ထိုင်းဒေသ၊လောဒေသ) တွင်ယခုအခါ မကိုဋ်ဆောင်းရုပ်များ၊ မင်းဝတ်တန်ဆာရုပ်များကို ဇမ္ဗုပတိရုပ်ဟူ၍ ခေါ်တတ်ကြလေသည်။ ခေါ်ရသည့်အကြောင်းမှာမူ နှောင်းခေတ်စာတစ်ခုကြောင့် ဖြစ်လေသည်။

ထိုစာအရဂေါတမဗုဒ္ဓ သက်တော်ထင်ရှား ရှိစဉ်အတွင်း ဇမ္ဗုပတိအမည်ဖြင့် မင်းရှိပေ၏။ ထိုမင်းသည် အလွန်တန်ခိုးကြီး၍ အလွန်မာနတက်၏။ တရံခါသော် ထိုမင်းသည် ကောင်းကင်၌ခရီးသွားရင်း ရာဇဂြိုဟ် ပြည်ရှင် ဗိမ္ဗိသာရမင်း နန်းပြာသာဒ်အထွတ်နှင့် ခြေထိခိုက်မိ၍ဗိမ္ဗိသာရ မင်းကို ခြိမ်းချောက်ခဲ့ဖူးလေသည်။ ထိုအခါ(ဂေါတမ)ဗုဒ္ဓဘုရားရှင်သည် ထိုမင်းအံ့သြလောက်အောင် ဘုံဗိမာန်ဖန်ဆင်း၊ ခြွေရံသင်းပင်းအမြောက်အမြားဝိုင်းရံစေကာ ဗြဟ္မာမင်းတို့ အဝတ်တန်ဆာဆင်မြန်း၍ချွတ်တော်မူရလေသည်။ ထို့ကြောင့် မကိုဋ်၊နားပန်၊ လက်ကောက် လက်ကြပ် စသည်ဖြင့် မင်းဝတ် တန်ဆာဆင်၍ ထုသောရုပ်များကို ဇမ္ဗုပတိ(ချွတ်ခန်း) ရုပ်ဟူ၍ အေဒီ ၁၅ ရာစု ၁၆ ရာစုလောက်မှစ၍ တွင်လေသည်။ သတိပြုရန်မှာ ကမ္ဘောဇဘက်၊ အင်ကောထုံ၊ဗေယွန်၌ထုလုပ်သော ရုပ်ပွားများသည် ဇမ္ဗုပတိရုပ်နှင့် တိုက်ရိုက်မဆိုင်လေ။ ထိုရုပ်ပွားတို့မှာ မင်းဇကရာဇ်ကို ချီးချီးမြှောက်မြှောက်လုပ်ကာ ဗြာဟ္မဏဟိန္ဒူနတ်၏ ကိုယ်ပွားသဘောလည်းပါ၍ မဟာယာနဂိုဏ်းမှ အဝလောကိတေသရ(လောကေသရ) သဘော လည်းပါနေသော ရုပ်တုများပင်ဖြစ်လေသည် **(ပုံ ၃၇)**။

လုံးချင်းဗုဒ္ဓရုပ်ပွားများနှင့် စပ်၍ နှောင်းခေတ်တွင် ပြောင်းလဲလာပုံကို အကျဉ်းချုံး၍ ပြရဦးမည်။ ပုဂံခေတ်နောက်ပိုင်းတွင် မြန်မာ့ဒေသ၌ထုလုပ်သော လုံးချင်းရုပ်ပွားများသည် သိသိလာလာ ပြောင်းလဲလာခဲ့လေသည်။

ပြောင်းလဲလာပုံမှာ

(က) ရုပ်ပွား၏ ဉဏှိသကို ကြာဖူးသဏ္ဌာန်၊ ဆံတော်ကို ပတီးစေ့ သဏ္ဌာန် အထုများလာသည်။



www.burmesesclassic.com

www.burmesesclassic.com



(ခ) နဖူးသင်းကျစ်တော်သည် ထင်ရှားလာရုံမက ဖန်မှန်လည်း ထည့်လာသည်။

(ဂ) (ရုပ်ပွားအားလုံးတွင်) နားရွက်တော်သည် ပခုံးကို ထိလာသည်။

(ဃ) လက်ချောင်းများသည် လည်းကောင်း၊ ခြေချောင်းများသည် လည်းကောင်း အတိုအရှည် တညီတည်းဖြစ်လာသည်။

(င) ရင်ကား၍ ခါးသိမ်ရာမှ ခါးပြည့်လာသည်။

(စ) သင်္ကန်းပါလေရုံမှ သင်္ကန်းအတွန့်အလိပ်များလာသည်။ စံပယ်တင်ဝဲဘက် သင်္ကန်းစသည် ဝမ်းပိုက်ဆီသို့ ရှည်ရှည်ကျလာသည်။

လုံးချင်းဗုဒ္ဓရုပ်တု၊ ဗောဓိသတ္တရုပ်တုအကြောင်းသည် ဤမျှဖြင့် လုံလောက်ပြီ။ ဗုဒ္ဓဝင်ရုစ်ခန်းအကြောင်းလည်း လုံလောက်ပေပြီ။ ဗုဒ္ဓဝင်ရုစ်ခန်းကဲ့သို့ ဇာတ်လမ်းဖော်သော အခြားပုံများအကြောင်းကိုကား အနည်းငယ် ရေးစရာရှိလေသည်။ ထိုပုံများကိုလည်း ပုဂံရှိအာနန္ဒာဂူဘုရား၊ အပယ်ရတနာဂူဘုရား၊ (မြင်းကပါ) ဂူပြောက်ကြီးဂူဘုရား၊ ဖက်လိပ်စေတီစသည်တို့တွင် နံရံပန်းချီအဖြစ်လည်းကောင်း၊ ရုပ်ကြွအဖြစ်လည်းကောင်း မြင်နိုင်လေသည်။ ပမာအားဖြင့် တာဝတိံသာမှ သင်္ကဿနဂိုရ်ပြည်သို့ (ဂေါတမ) ဗုဒ္ဓဘုရား ဆင်းသက်ခန်း၊ တိတ္ထိတို့အား ဗုဒ္ဓဘုရားတန်ခိုး ပြာဋိဟာပြခန်း၊ (ဗုဒ္ဓလောင်းလျာ) သုဝဏ္ဏသျှံ (မြားမှန်သည့်) ဇာတ်ပြခန်း၊ (ဖွားတော်မူခန်းခေါ်) မယ်တော်မာယာ သားဖွားခန်း၊ စသောပန်းချီနှင့် ရုပ်ကြွတို့ ဖြစ်ကြသည်။ ထိုအထဲမှ မယ်တော်မာယာ သားဖွားခန်းနှင့် သုဝဏ္ဏသျှံ (မြားမှန်သည့်) ဇာတ်ပြခန်းတို့ကို ရွေးနုတ်ပြပါအံ့။

မယ်တော်မာယာ သားဖွားခန်းသည် အာနန္ဒာဂူဘုရား၏ အပြင်စင်္ကြံရှိ ဗုဒ္ဓဝင်အခန်း ရှစ်ဆယ်တွင်တစ်ခန်း အပါအဝင်ဖြစ်လေသည် **(ပုံ ၅၆)**။ ထိုပုံတွင်မယ်တော်မာယာသည် ယာလက်ဖြင့် အင်ကြင်းပန်းကိုကိုင်၍ လည်းကောင်း ဝဲလက်ဖြင့် ညီမတော် ပဇာပတိဂေါတမီ၏ ပခုံးကိုကိုင်၍ လည်းကောင်း၊ တိဘင်္ဂအချိုးဖြင့် နွဲ့နွဲ့ကလေးရပ်နေလေသည်။ ဗုဒ္ဓလောင်းလျာမှာမူ (မဟာ ဝတ္ထုနှင့် လလိတဝိတ္ထာရကျမ်းထွက်အတိုင်း) လကျာ်ဘက်ခါးမှ မွေးဖွားသည့်ဟန်ဖြင့် လကျာ်ဘက်ခါးပေါ်တွင် တင်



www.burmesesclassic.com

www.burmesesclassic.com



ပျဉ်ခွေထိုင် လျက်သားရှိသည်။ သေသပ်လှပသော ပန်းတမော့ ရုပ်ကြွများ ပါပေတည်း။

အလားတူပင် (အနောက်) ဖက်လိပ်စေတီရှိ သုဝဏ္ဏသျှံ(မြားမှန်သည့်) ဇာတ်ပြခန်း ရုပ်ကြွတို့သည်လည်း သေသပ်လှပေသည်**(ပုံ ၆၅)**။ သို့ရာတွင် မြေအုတ်ဖြင့် ထုလုပ်ထားလေသည်။ ထိုရုပ်ကြွတို့တွင် သစ်ပင်များကိုလည်းကောင်း၊ သုဝဏ္ဏသျှံနှင့် သမင်တို့ကိုလည်းကောင်း၊ မြားကိုင်စွဲထားသော ပီဠိယက္ခမင်းကြီးကိုလည်းကောင်း မျက်မမြင်မိဘဖြစ်သော ဒုကူလနှင့် ပါရိကာတို့ကိုလည်းကောင်း ပီပီသသ မြင်တွေ့နိုင်လေသည်။ ဇာတ်အကြောင်းအရာကို တစ်ကွက်တည်းနှင့် ပြည့်ပြည့်စုံစုံ ဖော်ပြနိုင်စွမ်းရှိသောပုံဟု ဆိုအပ်လှပေသည်။

ပုဂံမှ ဂျာဝါးဘက်၊ တရုတ်–ဂျပန်ဘက်ဆက်၍ ပြရဦးတော့မည်။

ဗောရောဗုဓောစေတီမှ ဗုဒ္ဓလောင်းလျာ ရဟန်းပြုခန်း ရုပ်ကြွနှင့် ဗုဒ္ဓလောင်းလျာကို သုဇာတာဃနာနို့ဆွမ်းကပ်ခန်း ရုပ်ကြွနှစ်ခုကို ကြည့်ပါလေ။ ရဟန်းပြုခန်းတွင် ဗုဒ္ဓလောင်းလျာသည် ဝတ်စားတန်ဆာချွတ်ရန်၊ ဆံတော်ပယ်ရန် ပြင်ဆင်နေဟန်မူ၏။ အပါးတွင်ကား ခြေကိုဆုပ်နယ်ပေးနေသော သူတစ်ဦးရှိလေသည်။ ထိုပြင် မတ်ရပ်အရိုအသေပေးပြုနေကြသူ (နတ်)များလည်း ရှိလေသည်။ ဤတွင် အရေးပါသည့် မြင်ကွင်းသည် ဗုဒ္ဓလောင်းလျာ၏ အမိန့်အရ နေပြည်တော်သို့ ပြန်ကြရမည့်ဆန္နအမတ်နှင့် ကဏ္ဍကမြင်းတို့၏အမူအရာပင် ဖြစ်သည်။ ဆန္နအမတ်သည် အရှင်သခင်၏ အမိန့်ကို ဖီဆန်၍ မဖြစ်သည်နှင့် ပြန်ရန်ခြေလှမ်းပြင်နေသကဲ့သို့ ရှိသည်။ ကဏ္ဍကမြင်းမှာမူ မပြန်ချင့်ပြန်ချင် ဖြစ်နေသည့်အလား ကြီးစွာသော သံယောဇဉ်ကြိုးကို ရုတ်တရက် မဖြတ်နိုင်သည့်အလား ဗုဒ္ဓလောင်းလျာဘက်သို့ လည်ပြန်ကြည့်နေလေသည်။ အလွန် စိတ်ထိခိုက်စရာ ဖြစ်လောက်အောင် ကျောက်ဆစ်ဆရာ ဖန်တီးနိုင်ပါသည် **(ပုံ ၄၁)**။ တစ်ဖန် သုဇာတာ သတို့သမီးသည် အခြွေအရံတို့ လိုက်ပါလျက် (ဂေါတမ) ဗုဒ္ဓရှင်ကို ဆွမ်းကပ်ဟန်မှာ နှိမ့်ချရိုကျိုးသောစိတ်နှင့် သဒ္ဓါတရားပြင်းပြသောစိတ်တို့ အတူတကွ စေ့ဆော်နေသည့် သဘောပေါ်လွင်လှပေသည်။ **(ပုံ ၄၂)**

တစ်ဖန် လျန်ကိုင် (အေဒီ ၁၃ ရာစု) ရေးဆွဲသော (တရုတ်ဒေသ



www.burmesesclassic.com

www.burmesesclassic.com



မှ ဂျပန်ရောက်) ပန်းချီကားကို ကြည့်လေဦး။ ထိုပန်းချီသည် ပန်းချီဉာဏ်ကို လွတ်လွတ်လပ်လပ်သုံး၍ မင်ဖြင့် သရုပ်ဖော်လိုက်သော ပန်းချီကားဖြစ်လေသည်။ ဗုဒ္ဓလောင်းလျာသည် တောတောင်ကိုချဉ်း၍၊ တကိုယ်တည်း တရားကျင့်၏။ တရားမှန်ကိုမြင်၍ ဗုဒ္ဓစင်စစ်အဖြစ်သို့ ရောက်သည်။ (ဂေါတမ) ဗုဒ္ဓမြင်သော တရားကားနက်ရှိုင်းပေ၏။ သတ္တဝါတို့ကား တဏှာရာဂ သံသရာကြောဝယ် မျောနေလေသည်။ မလွတ်မြောက်သော သူများနှင့် လွတ်မြောက်သောဗုဒ္ဓသည် သီးခြားဖြစ်နေခဲ့ပြီ။ ဗုဒ္ဓသည် မိမိ၏ တရား၊ မိမိ၏အမြင်ဖြင့် တစ်ပါးတည်း ဧကစာနေမည်ဆိုလျှင်လည်း ဖြစ်နိုင်ကောင်း၏။ သို့သော်လည်း သတ္တဝါတို့နစ်မွန်းရာမှ ကယ်တင်အံ့ဟူသော မဟာကရုဏာစိတ်ဖြင့် တောတောင်ကိုခွာ လူ့ရွာကိုပြန်ကြလေသည်။ ကျောက်တုံး၊ သစ်ပင်ခြုံနွယ်ဝန်းကျင်သည် ဆိတ်ငြိမ်စွ။ ဗုဒ္ဓကား ဆိတ်ငြိမ်လှသော သြကာသလောကမှ တစ်ပါးတည်း ရပ်ရွာဘက်သို့ မှန်မှန်ခြေလှမ်း လှမ်းလျက်ရှိလေသည်။ ဗုဒ္ဓ၏အမူအရာကို ကြည့်ပါ။ ဗုဒ္ဓ၏မျက်နှာသည် သံသရာတစ်ဖက်ကမ်းရှိ နိဗ္ဗာန်ရွှေပြည်ကို လှမ်းမျှော်မနေသယောင်လည်း ထင်ရသည်။ တဏှာရာဂ (ကိလေသာ)တို့ ကင်းဆိတ်သော ဝိဂေကသုခကို ခံစားနှလုံးသွင်းနေသယောင်လည်း ထင်ရသည်။ ပန်းချီဆရာ၏ ဖန်တီးဉာဏ်သည် အံ့သြဖွယ်ရာပင် (ချန်) ဈင်မှ ပေါက်ဖွားသော လက်ရာသည် နှလုံးပွားစရာပင် **(ပုံ ၂၇)**။



www.burmesesclassic.com

www.burmesesclassic.com

## ဓာတ်ပုံ မှတ်စု

(၁) **အသောကမင်း၏ ခြင်္သေ့ရုပ် ကျောက်တိုင်ထိပ်ဖူး**။ သဲကျောက်နုဖြင့် ပြုလုပ်သည်။ ဘီစီသုံးရာ၊ မောရိယခေတ်၊ ဗုဒ္ဓတရားဦး ဟောခြင်း အထိမ်းအမှတ်အဖြစ်ဖြင့် မိဂဒါဝုန်၌ စိုက်ထူသည်။ ဓမ္မစကြာပုံ တောင်းကို ခြင်္သေ့ရုပ်အောက်တွင် တွေ့နိုင်သည်။

(၂) **ဆန်ချီထူပါအမှတ် ၁**။ ။အရှေ့ဘက်တုရိဏ်တိုင်။ အိန္ဒိယ အလယ်ပိုင်း၌ရှိသည်။ ကျောက်ဖြင့် လုပ်သည်။ ဘီစီ သုံးရာစု၊ အေဒီတစ် ရာစု သုန်ဂခေတ်နှင့် အန္ဓရခေတ်။

(၃) **ဆန်ချီထူပါအမှတ် ၁**။။ ဘီစီသုံးရာစု အေဒီတစ်ရာစု။ သုန်ဂခေတ်နှင့် အန္ဓရခေတ်။

(၄) **ဗုဒ္ဓဗောဓိပင်နှင့် ရွှေပလ္လင်အောင်တော်မူခန်း**။ ဆန်ချီထူပါ အမှတ်တစ်၊ အရှေ့ဘက်တုရိဏ်တိုင်တွင်ရှိသည်။ ကျောက်ဖြင့်ပြုလုပ် သည်။ ဘီစီတစ်ရာစုခေတ် ဗုဒ္ဓဘုရားအဖြစ် ရောက်ခန်းကို ဗောဓိပင်နှင့် ထိုင်သူမပါသော ပလ္လင်ဖြင့် သရုပ်ဖော်ဆောင်သည်။ ထို့ပြင် "တိရတန" အထိမ်းအမှတ်ဖြင့် ပြသလေသည်။ ပူဇော်နေသူများမှာ လောကပါလနတ် မင်းကြီး လေးပါးဖြစ်သည်။

(၅) **လိုဏ်ဂူအတွင်း ဘုရားဝတ်ပြုခန်း**။ အိန္ဒိယ အနောက်ဘက် ကာလေ၌ရှိ၍ ကျောက်ထွင်းလိုဏ်ဂူဖြစ်သည်။ အေဒီနှစ်ရာစုခေတ်၊ ဘုရား ဝတ်ပြုခန်းရှိ စေတီကို မူလတွင် သစ်သားထီးမိုးထားသည်။

(၆) **အုတ်ခွက်စေတီ**။ အိန္ဒိယနိုင်ငံ ပတ္တနာမြို့၊ ကုမ်ရဟာဒေသ မှဖြစ်၍ ပတ္တနာမြို့ပြတွင် ရှိသည်။ အေဒီတစ်ရာစု သို့မဟုတ် နှစ်ရာစု ခေတ်။


www.burmesesclassic.com

www.burmesesclassic.com



(၇) **ခြေတော်ရာကို ပူဇော်နေကြပုံ**။ အိန္ဒိယနိုင်ငံ၊ အမရာဝတီ မြို့မှဖြစ်၍ မဒရပ်မြို့ပြတိုက်တွင် ရှိသည်။ ထုံးကျောက်ဖြင့် လုပ်သည်။ အေဒီ နှစ်ရာစုခေတ်။

(၈) **စေတီဌာပနာတိုက်ဖုံးကျောက်ပြား**။ အိန္ဒိယနိုင်ငံ၊ အမရာဝတီမှဖြစ်၍၊ မဒရပ်မြို့အစိုးရပြတိုက်တွင် ရှိသည်။ ထုံးကျောက်ဖြင့် လုပ်သည်။ အေဒီနှစ်ရာစုခေတ်၊ ဗုဒ္ဓ၏ဓာတ်တော်ကို ဌာပနာ၍ ကောလိယမင်းတို့တည်သော ရာမဂါမစေတီတော်ပုံဖြစ်သည်။

(၉) **ဗုဒ္ဓလျှောင်းလျာ ဒုက္ကရစရိယာကျင့်ခန်း**။ ။ဂန္ဓာရလက်ရာ။ ပါကစ်စတန်နိုင်ငံ၊ လာဟိုမြို့ပြတိုက်တွင် ရှိသည်။ ဝေဘူကျောက်ညိုဖြင့် လုပ်သည်။ အေဒီတစ်ရာစုမှ လေးရာစုအထိခေတ်။

(၁၀) **ဗုဒ္ဓဓမ္မစကြာတရားဟောခန်း**။ ။ ဂန္ဓာရလက်ရာရုပ်ကြွ၊ ကာလကတ္တားမြို့ရှိ အိန္ဒိယပြတိုက်တွင် ရှိသည်။ ဝေဘူကျောက်ညိုဖြင့် လုပ်သည်။ မူလက ရွှေချထားဟန်တူသည်။ အေဒီနှစ်ရာစု သို့မဟုတ် သုံးရာစုခေတ်။

(၁၁) **မတ်ရုပ် ဗုဒ္ဓရုပ်ပွား**။ ။ အိန္ဒိယနိုင်ငံ၊ မထုရာမှဖြစ်၍ အမျိုးသားပြတိုက်တွင်ရှိသည်။ သဲကျောက်နီဖြင့် လုပ်သည်။ အေဒီလေးရာစု ဂုတ္တခေတ်။

(၁၂) **ဗုဒ္ဓဓမ္မစကြာတရားဟောခန်း**။ ။အိန္ဒိယနိုင်ငံ၊ မိဂဒါဝုန်မှဖြစ်၍ မိဂဒါဝုန်ရှေးဟောင်းသုတေသန ပြတိုက်တွင်ရှိသည်။ သဲကျောက်ဖြင့် လုပ်သည်။ အေဒီ ငါးရာစုဂုတ္တခေတ်။

(၁၃) **မတ်ရုပ်ရုပ်ပွား**။ ။အိန္ဒိယနိုင်ငံ၊ ဗီဟာနယ်(ဆူလတန်ဂန့်ဂျ) မှဖြစ်၍၊ အင်္ဂလန်နိုင်ငံ ဘာမင်ဟန်မြို့ အနုပညာပြတိုက်တွင်ရှိသည်။ ကြေးလက်ရာဖြစ်သည်။ အေဒီငါးရာစုခေတ်၊ ယာလက်သည် အဘယမုဒ္ဒါဖြင့် ရှိ၍ ဝဲလက်သည် သင်္ကန်းစကိုကိုင်ထားသည်။

(၁၄)**ဗောဓိသတ္တ–အဝလောကိတေသရ–ပဒုမပါဏိ**။ ။အိန္ဒိယနိုင်ငံ၊ အဇန္တလိုက်ဂူအမှတ် ၁ နံရံပန်းချီဖြစ်သည်။ အေဒီခြောက်ရာစု သို့မဟုတ် ခုနစ်ရာစုခေတ်၊ ဗောဓိသတ္တသည် လက်တွင် ကြာပန်းကိုင်၍ တိဘင်္ဂဟန်မူ ဟန်ထားရှိသည်။ ပတ်ဝန်းကျင်တွင် မျောက်တိရစ္ဆာန်၊ ကိန္နရာနှင့် ဥဒေါင်းငှက်တို့ အပြင် ဝတ်စားတန်ဆာဆင်ထားသော အမျိုးသမီးရှိသည်။

(၁၅) **ဗုဒ္ဓဗောဓိပင်နှင့် ရွှေပလ္လင်ကိုအောင်ခန်း**။ ။အိန္ဒိယနိုင်ငံ၊



www.burmesesclassic.com

www.burmesesclassic.com



ဗင်္ဂလားနယ်မှဖြစ်၍ အမေရိကန်နိုင်ငံ၊ ကလိဗလင်မြို့ပြတိုက်တွင် ရှိသည်။ ကျောက်ဖြင့်လုပ်သည်။ အေဒီကိုးရာစုပါလခေတ်၊ မဟာပထဝီ မြေကြီးကို တိုင်တည်ဟန်ယာလက်ချောင်းများကို အောက်ဘက်သို့ ချထားသည်။

(၁၆) **ဗုဒ္ဓဝင်ရှစ်ခန်း**။ ။ အိန္ဒိယနိုင်ငံ၊ ဗင်္ဂလားနယ်မှဖြစ်၍ အမေရိကန်နိုင်ငံ ဘော်စတွန်မြို့ အနုပညာပြတိုက်တွင်ရှိသည်။ သင်ပုန်းကျောက်ဖြင့် လုပ်သည်။ အေဒီဆယ်ရာစု၊ ပါလခေတ် မကိုဋ်ဆောင်း ရုပ်ပွားဖြစ်၍ မဟာပထဝီမြေကြီးကို တိုင်တည်ဟန် ယာလက်ချောင်းများ အောက်သို့ချထားသည်။ ဘေးပတ်လည်ရုပ်ကြွများကို အောက်ဘယ်ဘက်မှ အထက်သို့ ကြည့်သော်၊ မယ်တော်မာယာသားဖွားခန်း၊ ဗုဒ္ဓတာဝတိံသာမှ ဆင်းသက် ခန်း၊ သာဝတ္ထိ၌ ဗုဒ္ဓယမိုက်ပြာဋိဟာပြခန်း (သို့မဟုတ် ဗုဒ္ဓ ဓမ္မစကြာ တရားဟောခန်း) ဖြစ်၍၊ ထိပ်ပိုင်း၌ ဗုဒ္ဓ ပရိနိဗ္ဗာန်စံခန်းဖြစ်သည်။ ညာ ဘက်ထိပ်က အောက်သို့ကြည့်သော် ဗုဒ္ဓဓမ္မစကြာတရားဟောခန်း (သို့မဟုတ် သာဝတ္ထိ၌ ဗုဒ္ဓယမိုက်ပြာဋိဟာပြခန်း)၊ နာဠာဂီရိဆင်ကို ဗုဒ္ဓဆုံးမ ခန်း၊ ပါလိလေယျကတော၌ မျောက်ထံမှ ပျားအုံကို ဗုဒ္ဓခံယူခန်းဟူ၍ ဖြစ်ကြသည်။

(၁၇) **ကြေးထုပါပုံ**။ ။ အိန္ဒိယနိုင်ငံ၊ နာဠန္ဒမှဖြစ်၍၊ အမျိုးသားပြတိုက်တွင် ရှိသည်။ အေဒီကိုးရာစု သို့မဟုတ် တစ်ဆယ်ရာစု၊ ပါလခေတ်။ အောက်ခုံလေးဘက်လိုဏ်ဂူများတွင် ဗုဒ္ဓရုပ်ကြွများရှိ၍၊ ထိုအထက်တွင် ဗုဒ္ဓဝင်ရှစ်ခန်း ရုပ်ကြွများရှိသည်။ ထိုအထက်တွင် ကြာနှင့် ခေါင်းလောင်း၊ ထို့နောက် ဟင်္သာမိကာ၊ ထို့နောက် ဆတ္တာဝလီပြထားသည်။

(၁၈) **ပရသူရာ မေသရလိုဏ်ဂူဘုရား**။ ။ အိန္ဒိယနိုင်ငံ၊ ဗူဘာ နက်ဆွာမှဖြစ်သည်။ အေဒီရှစ်ရာစုခေတ်။

(၁၉) **အရပစန**။ ။ အိန္ဒိယနိုင်ငံ၊ နာဠန္ဒမှဖြစ်၍ အမျိုးသားပြတိုက်တွင်ရှိသည်။ ကြေးဖြင့်လုပ်သည်။ အေဒီဆယ်ရာစုခေတ်၊ မဉ္ဇုသီရိကိုယ်ပွားဖြစ်၍၊ ပညာတည်းဟူသော ဓားကိုညာဘက်တွင် ကိုင်၍၊ စာအုပ်ကို ဝဲဘက်လက်တွင် ကိုင်သည်။

(၂၀) **လောကနာထ**။ ။ အိန္ဒိယနိုင်ငံ၊ ဗီဟာနယ် (ကူကိဟာ)မှ ဖြစ်၍၊ ပတ္တနာမြို့ပြတိုက်တွင် ရှိသည်။ ကြေးဖြင့်လုပ်သည်။ အေဒီဆယ်ရာစုခေတ်။

(၂၁) **ဗောဓိနတ်စေတီ**။ ။ နီပေါနိုင်ငံ၊ ကတ္တမန္ဒူမြို့အနီး၌ ရှိသည်။ အသောကမင်းခေတ်တွင် စတည်သည်။ ဟင်္သမိကာပတ်လည်ရှိ



www.burmesesclassic.com

www.burmesesclassic.com



မျက်လုံးများမှာ ဗုဒ္ဓ၏အလုံးစုံသိမြင်သော သဘောကိုဖော်ပြသည်။

(၂၂) **ယက်ယံပုံ**။ ။ တိဗက်နိုင်ငံမှဖြစ်သည်။ အေဒီဆယ်ရှစ်ရာစုခေတ်။ ယက်(အဖေ) နှင့် ယုန်(အမေ)ဖက်နေပုံမှာ အာဒိ ဗုဒ္ဓတည်းဟူသော ကရုဏာ(ယက်) နှင့် ပညာပါရမိတာတည်းဟူသော သုည (အမေ) ပူးပေါင်းခြင်း သရုပ်ဖြစ်သည်။ သို့ပူးပေါင်းမှ မဟာသုခဖြစ်မည် ဆိုလေသည်။

(၂၃) **ဘဝစကြာ ပဋိစ္စသမုပ္ပါဒ်ပုံ**။ ။ တိဗက်ဘုန်းကြီးကျောင်းနံရံများ၌ ရေးဆွဲထားလေ့ရှိသည်။ ဤပုံမှာ လီဂေါတမီ ပြန်လည်ရေးဆွဲပြသော ပုံဖြစ်သည်။

စက်ဝိုင်းသည် သံသရာဖြစ်သည်။ ထိုသံသရာစက်ဝိုင်းကို ယမသေမင်းက ထိန်းမထားသည်။

အလယ်ဗဟိုတွင် ဝက်၊ မြွေ၊ ကြက်ရုပ်များရှိ၍၊ (ဝက်) မောဟ၊ (မြွေ) ဒေါသ၊ (ကြက်) လောဘ/ရာဂကို သရုပ်ဆောင်သည်။

စက်ဝိုင်းအထက်ချင်းဝက်တွင် စက်ဝိုင်းစိတ် ၃ ခု၊ အောက်ချင်း ဝက်တွင် စက်ဝိုင်းစိတ် ၃ ခုရှိသည်။ အထက်ချင်းဝက်ကို ဘယ်ဘက်ကစ ၍ရေသော်၊ လူ့ပြည်/နတ် (ဒေဝ) ပြည် အသူရာ ဟူ၍ဖြစ်သည်။ အောက် ချင်းဝက်ကို ဘယ်ဘက်မှစ၍ ရေသော် တိရစ္ဆာန်၊ ငရဲ၊ ပြိတ္တာ ဟူ၍ဖြစ် သည်။ စက်ဝိုင်းစိတ်တိုင်းတွင် မဟာကရုဏာဖြင့် ရပ်နေသော ဗုဒ္ဓပုံပါ သည်။

စက်ဝန်းတွင်မူ ပဋိစ္စသမုပ္ပါဒ် ၁၂ ကွက်ရှိသည်။ အဝိဇ္ဇာ မသိမမြင်မှုကြောင့် ကံ(သင်္ခါရ) ဖြစ်၏။ ကံ(သင်္ခါရ)ကြောင့် ပဋိသန္ဓေဝိညာဏ်ဖြစ်၏။ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်၏။ နာမ်ရုပ်ကြောင့် မျက်လုံးအကြည်ဓာတ်၊ နားအကြည်ဓာတ်၊ နှာခေါင်းအကြည်ဓာတ်၊ လျှာအကြည့်ဓာတ်၊ ကိုယ်အကြည်ဓာတ်၊ မနောအကြည်ဓာတ် ၆ပါး (သဠာယတန) ဖြစ်၏။ အကြည်ဓာတ် ၆ ပါး ကြောင့် အာရုံနှင့်ထိတွေ့မှုဖြစ်၏။

ထိတွေ့မှုကြောင့် ဝေဒနာခံစားမှုဖြစ်၏။ ခံစားမှုကြောင့် တောင့်တမှုတဏှာဖြစ်၏။ တောင့်တ မှုတဏှာကြောင့် စွဲလမ်းမှု ဥပါဒါန်ဖြစ်၏။ စွဲလမ်းမှုဥပါဒါန်ကြောင့် ကမ္မဘဝ၊ ဥပပတ္တိဘဝဖြစ်၏။ ဘဝကြောင့် ဇာတိ(ပဋိသန္ဓေ) ဖြစ်၏။ ဇာတိကြောင့် ဇရာမရဏဖြစ်၏။ ထိုပဋိစ္စသမုပ္ပါဒ်စက် ၁၂ ကွက်ကို ညာဘက် ထိပ်မှ လှည့်၍အရုပ်များဖြင့် သရုပ်ဖော်သည်။ ဖော်ပုံမှာ–



www.burmesesclassic.com

www.burmesesclassic.com



အဝိဇ္ဇာသည် မျက်စိကန်း၍ တုတ်နှင့် သွားနေပုံ ဖြစ်သည်။ သင်္ခါရသည် အိုးလုပ်နေပုံဖြစ်သည်။ ဝိဉာဏသည် မျောက်ဖြစ်သည်။ နာမရူပသည် လှေ၂ ယောက် တစ်လှေထဲစီးနေပုံဖြစ်သည်။ သဠာယတနသည် ပြတင်းပေါက် ၆ ခု ရှိသောအိမ်ဖြစ်သည်။ ဖဿသည် ချစ်သူနှစ်ဦး ဖက်နေပုံဖြစ်သည်။ ဝေဒနာသည် လူတစ်ဦးမြားမှန်နေပုံဖြစ်သည်။ တဏှာသည် ရေငတ်၍ ရေသောက်နေပုံဖြစ်သည်။ ဥပဒါနသည် သစ်ပင်ပေါ်ရှိ သစ်သီးကို ခူးနေပုံဖြစ်သည်။ ဘဝသည် ကိုယ်ဝန်ဆောင် မိန်းမဖြစ်သည်။ ဇာတိသည် မွေးဖွားရပုံဖြစ်သည်။ ဇရာမရဏသည် အလောင်းကိုကျောပိုး သွားပုံဖြစ်သည်။

(၂၄) **ဗာမိယန်တောင်များ**။ ။ အာဖဂန်နီစတန်ဒေသ၊ ကဗူးမြို့၏ အနောက်မြောက်ဘက်တွင်ရှိ၍၊ ရှေးကအိန္ဒိယနှင့် အာရှအလယ်ပိုင်း ခရီး ဆုံရာဖြစ်သည်။ အေဒီတစ်ရာစု၊ နှစ်ရာစုအတွင်း၊ ဗုဒ္ဓဘာသာဝင် ရဟန်းများ သည် ဗာမီယန် (သဲကျောက်) တောင်ကိုတွင်း၍ ရုပ်တုများ ထုလုပ်ကြသည့်အပြင် ကျောင်းဝိဟာရလည်း လုပ်ကြသည်။

(၂၅) **မတ်ရပ်တင်းတု**။ ။ ဗာမီယန်တောင်တွင်း၍ ထုထားသည်။ အေဒီလေးရာစုနှင့် ငါးရာစုခေတ်။ အမြင့် ၁၇၅ ပေ။

(၂၆) **ဗုဒ္ဓလောင်းလျာတောထွက်ခန်း**။ ။ အာရှအလယ်ပိုင်း ချောချွတ်ဒေသမှ နံရံပန်းချီ တစ်စိတ်တစ်ပိုင်းဖြစ်၍ ဘာလင်မြို့ လူမျိုးစုပြတိုက်တွင် ရှိခဲ့သည်။ အေဒီဆယ့်တစ်ရာစုခေတ်။

(၂၇) **ဗုဒ္ဓတောတောင်များမှ ပြန်ကြွခန်း**။ ။ လျှန်ကိုင်ရေးဆွဲသော တရုတ်ပန်းချီဖြစ်၍၊ ယခုဂျပန်နိုင်ငံ၌ ရှိသည်။ အေဒီတစ်ထောင်တစ်ရာ လေးဆယ်–တစ်ထောင်နှစ်ရာတစ်ဆယ်ခေတ်။

ဗုဒ္ဓသည် သဗ္ဗညုတဉာဏ် ရပြီးနောက်၊ မဟာကရုဏာဖြင့် သတ္တဝါတို့အား တရားဟောရန် လူ့ရပ်လူ့ရွာသို့ပြန်ခန်းကိုပိုးသားပေါ်၌ ပန်းချီဖော်ထားသည်။

(၂၈) **လိုဏ်ဂူဘုရားများ**။ ။ တရုတ်ဒေသ ယွန်းကန်တွင်ရှိသည်။ အေဒီ ငါးရာစု ဝေမင်ခေတ်။

(၂၉) **ဟော်ယူဂျီဘုရား**။ ။ ဂျပန်နိုင်ငံ၌ရှိသည်။ အေဒီ ခုနစ်ရာစုခေတ်။ ဘုံငါးဆင့်ရှိ သစ်သားအဆောက်အအုံ ဖြစ်သည်။

(၃၀) **အမိတာဘ (အမိဒ) ဗုဒ္ဓဆင်းတု**။ ။ ဂျပန်နိုင်ငံ၊ ကမာကူရာဒေသ၌ရှိသည်။ကြေးဖြင့်လုပ်သည်။ အေဒီတစ်ထောင်နှစ်ရာ



www.burmesesclassic.com

www.burmesesclassic.com



ငါးဆယ်သုံးခေတ်။ ဗုဒ္ဓသည်စျာနမုဒ္ဒါဖြင့် စံပယ်နေသည်။

(၃၁) **ထူပါရာမစေတီ**။ ။ သီဟိုဠ်နိုင်ငံ၊ အနုရာဓပုရဒေသမှ ဖြစ်သည်။ ဘီစီ နှစ်ရာလေးဆယ့်လေးခုတွင် တည်သည်ဟုဆိုသည်။ ထိုစေတီကို နောင်ခေတ်အဆက်ဆက်၌ ပြုပြင်ခဲ့ကြသည်။

(၃၂) **ဗုဒ္ဓဆင်းတု**။သီဟိုဠ်နိုင်ငံ၊ အနုရာဓပုရဒေသမှဖြစ်၍၊ အန္ဒဂူကျောက်ဖြင့် ထုလုပ်သည်။ အေဒီသုံးရာစုခေတ်။ စျာနမုဒ္ဒါဖြင့် စံပယ်နေဟန်ဖြစ်သည်။

(၃၃) **ဗုဒ္ဓပရိနိဗ္ဗာန်စံခန်း**။ ။ သီဟိုဠ်နိုင်ငံ၊ ပေါဠောဏရုဝ ဒေသမှဖြစ်၍ ကျောက်ဖြင့် ထုလုပ်သည်။ အေဒီ ဆယ့်နှစ်ရာစုခေတ်။ အနီးရှိ ပုဂ္ဂိုလ်မှာ အရှင်အာနန္ဒာဟု ဆိုကြသည်။

(၃၄) **မတ်ရပ်ရုပ်ပွား**။ ။ ယိုးဒယားဒေသမှ ဖြစ်၍၊ အမေရိကန်နိုင်ငံ၊ ကလိဖလင်မြို့ ပြတိုက်တွင်ရှိသည်။ ကြေးဖြင့်ထုလုပ်သည်။ အေဒီ ခုနစ်ရာစု၊ မွန်ဒွါရဝတီခေတ်။

မျက်နှာတွင် မွန်လက္ခဏာများပါလာသည်။ လက်နှစ်ဖက်သည် ဝိတက္ကမုဒ္ဒါ (ဓမ္မစကြာမုဒ္ဒါ) ဟန်ပြသည်။

(၃၅) **စေတီတော်ကြီး**။ ။ ယိုးဒယားနိုင်ငံ၊ ပရပထုံဒေသမှ ဖြစ်သည်။ ရှေးမွန်တို့တည်စဉ်က သီဟိုဠ်ပုံအတိုင်းဖြစ်၍ နောင်ခေတ်များတွင် ခမယ်တို့က ကွမ်းတောင် (သီခရ) ထပ်ထည့်သည်ဟု ဆိုကြသည်။ ထိုစေတီကို မောင်းကွတ်ဘုရင် အပါအဝင် မင်းအဆက်ဆက် ပြုပြင်ခဲ့ကြသည်။

(၃၆) **ဗုဒ္ဓရုပ်ပွား**။ ။ ယိုးဒယားနိုင်ငံ၊ သောက္ကတဲဒေသမှဖြစ်၍ ကြေးဖြင့်လုပ်သည်။ အေဒီဆယ့်လေးရာစု။

ဒေသစာရီကြွချီနေဟန်ဟု ဆိုသည်။

(၃၇) **လောကေသရရုပ်တုများ**။ ။ ကမ္ဘောဇနိုင်ငံ၊ အင်ကောထုံမြို့ဟောင်းရှိ၊ ဗေယွန်လိုဏ်ဂူမှဖြစ်သည်။ သဲကျောက်ဖြင့် ထုလုပ်သည်။ အေဒီ ဆယ့်သုံးရာစုခေတ်။

(၃၈) **နဂါးရုံဘုရား(မုဋ္ဌလိန္ဒဗုဒ္ဓ)**။ ။ ကမ္ဘောဇမှဖြစ်၍ ပြင်သစ်နိုင်ငံ၊ ပါရီမြို့၊ ဂီမေးပြတိုက်တွင်ရှိသည်။ သဲကျောက်နဖြင့် လုပ်သည်။ အေဒီ ဆယ့်နှစ်ရာစုခေတ်။

(၃၉) **ဗောရောဗုဓောစေတီ**။ ။အင်ဒိုနီးရှားနိုင်ငံ၊ ဂျာဝါးကျွန်း၌ရှိ၍၊ ကျောက်ဖြင့်တည်ဆောက်သည်။ အေဒီရှစ်ရာစုခေတ်။ မြင့်မိုရ်တောင်



www.burmesesclassic.com

www.burmesesclassic.com



သဏ္ဍာန်ရှိသည်။

(၄၀) **ဗောရောဗုဓောစေတီ**။ ။ တောင်ကိုနောက်ခံထား၍ ရိုက်သောပုံဖြစ်သည်။

(၄၁) **ဆန္ဒအမတ်ကို ဗုဒ္ဓလောင်းလျာပြန်လွှတ်ခန်း**။ ။ ဗောရော ဗုဓောစေတီနံရံမှ ပန်းတမော့ရုပ်ကြွဖြစ်သည်။ အေဒီရှစ်ရာစုခေတ်။

(ဗုဒ္ဓလောင်းလျာ) သိဒ္ဓတ္ထမင်းသားသည် ခရီးတစ်လျှောက်စောင့်ရှောက်ခဲ့ကြသော နတ်တို့နှင့် ဆန္ဒအမတ်၊ ကဏ္ဍကမြင်းတို့ကိုနောက်ဆုံး ခွဲခွာတော့မည့်ဟန်၊ ပြန်လွှတ်သည့်ဟန် ပြကွက်ဖြစ်သည်။ ဘယ်ဘက်တွင် ဆန္ဒအမတ်သည်ဝမ်းနည်းသောမျက်နှာဖြင့် ကဏ္ဍကမြင်းကိုခေါ်ဆောင်နေ၍၊ မြင်းမှာမူ သခင်ဖြစ်သူကို မခွဲနိုင်မခွာနိုင်သည့်အလားပြန်ကြည့် နေဟန်ပြ လေသည်။

(၄၂) **(ဗုဒ္ဓလောင်းလျာ) ကို သုဇာတာ ဃနာနို့ဆွမ်းကပ်ခန်း**။ ဗောရောဗုဓောစေတီမှ ပန်းတမော့ ရုပ်ကြွဖြစ်သည်။

သုဇာတာနောက်တွင် ပုဆစ်ထုပ်နေသူများမှာ အခိုင်းအစေများဖြစ်ကြသည်။

(၄၃) **ပညာပါရမိတာရုပ်တု**။ ။ ဂျာဝါးကျွန်းအရှေ့ဖက်၊ သင်္ဂသာရီဘုရားမှ ရုပ်ကြွဖြစ်၍၊ ဟော်လန်နိုင်ငံ လိုင်ဒင်မြို့ ပြတိုက်တွင်ရှိသည်။ ကျောက်ဖြင့် ထုလုပ်သည်။ အေဒီ ၁၃၀၀ ခန့်။

အာဒိဗုဒ္ဓ၏ ဣတ္ထိလိင်(ကြင်ဖက်) သဘောဆောင်သည်။ လက်များသည် ဓမ္မစကြာမုဒ္ဒါဟန်ဖြစ်၍၊ ဈာနာသနထိုင်သည်။ ဘယ်လက်မောင်းတွင် ကြာပန်းမှီတွယ်နေ၍ ထိုကြာပန်းပေါ်တွင် ပညာပါရမိတာသုတ္တန်ကျမ်း ရှိသည်။

(၄၄) **ငွေဗောဓိပလ္လင်ကြုတ်**။ မြန်မာနိုင်ငံ၊ပြည်–မှော်ဇာရွာ၊ ခင်ဘကုန်းမှ တွေ့ရသည်။ အေဒီ ငါးရာစုခေတ်။

ပလ္လင်ပတ်လည်တွင် ရဟန္တာတစ်ဆူစီရံလျက် ဘုရားဆင်းတုလေးဆူထိုင်သည်။ ပလ္လင်ဝိုင်းအခြေတွင် ကုသိုလ်ရှင်အမည်များကို ပျူစာဖြင့်ရေးထားသည်။

(၄၅) **အဝလောကိတေသရ ဗောဓိသတ္တ**။ ။မြန်မာနိုင်ငံ၊ ပြည်မှော်ဇာရွာ၊ ဘောဘောကြီးဘုရားအနီး၌ တွေ့ရသည်။ ကြေးဖြင့်လုပ်သည်။ အေဒီ ရှစ်ရာစုခေတ်။



www.burmesesclassic.com

www.burmesesclassic.com



မူလက လက်လေးဖက်ရှိသည်။ ညာလက် (တစ်ခု)သည် အဘယ မုဒ္ဒါဖြင့်ရှိသည်။ မကိုဋ်တွင် အမိတာဘ ဗုဒ္ဓဆင်းတုကလေးပါသည်။ ကိုယ်ဟန်သည် တိဘင်္ဂအချိုးဖြင့် ရှိသည်။

(၄၆) **စေတီဌာပနာတိုက်ဖုံးကျောက်ပြား**။ မြန်မာနိုင်ငံ၊ ပြည် မှော်ဇာရှာ ခင်ဘကုန်းမှရသည်။ အေဒီ ငါးရာစုခေတ်။

အဏ္ဍာခေါင်းလောင်းပုံအပေါ်တွင် ဟရ်မိကာနှင့် ဆတ္တာဝလီပါ သည်။ ဤပုံစံသည် အိန္ဒိယရှိ ဆန်ချီပုထိုးမှ ရွှေ့ပြောင်းလာသည်ဆိုသည်။

(၄၇) **ဘောဘောကြီးစေတီ**။ ။ မြန်မာနိုင်ငံ၊ ပြည်–မှော်ဇာရှာ၌ ရှိသည်။ အေဒီ ငါးရာစုခေတ်။

အိန္ဒိယ မိဂဒါဝုန်ရှိ ဓမ္မိက်စေတီနှင့် ပုံစံချင်းတူသည်။ ပစ္စယာငါး ဆင့်အပေါ်တွင် အဏ္ဍာ–ခေါင်းလောင်းပုံ တဖြိုးတဖြောင့်တည်းရှိသည်။ ယခုအခါ ပစ္စယာငါးဆင့်အစား သုံးဆင့်ကိုသာတွေ့နိုင်သည်။

(၄၈) **ဘုရားကြီးစေတီ**။ ။ မြန်မာနိုင်ငံ၊ ပြည်–မှော်ဇာရှာ၌ ရှိ သည်။ အေဒီ ငါးရာစု၊ ခြောက်ရာစုခေတ်။

ဘောဘောကြီးကဲ့သို့ပင် ပစ္စယာနိမ့်နိမ့်ပေါ်တွင် စေတီလုံးပေါက် ထားသည်။ သို့သော် တဖြိုးတဖြောင့်တည်း မဟုတ်ဘဲ အထက်သို့ရှူး သွားသည်။

(၄၉) **မတ်ရပ်ရုပ်ပွား** ။ ။ မြန်မာနိုင်ငံ၊ သထုံဘက်မှဖြစ်၍ ကြေးဖြင့်လုပ်သည်။ အေဒီ ခုနစ်ရာစု၊ ရှစ်ရာစု။

ညာလက်သည် အဘယ မုဒ္ဒါဟန်ဖြစ်၍ ဝဲလက်သည် သင်္ကန်းစ ကိုကိုင်ထားသည်။ သင်္ကန်းဝတ်ရုံပုံမှာ ဂုတ္တခေတ်ရုပ်ပွားနည်းတူ ပါးပါး လျားလျားရှိသည်။ ကိုယ်ခန္ဓာနှင့် ကပ်နေသည်။ ဒီပင်္ကရာ ဗုဒ္ဓဟုရှေး ဟောင်းသုတေသီများက အမည်ပေးသည်။

(၅၀) **အရိမေတ္တေယျရုပ်ပွား**။ ။ မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်၊ မဟာမုနိဘုရားအတွင်းမှရသည်။ ကြေးဖြင့်လုပ်သည်။ အေဒီရှစ်ရာစု– ဆယ်ရာစုခေတ်။

မကိုဋ်ဆောင်းသည်။ ဆံတော်ကို စုစည်းခရုရစ်ခွေပြီးလျှင်၊ အ ထက်၌ ကြာဖူးကြာရွက်သဏ္ဍာန် ဝတ္ထုတစ်ခုဖြင့် ဖုံးအုပ်သည်။ နားကင်း၊ နားကပ်၊ ပခုံးထောက်၊ ရင်လွှမ်းတန်ဆာပါသည်။ ကြာပလ္လင်(ပဒုမာသန) ပေါ်တွင် ဈာနာသနခြေချိတ်ထိုင်သည်။ အမြိုက်အိုးကို လက်နှစ်ဖက်ပေါ် တွင်တင်သည်။ စုလျားတစ်ဘက်ကို ပခုံးမှသိုင်းလျက် အစွန်းနှစ်စကို



www.burmesesclassic.com

www.burmesesclassic.com



လက်မောင်းမှ ရစ်ခွေချသည်။

(၅၁) **ရွှေတိဂုံစေတီ**။ ။ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့၌ ရှိသည်။ တပုဿနှင့် ဘလ္လိကအမည်ရှိ မွန်လူမျိုးကုန်သည် ညီနောင်သည် ဂေါတမ ဗုဒ္ဓဘုရားပေးသနားလိုက်သော ဆံတော်ရှစ်ဆူကို မဇ္ဈိမဒေသမှ သယ် ဆောင်ကာ၊ သိင်္ဂုတ္တရကုန်းတွင် (ရှေးဘုရား ၃ ဆူ၏ ပရိဘောဂများနှင့် အတူ) ဌာပနာ၍ စေတီတည်သည်ဆိုသည်။

ထိုနောက် ဟံသာဝတီဘုရင် ဗညားဦးစသော မင်းအဆက် ဆက်က ပြုပြင်ခဲ့ရာ မူလဉာဏ်တော် ၄၄ တောင် (၆၆ ပေ)မှ တစ်ဆင့် တစ်ဆင့် မြင့်တက်လာပြီးလျှင် ယခုအခါ (ဖိနပ်တော်မှ စိန်ဖူးတော်အထိ) ဉာဏ်တော် ၃၂၆ ပေ ရှိသည်။

(၅၂) **ရွှေစည်းခုံစေတီ**။ ။ မြန်မာနိုင်ငံ၊ ညောင်ဦးမြို့၌ရှိသည်။ အနော်ရထာမင်းက စတည်၍ ကျန်စစ်သားလက်ထက်တွင် အပြီးသတ် သည်။ အေဒီ ၁၀၈၄ – ၁၁၁၃ ခုနှစ်အတွင်း တည်ဆောက်သည်ဆိုသည်။

ဂေါတမဗုဒ္ဓဘုရားရှင်၏ အံတော်လေးဆူကို ဌာပနာထားသည်ဟု လည်း ဆိုသည်။ နောက်မင်းများက ထပ်မံပြုပြင်ခဲ့သည်။ ပစ္စယာခံနတ် လှေကားထည့် ခေါင်းလောင်းပုံတွင် ဘီးလူးပန်းဆွဲပါ၊ ဖောင်းရစ်အဆင့် ဆင့်နှင့် အဆင်တန်ဆာများပါလာသော မြေစိုက်စေတီဖြစ်၍ နှောင်းခေတ် စေတီလုံးများအတွက် နမူနာဖြစ်သည်။

(၅၃) **ဆပဒစေတီ** ။ ။ မြန်မာနိုင်ငံ၊ ညောင်ဦးမြို့အနီး၌ရှိသည်။ အေဒီဆယ့်နှစ်ရာစုတွင် ဆပဒမထေရ်တည်သည်။

ခေါင်းလောင်းအထက်တွင် ဟရ်မိကာ (ဒေဝတာကောတုဝ) ပါ သည်။ သီဟိုဠ်ရှိ ထူပါရာမစေတီပုံနှင့်ဆင်သည်။

(၅၄) **အာနန္ဒာဂူဘုရား**။ ။ မြန်မာနိုင်ငံပုဂံမြို့၌ ရှိသည်။ အေဒီ ၁၀၉၀ တွင် ကျန်စစ်သားမင်းတည်သည်ဆိုသည်။ ဉာဏ်တော် ၁၆၈– ပေမြင့်သည်။ ပန္နက်ပုံစံသည် ကြက်ခြေခတ်သဏ္ဌာန်ဖြစ်၍ အုတ်တိုက် (ကုလားကျောင်း)သည် လေးထောင့်စပ်စပ်ဖြစ်သည်။ အလယ်မဏ္ဍိုင် အတွင်း၌ ဂန္ဓကုဋိတိုက်လေးခုလုပ်ကာ မတ်ရပ်ရုပ်ပွားကြီးများ ပူဇော်ထား သည်။ အလယ်မဏ္ဍိုင်ပတ်လည်၌ စင်္ကြံနှစ်ထပ်ရှိ၍၊ နံရံမုခ်ကပ်များ၌ ရုပ်ကြွများဖြင့် ဗုဒ္ဓဝင်ဇာတ်လမ်းဖော်သည်။ ကုလားကျောင်းကို မုခ်ပြတင်း နှစ်ဆင့်ဖြင့် ဆင်ယင်သည်။ ထိုအထက်တွင် ရေဆင်းနှင့်ပစ္စယာများ ဆင့် ကဲဆင့်ကဲ တက်၍၊ ထိုအထက်တွင် ကွမ်းတောင်နှင့် စေတီ(နှောင်အခါ)



www.burmesesclassic.com

www.burmesesclassic.com



တက်ထားသည်။

(၅၅) **အာနန္ဒာဂူဘုရားပန္နက်ပုံ**။ ။ အိန္ဒိယ၊ ဗင်္ဂလားနယ်မှ ပါဟာပုရဘုရားနှင့် ပန္နက်ပုံစံချင်းတူသည်ဆိုသည်။

(၅၆) **မယ်တော်မာယာ သားဖွားခန်း**။ ။ အာနန္ဒာဂူဘုရား အပြင်စင်္ကြံနံရံမှ ပန်းတမော့ရုပ်ကြွဖြစ်သည်။ အေဒီ ဆယ့်တစ်ရာစုခေတ်။

လုမ္ဗိနီဉယျာဉ်တွင်း၌ မယ်တော်မာယာသည် အင်ကြင်းကိုင်းကို ညာလက်ဖြင့်ကိုင်၍၊ ဘယ်လက်ဖြင့် အမျိုးသမီးတစ်ဦး၏ (ပဇာပတိဂေါတမီ) ကိုဖက်မှီထားသည်။ ကိုယ်ဟန်မှာ တိဘင်္ဂအချိုးဖြင့်ရှိသည်။ ညာဘက်ခါးထက်တွင် ဗုဒ္ဓလောင်းလျာသည် တင်ပျဉ်ခွေ စံပယ်နေသည်။

(၅၇) **လောကနာထဗောဓိသတ္တအုတ်ခွက်**။ ။ မြန်မာနိုင်ငံ ရေစကြိုမြို့ ကန်သစ်ရွာမှ တွေ့ရသည်။

ကျောင်းဆောင်အတွင်း ကြာပလ္လင်၌ လလိတာသနထိုင်၍၊ ညာလက်သည် ဝရဒမုဒ္ဒါဟန်၊ ဝဲလက်သည် ကြာရိုးကိုင်ထားဟန်ရှိသော၊ မကိုဋ်မှဆောင်း လောကနာထပုံဖြစ်သည်။ မကိုဋ်မှ–ဆံကျစ်ထုံးအလယ်တွင် တင်ပျဉ်ခွေဆင်းတုတော်ကလေးရှိသည်။ အုတ်ခွက်အောက်ဘောင်တွင် ပါဠိဘာသာဖြင့် အနော်ရထာမင်းကြီး သွန်းလုပ်သည်ဟုပါသည်။

ဤပုံစံမျိုးကို အပယ်ရတနာဂူဘုရား နံရံတွင် လည်းကောင်း၊ အခြား ကြေးရုပ်များတွင်လည်းကောင်း တွေ့နိုင်သေးသည်။

(၅၈) **မတ်ရပ်ရုပ်ပွား**။ ။ မြန်မာနိုင်ငံ၊ ပုဂံမြို့၊ အာနန္ဒာအုတ်ကျောင်းရှေ့၌ ရှိသည်။ ကြေးဖြင့် လုပ်သည်။ အေဒီဆယ့်နှစ်ရာစုခေတ်။

ဂုတ္တခေတ်ဟန်အတိုင်း သင်္ကန်းပါးပါးလျားလျားရှိသည်။ သို့သော် သင်္ကန်းအောက်အနားစတွင် အတွန့်အရွန့်များလာသည်။ ဉဏှိသသည်မီးလျှံ သဘောဖြစ်သည်။ ညာလက်သည် အဘယမုဒ္ဒါဟန်ရှိ၍ ဝဲလက်သည် သင်္ကန်းစကို ကိုင်သည်။

(၅၉) **ကြေးဆင်းတု**။ ။ မြန်မာနိုင်ငံ ပုဂံမြို့မှဖြစ်၍ ကြေးဖြင့်လုပ်သည်။ အေဒီ ဆယ့်တစ်ရာစုခေတ်။

ဘူမိဖဿမုဒ္ဒါဟန်ဖြင့် စံပယ်သည်။ ဉဏှိသမီးလျှံကား ဗုဒ္ဓဉာဏ်တော်၏ သရုပ်ဖြစ်သည်။

(၆၀) **ဂူပြောက်ကြီးဘုရား**။ ။ မြန်မာနိုင်ငံ ပုဂံမြို့မြင်းကပါရွာမှဖြစ်၍၊ အင်္ဂတေများ၊ ကျောက်ပြတင်းများဖြင့် တန်ဆာဆင်ထားသည်။ အေဒီ ၁၁၁၃။



www.burmesesclassic.com

www.burmesesclassic.com



(၆၁) **ဂူပြောက်ကြီးဘုရား ကျောက်ပြတင်း**။ ။

(၆၂) **ဂူပြောက်ကြီးဘုရား အင်္ဂတေပန်းများ**။ ။
တိုင်ဖုံး ပန်းများ၊ နဖူးစည်းရှိ ဘီးလူးပန်းဆွဲများကို မြင်နိုင်သည်။

(၆၃) **ဗုဒ္ဓဝင်ရုစ်ခန်း အန္ဒဂူကျောက်**။ ။ မြန်မာနိုင်ငံ၊ ညောင်ဦးမြို့ ရွှေစည်းခုံစေတီအနီးတွင် တွေ့ရ၍၊ ပျောက်ဆုံးသွားသည်။ အေဒီဆယ့် တစ်ရာစု၊ ဆယ်နှစ်ရာစုခေတ်။

အလယ်တွင် ဗောဓိပင်နှင့် ရွှေပလ္လင်ကို ဗုဒ္ဓအောင်တော်မူခန်းရုပ်ရှိ၍ ဘေးပတ်လည်တွင် ဗုဒ္ဓဝင်ရုပ်ကြွယ်များ ရှိသည်။

(၆၄) **ကြေးကြာဖူး**။ ။ မြန်မာနိုင်ငံ ပုဂံညောင်ဦးလမ်း၊ ဉပါလိ သိမ် အနီး၌ တွေ့ရသည်။

ကြာဖူးအလယ်တွင် စေတီငယ် ပေါက်ထားသည်။ ကြာဖတ်အတွင်း ဖက်တွင် ဗုဒ္ဓဝင်ရုစ်ခန်းကို တစ်ရွက်စီ ရုပ်ကြွဖော်ထားသည်။

(၆၅) **သုဝဏ္ဏသျှံဇာတ်ရုပ်ကြွ**။ ။ မြန်မာနိုင်ငံ ပုဂံမြို့ သီရိပစ္စယာ ရွာရှိ၊ အနောက်ဖက်လိပ် စေတီအပြင်တန်းမှ ဇာတ်ကွက်တစ်ခုဖြစ်၍ အုတ် ဖြင့်လုပ်သည်။ အေဒီ ဆယ့်တစ်ရာစုခေတ်။

(၆၆) **စိုးမင်းကြီးကျောင်း**။ ။ မြန်မာနိုင်ငံ၊ ပုဂံမြို့ မြင်းကပါ ရွာ၌ ရှိသည်။ အေဒီ ဆယ့်နှစ်ရာစုခေတ်။

နှစ်ထပ်အဆောက်အအုံဖြစ်သည်။

(၆၇) **စိုးမင်းကြီးအုတ်ကျောင်းပန္နက်**။ ။ အရှေ့ဘက်တွင် အဝင် ခန်း၊ အနောက်ဘက်တွင် ဘုရားကျောင်းဆောင် ဆင်းတုရှိ နှစ်ထပ် အဆောက်အအုံ၊ တောင်နှင့်မြောက် တစ်ဘက်တစ်ချက်တွင် ရဟန်းများ သီတင်းသုံးရာ အခန်းငယ်များရှိသည်။

●



www.burmesesclassic.com

www.burmesesclassic.com

ကျမ်းကိုးစာရင်း


ကဝိ၊ ရှင်။ မာလာလင်္ကာရဝတ္ထုတော်ကြီး
ကဝိန္ဒ၊ ရှင် (ဘာသာပြန်)။ ငါးရာငါးဆယ်ဇာတ်ဝတ္ထု
ပထမ၊ စတုတ္ထ၊ တတိယ၊ စာအုပ်များ
ကို၊ ဦး။ “မြန်မာပြည်ပါဠိစာပေခေတ်ဦး”
ပြည်ထောင်စုမြန်မာနိုင်ငံစာပေနှင့် လူမှုရေးသိပ္ပံဂျာနယ်။ တွဲ ၁၊ မှတ် ၁ (ဇန်နဝါရီ ၁၉၈၆) သည ၄၉–၅၉.
ခုဒ္ဒကပါဌ ပါဠိတော် မြန်မာပြန်။ ဆဋ္ဌသံဂါယနာတင်မူ။
စရိယ ပါဠိကပါဠိတော် မြန်မာပြန်။ ဆဋ္ဌသံဂါတင်မူ။
စန္ဒိမာ၊ ရှင်။ဓမ္မပဒဝတ္ထုတော်ကြီး။
ပထမ၊ ဒုတိယ၊ ပဥ္စမတွဲများ။
စိန်မောင်ဦး၊ ဦး။ “သရေခေတ္တရာမြို့ဟောင်း၊”
တက္ကသိုလ်ပညာပဒေသာစာစောင်။ တွဲ ၃၊ ပိုင်း ၁ (၁၉၈၆) စာ ၁၆၃–၂၁၀။
ဇနကာဘိဝံသ၊ ရှင်။ အနာဂတ်သာသနာရေး။
ထေရဂါထာ ပါဠိတော် မြန်မာပြန်။ ဆဋ္ဌသံဂါယနာတင်မူ။
ထေရာပဒါန် ပါဠိတော် မြန်မာပြန်။ ဆဋ္ဌသံဂါယနာတင်မူ။
ထေရပဒါန် ပါဠိတော် မြန်မာပြန်။ ဆဋ္ဌသံဂါယနာတင်မူ။
ထေရပဒါန် ပါဠိတော် မြန်မာပြန်။ ဆဋ္ဌသံဂါယနာတင်မူ။
ပါထိကသဂ် ပါဠိတော် မြန်မာပြန်။ ဆဋ္ဌသံဂါယနာတင်မူ။
ဖေမောင်တင်၊ ဦးနှင့် ဂျီအိပ်လု(တည်း)။ ပုဂံကျောက်စာညွှန့်ပေါင်း။
ဖိုးလတ်၊ ဦး (ဘာသာပြန်)။ အသောကကျောက်စာများ
ဗုဒ္ဓဝံသ ပါဠိတော်မြန်မာပြန်။ ဆဋ္ဌသံဂါယနာတင်မူ။
ဘရှင်၊ ဦး။ “ပုဂံခေတ်ဗိသုကာနှင့် အနုပညာများ ပေါ်ပေါက်တိုးတက်ပြောင်းလဲလာပုံ၊”
ပြည်ထောင်စုမြန်မာနိုင်ငံ စာပေနှင့် လူမှုရေးသိပ္ပံဂျာနယ်။ တွဲ


www.burmesesclassic.com

www.burmesesclassic.com

၂၊ မှတ် (မေ ၁၉၆၉) စာ ၂၅–၇၁။
မဟာဝဂ် ပါဠိတော်မြန်မာပြန်။ ဝိနည်းပိဋကတ်၊ ဆဋ္ဌသံဂါယနာတင်မူ။
မဟာဝဂ် ပါဠိတော်မြန်မာပြန်။ သုတ္တန်ပိဋကတ်၊ ဆဋ္ဌသံဂါယနာတင်မူ။
မိလိန္ဒပဉှာ ပါဠိတော်မြန်မာပြန်။ ဆဋ္ဌသံဂါယနာတင်မူ။
မင်းသုဝဏ်။ "ဗုဒ္ဓဆင်းတုတော် လေ့လာချက်။"
ယဉ်ကျေးမှုစာစောင်။ တွဲ ၁၊ မှတ် ၂ (ဇွန် ၁၉၅၅) စာ ၉–၁၇။
မြ၊ ဦး။ "ဗမ္မပ္ပတိရုပ်ပွားဆင်းတုဖြစ်ပေါ်လာခြင်းအကြောင်း၊" ရှေးဟောင်း
သုတေသနညွှန်ကြားရေးဝန်၏ ၁၉၅၈–၅၉ ခုနှစ်အတွက် နှစ်
ချုပ်အစီရင်ခံစာ။
။ ။ ရှေးဟောင်း အုတ်ခွက်ရုပ်ပွားဆင်းတုတော်များ။ ၂ တွဲ
။ ။ အပယ်ရတနာ လိုဏ်ဂူဖုရား
မြင့်အောင်၊ ဦး။ "ဟန်လင်းမြို့ဟောင်း၊" တက္ကသိုလ်ပညာပဒေသာစာစောင်၊
တွဲ ၁၊ ပိုင်း ၃(၁၉၆၈) စာ ၁၁၅၇–၁၉၅။
မွန်ဗိုကေ။ "ယေဓမ္မာ ဟေတုပ္ပဘဝါ၊" ယဉ်ကျေးမှုစာစောင်။ တွဲ ၃။ မှတ်
၉ (ဖေဖော်ဝါရီ ၁၉၆၁) စာ ၁၀၅–၁၂၃။
လူဖေဝင်း၊ ဦး။ "ရှေးဟောင်း သုတေသနနှင့် ပုဂံပေါ်တော်မူများ၊"
ယဉ်ကျေးမှုစာစောင်။ တွဲ ၁ မှတ် ၄ (ဩဂုတ် ၁၉၅၅) စာ က–ဇ
သီလက္ခဝဂ်ပါဠိတော်မြန်မာပြန်။ ဆဋ္ဌသံဂါယနာတင်မူ။
သုဝဏ္ဏသာမဇာတ်တော်ကြီး ဝတ္ထု။ ဦးပညာတိက္ခပြုစုသည်။
သုတ္တနိပါတ်ပါဠိတော်မြန်မာပြန်။ ဆဋ္ဌသံဂါယနာတင်မူ။
သန်းဆွေ၊ ဦး။ သမိုင်းဝင်ပုဂံစေတီပုထိုးများ။
သန်းထွန်း၊ ဦး။ ခေတ်ဟောင်းမြန်မာရာဇဝင်။
။ ။ နယ်လှည့်ရာဇဝင်၊ ပထမတွဲ
သုန္ဒရာဘိဝံသ၊ ရှင်(ဘာသာပြန်)။ သီရိလလိတဝိတ္ထာရ။
အရိယာလင်္ကာရ၊ ရှင် (ဘာသာပြန်)။ သုတ်သီလက္ခန်အဋ္ဌကထာနိဿယ။
ပထမတွဲ။
ဥဒါန်းပါဠိတော်မြန်မာပြန်။ ဆဋ္ဌသံဂါယနာတင်မူ။
ဇမောင်၊ ဦး။ ဝေဿန္တရာဇာတ်တော်ကြီး။
အောင်သော်၊ ဦး။ "နောက်တွေ့ပျူယဉ်ကျေးမှု အထောက်အထား၊"
ပြည်ထောင်စုမြန်မာနိုင်ငံစာပေနှင့် လူမှုရေးသိပ္ပံကျမ်း။ တွဲ ၁၊ မှတ် ၁
(ဇန်နဝါရီ ၁၉၆၈) စာ ၄၉–၅၉။

www.burmesesclassic.com

www.burmesesclassic.com

Anand, M.E. "The Nature of Buddhist Art," New Age, V (July 1956). 25-44.
Aung Thaw, U. Historical Sites in Burma.
Banerjee, J.N. The Development of Hindu Iconography.
Bapat, P.V, ed. 25oo Years of Buddhism.
Battacharyya, B. The Indian buddhist Iconography.
Burma. director of Archeological Survey, comp. Pictorial Gide to Pagan.
Chi Hsien.-Lin. "The Language Problem of Primitive Buddhism," Journal of the Burma Research Society, XL III, Pt. I (June 1960), 9-15.
Chin Keh-Mu. A Short History of Sino-Indian Friendship.
Coedes, G. The Making of South-East Asia.
Coomaraswmy, A.K. Origin of the Buddha Image.
Cowell, E,B, et al, tr. Buddhist Mahayana Texts.
Dasgupta, S,B, An Introduction to Tantric Buddhism.
Dutt, N. Early Monastic Buddhism, 2 vols,
Getty, A, The Gods of Northern Buddhism.
Gordon, A.K. The Iconography of Tibetan Lamaism.
Govinda, A. Foundations of Tibeatan Mysticism.
India. Ministry of Information & Boradcasting. The Way of the Buddha.
Japan Times Ltd: Zen Buddhism.
Kosambi, D:D. The Culture and Civilization of Ancient India in His torical Outline.
Lee, S.E. A History of Far Eastern Art.
Le May, R. The Culture of South-East Asia.
Morgan, K.W, ed. The Parth Of the Buddha.
Narade There, tr: The Life of Buddha (In His Own Words).
Rahula, Walpole,"Bodhisattva Ideal in Theravada and Mahayana," Spectrum, V (September 1972) 82-86.
Ray, N.R. "Buddhist Art in India After 250 A:D", Ido-Asian Culture, V(April 1957), 428-437.
Ross, N, R, Three Ways of Asia Wisdom.
Seckel, D The Art Of Buddhism.
Subhadra Rev. " The Way of Soto Zen, " The Middle Way. XXXV III (May 1963). 19-21

www.burmesesclassic.com

www.burmesesclassic.com

Suzuki, D.T. An Introduction to Zen Buddhism.
Suzuki, D.T Manual of Zen Buddhism.
Thapar, R.A History of India. vol I.
Thomas, E.J The History of Buddhist Thought.
Thomas, E.J tr. The Quest of Enlighenment.
Warrer. H.C. tr. Buddhism in Traslations.
Zimmer, H The Art of Indian Asia: 2 vols.

www.burmesesclassic.com